# အဘိဓမ္မတ္ထသင်္ဂဟ

ပါဠိ မြန်မာ အင်္ဂလိပ်

(ပါဠိ ကို အဘိဓမ္မတ္ထသင်္ဂဟပါဠိမှ, မြန်မာ ကို အခြေပြုသင်္ဂြိုဟ်နိဿယမှ
အင်္ဂလိပ် ကို A comprehensive Manual of Abhidhamma မှ ကူးယူဖော်ပြထားသည်)

# နိဒါန်း

မြန်မာစာပေ၌ 'ပညာရွှေအိုး လူမခိုး'ဟု အဆိုရှိ၏။ ဗုဒ္ဓစာပေ၌ 'နတ္ထိ ပညာသမာ အာဘာ–ပညာနှင့်တူသော အလင်းရောင်မရှိ'ဟု လာရှိသည်။ ဤအဆိုများသည် ဘဝ၌ အသိပညာရှိဖို့ အရေးကြီးပုံကို ဖော်ပြခြင်း ဖြစ်သည်။ ဤနေရာ၌ 'ပညာဟူသည် အဘယ်ကို ဆိုလိုသနည်း'ဟု မေးဖွယ်ရှိသည်။ အပြစ်ကင်းသည့် သိဖွယ်ဟူသမျှကို ပညာဟု ဆိုနိုင်ပါသည်။ သို့ဖြစ်၍ ပညာသည် သင်္ချာပညာ, ဘာသာစကားပညာ စသည်ဖြင့် အမျိုးမျိုးရှိကြောင်း သိနိုင်ပါသည်။

လောကသဘာဝအရ လူဖြစ်ရစဉ် ကလေးဘဝမှစ၍ အသက်မွေးဝမ်းကြောင်း ပညာရပ်များကို ဘဝရပ်တည်ရေးအတွက် မဖြစ်မနေ သင်ကြရသည်။ ဤကဲ့သို့ သင်ယူခြင်းများကိုလည်း ဗုဒ္ဓစာပေက အားပေးပါသည်။ သို့သော် အသက်မွေးဝမ်းကြောင်း ပညာတစ်ခုခုကို တစ်ဖက်ကမ်းရောက် တတ်မြောက်ပြီးသည်နှင့် တတ်သင့်သိသင့်သည်များကို တတ်ပြီးသိပြီးဖြစ်သည်ဟု နားလည်သွားမိပါက ၎င်းအသိအမြင်ကို ပြီးပြည့်စုံသည့် အသိအမြင်ဟု မဆိုနိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် အသက်မွေးဝမ်းကြောင်း ထိုထိုပညာရပ်များ၌ ဘဝဆိုတာဘာလဲ ဆိုသည့် သဘောတရားများကို အကျယ်တဝင့် ရှင်းလင်းပြောပြချက်များ မပါသောကြောင့် ဖြစ်သည်။ ဘဝနှင့်ပတ်သက်သည့် ရှင်းလင်းချက်များကိုကား ဗုဒ္ဓစာပေ၌သာ တွေ့နိုင်သည်။ ဗုဒ္ဓစာပေ,က ဘဝဆိုတာ ဒုက္ခသက်သက်သာတည်းဟု ဆိုသည်။ ထိုသဘောတရား သိမြင်နားလည်မှသာ လောကချမ်းသာထက် အတိုင်းမသိသာလွန်သော သုခသက်သက် နိဗ္ဗာန်ချမ်းသာ ရနိုင်သည်။ သို့ဖြစ်၍ လောက၌ အသိသင့်ဆုံး အတတ်သင့်ဆုံးပညာသည် ဗုဒ္ဓ၏ ဓမ္မပညာသာ ဖြစ်သည်ဟု ဆိုရပေမည်။

ဗုဒ္ဓ၏ ဓမ္မသည် သုတ္တန်ပိဋကတ် အဘိဓမ္မပိဋကတ် ဟု ပိဋကတ်အားဖြင့် နှစ်ပုံရှိသည်။ အလွန်ကျယ်ဝန်းသည်။ သို့ဖြစ်၍ ကိစ္စများသည့် လူတို့အတွက်သာမက ကိစ္စနည်းသည့် ရဟန်းတော်တို့ပင် နှံ့စပ်အောင် လေ့လာနိုင်ဖို့ ခဲယဉ်းသည်။ ထိုခက်ခဲမှုကို ဖြေရှင်းရန် ဤအဘိဓမ္မတ္ထသင်္ဂဟ (သင်္ဂြိုဟ် ၉–ပိုင်း) စာအုပ်ကို လေ့လာသင့်သည်။ ဤစာအုပ်ကို လေ့လာပြီးလျှင် သုတ္တန်ပိဋကတ် အဘိဓမ္မာပိဋကတ်တို့၏ အဆီအနှစ်ကို လေ့လာပြီးဖြစ်ကြောင်း လယ်တီဆရာတော်ဘုရားကြီးက ဆိုထားသည်။ လေ့လာပြီးက လေ့လာသူကိုယ်တိုင် ဤအဆိုကို လက်ခံပြီးသား ဖြစ်လိမ့်မည်။

အရှင်သာရိပုတ္တရာသည် လောကသားများကို သနားကြင်နာတော်မူသဖြင့် လောကသားများကို ကောင်းကျိုးရစေနိုင်သည့် သာသနာတော်ကို မပျောက်ပျက်စေရန် စောင့်ရှောက်လိုသည့် အနေဖြင့် မြတ်ဗုဒ္ဓကို ဝိနည်းပညတ်ဖို့ တောင်းပန်ဖူးသည်။ ထို့အတူ လောကလူသားများ အကျိုးများစေဘို့ ဤအဘိဓမ္မတ္ထသင်္ဂဟကျမ်း မပျောက်ကွယ်စေရန် လောကကိုစောင့်ရှောက်လိုသူများအားလုံး ကြိုးစားသင်ယူပို့ချသင့်၍ ဤစာအုပ်ကို စီစဉ်ပုံနှိပ်ဖြန့်ဝေပါသည်။

မြတ်ဗုဒ္ဓသာသနာကို ပစ္စည်းလေးပါးဖြင့်ထောက်ပံ့သည့် ဒါယကာ,ဒါယိကာမအပေါင်း ဤမျှ တန်ဘိုးကြီးမားသည့် အဘိဓမ္မတ္ထသင်္ဂဟကို ပါဠိ မြန်မာ အင်္ဂလိပ် သုံးဘာသာ နှိုင်းယှဉ်ကာ အပတ်တကုတ် ကြိုးစားအားထုတ် လေ့လာနိုင်ပါစေကြောင်း ဆန္ဒပြုပါသည်။

အရှင်ဂရုဓမ္မ

အောက်တိုဘာလ၊ ၂၂–ရက်၊ ၂၀၂၅–ခု

# မာတိကာ


**စိတ်ပိုင်း**

အကုသိုလ်စိတ် ၂
အဟိတ်စိတ် ၅
ကာမသောဘနစိတ် ၇
ရူပစိတ် ၁၁
အရူပစိတ် ၁၄
လောကုတ္တရာစိတ် ၁၇

**စေတသိက်ပိုင်း**

စေတသိက် ၅၂-ပါး ၂၄
အညသမာန်းသမ္ပယောဂနည်း ၂၉
အကုသိုလ်သမ္ပယောဂနည်း ၃၂
သောဘနသမ္ပယောဂနည်း ၃၄
လောကုတ္တရာသင်္ဂဟနည်း ၃၈
မဟဂ္ဂုတ်သင်္ဂဟနည်း ၄၀
ကာမာဝစရသောဘနသင်္ဂဟနည်း ၄၂
အကုသိုလ်သင်္ဂဟနည်း ၄၆
အဟိတ်သင်္ဂဟနည်း ၅၀

**ပကိဏ်းပိုင်း**

ဝေဒနာသင်္ဂဟ ၅၄
ဟေတုသင်္ဂဟ ၅၇
ကိစ္စသင်္ဂဟ ၆၀
ဒွါရသင်္ဂဟ ၆၅
အာရမ္မဏသင်္ဂဟ ၆၉
ဝတ္ထုသင်္ဂဟ ၇၅

**ဝီထိပိုင်း**

ပဥ္စဒွါရဝီထိ ၈၃
မနောဒွါရကာမဇောဝါရ ၈၈
မနောဒွါရအပ္ပနာဇောဝါရ ၉၀
တဒါရမ္မဏနိယမ ၉၃
ဇဝနနိယမ ၉၆
ပုဂ္ဂလဘေဒ ၉၉
ဘူမိဝိဘာဂ ၁၀၁

**ဝီထိမုတ်ပိုင်း**

ဘူမိစတုက္က ၁၀၅
ပဋိသန္ဓိစတုက္က ၁၀၉
ကမ္မစတုက္က ၁၁၇
စုတိပဋိသန္ဓိက္ကမ ၁၂၇

**ရုပ်ပိုင်း**

ရူပသမုဒ္ဒေသ ၁၃၆
ရူပဝိဘာဂ ၁၄၁
ရူပသမုဋ္ဌာနနယ ၁၄၅
ရူပကလာပ ၁၅၀
ရူပပဝတ္တိက္ကမ ၁၅၄

**သမုစ္စည်းပိုင်း**

အကုသလသင်္ဂဟ ၁၆၂
မိဿကသင်္ဂဟ ၁၆၇
ဗောဓိပက္ခိယသင်္ဂဟ ၁၇၂
သဗ္ဗသင်္ဂဟ ၁၇၇

**ပစ္စည်းပိုင်း**

ပဋိစ္စသမုပ္ပါဒ်နည်း ၁၈၃
ပဋ္ဌာန်းနည်း ၁၈၉
ပညတ်အပြား ၂၀၁

**ကမ္မဋ္ဌာန်းပိုင်း**

သမထကမ္မဋ္ဌာန်းနည်း ၂၀၅
သပ္ပါယဘေဒ ၂၀၉
ဘာဝနာဘေဒ ၂၁၁
ဂေါစရဘေဒ ၂၁၂
ဝိပဿနာကမ္မဋ္ဌာန်းနည်း ၂၁၉
ဝိသုဒ္ဓိဘေဒ ၂၂၁
ဝိမောက္ခ,ပုဂ္ဂလ,သမာပတ္တိဘေဒ ၂၂၇

# အဘိဓမ္မတ္ထသင်္ဂဟ

---

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

## ပဏာမနှင့် ပဋိညာဉ်

၁။ သမ္မာသမ္ဗုဒ္ဓ မတုလံ၊
သ သဒ္ဓမ္မ ဂဏုတ္တမံ။
အဘိဝါဒိယ ဘာသိဿံ၊
အဘိဓမ္မတ္ထသင်္ဂဟံ။

(ငါသည်) ပြိုင်ဘက်မရှိထသော, သဒ္ဓမ္မသုံးပါး မြတ်သောအရိယာဂိုဏ်းနှင့် တကွဖြစ်ထသော မြတ်စွာဘုရားကို(ရှိခိုးပါ၏)။ ရှိခိုးပြီး၍ အဘိဓမ္မာဒေသနာအကျဉ်းချုပ် အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို မိန့်ဆိုအံ့။

Having respectfully saluted the Fully Enlightened One, Peerless One, along with the Sublime Teaching and the Noble Order. I will speak the Manual of Abhidhamma- a compendium of things contained in the Abhidhamma.

## ပရမတ္ထတရား ၄-ပါး

၂။ တတ္ထ ဝုတ္တာဘိဓမ္မတ္ထာ
စတုဓာ ပရမတ္ထတော။
စိတ္တံ စေတသိကံ ရူပံ၊
နိဗ္ဗာန မီတိ သဗ္ဗထာ။

ထိုအဘိဓမ္မတ္ထသင်္ဂဟံဟူသောပုဒ်၌ ဆိုအပ်ကုန်သော အဘိဓမ္မာ၏ အနက်တို့သည် ပရမတ်အားဖြင့် စိတ်၄င်း စေတသိက်၄င်း ရုပ်၄င်း နိဗ္ဗာန်၄င်း ဤသို့ ခပ်သိမ်းသောအားဖြင့် လေးပါးအပြားရှိ၏။

The things contained in the Abhidhamma, spoken of there in, are altogether fourfold from the standpoint of ultimate reality: consciousness, mental factors, matter and Nibbāna.

# စိတ်ပိုင်း

## ဘုံစိတ်အပြား ၄-ပါး

၃။ တတ္ထ စိတ္တံ တာဝ စတုဗ္ဗိဓံ ဟောတိ ကာမာဝစရံ, ရူပါဝစရံ, အရူပါဝစရံ, လောကုတ္တရဉ္စေတိ။

ထိုလေးပါးသော အဘိဓမ္မတ္ထတို့တွင် ရှေးဦးစွာ စိတ်သည် ကာမာဝစရစိတ်၄င်း, ရူပါဝစရစိတ်၄င်း, အရူပါဝစရစိတ်၄င်း, လောကုတ္တရာစိတ်၄င်း, ဤသို့ လေးပါးအပြားရှိသည် ဖြစ်၏။

Of them, consciousness, firstly, is four fold: (1) sense-sphere consciousness (2) fine-material-sphere consciousness (3) immaterial-sphere consciousness (4) supramundane consciousness.

## အကုသိုလ်စိတ် ၁၂-ပါး

### လောဘမူစိတ် ၈-ပါး

၄။ တတ္ထ ကတမံ ကာမာဝစရံ? - သောမနဿသဟဂတံ ဒိဋ္ဌိဂတသမ္ပယုတ္တံ အသင်္ခါရိကမေကံ, သသင်္ခါရိကမေကံ၊ သောမနဿသဟဂတံ ဒိဋ္ဌိဂတဝိပ္ပယုတ္တံ အသင်္ခါရိကမေကံ, သသင်္ခါရိကမေကံ၊ ဥပေက္ခာသဟဂတံ ဒိဋ္ဌိဂတသမ္ပယုတ္တံ အသင်္ခါရိကမေကံ, သသင်္ခါရိကမေကံ၊ ဥပေက္ခာသဟဂတံ ဒိဋ္ဌိဂတဝိပ္ပယုတ္တံ အသင်္ခါရိကမေကံ, သသင်္ခါရိကမေကန္တိ ဣမာနိ အဋ္ဌပိ လောဘသဟဂတစိတ္တာနိ နာမ။

ထိုလေးပါးသော စိတ်တို့တွင် အဘယ်စိတ်သည် ကာမာဝစရစိတ် မည်သနည်း? သောမနဿသဟဂုတ်ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်ဖြစ်သော အသင်္ခါရိကစိတ်ဖြစ်သော တပါးသောစိတ်၄င်း၊ သသင်္ခါရိကစိတ်ဖြစ်သော တပါးသောစိတ်၄င်း၊ သောမနဿသဟဂုတ်ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်ဖြစ်သော အသင်္ခါရိကစိတ်ဖြစ်သော တပါးသောစိတ်၄င်း၊ သသင်္ခါရိကစိတ်ဖြစ်သော တပါးသောစိတ်၄င်း၊ ဥပေက္ခာသဟဂုတ်ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်ဖြစ်သော အသင်္ခါရိကစိတ်ဖြစ်သော တပါးသောစိတ်၄င်း၊ သသင်္ခါရိကစိတ်ဖြစ်သော တပါးသောစိတ်၄င်း၊ ဥပေက္ခာသဟဂုတ်ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်ဖြစ်သော အသင်္ခါရိကစိတ်ဖြစ်သော တပါးသောစိတ်၄င်း၊ သသင်္ခါရိကစိတ်ဖြစ်သော တပါးသောစိတ်၄င်း၊ ဤသို့ ရှစ်ပါးလည်းဖြစ်ကုန်သော ဤစိတ်တို့သည် လောဘသဟဂုတ်စိတ်တို့ မည်၏။

Amongst them what pertains to the sense sphere?

1. One consciousness, accompanied by joy, associated with wrong view, unprompted.
2. One consciousness, accompanied by joy, associated with wrong view, prompted.
3. One consciousness, accompanied by joy, dissociated from wrong view, unprompted.
4. One consciousness, accompanied by joy, dissociated from wrong view, prompt ed.
5. One consciousness, accompanied by equanimity, associated with wrong view, unprompted.
6. One consciousness, accompanied by equanimity, associated with wrong view, prompted.
7. One consciousness, accompanied by equanimity, dissociated from wrong view, unprompted.
8. One consciousness, accompanied by equanimity, dissociated from wrong view prompted.

These eight types consciousness are accompanied by greed.

## ဒေါသမူစိတ် ၂-ပါး

၅။ ဒေါမနဿသဟဂတံ ပဋိဃသမ္ပယုတ္တံ အသင်္ခါရိကမေကံ, သသင်္ခါရိကမေကန္တိ ဣမာနိ ဒွေပိ ပဋိဃသမ္ပယုတ္တစိတ္တာနိ နာမ။

ဒေါမနဿသဟဂုတ်ဖြစ်သော ပဋိဃသမ္ပယုတ်ဖြစ်သော အသင်္ခါရိကစိတ်ဖြစ်သော တပါးသောစိတ်၎င်း၊ သသင်္ခါရိကစိတ်ဖြစ်သော တပါးသောစိတ်၎င်း၊ ဤသို့ နှစ်ပါးလည်းဖြစ်ကုန်သော ဤစိတ်တို့သည် ပဋိဃသမ္ပယုတ်စိတ်တို့ မည်၏။

9. One consciousness, accompanied by displeasure, associated with aversion, unprompted.
10. One consciousness, accompanied by displeasure, associated with aversion , prompted.

These two types of consciousness are associated with aversion.

## မောဟမူစိတ် ၂-ပါး

၆။ ဥပေက္ခာသဟဂတံ ဝိစိကိစ္ဆာသမ္ပယုတ္တမေကံ, ဥပေက္ခာသဟဂတံ ဥဒ္ဓစ္စသမ္ပယုတ္တမေကန္တိ
ဣမာနိ ဒွေပိ မောမူဟစိတ္တာနိ နာမ။

ဥပေက္ခာသဟဂုတ်ဖြစ်သော ဝိစိကိစ္ဆာသမ္ပယုတ်ဖြစ်သော တပါးသောစိတ်၄င်း၊ ဥပေက္ခာသဟဂုတ်ဖြစ်သော ဥဒ္ဓစ္စသမ္ပယုတ်ဖြစ်သော တပါးသောစိတ်၄င်း၊ ဤသို့ နှစ်ပါးလည်းဖြစ်ကုန်သော ဤစိတ်တို့သည် မောမူဟစိတ်တို့ မည်၏။

11. One consciousness, accompanied by equanimity, associated with doubt.
12. One consciousness, accompanied by equanimity, associated with restlessness.

These two types of consciousness involve sheer delusion.

## နိဂုံး

၇။ ဣစ္စေဝံ သဗ္ဗထာပိ ဒွါဒသာကုသလစိတ္တာနိ သမတ္တာနိ။

ဤသို့ ခပ်သိမ်းသောအပြားအားဖြင့်လည်း တဆဲ့နှစ်ပါးသော အကုသိုလ်စိတ်တို့သည် ပြီးကုန်ပြီ။

Thus end, in all, the twelve types of unwholesome consciousness.

## သင်္ဂဟဂါထာ

၈။ အဋ္ဌဓာ လောဘမူလာနိ၊
ဒေါသမူလာနိ စ ဒွိဓာ။
မောဟမူလာနိ စ ဒွေတိ၊
ဒွါဒသာ ကုသလာ သိယုံ။

လောဘမူစိတ်တို့သည် ရှစ်ပါးပြားကုန်၏။ ဒေါသမူစိတ်တို့သည်ကား နှစ်ပါးပြားကုန်၏။ မောဟမူစိတ်တို့သည်ကား နှစ်ပါးတို့တည်း။ဤသို့ အကုသိုလ်စိတ်တို့သည် တဆဲ့နှစ်ပါးတို့သည် ဖြစ်ကုန်၏။

Eight are rooted in greed, two in hatred and two in delusion. Thus there are twelve types unwholesome consciousness.

## အဟိတ်စိတ် ၁၈-ပါး

## အကုသလဝိပါက်စိတ် ၇-ပါး

၉။ ဥပေက္ခာသဟဂတံ စက္ခုဝိညာဏံ, တထာ သောတဝိညာဏံ, ဃာနဝိညာဏံ, ဇိဝှါဝိညာဏံ, ဒုက္ခသဟဂတံ ကာယဝိညာဏံ, ဥပေက္ခာသဟဂတံ သမ္ပဋိစ္ဆနစိတ္တံ, ဥပေက္ခာသဟဂတံ သန္တီရဏစိတ္တဉ္စေတိ ဣမာနိ သတ္တပိ အကုသလဝိပါကစိတ္တာနိ နာမ။

ဥပေက္ခာသဟဂုတ်ဖြစ်သော စက္ခုဝိညာဏ်စိတ်လည်းကောင်း, ထိုဥပေက္ခာသဟဂုတ်ဖြစ်သော သောတဝိညာဏ်စိတ်လည်းကောင်း, ဃာနဝိညာဏ်စိတ်လည်းကောင်း, ဇိဝှါဝိညာဏ်စိတ်လည်းကောင်း, ဒုက္ခသဟဂုတ်ဖြစ်သော ကာယဝိညာဏ်စိတ်လည်းကောင်း, ဥပေက္ခာသဟဂုတ်ဖြစ်သော သမ္ပဋိစ္ဆိုန်းစိတ်လည်းကောင်း, ဥပေက္ခာသဟဂုတ်ဖြစ်သော သန္တီရဏစိတ်လည်းကောင်း၊ ဤသို့ ခုနစ်ပါးလည်းဖြစ်ကုန်သော ဤစိတ်တို့သည် အကုသလဝိပါက်စိတ်တို့ မည်၏။

(1) Eye-consciousness accompanied by equanimity; as are (2) ear-consciousness (3) nose-consciousness (4) tongue-consciousness (5) body-consciousness accompanied by pain (6) receiving consciousness accompanied by equanimity (7) investigating consciousness accompanied by equanimity. These seven are unwholesome resultant types of consciousness.

## အဟိတ် ကုသလဝိပါက်စိတ် ၈-ပါး

၁၀။ ဥပေက္ခာသဟဂတံ စက္ခုဝိညာဏံ, တထာ သောတဝိညာဏံ, ဃာနဝိညာဏံ, ဇိဝှါဝိညာဏံ, သုခသဟဂတံ ကာယဝိညာဏံ, ဥပေက္ခာသဟဂတံ သမ္ပဋိစ္ဆနစိတ္တံ, သောမနဿသဟဂတံ သန္တီရဏစိတ္တံ, ဥပေက္ခာသဟဂတံ သန္တီရဏစိတ္တဉ္စေတိ ဣမာနိ အဋ္ဌပိ ကုသလဝိပါကာဟေတုကစိတ္တာနိ နာမ။

ဥပေက္ခာသဟဂုတ်ဖြစ်သော စက္ခုဝိညာဏ်စိတ်လည်းကောင်း, ထိုဥပေက္ခာသဟဂုတ်ဖြစ်သော သောတဝိညာဏ်စိတ်လည်းကောင်း, ဃာနဝိညာဏ်စိတ်လည်းကောင်း, ဇိဝှါဝိညာဏ်စိတ်လည်းကောင်း, ဒုက္ခသဟဂုတ်ဖြစ်သော ကာယဝိညာဏ်စိတ်လည်းကောင်း, ဥပေက္ခာသဟဂုတ်ဖြစ်သော သမ္ပဋိစ္ဆိုန်းစိတ်လည်းကောင်း, သောမနဿသဟဂုတ်ဖြစ်သော သန္တီရဏစိတ်လည်းကောင်း ဥပေက္ခာသဟဂုတ်ဖြစ်သော သန္တီရဏစိတ်လည်းကောင်း၊ ဤသို့ ရှစ်ပါးလည်းဖြစ်ကုန်သော ဤစိတ်တို့သည် ကုသလဝိပါက် အဟိတ်စိတ်တို့ မည်၏။

(8) Eye-consciousness accompanied by equanimity; as are (9) ear-consciousness (10) nose-consciousness (11) tongue-consciousness (12) body-consciousness accompanied by pain (13) receiving consciousness accompanied by equanimity (14) investigating consciousness accompanied by joy. (15) investigating consciousness accompanied by equanimity. These eight are unwholesome resultant types of rootless consciousness.

## အဟိတ် ကြိယာစိတ် ၃-ပါး

၁၁။ ဥပေက္ခာသဟဂတံ ပဉ္စဒွါရာဝဇ္ဇနစိတ္တံ, တထာ မနောဒွါရာဝဇ္ဇနစိတ္တံ, သောမနဿသဟဂတံ ဟသိတုပ္ပါဒစိတ္တဉ္စေတိ ဣမာနိ တီဏိပိ အဟေတုကကြိယစိတ္တာနိ နာမ။

ဥပေက္ခာသဟဂုတ်ဖြစ်သော ပဉ္စဒွါရာဝဇ္ဇန်းစိတ်လည်းကောင်း, ထိုဥပေက္ခာသဟဂုတ်ဖြစ်သော မနောဒွါရာဝဇ္ဇန်းစိတ်လည်းကောင်း, သောမနဿသဟဂုတ်ဖြစ်သော ဟသိတုပ္ပါဒ်စိတ်လည်းကောင်း၊ ဤသို့ သုံးပါးလည်းဖြစ်ကုန်သော ဤစိတ်တို့သည် အဟိတ်ကြိယာစိတ်တို့ မည်၏။

(16) Five-sense-door consciousness accompanied by equanimity; as is (17) mind-door-adverting consciousness (18) smiling-producing consciousness accompanied by joy. These three are the rootless functional types of consciousness.

### နိဂုံး

၁၂။ ဣစ္စေဝံ သဗ္ဗထာပိ အဋ္ဌာရသာဟေတုကစိတ္တာနိ သမတ္တာနိ။

ဤသို့ ခပ်သိမ်းသောအပြားအားဖြင့်လည်း တဆဲ့ရှစ်ပါးသော အဟိတ်စိတ်တို့သည် ပြီးကုန်ပြီ။

Thus end, in all, the eighteen types of rootless consciousness.

### သင်္ဂဟဂါထာ

၁၃။ သတ္တာကုသလပါကာနိ၊
ပုညပါကာနိ အဋ္ဌဓာ။
ကြိယစိတ္တာနိ တီဏီတိ၊
အဋ္ဌာရသ အဟေတုကာ။

အကုသလဝိပါက်စိတ်တို့သည် ခုနစ်ပါးတို့တည်း။ အဟိတ်ကုသလဝိပါက်စိတ်တို့သည် ရှစ်ပါးတို့တည်း။ ကြိယာစိတ်တို့သည် သုံးပါးတို့တည်း။ ဤသို့ အဟိတ်စိတ်တို့သည် တဆဲ့ရှစ်ပါး တို့တည်း။

Seven are unwholesome-resultants. Wholesome-resultants are eightfold. Three are functional. Thus the rootless are eighteen.

## သောဘနစိတ် ၅၉–၉၁

၁၄။ ပါပါဟေတုကမုတ္တာနိ၊
သောဘဏာနီတိ ဝုစ္စရေ။
ဧကူနသဋ္ဌိ စိတ္တာနိ၊
အထေကနဝုတီပိ ဝါ။

အကုသိုလ်စိတ် အဟိတ်စိတ်တို့မှ လွတ်ကုန်သော တခုယုတ်ခြောက်ဆယ်သော စိတ်တို့ကို သောဘနစိတ်ဟူ၍ ဆိုအပ်ကုန်၏။ အကျယ်တနည်းကား – အကုသိုလ်စိတ် အဟိတ်စိတ်တို့မှ လွတ်ကုန်သော ကိုးဆယ့်တပါးလည်း ဖြစ်ကုန်သော စိတ်တို့ကို သောဘနစိတ်ဟူ၍ ဆိုအပ်ကုန်၏။

Excluding those that are not evil and the rootless, the rest are called "beautiful." They number fifty-nine or ninety-one.

## ကာမသောဘနစိတ် ၂၄–ပါး

## မဟာကုသိုလ်စိတ် ၈–ပါး

၁၅။ သောမနဿသဟဂတံ ဉာဏသမ္ပယုတ္တံ အသင်္ခါရိကမေကံ, သသင်္ခါရိကမေကံ၊ သောမနဿသဟဂတံ ဉာဏဝိပ္ပယုတ္တံ အသင်္ခါရိကမေကံ, သသင်္ခါရိကမေကံ၊ ဥပေက္ခာသဟဂတံ ဉာဏသမ္ပယုတ္တံ အသင်္ခါရိကမေကံ, သသင်္ခါရိကမေကံ၊ ဥပေက္ခာသဟဂတံ ဉာဏဝိပ္ပယုတ္တံ အသင်္ခါရိကမေကံ, သသင်္ခါရိကမေကန္တိ ဣမာနိ အဋ္ဌပိ ကာမာဝစရကုသလစိတ္တာနိ နာမ။

သောမနဿသဟဂုတ်ဖြစ်သော ဉာဏသမ္ပယုတ်ဖြစ်သော အသင်္ခါရိကစိတ်ဖြစ်သော တပါးသောစိတ်၄င်း၊ သသင်္ခါရိကစိတ်ဖြစ်သော တပါးသောစိတ်၄င်း၊ သောမနဿသဟဂုတ်ဖြစ်သော ဉာဏဝိပ္ပယုတ်ဖြစ်သော အသင်္ခါရိကစိတ်ဖြစ်သော တပါးသောစိတ်၄င်း၊ သသင်္ခါရိကစိတ်ဖြစ်သော တပါးသောစိတ်၄င်း၊ ဥပေက္ခာသဟဂုတ်ဖြစ်သော ဉာဏသမ္ပယုတ်ဖြစ်သော အသင်္ခါရိကစိတ်ဖြစ်သော တပါးသောစိတ်၄င်း၊ သသင်္ခါရိကစိတ်ဖြစ်သော တပါးသောစိတ်၄င်း၊ ဥပေက္ခာသဟဂုတ်ဖြစ်သော ဉာဏဝိပ္ပယုတ်ဖြစ်သော အသင်္ခါရိကစိတ်ဖြစ်သော တပါးသောစိတ်၄င်း၊ သသင်္ခါရိကစိတ်ဖြစ်သော တပါးသောစိတ်၄င်း၊ ဤသို့ ရှစ်ပါးလည်းဖြစ်ကုန်သော ဤစိတ်တို့သည် ကာမာဝစရကုသိုလ်စိတ်တို့ မည်၏။

1. One consciousness, accompanied by joy, associated with knowledge, unprompted.
2. One consciousness, accompanied by joy, associated with wrong view, prompted.
3. One consciousness, accompanied by joy, dissociated from knowledge, unprompted.
4. One consciousness, accompanied by joy, dissociated from knowledge,prompted.
5. One consciousness, accompanied by equanimity, associated with knowledge, unprompted.
6. One consciousness, accompanied by equanimity, associated with knowledge, prompted.
7. One consciousness, accompanied by equanimity, dissociated from knowledge, unprompted.
8. One consciousness, accompanied by equanimity, dissociated from knowledge prompted.

These are eight types of sense-sphere wholesome consciousness with roots.

## မဟာဝိပါက်စိတ် ၈–ပါး

၁၆။ သောမနဿသဟဂတံ ဉာဏသမ္ပယုတ္တံ အသင်္ခါရိကမေကံ, သသင်္ခါရိကမေကံ၊ သောမနဿသဟဂတံ ဉာဏဝိပ္ပယုတ္တံ အသင်္ခါရိကမေကံ, သသင်္ခါရိကမေကံ၊ ဥပေက္ခာသဟဂတံ ဉာဏသမ္ပယုတ္တံ အသင်္ခါရိကမေကံ, သသင်္ခါရိကမေကံ၊ ဥပေက္ခာသဟဂတံ ဉာဏဝိပ္ပယုတ္တံ အသင်္ခါရိကမေကံ, သသင်္ခါရိကမေကန္တိ ဣမာနိ အဋ္ဌပိ သဟေတုကကာမာဝစရဝိပါကစိတ္တာနိ နာမ။

သောမနဿသဟဂုတ်ဖြစ်သော ဉာဏသမ္ပယုတ်ဖြစ်သော အသင်္ခါရိကစိတ်ဖြစ်သော တပါးသောစိတ်၄င်း၊ သသင်္ခါရိကစိတ်ဖြစ်သော တပါးသောစိတ်၄င်း၊ သောမနဿသဟဂုတ်ဖြစ်သော ဉာဏဝိပ္ပယုတ်ဖြစ်သော အသင်္ခါရိကစိတ်ဖြစ်သော တပါးသောစိတ်၄င်း၊ သသင်္ခါရိကစိတ်ဖြစ်သော တပါးသောစိတ်၄င်း၊ ဥပေက္ခာသဟဂုတ်ဖြစ်သော ဉာဏသမ္ပယုတ်ဖြစ်သော အသင်္ခါရိကစိတ်ဖြစ်သော တပါးသောစိတ်၄င်း၊ သသင်္ခါရိကစိတ်ဖြစ်သော တပါးသောစိတ်၄င်း၊ ဥပေက္ခာသဟဂုတ်ဖြစ်သော ဉာဏဝိပ္ပယုတ်ဖြစ်သော အသင်္ခါရိကစိတ်ဖြစ်သော တပါးသောစိတ်၄င်း၊ သသင်္ခါရိကစိတ်ဖြစ်သော တပါးသောစိတ်၄င်း၊ ဤသို့ ရှစ်ပါးလည်းဖြစ်ကုန်သော ဤစိတ်တို့သည် သဟိတ်ကာမာဝစရဝိပါက်စိတ်တို့ မည်၏။

9. One consciousness, accompanied by joy, associated with knowledge, unprompted.
10. One consciousness, accompanied by joy, associated with wrong view, prompted.

11. One consciousness, accompanied by joy, dissociated from knowledge, unprompted.
12. One consciousness, accompanied by joy, dissociated from knowledge, prompted.
13. One consciousness, accompanied by equanimity, associated with knowledge, unprompted.
14. One consciousness, accompanied by equanimity, associated with knowledge, prompted.
15. One consciousness, accompanied by equanimity, dissociated from knowledge, unprompted.
16. One consciousness, accompanied by equanimity, dissociated from knowledge prompted.

These are eight types of sense-sphere resultant consciousness with roots.

## မဟာကိရိယာစိတ် ၈–ပါး

၁၇။ သောမနဿသဟဂတံ ဉာဏသမ္ပယုတ္တံ အသင်္ခါရိကမေကံ, သသင်္ခါရိကမေကံ၊ သောမနဿသဟဂတံ ဉာဏဝိပ္ပယုတ္တံ အသင်္ခါရိကမေကံ, သသင်္ခါရိကမေကံ၊ ဥပေက္ခာသဟဂတံ ဉာဏသမ္ပယုတ္တံ အသင်္ခါရိကမေကံ, သသင်္ခါရိကမေကံ၊ ဥပေက္ခာသဟဂတံ ဉာဏဝိပ္ပယုတ္တံ အသင်္ခါရိကမေကံ, သသင်္ခါရိကမေကန္တိ ဣမာနိ အဋ္ဌပိ သဟေတုကကာမာဝစရကိရိယစိတ္တာနိ နာမ။

သောမနဿသဟဂုတ်ဖြစ်သော ဉာဏသမ္ပယုတ်ဖြစ်သော အသင်္ခါရိကစိတ်ဖြစ်သော တပါးသော စိတ်၄င်း၊ သသင်္ခါရိကစိတ်ဖြစ်သော တပါးသောစိတ်၄င်း၊ သောမနဿသဟဂုတ်ဖြစ်သော ဉာဏဝိပ္ပယုတ်ဖြစ်သော အသင်္ခါရိကစိတ်ဖြစ်သော တပါးသောစိတ်၄င်း၊ သသင်္ခါရိကစိတ်ဖြစ်သော တပါးသောစိတ်၄င်း၊ ဥပေက္ခာသဟဂုတ်ဖြစ်သော ဉာဏသမ္ပယုတ်ဖြစ်သော အသင်္ခါရိကစိတ်ဖြစ်သော တပါးသောစိတ်၄င်း၊ သသင်္ခါရိကစိတ်ဖြစ်သော တပါးသောစိတ်၄င်း၊ ဥပေက္ခာသဟဂုတ်ဖြစ်သော ဉာဏဝိပ္ပယုတ်ဖြစ်သော အသင်္ခါရိကစိတ်ဖြစ်သော တပါးသောစိတ်၄င်း၊ သသင်္ခါရိကစိတ်ဖြစ်သော တပါးသောစိတ်၄င်း၊ ဤသို့ ရှစ်ပါးလည်းဖြစ်ကုန်သော ဤစိတ်တို့သည် သဟိတ်ကာမာဝစရကြိယာစိတ်တို့ မည်၏။

17. One consciousness, accompanied by joy, associated with knowledge, unprompted.
18. One consciousness, accompanied by joy, associated with wrong view, prompted.
19. One consciousness, accompanied by joy, dissociated from knowledge, unprompted.
20. One consciousness, accompanied by joy, dissociated from knowledge, prompted.

21. One consciousness, accompanied by equanimity, associated with knowledge, unprompted.
22. One consciousness, accompanied by equanimity, associated with knowledge, prompted.
23. One consciousness, accompanied by equanimity, dissociated from knowledge, unprompted.
24. One consciousness, accompanied by equanimity, dissociated from knowledge prompted.

These are eight types of sense-sphere functional consciousness with roots.

## နိဂုံး

၁၈။ ဣစ္စေဝံ သဗ္ဗထာပိ စတုဝီသတိ သဟေတုက ကာမာဝစရ ကုသလဝိပါကကိရိယစိတ္တာနိ သမတ္တာနိ။

ဤသို့ ခပ်သိမ်းသောအပြားအားဖြင့်လည်း နှစ်ဆဲ့လေးပါးသော ကာမာဝစရကုသိုလ် သဟိတ် ကာမာဝစရဝိပါက် သဟိတ်ကာမာဝစရကြိယာစိတ်တို့သည် ပြီးကုန်ပြီ။

Thus end, in all, the twenty-four types of sense-sphere consciousness with roots-wholesome, resultant, and functional.

## သင်္ဂဟဂါထာ

၁၉။ ဝေဒနာ ဉာဏ သင်္ခါရ–
ဘေဒေန စတုဝီသတိ။
သဟေတုက ကာမာဝစရ
ပုညပါက ကြိယာ မတာ။

ကာမာဝစရကုသိုလ် သဟိတ်ကာမာဝစရဝိပါက် သဟိတ်ကာမာဝစရကြိယာစိတ်တို့ကို ဝေဒနာအပြား ဉာဏ်အပြား သင်္ခါရအပြားအားဖြင့် နှစ်ဆယ့်လေးပါး ဟူ၍ သိအပ်ကုန်၏။

The twenty-four types of These sense-sphere consciousness with roots-understood as wholesome, resultant, and functional - becomes twenty-four by classification according to feeling, knowledge, and prompting.

## ကာမာဝစရစိတ်ပေါင်း ၅၄–ပါး သင်္ဂဟဂါထာ

၂၀။ ကာမေ တေဝီသပါကာနိ၊
ပုညာပုညာနိ ဝီသတိ။
ဧကာဒသ ကြိယာ စေတိ၊
စတုပညာသ သဗ္ဗထာ။

ကာမတဆဲ့တဘုံ၌ (သက်ဝင်၍ဖြစ်သောစိတ်တို့သည်) နှစ်ဆဲ့သုံးပါးသော ဝိပါက်စိတ်တို့၄င်း, နှစ်ဆယ်သော ကုသိုလ်အကုသိုလ်စိတ်တို့လည်းကောင်း, တဆဲ့တပါးကုန်သော ကြိယာစိတ်တို့၄င်း, ဤသို့ ခပ်သိမ်းသော အပြားအားဖြင့် ငါးဆယ့်လေးပါးသည် ဖြစ်ကုန်၏။

In the sense-sphere twenty-three are resultant, twenty are wholesome and unwholesome, and eleven are functional. Thus there are altogether fifty-four.

## ရူပါဝစရစိတ် ၁၅–ပါး

## ကုသိုလ်စိတ် ၅–ပါး

၂၁။ ဝိတက္က ဝိစာရ ပီတိ သုခေကဂ္ဂတာ သဟိတံ ပဌမဇ္ဈာနကုသလစိတ္တံ, ဝိစာရ ပီတိ သုခေကဂ္ဂတာ သဟိတံ ဒုတိယဇ္ဈာနကုသလစိတ္တံ, ပီတိ သုခေကဂ္ဂတာ သဟိတံ တတိယဇ္ဈာနကုသလစိတ္တံ, သုခေကဂ္ဂတာ သဟိတံ စတုတ္ထဇ္ဈာနကုသလစိတ္တံ, ဥပေက္ခေကဂ္ဂတာ သဟိတံ ပဉ္စမဇ္ဈာန ကုသလ စိတ္တဉ္စေတိ ဣမာနိ ပဉ္စပိ ရူပါဝစရကုသလစိတ္တာနိ နာမ။

ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ ငါးပါးနှင့် တကွဖြစ်သော ပဌမဈာန်ကုသိုလ်စိတ်၄င်း၊ ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ လေးပါးနှင့် တကွဖြစ်သော ဒုတိယဈာန်ကုသိုလ်စိတ်၄င်း၊ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ သုံးပါးနှင့် တကွဖြစ်သော တတိယဈာန်ကုသိုလ်စိတ်၄င်း၊ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ နှစ်ပါးနှင့် တကွဖြစ်သော စတုတ္ထဈာန်ကုသိုလ်စိတ်၄င်း၊ ဥပေက္ခာ ဧကဂ္ဂတာ ဈာန်အင်္ဂါ နှစ်ပါးနှင့် တကွဖြစ်သော ပဉ္စမဈာန်ကုသိုလ်စိတ်၄င်း၊ ဤသို့ ငါးပါးလည်းဖြစ်ကုန်သော ဤစိတ်တို့သည် ရူပါဝစရကုသိုလ်စိတ်တို့ မည်၏။

1. First jhāna wholesome consciousness together with initial application, sustained application. zest, happiness, and one-pointedness.
2. Second jhāna wholesome consciousness together with sustained application. zest, happiness, and one-pointedness.
3. Third jhāna wholesome consciousness together with initial zest, happiness, and one-pointedness.
4. Forth jhāna wholesome consciousness together with zest, happiness, and one-pointedness.
5. Fifth jhāna wholesome consciousness together with equanimity, and one-pointedness.

These are the five types of fine-material-sphere wholesome consciousness.

## ဝိပါက်စိတ် ၅-ပါး

၂၂။ ဝိတက္က ဝိစာရ ပီတိ သုခေကဂ္ဂတာ သဟိတံ ပဌမဇ္ဈာနဝိပါကစိတ္တံ, ဝိစာရ ပီတိ သုခေကဂ္ဂတာ သဟိတံ ဒုတိယဇ္ဈာနဝိပါကစိတ္တံ, ပီတိ သုခေကဂ္ဂတာ သဟိတံ တတိယဇ္ဈာနဝိပါကစိတ္တံ, သုခေကဂ္ဂတာ သဟိတံ စတုတ္ထဇ္ဈာနဝိပါကစိတ္တံ, ဥပေက္ခေကဂ္ဂတာ သဟိတံ ပဉ္စမဇ္ဈာနဝိပါကစိတ္တဉ္စေတိ ဣမာနိ ပဉ္စပိ ရူပါဝစရဝိပါကစိတ္တာနိ နာမ။

ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ ငါးပါးနှင့် တကွဖြစ်သော ပဌမဈာန်ဝိပါက်စိတ်၄င်း၊ ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ လေးပါးနှင့် တကွဖြစ်သော ဒုတိယဈာန်ဝိပါက်စိတ်၄င်း၊ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ သုံးပါးနှင့် တကွဖြစ်သော တတိယဈာန်ဝိပါက်စိတ်၄င်း၊ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ နှစ်ပါးနှင့် တကွဖြစ်သော စတုတ္ထဈာန်ဝိပါက်စိတ်၄င်း၊ ဥပေက္ခာ ဧကဂ္ဂတာ ဈာန်အင်္ဂါ နှစ်ပါးနှင့် တကွဖြစ်သော ပဉ္စမဈာန်ဝိပါက်စိတ်၄င်း၊ ဤသို့ ငါးပါးလည်းဖြစ်ကုန်သော ဤစိတ်တို့သည် ရူပါဝစရဝိပါက်စိတ်တို့ မည်၏။

1. First jhāna wholesome consciousness together with initial applcation, sustained application. zest, happiness, and one-pointedness.
2. Second jhāna wholesome consciouness together with sustained application. zest, happiness, and one-pointedness.
3. Third jhāna wholesome consciouness together with initial zest, happiness, and one-pointedness.
4. Forth jhāna wholesome consciouness together with zest, happiness, and one-pointedness.
5. Fifth jhāna wholesome consciouness together with equanimity, and one-pointedness.

These are the five types of fine-material-sphere resultant consciousness.

## ကိရိယာစိတ် ၅-ပါး

၂၃။ ဝိတက္က ဝိစာရ ပီတိ သုခေကဂ္ဂတာ သဟိတံ ပဌမဇ္ဈာနကိရိယစိတ္တံ, ဝိစာရ ပီတိ သုခေကဂ္ဂတာ သဟိတံ ဒုတိယဇ္ဈာနကိရိယစိတ္တံ, ပီတိ သုခေကဂ္ဂတာ သဟိတံ တတိယဇ္ဈာနကိရိယစိတ္တံ, သုခေကဂ္ဂတာ သဟိတံ စတုတ္ထဇ္ဈာနကိရိယစိတ္တံ, ဥပေက္ခေကဂ္ဂတာ သဟိတံ ပဉ္စမဇ္ဈာနကိရိယ စိတ္တဉ္စေတိ ဣမာနိ ပဉ္စပိ ရူပါဝစရကိရိယစိတ္တာနိ နာမ။

ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ ငါးပါးနှင့် တကွဖြစ်သော ပဌမဈာန်ကြိယာစိတ်၄င်း၊ ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ လေးပါးနှင့် တကွဖြစ်သော ဒုတိယဈာန်ကြိယာစိတ်၄င်း၊ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ သုံးပါးနှင့် တကွဖြစ်သော တတိယဈာန်ကြိယာစိတ်၄င်း၊ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ နှစ်ပါးနှင့် တကွဖြစ်သော စတုတ္ထဈာန်ကြိယာစိတ်၄င်း၊ ဥပေက္ခာ ဧကဂ္ဂတာ ဈာန်အင်္ဂါ နှစ်ပါးနှင့် တကွဖြစ်သော ပဉ္စမဈာန်ကြိယာစိတ်၄င်း၊ ဤသို့ ငါးပါးလည်းဖြစ်ကုန်သော ဤစိတ်တို့သည် ရူပါဝစရကြိယာစိတ်တို့ မည်၏။

1. First jhāna wholesome consciousness together with initial application, sustained application. zest, happiness, and one-pointedness.
2. Second jhāna wholesome consciousness together with sustained application. zest, happiness, and one-pointedness.
3. Third jhāna wholesome consciousness together with initial zest, happiness, and one-pointedness.
4. Forth jhāna wholesome consciousness together with zest, happiness, and one-pointedness.
5. Fifth jhāna wholesome consciousness together with equanimity, and one-pointedness.

These are the five types of fine-material-sphere functional consciousness.

## နိဂုံး

၂၄။ ဣစ္စေဝံ သဗ္ဗထာပိ ပန္နရသ ရူပါဝစရ ကုသလ ဝိပါက ကိရိယစိတ္တာနိ သမတ္တာနိ။

ဤသို့ ခပ်သိမ်းသောအပြားအားဖြင့်လည်း တဆဲ့ငါးပါးကုန်သော ရူပါဝစရ ကုသိုလ် ဝိပါက် ကြိယာစိတ်တို့သည် ပြီးကုန်ပြီ။

Thus end, in all, the fifteen types of fine-material-sphere consciousness wholesome, resultant, and functional consciousness.

## သင်္ဂဟဂါထာ

၂၅။ ပဉ္စဓာ ဈာနဘေဒေန၊
ရူပါဝစရမာနသံ။
ပုညပါကကြိယာ ဘေဒါ၊
တံ ပဉ္စဒသဓာ ဘဝေ။

ရူပါဝစရစိတ်သည် ဈာန်တို့၏ အပြားအားဖြင့် ငါးပါးပြားသည် ဖြစ်၏။ ထိုငါးပါးပြားပြီးသော ရူပါဝစရစိတ်သည် ကုသိုလ် ဝိပါက် ကြိယာတို့၏ အပြားအားဖြင့် တဆဲ့ငါးပါးပြားသည် ဖြစ်၏။

Fine material-sphere consciousness is fivefold when divided by way of the Jāna. It becomes of the fifteen types when(further) divided by way of the wholesome. resultant, and functional.

## အရူပါဝစရစိတ် ၁၂–ပါး

## ကုသိုလ်စိတ် ၄–ပါး

၂၆။ အာကာသာနဉ္စာယတန ကုသလစိတ္တံ, ဝိညာဏဉ္စာယတန ကုသလစိတ္တံ, အာကိဉ္စညာယတန ကုသလစိတ္တံ, နေဝသညာနာသညာယတန ကုသလစိတ္တဉ္စေတိ ဣမာနိ စတ္တာရိပိ အရူပါဝစရ ကုသလစိတ္တာနိ နာမ။

အာကာသာနဉ္စာယတန ကုသိုလ်စိတ်၄င်း၊ ဝိညာဏဉ္စာယတန ကုသိုလ်စိတ်၄င်း၊ အာကိဉ္စညာယတန ကုသိုလ်စိတ်၄င်း, နေဝသညာနာသညာယတန ကုသိုလ်စိတ်၄င်း ဤသို့ လေးပါးလည်းဖြစ်ကုန်သော ဤစိတ်တို့သည် အရူပါဝစရကုသိုလ်စိတ်တို့ မည်၏။

1. Wholesome consciousness pertaining to the base of infinite space.
2. Wholesome consciousness pertaining to the base of infinite consciousness.
3. Wholesome consciousness pertaining to the base of infinite nothing.
4. Wholesome consciousness pertaining to the base of neither-perception-nor-non-perception.

These are the four types of immaterial-sphere wholesome consciousness.

## ဝိပါက်စိတ် ၄-ပါး

၂၇။ အာကာသာနဉ္စာယတန ဝိပါကစိတ္တံ, ဝိညာဏဉ္စာယတန ဝိပါကစိတ္တံ, အာကိဉ္စညာယတန ဝိပါကစိတ္တံ, နေဝသညာနာသညာယတန ဝိပါကစိတ္တဉ္စေတိ ဣမာနိ စတ္တာရိပိ အရူပါဝစရ ဝိပါကစိတ္တာနိ နာမ။

အာကာသာနဉ္စာယတန ဝိပါက်စိတ်၄င်း၊ ဝိညာဏဉ္စာယတန ဝိပါက်စိတ်၄င်း၊ အာကိဉ္စညာယတန ဝိပါက်စိတ်၄င်း, နေဝသညာနာသညာယတန ဝိပါက်စိတ်၄င်း ဤသို့ လေးပါးလည်းဖြစ်ကုန်သော ဤစိတ်တို့သည် အရူပါဝစရ ဝိပါက်စိတ်တို့ မည်၏။

1. Resultant consciousness pertaining to the base of infinite space.
2. Resultant consciousness pertaining to the base of infinite consciousness.
3. Resultant consciousness pertaining to the base of infinite nothing.
4. Resultant consciousness pertaining to the base of neither-perception-nor-non-perception.

These are the four types of immaterial-sphere resultant consciousness.

## ကိရိယာစိတ် ၄-ပါး

၂၈။ အာကာသာနဉ္စာယတန ကိရိယစိတ္တံ, ဝိညာဏဉ္စာယတန ကိရိယစိတ္တံ, အာကိဉ္စညာယတန ကိရိယစိတ္တံ, နေဝသညာနာသညာယတန ကိရိယစိတ္တဉ္စေတိ ဣမာနိ စတ္တာရိပိ အရူပါဝစရ ကိရိယစိတ္တာနိ နာမ။

အာကာသာနဉ္စာယတန ကြိယာစိတ်၄င်း၊ ဝိညာဏဉ္စာယတန ကြိယာစိတ်၄င်း၊ အာကိဉ္စညာယတန ကြိယာစိတ်၄င်း, နေဝသညာနာသညာယတန ကြိယာစိတ်၄င်း ဤသို့ လေးပါးလည်းဖြစ်ကုန်သော ဤစိတ်တို့သည် အရူပါဝစရ ကြိယာစိတ်တို့ မည်၏။

1. Functional consciousness pertaining to the base of infinite space.
2. Functional consciousness pertaining to the base of infinite consciousness.
3. Functional consciousness pertaining to the base of infinite nothing.
4. Functional consciousness pertaining to the base of neither-perception-nor-non-perception.

These are the four types of immaterial-sphere functional consciousness.

## နိဂုံး

၂၉။ ဣစ္စေဝံ သဗ္ဗထာပိ ဒွါဒသ အရူပါဝစရ ကုသလ ဝိပါက ကိရိယစိတ္တာနိ သမတ္တာနိ။

ဤသို့ ခပ်သိမ်းသောအပြားအားဖြင့်လည်း တဆဲ့နှစ်ပါးကုန်သော အရူပါဝစရ ကုသိုလ် ဝိပါက် ကြိယာစိတ်တို့သည် ပြီးကုန်ပြီ။

Thus end, in all, the twelve types of immaterial-sphere consciousness wholesome, resultant, and functional consciousness.

## သင်္ဂဟဂါထာ

၃၀။ အာလမ္ဗဏပ္ပဘေဒေန၊
စတုဓာရုပ္ပမာနသံ။
ပုညပါကကြိယာ ဘေဒါ၊
ပုန ဒွါဒသဓာ ဋ္ဌိတံ။

အာရုပ္ပစိတ်သည် အာရုံတို့၏ အပြားအားဖြင့် လေးပါးပြား၏။ တဖန် ကုသိုလ် ဝိပါက် ကြိယာတို့၏ အပြားအားဖြင့် တဆဲ့နှစ်ပါး အပြားအားဖြင့် တည်၏။

Immaterial-sphere consciousness is fourfold when classified by way of the object. When again divided by way of the wholesome. resultant, and functional, it stands at twelve types.

## လောကုတ္တရာစိတ် အကျဉ်း ၈-ပါး

### မဂ်စိတ် ၄-ပါး

၃၁။ သောတာပတ္တိမဂ္ဂစိတ္တံ, သကဒါဂါမိမဂ္ဂစိတ္တံ, အနာဂါမိမဂ္ဂစိတ္တံ, အရဟတ္တမဂ္ဂစိတ္တဉ္စေတိ ဣမာနိ စတ္တာရိပိ လောကုတ္တရကုသလစိတ္တာနိ နာမ။

သောတာပတ္တိမဂ်စိတ်၄င်း, သကဒါဂါမိမဂ်စိတ်၄င်း, အနာဂါမိမဂ်စိတ်၄င်း, အရဟတ္တမဂ်စိတ်၄င်း၊ ဤသို့ လေးပါးလည်းဖြစ်ကုန်သော ဤစိတ်တို့သည် လောကုတ္တရာကုသိုလ်စိတ်တို့ မည်၏။

1. Path consciousness of stream-entry.
2. Path consciousness of once-returning.
3. Path consciousness of none-returning
4. Path consciousness of Arahantship.

These are the four types of supramundane wholesome consciousness.

### ဖိုလ်စိတ် ၄-ပါး

၃၂။ သောတာပတ္တိဖလစိတ္တံ, သကဒါဂါမိဖလစိတ္တံ, အနာဂါမိဖလစိတ္တံ, အရဟတ္တဖလစိတ္တဉ္စေတိ ဣမာနိ စတ္တာရိပိ လောကုတ္တရဝိပါကစိတ္တာနိ နာမ။

သောတာပတ္တိဖိုလ်စိတ်၄င်း, သကဒါဂါမိဖိုလ်စိတ်၄င်း, အနာဂါမိဖိုလ်စိတ်၄င်း, အရဟတ္တဖိုလ်စိတ်၄င်း, ဤသို့ လေးပါးလည်းဖြစ်ကုန်သော ဤစိတ်တို့သည် လောကုတ္တရာဝိပါက်စိတ်တို့ မည်၏။

1. Fruition consciousness of stream-entry.
2. Fruition consciousness of once-returning.
3. Fruition consciousness of none-returning
4. Fruition consciousness of Arahantship.

These are the four types of supramundane resultant consciousness.

## နိဂုံး

၃၃။ ဣစ္စေဝံ သဗ္ဗထာပိ အဋ္ဌ လောကုတ္တရကုသလဝိပါကစိတ္တာနိ သမတ္တာနိ။

ဤသို့ ခပ်သိမ်းသောအပြားအားဖြင့်လည်း ရှစ်ပါးကုန်သော လောကုတ္တရာ ကုသိုလ် ဝိပါက် စိတ်တို့သည် ပြီးကုန်ပြီ။

Thus end, in all, the eight types of supramundane wholesome and resultant, consciousness.

## သင်္ဂဟဂါထာ

၃၄။ စတုမဂ္ဂပ္ပဘေဒေန၊
စတုဓာ ကုသလံ တထာ။
ပါကံ တဿ ဖလတ္တာတိ၊
အဋ္ဌဓာနုတ္တရံ မတံ။

လေးပါးသော မဂ်တို့၏ အပြားအားဖြင့် ကုသိုလ်စိတ်သည် လေးပါးပြား၏။ ဝိပါက်စိတ်သည် ထိုကုသိုလ်စိတ်၏ အကျိုး၏အဖြစ်ကြောင့် ထို့အတူ လေးပါးပြား၏။ ဤသို့ လောကုတ္တရာစိတ်ကို ရှစ်ပါးပြား၏ဟူ၍ သိအပ်၏။

The wholesome consciousness is fourfold, divided by way of the four paths. So too are the resultants, being their fruit. Thus the supramundane should be understood as eightfold.

## စိတ်အကျဉ်း ၈၉–ပါး

## ဇာတ်အားဖြင့် ရေတွက်ခြင်း

၃၅။ ဒွါဒသာကုသလာနေဝံ၊
ကုသလာနေကဝီသတိ။
ဆတ္တိံသေဝ ဝိပါကာနိ၊
ကြိယစိတ္တာနိ ဝီသတိ။

ဤဆိုအပ်ပြီးသော အပြားအားဖြင့် အကုသိုလ်စိတ်တို့သည် တဆဲ့နှစ်ပါးတို့သာတည်း။ ကုသိုလ်စိတ်တို့သည် နှစ်ဆဲ့တပါးသာတည်း။ ဝိပါက်စိတ်တို့သည် သုံးဆဲ့ခြောက်ပါးသာတည်း။ ကြိယာစိတ်တို့သည် နှစ်ဆယ်သာတည်း။

Thus there are twelve unwholesome types of consciousness, and twenty-one wholesome types. Resultants are thirty-six in number, and functional types of consciousness are twenty.

## ဘုံအားဖြင့် ရေတွက်ခြင်း

၃၆။ စတုပညာသဓာ ကာမေ၊
ရူပေ ပန္နရသီ ရယေ။
စိတ္တာနိ ဒွါဒသာရူပေ၊
အဋ္ဌဓာနုတ္တရေ တထာ။

ကာမဘုံ၌ (သက်ဝင်၍ဖြစ်ကုန်သော)စိတ်တို့ကို ၅၄–ပါးပြားကုန်၏ဟူ၍ (ပရမတ်မြင်သိ ပညာရှိသည်) ဆိုရာ၏။ ရူပဘုံ၌ (သက်ဝင်၍ဖြစ်ကုန်သော) စိတ်တို့ကို တဆဲ့ငါးပါးတို့ဟူ၍ ဆိုရာ၏။ အရူပဘုံ၌ (သက်ဝင်၍ဖြစ်ကုန်သော) စိတ်တို့ကို တဆဲ့နှစ်ပါးတို့ဟူ၍ ဆိုရာ၏။ ထိုမှတပါး လောကုတ္တရာအဝတ္ထာဘုံ၌ စိတ်တို့ကို ရှစ်ပါးပြားကုန်၏ဟူ၍ ဆိုရာ၏။

Thus there are fifty-four sense-sphere types of consciousness, and fifteen assigned to the fine material sphere. There are twelve types of consciousness in the immaterial sphere, and eight that are supramundane.

## နိဂုံး

၃၇။ ဣတ္ထမေကူန နဝုတိ၊
ပဘေဒံ ပန မာနသံ။
ဧကဝီသသတံ ဝါထ၊
ဝိဘဇန္တိ ဝိစက္ခဏာ။

နိဂုံးကို ပြဦးအံ့၊ အာရုံကိုသိခြင်းလက္ခဏာအားဖြင့် တပါးတည်းသောစိတ်ကို ဤဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့် တခုယုတ်ကိုးဆယ် အပြားရှိ၏ဟူ၍ ပညာရှိတို့သည် ဝေဘန်ကြကုန်၏။ တရာ့နှစ်ဆဲ့တပါးရှိ၏ဟူ၍ တနည်းလည်း ဝေဘန်ကြကုန်၏။

These difference classes of consciousness, and which thus number eighty-nine, the wise divide into one hundred and twenty-one.

## စိတ်အကျယ် ၁၂၁-ပါး

၃၈။ ကထမေကူန နဝုတိဝိဓံ စိတ္တံ ဧကဝီသသတံ ဟောတိ? -

တခုယုတ်ကိုးဆယ် အပြားရှိသောစိတ်သည် တရာ့နှစ်ဆယ့်တပါးရှိသည် အဘယ်သို့ဖြစ်နိုင်သနည်း။

How does consciousness which is analyzed into eighty-nine types become of one hundred and twenty-one types?

## လောကုတ္တရာစိတ် အကျယ်-၄၀

## သောတာပတ္တိမဂ်စိတ် ၅-ပါး

ဝိတက္က ဝိစာရ ပီတိ သုခေကဂ္ဂတာ သဟိတံ ပဌမဇ္ဈာနသောတာပတ္တိမဂ္ဂစိတ္တံ, ဝိစာရ ပီတိ သုခေကဂ္ဂတာ သဟိတံ ဒုတိယဇ္ဈာနသောတာပတ္တိမဂ္ဂစိတ္တံ, ပီတိ သုခေကဂ္ဂတာ သဟိတံ တတိယဇ္ဈာနသောတာပတ္တိမဂ္ဂစိတ္တံ, သုခေကဂ္ဂတာ သဟိတံ စတုတ္ထဇ္ဈာနသောတာပတ္တိမဂ္ဂစိတ္တံ, ဥပေက္ခေကဂ္ဂတာ သဟိတံ ပဉ္စမဇ္ဈာနသောတာပတ္တိမဂ္ဂစိတ္တဉ္စေတိ ဣမာနိ ပဉ္စပိ သောတာပတ္တိမဂ္ဂစိတ္တာနိ နာမ။

ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ ငါးပါးနှင့် တကွဖြစ်သော ပဌမဈာန် သောတာပတ္တိမဂ်စိတ်၄င်း၊ ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ လေးပါးနှင့် တကွဖြစ်သော ဒုတိယဈာန် သောတာပတ္တိမဂ်စိတ်၄င်း၊ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ သုံးပါးနှင့် တကွဖြစ်သော တတိယဈာန် သောတာပတ္တိမဂ်စိတ်၄င်း၊ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ နှစ်ပါးနှင့် တကွဖြစ်သော စတုတ္ထဈာန်သောတာပတ္တိမဂ်စိတ်၄င်း၊ ဥပေက္ခာ ဧကဂ္ဂတာ ဈာန်အင်္ဂါ နှစ်ပါးနှင့် တကွဖြစ်သော ပဉ္စမဈာန်သောတာပတ္တိမဂ်စိတ်၄င်း၊ ဤသို့ ငါးပါးလည်းဖြစ်ကုန်သော ဤစိတ်တို့သည် သောတာပတ္တိမဂ်စိတ်တို့ မည်၏။

1. First jhāna path consciousness of stream-entry together with initial application, sustained application. zest, happiness, and one-pointedness.
2. Second jhāna path consciousness of stream-entry together with sustained application. zest, happiness, and one-pointedness.
3. Third jhāna path consciousness of stream-entry together with initial zest, happiness, and one-pointedness.
4. Forth jhāna path consciousness of stream-entry together with zest, happiness, and one-pointedness.
5. Fifth jhāna path consciousness of stream-entry together with equanimity, and one-pointedness.

These are the five types of path consciousness of stream-entry.

## အထက်မဂ်စိတ် ၁၅-ပါးနှင့် ဖိုလ်စိတ်-၂၀

၃၉။ တထာ သကဒါဂါမိမဂ္ဂ အနာဂါမိမဂ္ဂ အရဟတ္တမဂ္ဂစိတ္တဉ္စေတိ သမဝီသတိ မဂ္ဂစိတ္တာနိ။

ထိုငါးပါးစီပြားသော သကဒါဂါမိမဂ်စိတ်၄င်း အနာဂါမိမဂ်စိတ်၄င်း အရဟတ္တမဂ်စိတ်၄င်း ဤသို့ အတိအကျ နှစ်ဆယ်သော မဂ်စိတ်တို့၄င်း

So too for the path consciousness of once-returning, of non-returning, and of Arahantship, making twenty types of path consciousness.

၄၀။ တထာ ဖလစိတ္တာနိ စေတိ သမစတ္တာလီသ လောကုတ္တရစိတ္တာနိ ဘဝန္တီတိ။

ထိုအတိအကျနှစ်ဆယ်သော ဖိုလ်စိတ်တို့၄င်း ဤသို့ အတိအကျ လေးဆယ်သော လောကုတ္တရာစိတ်တို့သည် ဖြစ်ကုန်၏။ ဤသို့ (တခုယုတ်ကိုးဆယ်အပြားရှိသောစိတ်သည် တရာ့နှစ်ဆယ့်တပါးရှိသည် ဖြစ်နိုင်၏)

Similarly, there are twenty types of fruition consciousness. Thus there are forty types of supramundane consciousness.

## သင်္ဂဟဂါထာ

၄၁။ ဈာနင်္ဂယောဂဘေဒေန၊
ကတွေကေကံ တု ပဉ္စဓာ။
ဝုစ္စတာနုတ္တရံ စိတ္တံ၊
စတ္တာလီသ ဝိဓန္တိ စ။

အကျဉ်းချုပ်ကား၊ ဈာန်အင်္ဂါတို့၏ ယှဉ်ပုံအပြားအားဖြင့် တပါးတပါးသော လောကုတ္တရာစိတ်ကို ငါးပါးစီပြားသည်ကို ပြု၍ လောကုတ္တရာဖြစ်သော စိတ်ကို ၄၀–အပြားရှိ၏ဟူ၍လည်း ဆိုအပ်၏။

Divining each (supramundane) consciousness into five kinds according to different jāna factors, the supramundane consciousness, it is said, becomes forty.

## လောကီ လောကုတ္တရာ ဈာန်စိတ်အပေါင်း

၄၂။ ယထာ စ ရူပါဝစရံ၊
ဂယှတာနုတ္တရံ တထာ။
ပဌမာဒိဈာနဘေဒေ၊
အာရုပ္ပဉ္စာပိ ပဉ္စမေ။

ရူပါဝစရစိတ်ကို ပဌမဈာန်အစရှိသော ဈာန်အပြား၌ သွင်းယူအပ်သကဲ့သို့ ထို့အတူ လောကုတ္တရာစိတ်ကို ပဌမဈာန်အစရှိသော ဈာန်အပြား၌ သွင်းယူအပ်၏။ အာရုပ္ပစိတ်ကိုလည်း ပဉ္စမဈာန်၌ သွင်းယူအပ်၏။

As the fine-material-sphere consciousness is treated by division into first jāna consciousness and so on, even so is the supramundane consciousness. The immatreial sphere consciousness is included in fifth jāna.

ကောဒသဝိဓံ တသ္မာ၊
ပဌမာဒိကမီရိတံ။
ဈာနမေကေကမန္တေ တု၊
တေဝီသတိ ဝိဓံ ဘဝေ။

ထို့ကြောင့် ပဌမဈာန်အစရှိသော တမျိုးတမျိုးသော ဈာန်စိတ်ကို တဆဲ့တပါးစီ အပြားရှိ၏ဟူ၍ ဆိုအပ်၏။ အဆုံးပဉ္စမဈာန်၌ကား (စိတ်သည်) နှစ်ဆယ့်သုံးပါးအပြားရှိသည် ဖြစ်၏။

Thus the jānas begining from the first amount to eleven, they say. The last jāna(i.e the fifth) totals twenty-three.

## ကုသိုလ်နှင့် ဝိပါက်အကျယ်

၄၃။ သတ္တတိံသ ဝိဓံ ပုညံ၊
ဒွိပညာသ ဝိဓံ တထာ။
ပါကမိစ္စာဟု စိတ္တာနိ၊
ဧကဝီသသတံ ဗုဓာ။

ကုသိုလ်စိတ်သည် ၃၇-ပါး အပြားရှိ၏။ ထိုမှတပါး ဝိပါက်စိတ်သည် ၅၂-ပါး အပြားရှိ၏။ ဤသို့ စိတ်တို့ကို ၁၂၁-ပါး ရှိ၏ဟူ၍ ပညာရှိတို့သည် ဆိုကြကုန်၏။

Thirty-seven are wholesome, fifty-two are resultants; thus the wise say that there are one hundred and twent-one types of consciousness.

ဣတိ အဘိဓမ္မတ္ထသင်္ဂဟေ စိတ္တသင်္ဂဟဝိဘာဂေါနာမ ပဌမော ပရိစ္ဆေဒေါ။

အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၌ စိတ္တသင်္ဂဟဝိဘာဂမည်သော ရှေးဦးစွာသော အပိုင်းသည် ပြီးပြီ။

Thus ends the first chapter in the Manual of Abhidhamma entitled the Compendium of Consciousness.

**စိတ်ပိုင်း ပြီး၏။**

# စေတသိက်ပိုင်း

## စေတသိက် လက္ခဏာ ၄–ပါး

၁။ ဧကုပ္ပါဒ နိရောဓာ စ၊
ဧကာလမ္ဗဏ ဝတ္ထုကာ။
စေတောယုတ္တာ ဒွိပညာသ၊
ဓမ္မာ စေတသိကာ မတာ။

တူသောဖြစ်ခြင်း, တူသောချုပ်ခြင်းရှိကုန်သည် (ဖြစ်၍၄င်း) တူသောအာရုံ, တူသောမှီရာ ရှိကုန်သည် (ဖြစ်၍၄င်း) စိတ်၌ယှဉ်သော ၅၂–ပါးသော သဘောတရားတို့ကို စေတသိက်ဟူ၍ သိအပ်ကုန်၏။

The fifty-two states associated with consciousness that arise and cease together (with consciousness) that has the same object and base (as consciousness), are known as mental factors.

## အညသမာန်းစေတသိက် ၁၃–ပါး

## သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇–ပါး

၂။ ကထံ? – ဖဿော, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြိယံ, မနသိကာရော စေတိ သတ္တိမေ စေတသိကာ သဗ္ဗစိတ္တသာဓာရဏာ နာမ။

ငါးဆယ့်နှစ်ပါး အဘယ်သို့ပြားသနည်း– How?

ဖဿ၄င်း ဝေဒနာ၄င်း သညာ၄င်း စေတနာ၄င်း ဧကဂ္ဂတာ၄င်း ဇီဝိတိန္ဒြေ၄င်း မနသိကာရ၄င်း ဤသို့ ခုနစ်ပါးကုန်သော ဤစေတသိက်တို့သည် သဗ္ဗစိတ္တသာဓာရဏစေတသိက်တို့ မည်၏။

(1) Contact, (2) feeling, (3) perception, (4) volition, (5) one-pointedness, (6) mental life faculty, and (7) attention: these seven mental factors are termed universals, i.e. common to every consciousness.

## ပကိဏ်းစေတသိက် ၆-ပါး

၃။ ဝိတက္ကော, ဝိစာရော, အဓိမောက္ခော, ဝီရိယံ, ပီတိ, ဆန္ဒော စာတိ ဆ ဣမေ စေတသိကာ ပကိဏ္ဏကာ နာမ။

ဝိတက်၄င်း ဝိစာရ၄င်း အဓိမောက္ခ၄င်း ဝီရိယ၄င်း ပီတိ၄င်း ဆန္ဒ၄င်း ဤသို့ ခြောက်ပါးကုန်သော ဤစေတသိက်တို့သည် သဗ္ဗစိတ္တသာဓာရဏစေတသိက်တို့ မည်၏။

(1) Initial application, (2) sustained application, (3) decision, (4) energy, (5) zest, and (6) desire: these six mental factors are termed occasionals.

၄။ ဧဝမေတေ တေရသ စေတသိကာ အညသမာနာတိ ဝေဒိတဗ္ဗာ။

ဤသို့ တဆဲ့သုံးပါးကုန်သော ဤစေတသိက်တို့ကို အညသမာန်းစေသိက်တို့ဟူ၍ သိအပ်ကုန်၏။

Thus these thirteen mental factors should be understood as the ethically variables.

## အကုသိုလ်စေတသိက် ၁၄-ပါး

၅။ မောဟော, အဟိရိကံ, အနောတ္တပ္ပံ, ဥဒ္ဓစ္စံ, လောဘော, ဒိဋ္ဌိ, မာနော, ဒေါသော, ဣဿာ မစ္ဆရိယံ, ကုက္ကုစ္စံ, ထိနံ, မိဒ္ဓံ, ဝိစိကိစ္ဆာ စေတိ စုဒ္ဒသိမေ စေတသိကာ **အကုသလာ** နာမ။

မောဟ၄င်း, အဟိရိက၄င်း, အနောတ္တပ္ပ၄င်း, ဥဒ္ဓစ္စ၄င်း, လောဘ၄င်း, ဒိဋ္ဌိ၄င်း, မာန၄င်း, ဒေါသ၄င်း, ဣဿာ၄င်း, မစ္ဆရိယ၄င်း, ကုက္ကုစ္စ၄င်း, ထိန၄င်း, မိဒ္ဓ၄င်း, ဝိစိကိစ္ဆာ၄င်း ဤသို့ တဆဲ့လေးပါးကုန်သော စေတသိက်တို့သည် အကုသိုလ် စေတသိက်တို့ မည်၏။

(1) Delusion, (2) shamelessness, (3) fearlessness of wrong doing, (4) restlessness, (5) greed, (6) wrong view, (7) conceit, (8) hatred, (9) envy, (10) avarice, (11) worry, (12) sloth, (13) topper, (14) doubt: these fourteen mental factors are termed the unwholesome.

## သောဘနစေတသိက် ၂၅-ပါး

၆။ သဒ္ဓါ, သတိ, ဟိရီ, ဩတ္တပ္ပံ, အလောဘော, အဒေါသော, တတြမဇ္ဈတ္တတာ, ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ, ကာယလဟုတာ, စိတ္တလဟုတာ, ကာယမုဒုတာ, စိတ္တမုဒုတာ, ကာယကမ္မညတာ, စိတ္တကမ္မညတာ, ကာယပါဂုညတာ, စိတ္တပါဂုညတာ, ကာယုဇုကတာ, စိတ္တုဇုကတာ စေတိ ဧကူနဝီသတိမေ စေတသိကာ **သောဘနသာဓာရဏာ** နာမ။

သဒ္ဓါငှင်း, သတိငှင်း, ဟိရီငှင်း, ဩတ္တပ္ပငှင်း, အလောဘငှင်း, အဒေါသငှင်း, တတြမဇ္ဈတ္တတာငှင်း, ကာယပဿဒ္ဓိငှင်း, စိတ္တပဿဒ္ဓိငှင်း, ကာယလဟုတာငှင်း, စိတ္တလဟုတာငှင်း, ကာယမုဒုတာငှင်း, စိတ္တမုဒုတာငှင်း, ကာယကမ္မညတာငှင်း, စိတ္တကမ္မညတာငှင်း, ကာယပါဂုညတာငှင်း, စိတ္တပါဂုညတာငှင်း, ကာယုဇုကတာငှင်း, စိတ္တုဇုကတာငှင်း ဤသို့ တခုယုတ်နှစ်ဆယ်သော စေတသိက်တို့သည် သောဘနသာဓာရဏ စေတသိက်တို့ မည်၏။

(1) Faith, (2) mindfulness, (3) shame (4) fear of wrong doing, (5) non-greed, (6) non-hatred, (7) neutrality of mind, (8) tranquillity of the (mental) body, (9) tranquillity of consciousness, (10) lightness of the (mental) body, (11) lightness of consciousness, (12) malleability of the (mental) body, (13) malleability of consciousness, (14) wieldiness of the (mental) body, (15) wieldiness of consciousness, (16) proficiency of the (mental) body, (17) proficiency of consciousness, (18) rectitude of the (mental) body and (19) rectitude of consciousness: these nineteen mental factors are termed the universal beautiful factors.

## ဝိရတိစေတသိက် ၃-ပါး

၇။ သမ္မာဝါစာ, သမ္မာကမ္မန္တော, သမ္မာအာဇီဝေါ စေတိ တိဿော ဝိရတိယော နာမ။

သမ္မာဝါစာငှင်း သမ္မာကမ္မန္တငှင်း, သမ္မာအာဇီဝငှင်း ဤသို့ သုံးပါးသော သဘောတရားတို့သည် ဝိရတိစေတသိက်တို့ မည်၏။

(1) Right speech, (2) right action, and (3) right livelihood: these three are termed abstinences.

## အပ္ပမညာစေတသိက် ၂–ပါး ပညိန္ဒြေစေတသိက်

၈။ ကရုဏာ, မုဒိတာ အပ္ပမညာယော နာမာတိ သဗ္ဗထာပိ ပညိန္ဒြိယေန သဒ္ဓိံ ပဉ္စဝီသတိမေ
စေတသိကာ သောဘနာတိ ဝေဒိတဗ္ဗာ။

ကရုဏာသည်၄င်း မုဒိတာသည်၄င်း, အပ္ပမညာစေတသိက်တို့ မည်၏။ ဤသို့ အလုံးစုံသော အပြားအားဖြင့်လည်း ပညိန္ဒြေစေတသိက်နှင့်တကွ နှစ်ဆယ့်ငါးပါးသော ဤစေတသိက်တို့ကို သောဘနတို့ဟူ၍ သိထိုက်ကုန်၏။ (ဤသို့ ငါးဆဲ့နှစ်ပါးပြား၏)

(1) Compassion, (2) appreciative joy: these three are termed illimitables. Together with the faculty of wisdom these twenty-five, in all, are to be understood as beautiful mental factors.

## သင်္ဂဟဂါထာ

၉။ ဧတ္တာဝတာ စ –
တေရသညသမာနာ စ၊
စုဒ္ဒသာကုသလာ တထာ။
သောဘနာ ပဉ္စဝီသာတိ၊
ဒွိပညာသ ပဝုစ္စရေ။

အကျဉ်းချုံး၍ နိဂုံးကို ပြဦးအံ့၊ ဤမျှအတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့် အညသမာန်းမည်ကုန်သော တဆဲ့သုံးပါးသော စေတသိက်တို့၄င်း, ထိုမှတပါး အကုသိုလ်မည်ကုန်သော တဆဲ့လေးပါးသော စေတသိက်တို့လည်းကောင်း, သောဘနမည်ကုန်သော နှစ်ဆဲ့ငါးပါးသော စေတသိက်တို့၄င်း ဤသို့ ငါးဆယ့်နှစ်ပါးဟူ၍ ဆိုအပ်ကုန်၏။

Thus:

Thirteen are ethically variable, and fourteen are unwholesome. Twenty-five are beautiful. Thus fifty-two have been enumerated.

## သမ္ပယောဂနည်း ၁၆-ပါး နိဒါန်း

၁၀။ တေသံ စိတ္တာဝိယုတ္တာနံ၊
ယထာယောဂမိတော ပရံ။
စိတ္တုပ္ပါဒေသု ပစ္စေကံ၊
သမ္ပယောဂေါ ပဝုစ္စတိ။

ဤအခါမှ နောက်၌ စိတ်နှင့်မကွေမကွာယှဉ်ကြကုန်သော ထိုစေတသိက်တို့၏ ဥပါဒ်သောစိတ်တို့၌ အသီးအသီး ယှဉ်ပုံယှဉ်နည်းကို ယှဉ်ထိုက်သည်အားလျော်စွာ ဆိုအပ်၏(ဆိုပေအံ့-ဟူလို)။

In the following we will explain, in the appropriate ways, the association of each of these mental adjuncts with the different states of consciousness.

## သမ္ပယောဂနည်း သင်္ဂဟဂါထာ

၁၁။ သတ္တ သဗ္ဗတ္ထ ယုဇ္ဇန္တိ၊
ယထာယောဂံ ပကိဏ္ဏကာ။
စုဒ္ဒသာ ကုလေသွေဝ၊
သောဘနေသွေဝ သောဘနာ။

သဗ္ဗစိတ္တသာဓာရဏစေတသိက် ခုနစ်ပါးတို့သည် အလုံးစုံသောစိတ်တို့၌ ယှဉ်ကုန်၏။ ပကိဏ်း စေတသိက် ခြောက်ပါးတို့သည် အလုံးစုံသောစိတ်တို့၌ ယှဉ်ထိုက်သည်အားလျော်စွာ ယှဉ်ကုန်၏။ တဆဲ့လေးပါးသော အကုသိုလ်စေတသိက်တို့သည် အကုသိုလ်စိတ်တို့၌သာ ယှဉ်ထိုက်သည်အားလျော်စွာ ယှဉ်ကုန်၏။ သောဘနစေတသိက် နှစ်ဆဲ့ငါးပါးတို့သည် သောဘနစိတ်တို့၌သာ ယှဉ်ထိုက်သည်အားလျော်စွာ ယှဉ်ကုန်၏။

Seven are linked with every type of consciousness. The occasionals are linked in the appropriate ways. Fourteen are linked only with the unwholesome types, and the beautiful factors only with the beautiful types (of consciousness).

## အညသမာန်းစေတသိက်သမ္ပယောဂနည်း

၁၂။ ကထံ ?

သဗ္ဗစိတ္တသာဓာရဏာ တာဝ သတ္တိမေ စေတသိကာ သဗ္ဗေသုပိ ဧကူနနဝုတိစိတ္တုပ္ပါဒေသု လဗ္ဘန္တိ။ (၁၊၈၉)

အဘယ်သို့ ယှဉ်ကုန်သနည်း။

ပကိဏ်းစေတသိက်စသည်တို့မှ ရှေးဦးစွာ (ညွှန်ပြအပ်ကုန်သော) သဗ္ဗစိတ္တသာဓာရဏတို့မည်သော ခုနှစ်ပါးကုန်သော ဤစေတသိက်တို့ကို အလုံးစုံလည်းဖြစ်ကုန်သော တခုယုတ်ကိုးဆယ်သော စိတ်တို့၌ ရအပ်ကုန်၏။

In What Way?
In the first place, the seven universal mental factors are found in all the eighty-nine types of consciousness.

၁၃။ ပကိဏ္ဏကေသု ပန ဝိတက္ကော တာဝ ဒွိပဉ္စဝိညာဏဝဇ္ဇိတကာမာဝစရစိတ္တေသု စေဝ ဧကာဒသသု ပဌမဇ္ဈာနစိတ္တေသု စာတိ ပဉ္စပညာသစိတ္တေသု ဥပ္ပဇ္ဇတိ။ (၂၊၅၅)

အဘို့တပါးကား၊ ပကိဏ်းစေတသိက်တို့တွင် ဝိစာရစေတသိက်စသည်တို့မှ ရှေးဦးစွာ (ညွှန်ပြအပ်ကုန်သော) ဝိတက်သည် ဒွေပဉ္စဝိညာဏ်တဆယ်သည် ကြဉ်အပ်သော ကာမစိတ် ၄၄–ပါးတို့၎င်း၊ တဆယ့်တပါးကုန်သော ပဌမဈာန်စိတ်တို့၎င်း၊ ဤသို့ ၅၅–ပါးသော စိတ်တို့၌ ဖြစ်၏။

Initial application arise in fifty-five types of consciousness: in all types of sense-sphere consciousness except the two sets of fivefold sense (54-10=44); and also in the eleven types of first jhāna consciousness (44+11=55).

၁၄။ ဝိစာရော ပန တေသု စေဝ ဧကာဒသသု ဒုတိယဇ္ဈာနစိတ္တေသု စာတိ ဆသဋ္ဌိစိတ္တေသု ဥပ္ပဇ္ဇတိ။ (၃၊၆၆)

အဘို့တပါးကား၊ ဝိစာရသည် ထို ၅၅–ပါးသောစိတ်တို့၎င်း၊ တဆယ့်တပါးကုန်သော ဒုတိယဈာန်စိတ်တို့၎င်း၊ ဤသို့ ၆၆–ပါးသော စိတ်တို့၌ ဖြစ်၏။

Sustain application arise in sixty-six types of consciousness: in those fifty-five and in the eleven types of second jhāna consciousness (55+11=66).

၁၅။ အဓိမောက္ခော ဒွိပဉ္စဝိညာဏ ဝိစိကိစ္ဆာသဟဂတ ဝဇ္ဇိတ စိတ္တေသု ။ (၄၊၇၈)

အဓိမောက္ခသည် ဒွေပဉ္စဝိညာဏ် ၁၀, ဝိစိကိစ္ဆာသဟဂုတ်သည် ကြဉ်အပ်သော ၇၈–ပါးသော စိတ်တို့၌ ဖြစ်၏။

Sustain application arise in sixty-six types of consciousness: in those fifty-five and in the eleven types of second jhāna consciousness (55+11=66).

၁၆။ ဝီရိယံ ပဉ္စဒွါရာဝဇ္ဇန ဒွိပဉ္စဝိညာဏ သမ္ပဋိစ္ဆန သန္တီရဏ ဝဇ္ဇိတ စိတ္တေသု။ (၅၊၇၃)

ဝီရိယသည် ပဉ္စဒွါရာဝဇ္ဇန်း ဒွေပဉ္စဝိညာဏ် သမ္ပဋိစ္ဆိုန်း သန္တီရဏသည် ကြဉ်အပ်သော ၇၃–ပါးသော စိတ်တို့၌ ဖြစ်၏။

Energy arise in all types of consciousness excluding the five-sense door ad verting consciousness, the two sets of five sense consciousness, receiving consciousness, and investigating consciousness (89-16=73).

၁၇။ ပီတိ ဒေါမနဿုပေက္ခာ သဟဂတ ကာယဝိညာဏ စတုတ္ထဈာန ဝဇ္ဇိတ စိတ္တေသု။ (၆၊၅၁)
ပီတိသည် ဒေါသမူဒွေး ဥပေက္ခာသဟဂုတ်စိတ် ၅၅, ကာယဝိညာဏ်ဒွေ, စတုတ္ထစျာန်စိတ် ၁၁–ပါးသည် ကြဉ်အပ်သော ၅၁–ပါးသော စိတ်တို့၌ ဖြစ်၏။

Zest arises in all types of consciousness excluding those accompanied by displeasure and equanimity, body-consciousness and in forth jhāna consciousness (121-(2+55+2+11)=51).

၁၈။ ဆန္ဒော အဟေတုက မောမူဟ ဝဇ္ဇိတ စိတ္တေသု။ (၇၊၆၉)

ဆန္ဒသည် အဟိတ်စိတ်–၁၈ပါး, မောဟမူဒွေးသည် ကြည်အပ်သော တခုယုတ် ခုနစ်ဆယ်သော စိတ်တို့၌ ဖြစ်၏။

Desire arise in all types of consciousness excluding the rootless and the two types of consciousness accompanied by delusion (89-20=69).

## သင်္ဂဟဂါထာများ

၁၉။ တေ ပန စိတ္တုပ္ပါဒါ ယထာက္ကမံ။
ဆ သဋ္ဌိ ပဉ္စပညာသ၊
ဧကာဒသ စ သောဠသ။
သတ္တတိ ဝီသတိ စေဝ၊
ပကိဏ္ဏက ဝိဝဇ္ဇိတာ။

ပဉ္စပညာသ ဆသဋ္ဌိ၊
ဋ္ဌသတ္တတိ တိသတ္တတိ။
ဧကပညာသ စေကူန-
သတ္တတိ သပကိဏ္ဏကာ။

အကျဉ်းချုပ်ကား- ပကိဏ်းစေတသိက်သည် ကြဉ်အပ်ကုန်သော ထိုစိတ်တို့သည် အကြင်အကြင် အစဉ်ရှိတိုင်း ၆၆-ပါးသည်၄င်း ၅၅-ပါးသည်၄င်း ၁၁-ပါးသည်၄င်း ၁၆-ပါးသည်၄င်း ၇၀-သည်၄င်း ၂၀-သည်၄င်း ဖြစ်ကုန်၏။

ပကိဏ်းစေတသိက်နှင့်တကွဖြစ်ကုန်သော ထိုစိတ်တို့သည် အကြင်အကြင် အစဉ်ရှိတိုင်း ၅၅-ပါးသည်၄င်း ၆၆-ပါးသည်၄င်း ၇၈-ပါးသည်၄င်း ၇၃-ပါးသည်၄င်း ၅၁-ပါးသည်၄င်း ၆၉-ပါးသည်၄င်း ဖြစ်ကုန်၏။

Those types of consciousness in order are:

Sixty-six, fifty-five, eleven, sixteen, seventy, and twenty without the occasionals.

Fifty-five, sixty-six, seventy-eighty, seventy-three, fifty-one, and sixty-nine with the occasionals.

## အကုသိုလ်စေတသိက် သမ္ပယောဂနည်း ၅-ပါး

၂၀။ အကုသလေသု ပန မောဟော, အဟိရိကံ, အနောတပ္ပံ, ဥဒ္ဓစ္စဉ္စာတိ စတ္တာရောမေ စေတသိကာ သဗ္ဗာကုသလသာဓာရဏာ နာမ၊ သဗ္ဗေသုပိ ဒွါဒသာကုသလေသု လဗ္ဘန္တိ။ (၁၊၁၂)

အဘိဓမ္မာ=အကုသိုလ်စေတသိက်တို့တွင် မောဟငှင်း အဟိရိကငှင်း အနောတ္တပ္ပငှင်း ဥဒ္ဓစ္စငှင်း ဤသို့ လေးပါးကုန်သော ဤစေတသိက်တို့သည် အလုံးစုံသော အကုသိုလ်စိတ်တို့နှင့် ဆက်ဆံသော စေတသိက်တို့မည်၏။ (အလုံးစုံလည်းဖြစ်ကုန်သော တဆယ့်နှစ်ပါးသော အကုသိုလ်စိတ်တို့၌ ရအပ်ကုန်၏)

Of the unwholesome mental factors, these four factors - delusion, shamelessness, fearlessness of wrongdoing, and restlessness - are called universal unwholesome factors. They are found in all twelve unwholesome types of consciousness.

၂၁။ လောဘော အဋ္ဌသု လောဘသဟဂတစိတ္တေသွေဝ လဗ္ဘတိ။
လောဘကို ရှစ်ပါးကုန်သော လောဘသဟဂုတ်စိတ်တို့၌သာ ရအပ်ကုန်၏။
Greed is found only in the eight types of consciousness accompanied by greed.

၂၂။ ဒိဋ္ဌိ စတူသု ဒိဋ္ဌိဂတသမ္ပယုတ္တေသု။ (ဇေနှင့် လဗ္ဘတိ ကြိယာကို ဝါကျတိုင်းလိုက်ပြန်ပါ)
ဒိဋ္ဌိကို လေးပါးကုန်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ်တို့၌သာ ရအပ်၏။
Wrong view arises in the four types of (greed-rooted) consciousness associated with wrong view.

၂၃။ မာနော စတူသု ဒိဋ္ဌိဂတဝိပ္ပယုတ္တေသု။ (၂၊ ဂ-၄-၄)
မာနကို လေးပါးကုန်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်တို့၌သာ ရအပ်၏။

Conceit is found in the four types of (greed-rooted) consciousness dissociated from wrong view.

၂၄။ ဒေါသော, ဣဿာ, မစ္ဆရိယံ, ကုက္ကုစ္စဉ္စာတိ ဒွီသု ပဋိဃသမ္ပယုတ္တစိတ္တေသု။ (၅၊၂)
ဒေါသငှင်း, ဣဿာငှင်း, မစ္ဆရိယငှင်း, ကုက္ကုစ္စငှင်း ဤစေတသိက်တို့ကို နှစ်ပါးကုန်သော ပဋိဃသမ္ပယုတ်စိတ်တို့၌သာ ရအပ်ကုန်၏။ (လဗ္ဘန္တိ-လိုက်)

Hatred, envy, avarice, and worry are found in the two types of consciousness associated with aversion.

၂၅။ ထိနမိဒ္ဓံ ပဥ္စသု သသင်္ခါရိကစိတ္တေသု။ (၄၊၅)

ထိန မိဒ္ဓကို ငါးပါးကုန်သော သသင်္ခါရိကစိတ်တို့၌သာ ရအပ်၏။ (လဗ္ဘတိ အနည်းကိန်းလိုက်)
Slothe and torpor are found in the five types of prompted consciousness.

၂၆။ ဝိစိကိစ္ဆာ ဝိစိကိစ္ဆာသဟဂတစိတ္တေယေဝါတိ။ (၅၊၁)

ဝိစိကိစ္ဆာကို ဝိစိကိစ္ဆာသဟဂုတ်စိတ်၌သာ ရအပ်၏။
Doubt is found only in the type of consciousness associated with doubt.

**သင်္ဂဟဂါထာများ**

၂၇။ သဗ္ဗာပုညေသု စတ္တာရော၊
လောဘမူလေ တယော ဂတာ။
ဒေါသမူလေသု စတ္တာရော။
သသင်္ခါရေ ဒွယံ တထာ။
ဝိစိကိစ္ဆာ ဝိစိကိစ္ဆာ–
စိတ္တေ စာတိ စုဒ္ဒသ။
ဒွါဒသာကုသလေသွေဝ။
သမ္ပယုဇ္ဇန္တိ ပဉ္စဓာ။

လေးပါးသောစေတသိက်တို့သည် အလုံးစုံသော အကုသိုလ်စိတ်တို့၌ ဖြစ်ကုန်၏။ သုံးပါးသော စေတသိက်တို့သည် လောဘမူစိတ်၌သာ ဖြစ်ကုန်၏။ လေးပါးသောစေတသိက်တို့သည် ဒေါသမူစိတ်တို့၌သာ ဖြစ်ကုန်၏။ ထိန,မိဒ္ဓ နှစ်ပါးအပေါင်းသည် သသင်္ခါရိကစိတ် ငါးပါး၌သာ ဖြစ်၏။ ထိုမှတပါး ဝိစိကိစ္ဆာသည် ဝိစိကိစ္ဆာစိတ်၌သာ ဖြစ်၏။ ဤသို့ တဆယ့်လေးပါးသော အကုသိုလ်စေတသိက်တို့သည် တဆယ့်နှစ်ပါးသော အကုသိုလ်စိတ်တို့၌သာ ငါးပါးအပြားအားဖြင့် ဖြစ်ကုန်၏။

Four are found in all unwholesome states, three in those rooted in greed,
four in those rooted in hatred, and so are two in the prompted.

Doubt is found in the consciousness accompanied by doubt. Thus the fourteen
(factors) are conjoined only with the twelve unwholesome
(types of consciousness) in five ways.

## သောဘနစေတသိက် သမ္ပယောဂနည်း ၄–ပါး

၂၈။ သောဘနေသု ပန သောဘနသာဓာရဏာ တာဝ ဧကူနဝီသတိမေ စေတသိကာ သဗ္ဗေသုပိ ဧကူနသဋ္ဌိ သောဘနစိတ္တေသု သံဝိဇ္ဇန္တိ။ (၁၊၅၉)

အဖို့တပါးကား သောဘနစေတသိက်တို့တွင် ဝိရတိစသည်တို့မှ ရှေးဦးစွာ သောဘနသာဓာရဏ တို့မည်သော တခုယုတ်နှစ်ဆယ်သော ဤစေတသိက်တို့သည် အလုံးစုံကုန်သော တခုယုတ် ခြောက်ဆယ်သော သောဘနစိတ်တို့၌ ရှိကုန်၏(ယှဉ်ကုန်၏)။

Of beautiful, firstly, the nineteen universal beautiful factors are found in all the fifty-nine types of beautiful consciousness.

၂၉။ ဝိရတိယော ပန တိဿောပိ လောကုတ္တရစိတ္တေသု သဗ္ဗထာပိ နိယတာ ဧကတောဝ လဗ္ဘန္တိ၊ လောကိယေသု ပန ကာမာဝစရကုသလေသွေဝ ကဒါစိ သန္ဒိဿန္တိ ဝိသုံ ဝိသုံ။ (၂၊ ၈–၈)

အဘို့တပါးကား သုံးပါးလည်းဖြစ်ကုန်သော ဝိရတိစေတသိက်တို့ကို လောကုတ္တရာစိတ်တို့၌ အလုံးစုံသောအပြားအားဖြင့် အမြဲယှဉ်ကုန်လျက် တပြိုင်နက်တည်းပင် ရအပ်ကုန်၏။ အဘို့တပါးကား လောကီစိတ်တို့တွင် ကာမာဝစရကုသိုလ်စိတ်တို့၌ကား တရံတခါ၌ သီးခြား၍ သီးခြား၍ ထင်ကုန်၏ (ယှဉ်ကုန်၏)။

The three abstinences are necessarily found together in their entirety in every supramundane type of consciousness. But in the mundane sense-sphere wholesome types of consciousness they are only sometimes present (and then) separately (8+8=16).

၃၀။ အပ္ပမညာယော ပန ဒွါဒသသု ပဉ္စမဇ္ဈာနဝဇ္ဇိတမဟဂ္ဂတစိတ္တေသု စေဝ ကာမာဝစရကုသလေသု စ သဟေတုကကာမာဝစရ ကိရိယစိတ္တေသု စာတိ အဋ္ဌဝီသတိ စိတ္တေသွေဝ ကဒါစိ နာနာ ဟုတွာ ဇာယန္တိ၊ ဥပေက္ခာသဟဂတေသု ပနေတ္ထ ကရုဏာ မုဒိတာ န သန္တီတိ ကေစိ ဝဒန္တိ။ (၃၊၂၈)

အဘို့တပါးကား အပ္ပမညာစေတသိက်တို့သည် တဆယ့်နှစ်ပါးကုန်သော ပဉ္စမဈာန်စိတ်သည် ကြဉ်အပ်သော မဟဂ္ဂုတ်စိတ်တို့လည်းကောင်း, ကာမာဝစရကုသိုလ်စိတ်တို့လည်းကောင်း, သဟိတ်ကာမာဝစရ ကြိယာစိတ်တို့၄င်း ဤသို့ နှစ်ဆယ့်ရှစ်ပါးသော စိတ်တို့၌သာ တခါတရံ၌ အသီးအခြားတို့သည် ဖြစ်၍ ဖြစ်ကုန်၏။ ဝါဒအထူးကို ဆိုဦးအံ့၊ ဤနှစ်ဆယ့်ရှစ်ပါးသောစိတ်တို့တွင် ဥပေက္ခာသဟဂုတ်ရှစ်ပါးတို့၌ ကရုဏာ မုဒိတာ စေတသိက်တို့သည် မရှိကုန်၊ ဤသို့ အချို့ဆရာတို့သည် ဆိုကုန်၏။

The illimitables arise at times variably in twenty-eight types of consciousness - namely, the twelve sublime types of consciousness excluding the fifth Jāna, the (eight types of) sense-sphere wholesome consciousness and the (eight types of) sense-sphere functional consciousness with roots (12+8+8=28) Some, however, say that compassion and appreciative joy are not present in types of consciousness accompanied by equanimity.

၃၁။ ပညာ ပန ဒွါဒသသု ဉာဏသမ္ပယုတ္တကာမာဝစရစိတ္တေသု စေဝ သဗ္ဗေသုပိ ပဉ္စတ္တိံသ
မဟဂ္ဂတလောကုတ္တရစိတ္တေသု စာတိ သတ္တစတ္တာလီသစိတ္တေသု သမ္ပယောဂံ ဂစ္ဆတီတိ။ (၄၊ ၄၇)

အဘိုဓ္တပါးကား၊ ပညာစေတသိက်သည် ၁၂–ပါးကုန်သော ဉာဏသမ္ပယုတ်ကာမာဝစရစိတ်တို့လည်းကောင်း အလုံးစုံလည်းဖြစ်ကုန်သော မဟဂ္ဂုတ်လောကုတ္တရာစိတ်တို့လည်းကောင်း ဤသို့ ၄၇–ပါးသော စိတ်တို့၌ ယှဉ်ခြင်းသို့ ရောက်၏။

Wisdom goes into combination with forty-seven types of consciousness-namely, the twelve types of sense-sphere consciousness associated with knowledge, and all thirty-five sublime and supramundane types of consciousness (12+35=47).

## သင်္ဂဟဂါထာများ

၃၂။ ဧကူန ဝီသတိဓမ္မာ၊
ဇာယန္တေကူနသဋ္ဌိသု။
တယော သောဠသစိတ္တေသု၊
အဋ္ဌဝီသတိယံ ဒွယံ။
ပညာ ပကာသိတာ သတ္တ၊
စတ္တာလီသ ဝိဓေသုပိ။
သမ္ပယုတ္တာ စတုဓေဝံ၊
သောဘနေသွေဝ သောဘနာ။

တခုယုတ် နှစ်ဆယ်သော သဘောတရားတို့သည် တခုယုတ်ခြောက်ဆယ်သောစိတ်တို့၌ ဖြစ်ကုန်၏။ သုံးပါးသောစေတသိက်တို့သည် ၁၆–ပါးသော စိတ်တို့၌ ဖြစ်ကုန်၏။ စေတသိက်နှစ်ပါးအပေါင်းသည် ၂၈–ပါးသောစိတ်တို့၌ ဖြစ်ကုန်၏။ ပညာကို ၄၇–ပါးအပြားရှိသောစိတ်တို့၌ ပြအပ်၏။ ဤသို့ သောဘနစေတသိက်တို့သည် သောဘနစိတ်တို့၌သာ လေးပါးအားဖြင့် ယှဉ်ကုန်၏။

Nineteen states arise in fifty-nine, three in sixteen, two in twenty-eight types of consciousness. Wisdom is declared to be found in forty-seven types. Thus beautiful (factors) are found only in the beautiful (types of consciousness), combined in four ways.

## နိယတ, အနိယတယောဂီ စေတသိက်များ

၃၃။ ဣဿာ မစ္ဆေရ ကုက္ကုစ္စ–
ဝိရတိ ကရုဏာဒယော။
နာနာ ကဒါစိ မာနော စ၊
ထိနမိဒ္ဓံ တထာ သဟ။

၃၄။ ယထာဝုတ္တာနုသာရေန၊
သေသာ နိယတယောဂိနော။
သင်္ဂဟဉ္စ ပဝက္ခာမိ၊
တေသံ ဒါနိ ယထာရဟံ။

အကြင်အကြင်ဆိုအပ်ပြီးသော သမ္ပယောဂနည်းကို အစဉ်လိုက်သဖြင့် ဣဿာ မစ္ဆေရ ကုက္ကုစ္စ ဝိရတိ ကရုဏာ မုဒိတာ စေတသိက်တို့သည် တသီးတခြား တပါးစီဖြစ်ကုန်လျက် တရံတခါ၌ ဖြစ်ကုန်၏။ မာနလည်း တရံတခါ၌ ဖြစ်ကုန်၏။ ထိနမိဒ္ဓသည် ထိုတရံတခါ၌ အတူတကွဖြစ်၏။ ကြွင်းသောစေတသိက်တို့သည် အမြဲယှဉ်လေ့ရှိသော စေတသိက်တို့မည်၏။

ယခုအခါ၌ ထိုစေတသိက်တို့၏ သင်္ဂဟနည်းကိုလည်း ထိုက်သည်အားလျော်စွာ ဆိုပေအံ့။

Envy, avarice, worry, abstinences, compassion, etc. (i.e. appreciative joy), and conceit arise separately and occasionally. So do sloth and torpor, but in combination.

The remaining factors, apart from those mentioned above (52-11=41), are fixed adjuncts. Now I shall speak of their combination accordingly.

## သင်္ဂဟနည်း ၃၃-ပါး

### သင်္ဂဟဂါထာများ

၃၅။ ဆတ္တိံသာနုတ္တရေ ဓမ္မာ၊
ပဉ္စတ္တိံသ မဟဂ္ဂတေ။
အဋ္ဌတ္တိံသာပိ လဗ္ဘန္တိ၊
ကာမာဝစရ သောဘနေ။

သတ္တဝီသတိ ပုညမှိ၊
ဒွါဒသာ ဟေတုကေတိ စ။
ယထာသမ္ဘဝယောဂေန၊
ပဉ္စဓာ တတ္ထ သင်္ဂဟော။

လောကုတ္တရာစိတ်၌ ၃၆-ပါးသော သဘောတရားတို့ကို ရအပ်ကုန်၏။ မဟဂ္ဂုတ်စိတ်၌ ၃၅-ပါးသော သဘောတရားတို့ကို ရအပ်ကုန်၏။ ကာမာဝစရသောဘနစိတ်တို့၌ ၃၈-ပါလည်းဖြစ်ကုန်သော သဘောတရားတို့ကို ရအပ်ကုန်၏။

အကုသိုလ်စိတ်၌ ၂၇-ပါးသော သဘောတရားတို့ကို ရအပ်ကုန်၏။ အဟိတ်စိတ်၌ ၁၂-ပါးကုန်သော သဘောတရားတို့ကို ရအပ်ကုန်၏။ ဤသို့ ဖြစ်သင့်သည်အားလျော်စွာ ယှဉ်ခြင်းဖြင့် ထိုစိတ်တို့၌ ငါးပါးအပြားအားဖြင့် ပေါင်းယူရေတွက်နည်းသည် ဖြစ်၏။

Thirty-six factors arise in the supramundane (consciousness). Thirty-five in sublime, thirty-eight in the sense-sphere beautiful.

Twenty-seven in the unwholesome, twelve in rootless. According to the way they arise their combination therein fivefold.

## လောကုတ္တရာစိတ် သင်္ဂဟနည်း ၅-ပါး

၃၆။ ကထံ?--

လောကုတ္တရေသု တာဝ အဋ္ဌသု ပဌမဈ္ဈာနိကစိတ္တေသု အညသမာနာတေရသစေတသိကာ, အပ္ပမညာဝဇ္ဇိတာ တေဝီသတိ သောဘနစေတသိကာ စေတိ ဆတ္တိံသ ဓမ္မာ သင်္ဂဟံ ဂစ္ဆန္တိ။ (၁၃၆)

အဘယ်သို့ ရအပ်သနည်း၊

(မဟဂ္ဂုတ်စိတ်တို့မှ) ရှေးဦးစွာ (ညွှန်ပြအပ်ကုန်သော) လောကုတ္တရာစိတ်တို့တွင် ရှစ်ပါးကုန်သော ပဌမဈာန်နှင့် ယှဉ်သောစိတ်တို့၌ အညသမာန်းတို့မည်သော တဆဲ့သုံးပါးသော စေတသိက်တို့၄င်း, အပ္ပမညာသည် ကြည်အပ်ကုန်သော ၂၃-ပါးသော သောဘနစေတသိက်တို့၄င်း, ဤသို့ ၃၆-ပါးသော သဘောတရားတို့သည် ပေါင်းယူအပ်ကုန်သည်၏အဖြစ်သို့ ရောက်ကုန်၏။

First, in the eight types of supramundane first jāna consciousness, thirty-sex factors enter into combination, namely, thirteen ethically variables and twenty-three beautiful mental factors, excluding the two illimitables (13+23=36).

တထာ ဒုတိယဇ္ဈာနိကစိတ္တေသု ဝိတက္ကဝဇ္ဇာ။ (၂၁၃၅)

ဒုတိယဈာန်နှင့်ယှဉ်သောစိတ်တို့၌ ဝိတက်သည်ကြဉ်အပ်ကုန်သော ထို ၃၅-ပါးသော သဘောတရားတို့သည် ပေါင်းယူအပ်ကုန်သည်၏အဖြစ်သို့ ရောက်ကုန်၏။

Similarly, in the supramundane second jāna types of consciousness, all above are included except initial application(35).

တတိယဇ္ဈာနိကစိတ္တေသု ဝိတက္ကဝိစာရဝဇ္ဇာ။ (၃၁၃၄)

တတိယဈာန်နှင့်ယှဉ်သောစိတ်တို့၌ ဝိတက်,ဝိစာရသည် ကြဉ်အပ်ကုန်သော ထို ၃၄-ပါးသော သဘောတရားတို့သည် ပေါင်းယူအပ်ကုန်သည်၏အဖြစ်သို့ ရောက်ကုန်၏။

In third jāna types of consciousness, (all those) are excluding initial application and sustained application (34).

စတုတ္ထဇ္ဈာနိက စိတ္တေသု ဝိတက္ကဝိစာရပီတိဝဇ္ဇာ။ (၄၊၃၃)

စတုတ္ထဈာန်နှင့်ယှဉ်သောစိတ်တို့၌ ဝိတက်,ဝိစာရ,ပီတိသည် ကြဉ်အပ်ကုန်သော ထို ၃၃–ပါးသော သဘောတရားတို့သည် ပေါင်းယူအပ်ကုန်သည်၏အဖြစ်သို့ ရောက်ကုန်၏။

In forth jāna types of consciousness, (all those) are excluding initial application, sustained application and zest (33).

ပဉ္စမဇ္ဈာနိကစိတ္တေသုပိ ဥပေက္ခာသဟဂတာ တေ ဧဝ သင်္ဂယှန္တီတိ။ (၅၊၃၃)

ပဉ္စမဈာန်နှင့်ယှဉ်သောစိတ်တို့၌လည်း ဥပေက္ခာနှင့် တကွဖြစ်ကုန်သော ထို ၃၃–ပါးသော သဘောတရားတို့ကိုပင် ပေါင်းယူအပ်ကုန်၏။

In fifth jāna types of consciousness, (those same factors of the forth jāna) are included accompanied by equanimity (instead of happiness) (33).

သဗ္ဗတ္ထာပိ အဋ္ဌသု လောကုတ္တရစိတ္တေသု ပဉ္စကဇ္ဈာနဝသေန ပဉ္စဓာဝ သင်္ဂဟော ဟောတီတိ။

ဤသို့ အလုံးစုံသောအပြားအားဖြင့်လည်း ရှစ်ပါးကုန်သော လောကုတ္တရာစိတ်တို့၌ ပဉ္စကဈာန်၏ အပြားအားဖြင့် ငါးပါးအပြားအားဖြင့်သာ ပေါင်းယူရေတွက်ခြင်းသည် ဖြစ်၏။

Thus altogether , for eight types of supramundane first consciousness, combination is five fold by way of the five kinds of jāna.

၃၇။ ဆတ္တိံသ ပဉ္စတ္တိံသ စ၊
စတုတ္တိံသ ယထာက္ကမံ။
တေတ္တိံသ ဒွယမိစ္စေဝံ၊
ပဉ္စဓာ'နုတ္တရေ ဌိတာ။

လောကုတ္တရာစိတ်တို့၌ သင်္ဂဟနည်းတို့သည် အကြင်အကြင်အစဉ်ရှိတိုင်း ဆတ္တိံသသင်္ဂဟငှင်း, ပဉ္စတ္တိံသသင်္ဂဟငှင်း, စတုတ္တိံသသင်္ဂဟငှင်း, တေတ္တိံသသင်္ဂဟ ၂–ပါးအပေါင်းငှင်း, ဤသို့ ငါးပါးအပြားအားဖြင့် တည်ကုန်၏။

Respectively there are thirty-six, thirty-five, thirty-four, and thirty-three in the last two. Thus in five ways they exist in the supramundane.

## မဟဂ္ဂုတ်စိတ် သင်္ဂဟနည်း ၅-ပါး

၃၇။ မဟဂ္ဂတေသု ပန တီသု ပဌမဇ္ဈာနိကစိတ္တေသု တာဝ အညသမာနာ တေရသစေတသိကာ ဝိရတိတ္တယဝဇ္ဇိတာ ဒွါဝီသတိ သောဘနစေတသိကာ စေတိ ပဉ္စတ္တိံသ ဓမ္မာ သင်္ဂဟံ ဂစ္ဆန္တိ။ (၁၃၅)

ကရုဏာ မုဒိတာ ပနေတ္ထ ပစ္စေကမေဝ ယောဇေတဗ္ဗာ။

အဘိုဓ်တပါးကား၊ မဟဂ္ဂုတ်စိတ်တို့တွင် (ဒုတိယစျာန်စသည်တို့မှ) ရှေးဦးစွာ (ညွှန်ပြအပ်ကုန်သော) ပဌမစျာန်နှင့်ယှဉ်သောစိတ်တို့၌ အညသမာန်းတို့မည်သော ၁၃-ပါးသော စေတသိက်တို့လည်းကောင်း ဝိရတိသုံးပါးအပေါင်းသည် ကြဉ်အပ်ကုန်သော ၂၂-ပါးသော စေတသိက်တို့လည်းကောင်း ဤသို့ ၃၅-ပါးသော သဘောတရားတို့သည် ပေါင်းယူအပ်ကုန်သည်၏အဖြစ်သို့ ရောက်ကုန်၏။ (အမှားစကား ချပ်ညှပ်လိုက်ဦးအံ့၊ ဤ ၃၅-ပါးတို့တွင် ကရုဏာ မုဒိတာတို့ကို တပါးစီသာ ယှဉ်စေထိုက်ကုန်၏။)

In the sublime types of consciousness, first in three types of first jāna consciousness, thirty-states enter into combination, namely, thirteen ethically variable mental factors and twenty-tow beautiful mental factors, excluding the three abstinences (13+22=35). But here compassion and appreciative joy should be combined separately.

တထာ ဒုတိယဇ္ဈာနိကစိတ္တေသု ဝိတက္ကဝဇ္ဇာ။ (၂၁၃၄)

ဒုတိယစျာန်နှင့်ယှဉ်သောစိတ်တို့၌ ဝိတက်သည်ကြဉ်အပ်ကုန်သော ထို ၃၄-ပါးသော သဘောတရား တို့သည် ပေါင်းယူအပ်ကုန်သည်၏အဖြစ်သို့ ရောက်ကုန်၏။

Similarly, in the second jāna consciousness, (all those are included )except initial application(34).

တတိယဇ္ဈာနိကစိတ္တေသု ဝိတက္ကဝိစာရဝဇ္ဇာ။ (၃၁၃၃)

တတိယစျာန်နှင့်ယှဉ်သောစိတ်တို့၌ ဝိတက်,ဝိစာရသည် ကြဉ်အပ်ကုန်သော ထို ၃၃-ပါးသော သဘောတရားတို့သည် ပေါင်းယူအပ်ကုန်သည်၏အဖြစ်သို့ ရောက်ကုန်၏။

In the third jāna consciousness, all except initial application and sustained application (33).

စတုတ္ထဇ္ဈာနိကစိတ္တေသု ဝိတက္ကဝိစာရပီတိဝဇ္ဇာ။ (၄၊၃၂)

စတုတ္ထဈာန်နှင့်ယှဉ်သောစိတ်တို့၌ ဝိတက်,ဝိစာရ,ပီတိသည် ကြဉ်အပ်ကုန်သော ထို ၃၂-ပါးသော သဘောတရားတို့သည် ပေါင်းယှူအပ်ကုန်သည်၏အဖြစ်သို့ ရောက်ကုန်၏။

In the forth jāna consciousness, all except initial application and sustained application and zest (33).

ပဉ္စမဇ္ဈာနိကစိတ္တေသု ပန ပန္နရသသု အပ္ပမညာယော န လဗ္ဘန္တီတိ။ (၅၊၃၀)

အဘို့တပါးကား ၁၅-ပါးကုန်သော ပဉ္စမဈာန်နှင့်ယှဉ်သောစိတ်တို့၌ အပ္ပမညာတို့ကို မရအပ်ကုန်။
In the fifth jāna consciousness illimitables are not obtained (30).

သဗ္ဗတ္ထာပိ သတ္တဝီသတိ မဟဂ္ဂတစိတ္တေသု ပဉ္စကဇ္ဈာနဝသေန ပဉ္စဓာဝ သင်္ဂဟော ဟောတီတိ။

ဤသို့ အလုံးစုံသောအပြားအာဖြင့်လည်း ၂၇-ပါးကုန်သော မဟဂ္ဂုတ်စိတ်တို့၌ ပဉ္စကဈာန်၏ အပြားအားဖြင့် ငါးပါးအပြားအားဖြင့်သာ ပေါင်းယှူရေတွက်ခြင်းသည် ဖြစ်၏။

Thus altogether, for twenty-seven types of supramundane first consciousness, combination is five fold by way of the five kinds of jāna.

### သင်္ဂဟဂါထာ

၃၉။ ပဉ္စတ္တိံသ စတုတ္တိံသ၊
တေတ္တိံသ စ ယထာက္ကမံ။
ဗာတ္တိံသ စေဝ တိံသေတိ၊
ပဉ္စဓာဝ မဟဂ္ဂတေ။

မဟဂ္ဂုတ်စိတ်တို့၌ သင်္ဂဟနည်းတို့သည် အစဉ်အတိုင်း ပဉ္စတ္တိံသ သင်္ဂဟငင်း, စတုတ္တိံသ သင်္ဂဟငင်း, တေတ္တိံသ သင်္ဂဟငင်း, ဗာတ္တိံသ သင်္ဂဟငင်း, တိံသ သင်္ဂဟငင်း, ဤသို့ ငါးပါးအပြားအားဖြင့် တည်ကုန်၏။

There are respectively thirty-five, thirty-four, thirty-three, thirty-two, and thirty.

Fivefold is the combination in the sublime.

## ကာမာဝစရသောဘနစိတ် သင်္ဂဟနည်း ၁၂–ပါး

၄၀။ ကာမာဝစရသောဘနေသု ပန ကုသလေသု တာဝ ပဌမဒွယေ အညသမာနာ တေရသစေတသိကာ,
ပဉ္စဝီသတိ သောဘနစေတသိကာ စေတိ အဋ္ဌတ္တိံသ ဓမ္မာ သင်္ဂဟံ ဂစ္ဆန္တိ။ (၁၊၃၈)
အပ္ပမညာ ဝိရတိယော ပနေတ္ထ ပဉ္စပိ ပစ္စေကမေဝ ယောဇေတဗ္ဗာ။

အဘို့တပါးကား၊ ကာမသောဘနစိတ်တို့တွင် (ဝိပါက်ကြိယာတို့မှ) ရှေးဦးစွာ (ညွှန်ပြအပ်ကုန်သော) ကုသိုလ်စိတ်တို့တွင် ပဌမအစုံ၌ အညသမာန်းတို့မည်သော ၁၃–ပါးသော စေတသိက်တို့လည်းကောင်း ၂၅–ပါးသော သောဘနစေတသိက်တို့လည်းကောင်း ဤသို့ ၃၈–ပါးသော သဘောတရားတို့သည် ပေါင်းယူအပ်ကုန်သည်၏အဖြစ်သို့ ရောက်ကုန်၏။ (အမှားစကား ချပ်ညှပ်လိုက်ဦးအံ့၊ ဤ ၃၈–ပါးတို့တွင် အပ္ပမညာဝိရတိတို့ကို ငါးပါးလုံးတို့ကိုလည်း တပါးစီသာ ယှဉ်စေထိုက်ကုန်၏။)

In the sense-sphere beautiful types of consciousness, first in the wholesome types of consciousness, in the first-couplet thirty-eight states enter into combination, namely, the thirteen ethically variable mental factors and the twenty-five beautiful mental factors(13+25=38). But here the (two) illimitables and the (three) abstinences should be combined separately.

တထာ ဒုတိယဒွယေ ဉာဏဝဇ္ဇိတာ။ (၂၊၃၇)

ဒုတိယအစုံ၌ ဉာဏ်သည်ကြဉ်အပ်ကုန်သော ထို၃၇–ပါးသော သဘောတရားတို့သည် ပေါင်းယူအပ်ကုန်သည်၏အဖြစ်သို့ ရောက်ကုန်၏။

Similarly, in the second couplet, (all those are included) excluding knowledge (37).

တတိယဒွယေ ဉာဏသမ္ပယုတ္တာ ပီတိဝဇ္ဇိတာ။ (၃၊၃၇)

တတိယအစုံ၌ ဉာဏ်နှင့်ယှဉ်ကုန်သော ပီတိသည် ကြဉ်အပ်ကုန်သော ထို ၃၇–ပါးသော သဘောတရားတို့သည် ပေါင်းယူအပ်ကုန်သည်၏အဖြစ်သို့ ရောက်ကုန်၏။

In the third couplet, associated with knowledge, (all those are included) excluding zest (37)

စတုတ္ထဒွယေ ဉာဏပီတိဝဇ္ဇိတာ တေ ဧဝ သင်္ဂယှန္တီတိ။ (၄၊၃၆)

စတုတ္ထအစုံ၌ ဉာဏ်ပီတိသည်ကြဉ်အပ်ကုန်သော ထို အညသမာန်း, သောဘနစေတသိက်တို့ကိုပင် ပေါင်းယူအပ်ကုန်၏။

In the forth couplet (all) those are included) excluding knowledge and zest (36)

ကိရိယစိတ္တေသုပိ ဝိရတိ ဝဇ္ဇိတာ တထေဝ စတူသုပိ ဒုကေသု စတုဓာဝ သင်္ဂယှန္တီတိ။ (၀၊၃၅၊၃၄၊၃၄၊၃၃)

ကြိယာစိတ်တို့၌လည်း ဝိရတိသည် ကြဉ်အပ်ကုန်သော ထို အညသမာန်း, သောဘနစေတသိက်တို့ကိုပင် လေးပါးလည်းဖြစ်ကုန်သောအစုံတို့၌ လေးပါးအပြားအားဖြင့်သာလျှင် ပေါင်းယူအပ်ကုန်၏။

In the functional types of consciousness, in the four couplet those (mental factors) are included in the same four ways, except that the abstinences are excluded (35,34,34,33).

တထာ ဝိပါကေသု စ အပ္ပမညာ ဝိရတိ ဝဇ္ဇိတာ တေ ဧဝ သင်္ဂယှန္တီတိ။ (၁၂၊၃၃၊၃၂၊၃၂၊၃၁)

ထိုကြိယာစိတ်အတူ ဝိပါက်စိတ်တို့၌လည်း အပ္ပမညာဝိရတိသည် ကြဉ်အပ်ကုန်သော ထိုအညသမာန်းသောဘနစေတသိက်တို့ကိုပင် ပေါင်းယူအပ်ကုန်၏။

So too,In the result types of consciousness, those (mental factors) are included except that the illimitables and the abstinences are excluded (33,32,32,31).

သဗ္ဗထာပိ စတုဝီသတိကာမာဝစရသောဘနစိတ္တေသု ဒုကဝသေန ဒွါဒသဓာဝ သင်္ဂဟော ဟောတီတိ။

ဤသို့ အလုံးစုံသော အပြားအားဖြင့်လည်း ၂၄–ပါးသော ကာမသောဘနစိတ်တို့၌ အစုံ၏ အပြားအားဖြင့် တဆဲ့နှစ်ပါး ပေါင်းယူခြင်းသည် ဖြစ်၏။ ဤသို့ ရအပ်ကုန်၏။

Thus all together, for the twenty-four sense-sphere beautiful types of consciousness, the combination is twelvefold by way of couplets.

## သင်္ဂဟဂါထာ

၄၁။ အဋ္ဌတ္တိံသ သတ္တတ္တိံသ–
ဒွယံ ဆတ္တိံသကံ သုဘေ။
ပဉ္စတ္တိံသ စတုတ္တိံသ–
ဒွယံ တေတ္တိံသကံ ကြိယေ။

တေတ္တိံသ ပါကေ ဗာတ္တိံသ–
ဒွယေ'ကတ္တိံသကံ ဘဝေ။
သဟေတု ကာမာဝစရ–
ပုညပါကကြိယာမနေ။

ကာမာဝစရကုသိုလ် သဟိတ်ကာမာဝစရဝိပါက် သဟိတ်ကာမာဝစရကြိယာစိတ်တွင် (ဧကဝုစ်နိဒ္ဒါရဏ) ကာမာဝစရ ကုသိုလ်စိတ်၌ အဋ္ဌတ္တိံသ သင်္ဂဟသည့်၄င်း သတ္တတ္တိံသ သင်္ဂဟနှစ်ပါးအပေါင်းသည့်၄င်း ဆတ္တိံသ သင်္ဂဟသည့်၄င်း ဖြစ်၏။ သဟိတ်ကာမာဝစရကြိယာစိတ်၌ ပဉ္စတ္တိံသ သင်္ဂဟသည့်၄င်း စတုတ္တိံသ သင်္ဂဟ နှစ်ပါးအပေါင်းသည့်၄င်း တေတ္တိံသ သင်္ဂဟသည့်၄င်း ဖြစ်၏။ သဟိတ်ကာမာဝစရဝိပါက်စိတ်၌ တေတ္တိံသ သင်္ဂဟသည့်၄င်း ဗာတ္တိံသ သင်္ဂဟနှစ်ပါးအပေါင်းသည့်၄င်း ဧကတ္တိံသ သင်္ဂဟသည့်၄င်း ဖြစ်၏။

With respect to sense-sphere consciousness with root - wholesome, resultant, and functional- there arise in the wholesome (first pair) thirty-eight, twice thirty-seven (in the second and third pairs), and thirty-six (in the forth pair). In the functional there are thirty thirty-five (in the first pair), twice thirty-four (in the second and third pairs),and thirty-three (in the forth pair). In the resultant there are thirty-three, (in the first pair) twice thirty-two (in the second and third pairs), and thirty-one (in the forth pair).

## ထိုထိုစိတ်၌ မယှဉ်နိုင်သော စေတသိက်များ

၄၂။ န ဝိဇ္ဇန္တေတ္ထ ဝိရတီ၊
ကြိယေသု စ မဟဂ္ဂတေ။
အနုတ္တရေ အပ္ပမညာ၊
ကာမပါကေ ဒွယံ တထာ။

ဤသောဘနစိတ်တို့တွင် မဟာကြိယာစိတ်တို့၌၎င်း မဟဂ္ဂုတ်စိတ်၌၎င်း ဝိရတီတို့သည် မရှိကုန်။ လောကုတ္တရာစိတ်တို့၌ အပ္ပမညာတို့သည် မရှိကုန်။ မဟာဝိပါက်စိတ်၌ ဝိရတိ အပ္ပမညာ နှစ်မျိုးလုံးသည် ထို့အတူ မရှိ။

Herein, the abstinence are not found in the functional consciousness or the sublime consciousness, nor are the illimitables found in the supramundane, nor is the pair (illimitables and abstinences) present in the sense-sphere resultants.

## စိတ်ချင်းထူးအောင်ပြုသော စေတသိက်များ

၄၃။ အနုတ္တရေ ဈာနဓမ္မာ၊
အပ္ပမညာ စ မဇ္ဈိမေ။
ဝိရတီ ဉာဏ ပီတိ စ၊
ပရိတ္တေသု ဝိသေသကာ။

လောကုတ္တရာစိတ်၌ ဈာန်တရားတို့သည် စိတ်ချင်းထူးခြားအောင် ပြုတတ်ကုန်၏။ မဟဂ္ဂုတ်စိတ်၌ အပ္ပမညာတို့သည်၎င်း ဈာန်တရားတို့သည်၎င်း စိတ်ချင်းထူးခြားအောင် ပြုတတ်ကုန်၏။ ကာမသောဘန စိတ်တို့၌ ဝိရတိ ဉာဏ် ပီတိတို့သည်လည်းကောင်း စိတ်ချင်းထူးခြားအောင် ပြုတတ်ကုန်၏။

In the supreme (i.e the superamundane) the Jāna factors are the basis of distinction, in the middle (i.e the sublime) illimitables (and Jāna factors), in the limited (i.e the sense-sphere beautiful) the abstinences, knowledge, and zest are the basis of distinctions.

## အကုသိုလ်စိတ် သင်္ဂဟနည်း ရ–ပါး

၄၃။ အကုသလေသု ပန လောဘမူလေသု တာဝ ပဌမေ အသင်္ခါရိကေ အညသမာနာ တေရသ စေတသိကာ, အကုသလသာဓာရဏာ စတ္တာရော စာတိ သတ္တရသ လောဘဒိဋ္ဌီဟိ သဒ္ဓိံ ဧကူနဝီသတိ ဓမ္မာ သင်္ဂဟံ ဂစ္ဆန္တိ။ (၁၁၉)

အဘို့တပါးကား၊ အကုသိုလ်စိတ်တို့တွင် (ဒေါသမူစိတ်စသည်တို့မှ) ရှေးဦးစွာ (ညွှန်ပြအပ်ကုန်သော) လောဘမူစိတ်တို့တွင် ပဌမဖြစ်သော အသင်္ခါရိကစိတ်၌ အညသမာန်းတို့မည်သော ၁၃–ပါးကုန်သော စေတသိက်တို့၄င်း သဗ္ဗာကုသလသာဓာရဏတို့မည်သော လေးပါးသော စေတသိက်တို့၄င်း ဤသို့ တဆဲ့ခုနှစ်ပါးသော စေတသိက်တို့သည် လောဘဒိဋ္ဌိတို့နှင့်တကွ တခုယုတ်နှစ်ဆယ်သော သဘော တရားတို့သည် ဖြစ်၍ ပေါင်းယူအပ်ကုန်သည်၏အဖြစ်သို့ ရောက်ကုန်၏။

In the unwholesome types of consciousness, first in those rooted in greed, in the first unprompted consciousness nineteen states enter into combination, namely, the thirteen ethically variable mental factors and the four universal unwholesome mental factors, making seventeen, together with greed and wrong view (13+4+2=19).

၄၄။ တထေဝ ဒုတိယေ အသင်္ခါရိကေ လောဘမာနေန။ (၁၁၉)

ဒုတိယအသင်္ခါရိကစိတ်၌ လောဘမာနနှင့်တကွ ထိုအညသမာန်း အကုသလသာဓာရဏ စေတသိက်တို့သည် ပေါင်းယူအပ်ကုန်သည်၏အဖြစ်သို့ ရောက်ကုန်၏။

Similarly, in the second unprompted consciousness, (the same seventeen are found together) with greed and conceit (13+4+2=19)

၄၅။ တတိယေ တထေဝ ပီတိဝဇ္ဇိတာ လောဘဒိဋ္ဌီဟိ သဟ အဋ္ဌာရသ။ (၁၁၈)

တတိယအသင်္ခါရိကစိတ်၌ ပီတိသည်ကြဉ်အပ်ကုန်သော လောဘဒိဋ္ဌိတို့နှင့်တကွ တဆဲ့ရှစ်ပါး ကုန်သော ထိုအညသမာန်း အကုသလသာဓာရဏစေတသိက်တို့သည်ပင် ပေါင်းယူအပ် ကုန်သည်၏အဖြစ်သို့ ရောက်ကုန်၏။

Similarly, in third unprompted consciousness, there are eighteen states, with greed and wrong view but excluding zest (12+4+2=18)

၄၆။ စတုတ္ထေ တထေဝ လောဘမာနေန။ (၂၁၈)

စတုတ္ထအသင်္ခါရိကစိတ်၌ လောဘမာနနှင့်တကွ ထိုအညသမာန်း အကုသလသာဓာရဏ စေတသိက်တို့သည်ပင် ပေါင်းယှဉ်အပ်ကုန်သည်၏အဖြစ်သို့ ရောက်ကုန်၏။

Similarly, in the fourth (there are eighteen) with greed and conceit (12+4+2=18)

၄၇။ ပဉ္စမေ ပန ပဋိဃသမ္ပယုတ္တေ အသင်္ခါရိကေ ဒေါသော, ဣဿာ, မစ္ဆရိယံ, ကုက္ကုစ္စဉ္စာတိ စတူဟိ သဒ္ဓိံ ပီတိဝဇ္ဇိတာ တေ ဧဝ ဝီသတိဓမ္မာ သင်္ဂယှန္တိ။ (၃၊၂၀)
ဣဿာ, မစ္ဆရိယံ, ကုက္ကုစ္စဉ္စာတိ ပနေတ္ထ ပစ္စေကမေဝ ယောဇေတဗ္ဗာနိ။

အဘို့တပါးကား၊ ပဉ္စမဖြစ်သော ပဋိဃသမ္ပယုတ်ဖြစ်သော အသင်္ခါရိကစိတ်၌ ဒေါသငှင်း ဣဿာငှင်း မစ္ဆရိယငှင်း ကုက္ကုစ္စငှင်း ဤသို့ လေးပါးသော စေတသိက်တို့နှင့် တကွ ပီတိသည် ကြည်အပ်ကုန်သော ၂၀–သော ထိုအညသမာန်း အကုသလသာဓာရဏစေတသိက်တို့ကိုပင် ပေါင်းယှဉ်အပ်ကုန်၏။
အမှာစကားချပ်ညှပ်လိုက်ဦးအံ့၊ ဤ ၂၀–သော စေတသိက်တို့တွင် ဣဿာ မစ္ဆရိယ ကုက္ကုစ္စတို့ကို တသီးတခြား တစ်ပါးစီသာ ယှဉ်စေထိုက်ကုန်၏။

In the fifth unprompted consciousness, that associated with aversion, these twenty states enter into combination ~ the above excluding zest but including the four: hatred, envy, avarice, and worry. But here envy, avarice and worry should be cobined separately (12+4+4=20).

၄၈။ သသင်္ခါရိကေ ပဉ္စကေပိ တထေဝ ထိနမိဒ္ဓေန ဝိသေသေတွာ ယောဇေတဗ္ဗာနိ။ (၄–၅–၆၊ ၂၂–၂၀–၂၂)

သသင်္ခါရိကစိတ် ငါးပါးအပေါင်း၌လည်း ထိုအသင်္ခါရိက၌ယှဉ်ထိုက်သော စေတသိက်တို့ကိုပင် ထိနမိဒ္ဓဖြင့် အထူးပြု၍ ယှဉ်စေထိုက်ကုန်၏။

In the fifth prompted consciousness the above states should similarly be combined with this difference, that sloth and toper are included.
(Thus:21;21;20;20;22).

၄၉။ ဆန္ဒပီတိဝဇ္ဇိတာ ပန အညသမာနာ ဧကာဒသ, အကုသလသာဓာရဏာ စတ္တာရော စာတိ ပန္နရသ
ဓမ္မာ ဥဒ္ဒစ္စသဟဂတေ သမ္ပယုဇ္ဇန္တိ။ (၄-၅-၆၊ ၂၂-၂၀-၁၅)

အဘိုတပါးကား၊ ဆန္ဒပီတိသည် ကြဉ်အပ်ကုန်သော အညသမာန်းတို့မည်သော ၁၁-ပါးတို့၄င်း သဗ္ဗာကုသလသာဓာရဏတို့မည်သော လေးပါးတို့၄င်း ဤ ၁၅-ပါးကုန်သော သဘောတရားတို့သည် ဥဒ္ဓစ္စသဟဂုတ်စိတ်၌ ယှဉ်ကုန်၏။

In the type of consciousness connected with restless fifteen mental states occur, namely, eleven ethically variable factors excluding desire and zest, and the four universal unwholesome factors (11+4=15)

၅၀။ ဝိစိကိစ္ဆာသဟဂတစိတ္တေ စ အဓိမောက္ခဝိရဟိတာ ဝိစိကိစ္ဆာသဟဂတာ တထေဝ ပန္နရသ ဓမ္မာ
လဗ္ဘန္တီတိ။ (၇၊၁၅)

ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ကား အဓိမောက္ခမှ ကင်းကုန်သော ဝိစိကိစ္ဆာနှင့် တကွဖြစ်ကုန်သော ၁၅-ပါးကုန်သော ထိုအညသမာန်း အကုသလသာဓာရဏစေတသိက်တို့ကိုပင် ကောင်းစွာရအပ်ကုန်၏။

In the type of consciousness connected with doubt fifteen states are similarly obtained by excluding decision and incorporating doubt (10+4+1=15)

သဗ္ဗတ္ထာပိ ဒွါဒသာကုသလစိတ္တုပ္ပါဒေသု ပစ္စေကံ ယောဇိယမာနာပိ ဂဏနဝသေန သတ္တဓာဝ သင်္ဂဟိတာ ဘဝန္တီတိ။

ဤသို့ အလုံးစုံသော အပြားအားဖြင့်လည်း ၁၂-ပါးသော အကုသိုလ်စိတ်တို့၌ အသီးအသီး ယှဉ်စေအပ်ကုန်သော်လည်း ဂဏန်းသင်္ချာတို့၏ အပြားအားဖြင့် ခုနစ်ပါး အပြားအားဖြင့်သာ ပေါင်းယူအပ်ကုန်သည် ဖြစ်ကုန်၏။ ဤသို့ ရအပ်ကုန်၏။

Thus altogether, for the twelve types of unwholesome consciousness, the combination becomes sevenfold when reckoned according to their different adjuncts.

## သင်္ဂဟဂါထာ

၅၁။ ဧကူနဝီသတိ အဋ္ဌာရသ၊
ဝီသေကဝီသ ဝီသတိ။
ဒွါဝီသ ပန္နရသေတိ၊
သတ္တဓာ ကုသလေ ဌိတာ။

## အကုသလယောဂီစေတသိက် ၁၄–ပါး

၅၂။ သာဓာရဏာ စ စတ္တာရော၊
သမာနာ စ ဒသာပရေ။
စုဒ္ဒသေတေ ပဝုစ္စန္တိ၊
သဗ္ဗာကုသလယောဂိနော။

အကုသိုလ်စိတ်၌ သင်္ဂဟနည်းတို့သည် ဧကူနဝီသသင်္ဂဟ၄င်း အဋ္ဌာရသသင်္ဂဟ၄င်း ဝီသသင်္ဂဟ၄င်း ဝီသတိသင်္ဂဟ၄င်း ဒွါဝီသသင်္ဂဟ၄င်း ပန္နရသသင်္ဂဟ၄င်း ဤသို့ ခုနစ်ပါးအပြားအားဖြင့် တည်ကုန်၏။

လေးပါးကုန်သော အကုသလသာဓာရဏစေတသိက်တို့၄င်း အကုသလသာဓာရဏ စေတသိက်မှ တပါးကုန်သော ဆယ်ပါးကုန်သော အညသမာန်းစေတသိက်တို့၄င်း ဤသို့ ဆယ့်လေးပါးကုန်သော ဤစေတသိက်တို့ကို အလုံးစုံသော အကုသိုလ်စေတသိက်တို့နှင့် ယှဉ်ကုန်၏ဟူ၍ ဆိုအပ်ကုန်၏။

Nineteen, eighteen, twenty, twenty-one, twenty, twenty-two, fifteen - thus they stand in seven ways in the unwholesome consciousness.

These fourteen mental states - namely, the four unwholesome universals and ten variables - are said to be associated with all the unwholesome types of consciousness.

## အဟိတ်စိတ် သင်္ဂဟနည်း ၄-ပါး

၅၃။ အဟေတုကေသု ပန ဟသနစိတ္တေ တာဝ ဆန္ဒဝဇ္ဇိတာ အညသမာနာ ဒွါဒသ ဓမ္မာ သင်္ဂဟံ ဂစ္ဆန္တိ။ (၁၁၂)

အဘို့တပါးကား၊ အဟိတ်စိတ်တို့တွင် (ဝုဋ္ဌောစသည်တို့မှ) ရှေးဦးစွာ (ညွှန်ပြထိုက်ကုန်သော) ဟသိတုပ္ပါဒ်စိတ်၌ ဆန္ဒကြဉ်အပ်ကုန်သော အညသမာန်းတို့မည်သော ၁၂-ပါးကုန်သော သဘောတရားတို့သည် ပေါင်းယူအပ်ကုန်သည်၏အဖြစ်သို့ ရောက်ကုန်၏။
In the rootless types of consciousness, first in the smile-producing consciousness twelve ethically variable states, excluding desire, enter into cobination (7+5=12).

၅၄။ တထာ ဝေါဋ္ဌဗ္ဗနစိတ္တေ ဆန္ဒ,ပီတိဝဇ္ဇိတာ။ (၁၁၉)

ဝုဋ္ဌောစိတ်၌ ဆန္ဒ,ပီတိသည် ကြဉ်အပ်ကုန်သော ထိုအညသမာန်းစေတသိက်တို့သည် ပေါင်းယူအပ်ကုန်သည်၏အဖြစ်သို့ ရောက်ကုန်၏။

Likewise they occur in the determining consciousness, excluding desire and zest (7+7=11)

၅၅။ သုခသန္တီရဏေ ဆန္ဒ,ဝီရိယဝဇ္ဇိတာ။ (၂၁၁)

သုခသန္တီရဏစိတ်၌ ဆန္ဒ,ဝီရိယ ကြဉ်အပ်ကုန်သော ထိုအညသမာန်းစေတသိက်တို့သည် ပေါင်းယူအပ်ကုန်သည်၏အဖြစ်သို့ ရောက်ကုန်၏။

In the investigation consciousness accompanied by joy, all those except desire and energy occur (7+4=11)

၅၆။ မနောဓာတုတ္တိကာဟေတုက ပဋိသန္ဓိယုဂဠေ ဆန္ဒ,ပီတိ,ဝီရိယဝဇ္ဇိတာ။ (၃၁၁၀)

မနောဓာတ်သုံးပါး, အဟိတ်ပဋိသန္ဓေအစုံ၌ ဆန္ဒ, ပီတိ, ဝီရိယသည် ကြဉ်အပ်ကုန်သော ထိုအညသမာန်း စေတသိက်တို့သည် ပေါင်းယူအပ်ကုန်သည်၏အဖြစ်သို့ ရောက်ကုန်၏။

In the triple mind element and in the pair of rootless rebirth-linking types all those except desire, zest and energy occur (7+3=10).

၅၇။ ဒွိပဉ္စဝိညာဏေ ပကိဏ္ဏကဝဇ္ဇိတာ တေယေဝ သင်္ယုဇ္ဇန္တီတိ။။ (၃၊၁၀)

ဒွေပဉ္စဝိညာဏ် ၁၀–၌ ပကိဏ်းစေတသိက်သည် ကြဉ်အပ်ကုန်သော ထိုအညသမာန်း
စေတသိက်တို့သည် ပေါင်းယှဉ်အပ်ကုန်သည်၏အဖြစ်သို့ ရောက်ကုန်၏။

In the two types of fivefold sense consciousness, all those enter into combination except the occasionals (7).

သဗ္ဗထာပိ အဋ္ဌာရသ အဟေတုက ဂဏနေနဝသေန စတုဓာဝ သင်္ဂဟော ဟောတီတိ။

ဤသို့ အလုံးစုံသောအပြားအားဖြင့်လည်း တဆဲ့ရှစ်ပါးကုန်သော အဟိတ်စိတ်တို့၌ ဂဏန်းသင်္ချာ၏
အပြားအားဖြင့် လေးပါးအပြားအားဖြင့်သာလျှင် ပေါင်းယှဉ်ခြင်းသည် ဖြစ်၏။ ဤသို့ ရအပ်ကုန်၏။

Thus altogether, for eighteen types of rootless consciousness, the combinations, numerically considered, constitute four groups.

## သင်္ဂဟဂါထာများ

၅၈။ ဒွါဒသေကာဒသ ဒသ၊
သတ္တစာပိ စတုဗ္ဗိဓော။
အဋ္ဌာရသာဟေတုကေသု၊
စိတ္တုပ္ပါဒေသု သင်္ဂဟော။

တဆဲ့ရှစ်ပါးသောအဟိတ်ဟုဆိုအပ်ကုန်သော ဥပါဒ်သောစိတ်တို့၌ သင်္ဂဟနည်းသည်
ဒွါဒသသင်္ဂဟငင်း ဧကာဒသသင်္ဂဟငင်း ဒသသင်္ဂဟငင်း သတ္တသင်္ဂဟငင်း ဤသို့ လေးပါးအပြားရှိ၏။

Twelve, eleven, ten, seven - thus the combination in the eighteen rootless types of consciousness if fourfold.

၅၉။ အဟေတုကေတု သဗ္ဗတ္ထ၊
သတ္တ သေသာ ယထာရဟံ။
ဣတိ ဝိတ္ထာရတော ဝုတ္တာ၊
တေတ္တိံသဝိဓ သင်္ဂဟော။

အလုံးစုံကုန်သော အဟိတ်စိတ်တို့၌ ခုနစ်ပါးသော သဗ္ဗစိတ္တသာဓာရဏစေတသိက်တို့သည် ယှဉ်ကုန်၏။ သဗ္ဗစိတ္တသာဓာရဏမှ ကြွင်းကုန်သော ပကိဏ်းစေတသိက်တို့သည် ယှဉ်ထိုက်သည်အားလျော်စွာ (ယှဉ်ကုန်၏) ဤသို့ အကျယ်အားဖြင့် ၃၃–ပါးအပြားရှိသော သင်္ဂဟနည်းကို ဆိုအပ်ပြီ။

In all the rootless the seven (universals) occur. The rest (the oocasionals) arise according to typ. Thus in detail the cobination are told in thirty-three ways.

## စေတသိက်ကို စိတ်နှင့်အမျှ ရေတွက်ခြင်း

၆၀။ ဣတ္ထံ စိတ္တာဝိယုတ္တာနံ၊
သမ္ပယောဂဉ္စ သင်္ဂဟံ။
ဉတွာ ဘေဒံ ယထာယောဂံ၊
စိတ္တေန သမမုဒ္ဒိသေ။

ဤဆိုအပ်ပြီးသော အပြားအားဖြင့် စိတ်နှင့်မကွေမကွာယှဉ်ကြကုန်သော စေတသိက်တို့၏ သမ္ပယောဂနည်းကိုငှင်း သင်္ဂဟနည်းကိုငှင်း သိပြီးသည်ရှိသော် ယှဉ်ထိုက်သည်အားလျော်စွာ ယှဉ်ရာဟိတ်နှင့် အရေအတွက်ညီမျှသော အပြားကို ထုတ်ပြရာ၏။

Understanding thus the associations and cobination of mental adjunts, let one explain their classification through their union with consciousness as is fit.

ဣတိ အဘိဓမ္မတ္ထသင်္ဂဟေ စေတသိကသင်္ဂဟဝိဘာဂေါ နာမ ဒုတိယော ပရိစ္ဆေဒေါ။

အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၌ စေတသိကသင်္ဂဟဝိဘာဂမည်သော နှစ်ပိုင်းတို့၏ပြည့်ကြောင်းဖြစ်သော အပိုင်းသည် ပြီးပြီ။

Thus ends the second chapter in the Manual of Abhidhamma entitled the Compendium of Mental Factors.

# ပကိဏ်ကပိုင်း

## ပဋိညာဉ်

၁။ သမ္ပယုတ္တာ ယထာ ယောဂံ၊
တေပညာသ သဘာဝတော။
စိတ္တစေတသိကာ ဓမ္မာ၊
တေသံ ဒါနိ ယထာရဟံ။

ယှဉ်ထိုက်သည်အားလျော်စွာ အညီအမျှ ဧကုပ္ပါဒတာ အစရှိသော အပြားတို့ဖြင့် ယှဉ်ကြကုန်သော မိမိ,မိမိ၏ လက္ခဏာအားဖြင့် ၅၃–ပါးသော စိတ်စေတသိက်ဖြစ်ကုန်သော သဘောတရားတို့ကို (အကျယ်ပြအပ်ကုန်ပြီ)။

Having explained accordingly the fifty-three associated states - consciousness and mental factors - with respect to their intrinsic nature,

## မာတိကာ

၂။ ဝေဒနာဟေတုတော ကိစ္စ၊
ဒွါရာလမ္ဗဏ ဝတ္ထုတော။
စိတ္တုပ္ပါဒဝသေနေဝ၊
သင်္ဂဟော နာမ နီယတေ။

ယခုအခါ၌ ထိုငါးဆဲ့သုံးပါးသော သဘောတရားတို့၏ ထိုက်သည်အားလျော်စွာ ဝေဒနာအပြား ဟိတ်အပြားဖြင့်လည်းကောင်း ကိစ္စအပြား ဒွါရအပြား အာရုံအပြား ဝတ္ထုအပြားအားဖြင့်လည်းကောင်း ပေါင်းစုရေပြွမ်းပြသော ပကိဏ္ဏကသင်္ဂဟကို စိတ်၏အစွမ်းဖြင့်သာ ဆောင်ပြအပ်၏။

now, taking consciousness alone, we will deal concisely with its classification by way of feeling, roots, functions, doors, objects, and bases.

## ဝေဒနာသင်္ဂဟ

### ဝေဒနာ ၃–ပါးနှင့် ၅–ပါး

၁။ တတ္ထ ဝေဒနာသင်္ဂဟေ တာဝ တိဝိဓာ ဝေဒနာ သုခံ ဒုက္ခံ အဒုက္ခမသုခါစေတိ၊ သုခံ, ဒုက္ခံ, သောမနဿံ, ဒေါမနဿံ, ဥပေက္ခာတိ စ ဘေဒေန ပန ပဉ္စဓာ ဟောတိ။

ထိုခြောက်ပါးသော သင်္ဂဟတို့တွင် ဟေတုသင်္ဂဟစသည်မှ ရှေးဦးစွာ(ညွှန်ပြအပ်သော) ဝေဒနာသင်္ဂဟ၌ (ရထိုက်သောဝေဒနာသည်) သုခဝေဒနာ၄င်း, ဒုက္ခဝေဒနာ၄င်း, အဒုက္ခမသုခဝေဒနာ၄င်း ဤသို့ သုံးပါးအပြား ရှိ၏။ တနည်းကား – သုခဝေဒနာ၄င်း, ဒုက္ခဝေဒနာ၄င်း, သောမနဿဝေဒနာ၄င်း, ဒေါမနဿဝေဒနာ၄င်း, ဥပေက္ခာဝေဒနာ၄င်း, ဤသို့ ဣန္ဒြေအပြားအားဖြင့် ငါးပါးပြားသည် ဖြစ်၏။

In the compendium of feeling there are first three kinds of feeling, namely, pleasant, painful, and that which is neither painful nor pleasant. Again, feeling is analyzed as five fold: pleasure, pain, joy, displeasure, and equanimity.

### ဝေဒနာဖြင့် စိတ်ကို ဝေဖန်ခြင်း

၂။ တတ္ထ သုခသဟဂတံ ကုသလဝိပါကံ ကာယဝိညာဏမေကမေဝ။
တထာ ဒုက္ခသဟဂတံ အကုသလဝိပါကံ။ (၂–၂–၂–၂)

ထိုငါးပါးသော ဝေဒနာတို့တွင် သုခဝေဒနာနှင့် တကွဖြစ်သောစိတ်သည် ကုသလဝိပါက်ဖြစ်သော ကာယဝိညာဏ်စိတ်တခုသာတည်း။ ဒုက္ခဝေဒနာနှင့်တကွဖြစ်သောစိတ်သည် အကုသလဝိပါက်ဖြစ်သော ကာယဝိညာဏ်စိတ်တခုသာတည်း။

Of them, wholesome-resultant body-consciousness is the only one accompanied by pleasure. Similarly, unwholesome-resultant body-consciousness is the only one accompanied by pleasure.

၃။ သောမနဿသဟဂတစိတ္တာနိ ပန လောဘမူလာနိ စတ္တာရိ, ဒွါဒသကာမာဝစရသောဘနာနိ, သုခသန္တီရဏဟသနာနိ စ ဒွေတိ အဋ္ဌာရသ ကာမာဝစရ သောမနဿ သဟဂတစိတ္တာနိ စေဝ ပဌမဒုတိယတတိယစတုတ္ထဇ္ဈာနသင်္ခါတာနိ စတုစတ္တာလီသ မဟဂ္ဂတလောကုတ္တရစိတ္တာနိ စေတိ ဒွါသဋ္ဌိဝိဓာနိ ဘဝန္တိ။ (၆၂)

အဘို့တပါးကား၊ သောမနဿဝေဒနာနှင့် တကွဖြစ်ကုန်သော စိတ်တို့သည် လေးပါးကုန်သော လောဘမူစိတ်တို့၄င်း, ၁၂–ပါးကုန်သော ကာမာဝစရသောဘနစိတ်တို့၄င်း, နှစ်ပါးကုန်သော သောမနဿ သန္တီရဏစိတ် ဟသိတုပ္ပါဒ်စိတ်တို့၄င်း, ဤသို့ ၁၈–ပါးကုန်သော ကာမာဝစရသောမနဿသဟဂုတ်စိတ်တို့၄င်း, ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ဟု ဆိုအပ်ကုန်သော ၄၄–ပါးသော မဟဂ္ဂုတ်လောကုတ္တရာစိတ်တို့၄င်း ဤသို့ ၆၂–ပါး အပြားရှိကုန်သည် ဖြစ်ကုန်၏။

There are sixty-two kinds of consciousness accompanied by joy, namely:

(a) eighteen types of sense-sphere consciousness - four rooted in greed, twelve types of sense-sphere beautiful consciousness, the two (rootless) types, i.e. joyful investgating and smiling consciousness (4+12+4);

(b) forty-four types of sublime and supramundane consciousness pertaining to the first, second, third, and fourth jhānas(12+32).

၄။ ဒေါမနဿသဂတစိတ္တာနိ ပန ဒွေ ပဋိဃသမ္ပယုတ္တစိတ္တာနေဝ။ (၂)

အဘို့တပါးကား၊ ဒေါမနဿဝေဒနာနှင့် တကွဖြစ်သောစိတ်တို့သည် နှစ်ပါးကုန်သော ပဋိဃသမ္ပယုတ်စိတ်တို့သာတည်း။

Only the two types of consciousness connected with aversion are accompanied by displeasure.

၅။ သေသာနိ သဗ္ဗာနိပိ ပဉ္စပညာသ ဥပေက္ခာသဟဂတစိတ္တာနေဝါတိ။ (၅၅)

ဆိုအပ်ပြီးသည်မှ ကြွင်းကုန်သော အလုံးစုံလည်းဖြစ်ကုန်သော ၅၅–ပါးသည် ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော စိတ်တို့ချည်းသာတည်း။ ဤကား ဝေဒနာအပြားအားဖြင့် ပေါင်းယူရေတွက်ခြင်းတည်း။

All the remaining fifty-five types of consciousness are accompanied by equanimity.

## သင်္ဂဟဂါထာများ

၆။ သုခံ ဒုက္ခမုပေက္ခာတိ၊
တိဝိဓာ တတ္ထ ဝေဒနာ။
သောမနဿံ ဒေါမနဿ–
မိတိ ဘေဒေန ပဉ္စဓာ။

၇။ သုခမေကတ္ထ ဒုက္ခဉ္စ၊
ဒေါမနဿံ ဒွယေ ဋ္ဌိတံ။
ဒွါသဋ္ဌီသု သောမနဿံ၊
ပဉ္စပညာသ ကေတရာ။

ထိုဝေဒနာသင်္ဂဟ၌ (ရထိုက်ကုန်သော) ဝေဒနာတို့သည် သုဝေဒနာ၄င်း ဒုက္ခဝေဒနာ၄င်း ဥပေက္ခာဝေဒနာ၄င်း ဤသို့ သုံးပါးအပြားရှိကုန်၏။ သောမနဿဝေဒနာ၄င်း ဒေါမနဿဝေဒနာ၄င်း ဤနှစ်ပါးကိုထည့်၍ ကွန္ဒြေအားဖြင့် ငါးပါးပြားကုန်၏။

Feeling, therein, is three fold, namely, pleasure, pain, and equanimity. Together with joy and displeasure it is fivefold.

သုခဝေဒနာသည်၄င်း ဒုက္ခဝေဒနာသည်၄င်း တခုသောကာယဝိညာဏ်စိတ်၌ တည်၏ (ယှဉ်၏)။ ဒေါမနဿဝေဒနာသည် စိတ်နှစ်ပါးအပေါင်း၌ တည်၏။ သောမနဿဝေဒနာသည် ၆၂–ပါးသောစိတ်၌ တည်၏။ ဆိုအပ်ပြီးမှ တပါးသော ဥပေက္ခာဝေဒနာသည် ၅၅–ပါးသောစိတ်၌ တည်၏။

Pleasure and pain are each found in one, displeasure in two, joy in sixty-two, and the remaining (i.e. equanimity) in fifty-five.

## ဟေတုသင်္ဂဟ

## ဟိတ် ၆-ပါး

၁၀။ ဟေတုသင်္ဂဟေ ဟေတူ နာမ လောဘော, ဒေါသော, မောဟော, အလောဘော, အဒေါသော, အမောဟော စာတိ ဆဗ္ဗိဓာ ဘဝန္တိ။

ဟေတုသင်္ဂဟ၌(ရထိုက်ကုန်သော) ဟိတ်တို့မည်သည် လောဘငင်း, ဒေါသငင်း, မောဟငင်း, အလောဘငင်း, အဒေါသငင်း အမောဟငင်း ဤသို့ ၆-ပါးအပြားရှိကုန်သည် ဖြစ်ကုန်၏။

In the compendium of roots there are six roots, namely, greed, hatred, delusion, non-greed, non-hatred, and non-delusion.

## ဟိတ်ဖြင့် စိတ်ကို ဝေဖန်ခြင်း

၁၁။ တတ္ထ ပဉ္စဒွါရာဝဇ္ဇန ဒွိပဉ္စဝိညာဏ သမ္ပဋိစ္ဆန သန္တီရဏ ဝေါဋ္ဌဗ္ဗန ဟသနဝသေန အဋ္ဌာရသ အဟေတုကစိတ္တာနိ နာမ။ (၁၈)

ထိုဟေတုသင်္ဂဟ၌ ပဉ္စဒွါရာဝဇ္ဇန်း, ဒွေပဉ္စဝိညာဏ်, သမ္ပဋိစ္ဆိုန်းဒွေး, သန္တီရဏသုံးခု, ဝုဋ္ဌော, ဟသိတုပ္ပါဒ်တို့၏ အပြားအားဖြင့် ၁၈-ပါးသောစိတ်တို့သည် အဟိတ်စိတ်တို့ မည်၏။

Therein, eighteen types of consciousness are without roots, namely, five-door adverting, the two sets of five-fold sense consciousness, receiving, investgating, determining, and smiling (1+5+5+2+3+1+1).

၁၂။ သေသာနိ သဗ္ဗာနိပိ ဧကသတ္တတိ စိတ္တာနိ သဟေတုကာနေဝ။ (၇၁)

ကြွင်းကုန်သောအလုံးစုံလည်းဖြစ်ကုန်သော ၇၁-ပါးသောစိတ်တို့သည် သဟိတ်စိတ်တို့ချည်းသာတည်း။

All the remaining seventy-one types of consciousness are with roots.

၁၃။ တတ္ထာပိ ဒွေ မောမူဟစိတ္တာနိ ဧကဟေတုကာနိ။ (၂)

ထိုသဟိတ်စိတ်တို့တွင်လည်း နှစ်ပါးကုန်သော မောဟမူစိတ်တို့သည် ဧကဟိတ်စိတ်တို့တည်း။

Of them the two types of consciousness associated with sheer delusion have only one root.

၁၄။ သေသာနိ ဒသ အကုသလစိတ္တာနိ စေဝ ဉာဏဝိပ္ပယုတ္တာနိ ဒွါဒသ ကာမာဝစရသောဘနာနိ စေတိ ဒွါဝီသတိ ဒွိဟေတုကစိတ္တာနိ။ (၂၂)

မောဟမူဒွေးမှ ကြွင်းကုန်သော ဆယ်ပါးကုန်သော အကုသိုလ်စိတ်တို့၄င်း ဉာဏဝိပ္ပယုတ်ဖြစ်ကုန်သော ၁၂-ပါးကုန်သော ကာမာဝစရသောဘနစိတ်တို့၄င်း ဤသို့ ၂၂-ပါးသည် ဒွိဟိတ်စိတ်တို့တည်း။

The remaining ten unwholesome types of consciousness and the twelve sense-sphere beautiful types of consciousness dissociated from knowledge- thus totalling twenty-two-are with two roots.

၁၅။ ဒွါဒသ ဉာဏသမ္ပယုတ္တ ကာမာဝစရသောဘနာနိ စေဝ ပဉ္စတ္တိံသ မဟဂ္ဂတလောကုတ္တရစိတ္တာနိ စေတိ သတ္တစတ္တာလီသ တိဟေတုက စိတ္တာနီတိ။ (၄၇)

၁၂-ပါးကုန်သော ဉာဏသမ္ပယုတ်ကာမာဝစရစိတ်တို့၄င်း, ၃၅-ပါးသော မဟဂ္ဂုတ်, လောကုတ္တရာ စိတ်တို့၄င်း, ဤသို့ ၄၇-ပါးသည် တိဟိတ်စိတ်တို့တည်း။ ဤကား ဟိတ်အပြားအားဖြင့် စိတ်တို့ကို ပေါင်းယူခြင်းတည်း။

The twelve sense-sphere beautiful types of consciousness associated with knowledge - and the thirty-five sublime and supramundane types of consciousness-thus totalling forty-seven-are with three roots.

## သံဂဟဂါထာများ

၁၆။ လောဘော ဒေါသော စ မောဟောစ၊
ဟေတူ အကုသလာ တယော။
အလောဘာ ဒေါသာ မောဟော စ၊
ကုသလာ ဗျာကတာ တထာ။

အကုသိုလ်ဖြစ်ကုန်သော ဟိတ်တို့သည် လောဘငြင်း ဒေါသငြင်း မောဟငြင်း (ဤသို့) သုံးပါးတို့တည်း။ ကုသိုလ်အဗျာကတဖြစ်ကုန်သော ဟိတ်တို့သည် အလောဘငြင်း အဒေါသငြင်း အမောဟငြင်း (ဤသို့) ထိုသုံးပါးစီတို့တည်း။

Greed, hatred, and delusion are the three unwholesome roots. Non-greed, non-hatred, and non-delusion are (the three roots that are) wholesome and indeterminate.

၁၇။ အဟေတုကာဋ္ဌာရသေက–
ဟေတုကာ ဒွေ ဒွါဝီသတိ။
ဒွိဟေတုကာ မတာ သတ္တ၊
စတ္တာလီသ တိဟေတုကာ။

အဟိတ်စိတ်တို့ကို ၁၈–ပါးတို့ဟူ၍ သိအပ်ကုန်၏။ ဧကဟိတ်စိတ်တို့ကို ၂–ပါးတို့ဟူ၍ သိအပ်ကုန်၏။ ဒွိဟိတ်စိတ်တို့ကို ၂၂–ပါးတို့ဟူ၍ သိအပ်ကုန်၏။ တိဟိတ်စိတ်တို့ကို ၄၇–ပါးတို့ဟူ၍ သိအပ်ကုန်၏။

It should be understood that eighteen (types of consciousness) are without roots, two with one root, twenty-two with two roots, and forty-seven with three roots.

## ကိစ္စသင်္ဂဟ

### ကိစ္စ ၁၄–ပါး

၁၈။ ကိစ္စသင်္ဂဟေ ကိစ္စာနိ နာမ ပဋိသန္ဓိ ဘဝင်္ဂါ ဝဇ္ဇန ဒဿန သဝန ဃာယန သာယန ဖုသန သမ္ပဋိစ္ဆန သန္တီရဏ ဝေါဋ္ဌဗ္ဗန ဇဝန တဒါရမ္မဏ စုတိဝသေန စုဒ္ဒသဝိဓာနိ ဘဝန္တိ။

ကိစ္စသင်္ဂဟ၌ (ရထိုက်ကုန်သော) ကိစ္စတို့သည် ပဋိသန္ဓေကိစ္စ ဘဝင်ကိစ္စ အာဝဇ္ဇန်းကိစ္စ ဒဿနကိစ္စ သဝနကိစ္စ ဃာယနကိစ္စ သာယနကိစ္စ ဖုသနကိစ္စ သမ္ပဋိစ္ဆိုန်းကိစ္စ သန္တီရဏကိစ္စ ဝုဋ္ဌောကိစ္စ ဇောကိစ္စ တဒါရုံကိစ္စ စုတိကိစ္စတို့၏ အပြားအားဖြင့် ၁၄–ပါး အပြားရှိကုန်သည် ဖြစ်ကုန်၏။ (ဤ၌ ဝသ–သဒ္ဒါ အပြားဟု အဓိပ္ပါယ်ရှိသည်)

In the compendium of functions there are fourteen functions, namely: (1) rebirth-linking, (2) life-continuum, (3) adverting, (4) seeing, (5) hearing, (6) smelling, (7) tasting, (8) touching, (9) receiving, (10) investigation, (11) determining, (12) javana, (13) registration, and (14) death.

### ဌာန ၁၀–ပါး

၁၉။ ပဋိသန္ဓိ ဘဝင်္ဂါ ဝဇ္ဇန ပဉ္စဝိညာဏဋ္ဌာနာဒိဝသေန ပန တေသံ ဒသဓာ ဌာနဘေဒေါ ဝေဒိတဗ္ဗော။

အဘို့တပါးကား ပဋိသန္ဓေဌာန ဘဝင်ဌာန အာဝဇ္ဇန်းဌာန ပဉ္စဝိညာဏ်ဌာန အစရှိသည်တို့၏ အပြားအားဖြင့် ဌာနတို့၏ အပြားကို သိထိုက်၏။

Their further classification should be understood by way of stage as tenfold, namely: (1) rebirth-linking, (2) life-continuum, (3) adverting, (4) fivefold sense consciousness, and so forth.

## ကိစ္စဌာနတို့ဖြင့် စိတ်ကို ဝေဖန်ခြင်း

၂၀။ တတ္ထ ဒွေ ဥပေက္ခာသဟဂတ သန္တီရဏာနိ စေဝ အဋ္ဌမဟာဝိပါကာနိ စ နဝ ရူပါရူပဝိပါကာနိ စေတိ ဧကူနဝီသတိ စိတ္တာနိ ပဋိသန္ဓိ ဘဝင် စုတိ ကိစ္စာနိ နာမ။ (၁၉)

ထိုကိစ္စသင်္ဂဟ၌ (ထိုကိစ္စသင်္ဂဟတို့တွင်) နှစ်ပါးကုန်သော ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်တို့၄င်း ရှစ်ပါးကုန်သော မဟာဝိပါက်စိတ်တို့၄င်း ကိုးပါးကုန်သော ရူပဝိပါက် အရူပဝိပါက်စိတ်တို့၄င်း ဤသို့ တခုယုတ်နှစ်ဆယ်သောစိတ်တို့သည် ပဋိသန္ဓေကိစ္စ ဘဝင်ကိစ္စ စုတိကိစ္စရှိသော စိတ်တို့မည်၏။

Of them, nineteen types of consciousness perform the functions of rebirth-linking, life-continuum, and death. They are: two types of investigating consciousness accompanied by equanimity; eight great resultants; and nine fine-material-sphere and immaterial-sphere resultants (2+8+9=19)

၂၁။ အာဝဇ္ဇနကိစ္စာနိ ပန ဒွေ။ (၂)

အဘို့တပါးကား၊ အာဝဇ္ဇန်းကိစ္စရှိသောစိတ်တို့သည် နှစ်ပါးတို့တည်း။

Two perform the function of adverting.

၂၂။ တထာ ဒဿနသဝနဃာယနသာယနဖုသန သမ္ပဋိစ္ဆနကိစ္စာနိ စ။ (၂)

ဒဿနကိစ္စ သဝနကိစ္စ ဃာယနကိစ္စ သာယနကိစ္စ ဖုသနကိစ္စရှိသောစိတ်တို့သည် ထို့အတူ နှစ်ပါးစီတို့တည်း။

Similarly, two perform each of the functions of seeing, hearing, smelling, tasting, touching, and receiving.

၂၃။ တီဏိ သန္တီရဏကိစ္စာနိ။ (၃)

သန္တီရဏကိစ္စရှိသောစိတ်တို့သည် သုံးပါးတို့တည်း။

Three perform the function of investigating.

၂၄။ မနောဒွါရာဝဇ္ဇနမေဝ ပဉ္စဒွါရေ ဝေါဋ္ဌဗ္ဗနကိစ္စံ သာဓေတိ။ (၁)

မနောဒွါရာဝဇ္ဇန်းသည်ပင် ပဉ္စဒွါရအရာ၌ ဝုဋ္ဌောကိစ္စကို ပြီးစေ၏။

The mind door adverting consciousness performs the function of determining in the five sense door.

၂၅။ အာဝဇ္ဇနဒွယဝဇ္ဇိတာနိ ကုသလာကုသလဖလကိရိယစိတ္တာနိ ပဉ္စပညာသ ဇဝနကိစ္စာနိ။ (၅၅)

အာဝဇ္ဇန်းဒွေးသည် ကြဉ်အပ်ကုန်သော ၅၅-ပါးသော ကုသိုလ် အကုသိုလ် ဖိုလ် ကြိယာစိတ်တို့သည် ဇောကိစ္စရှိသော စိတ်တို့မည်၏။

With the exception of the two types of adverting consciousness, the fifty-five types of unwholesome, wholesome, fruition and functional consciousness perform the function of javana.

၂၆။ အဋ္ဌ မဟာဝိပါကာနိ စေဝ သန္တီရဏတ္တယဉ္စေတိ ဧကာဒသ တဒါရမ္မဏစိတ္တာနိ။ (၁၁)

ရှစ်ပါးကုန်သော မဟာဝိပါက်စိတ်တို့၄င်း သန္တီရဏသုံးပါးအပေါင်း၄င်း ဤသို့ တဆယ့်တပါးသော စိတ်တို့သည် တဒါရုံကိစ္စရှိသောစိတ်တို့ မည်၏။

The eight great resultants and the three types of investigating consciousness, totalling eleven, perform the function of registration.

## ဆိုင်ရာစိတ်တို့ တပ်နိုင်သည့် ကိစ္စများ

၂၇။ တေသု ပန ဒွေ ဥပေက္ခာသဟဂတသန္တီရဏစိတ္တာနိ ပဋိသန္ဓိ ဘဝင် စုတိ တဒါရမ္မဏ သန္တီရဏ ဝသေန ပဉ္စကိစ္စာနိ နာမ။ (၅၊၂)

အပေါင်းကို ပြဦးအံ့၊ ထိုဆိုင်ရာ ကိစ္စရှိသော စိတ်တို့တွင် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်တို့သည် ပဋိသန္ဓေ ဘဝင် စုတိ တဒါရုံ သန္တီရဏကိစ္စတို့၏ အပြားအားဖြင့် ၅-ကိစ္စရှိသော စိတ်တို့ မည်၏။

Of them, the two types of investing consciousness accompanied by equanimity perform five functions - rebirth-linking, life-continuum, death, registration, and investigating.

၂၈။ မဟာဝိပါကာနိ ပဋိသန္ဓိ ဘဝင် စုတိ တဒါရမ္မဏဝသေန စတုကိစ္စာနိ နာမ။(၄၊၈)

ရှစ်ပါးကုန်သော မဟာဝိပါက်စိတ်တို့သည် ပဋိသန္ဓေ ဘဝင် စုတိ တဒါရုံကိစ္စတို့၏ အပြားအားဖြင့် ၄-ကိစ္စရှိသောစိတ်တို့ မည်၏။

The eight great resultants perform four functions - rebirth-linking, life-continuum, death, and registration.

၂၉။ မဟဂ္ဂတဝိပါကာနိ နဝ ပဋိသန္ဓိ ဘဝင် စုတိဝသေန တိကိစ္စာနိ နာမ။(၃၊၉)

ကိုးပါးကုန်သော မဟဂ္ဂုတ်ဝိပါက်စိတ်တို့သည် ပဋိသန္ဓေ ဘဝင် စုတိကိစ္စတို့၏ အပြားအားဖြင့် ၃-ကိစ္စရှိသောစိတ်တို့ မည်၏။

The nine sublime resultants perform three functions - rebirth-linking, life-continuum, and death.

၃၀။ သောမနဿသန္တီရဏံ သန္တီရဏတဒါရမ္မဏဝသေန ဒုကိစ္စံ။ (၂၊၁)

သောမနဿသန္တီရဏစိတ်သည် သန္တီရဏ,တဒါရုံတို့၏ အပြားအားဖြင့် နှစ်ကိစ္စရှိသောစိတ်တို့ မည်၏။

The investigating consciousness accompanied by joy performs two functions investigating and registration.

၃၁။ တထာ ဝေါဋ္ဌဗ္ဗနံ ဝေါဋ္ဌဗ္ဗနာဝဇ္ဇနဝသေန။ (၂၊၁)

ဝုဋ္ဌော(မနောဒွါရာဝဇ္ဇန်း)စိတ်သည် ဝုဋ္ဌောကိစ္စ အာဝဇ္ဇန်းကိစ္စတို့၏ အပြားအားဖြင့် ထို့အတူ နှစ်ကိစ္စရှိ၏။

Similarly, the determining consciousness perform two functions - determining and adverting.

၃၂။ သေသာနိ ပန သဗ္ဗာနိပိ ဇဝနမနောဓာတုတ္တိက ဒွိပဉ္စဝိညာဏာနိ ယထာသမ္ဘဝမေကကိစ္စာနီတိ။ (၁၊၆၈)

အဘို့တပါးကား၊ ဆိုအပ်ပြီးမှ ကြွင်းကုန်သော အလုံးစုံလည်းဖြစ်ကုန်သော ဇော–၅၅, မနောဓာတ်သုံးပါး, ဒွေးပဉ္စဝိညာဏ် ၁၀–တို့သည် ဖြစ်သင့်သည်အားလျော်စွာ တကိစ္စစီရှိသော စိတ်တို့မည်၏။ ဤကား ကိစ္စအပြားအားဖြင့် စိတ်တို့ကို ပေါင်းယူခြင်းတည်း။

All the remaining types of consciousness - javana, the triple mind element, and the the two types of five fold sense consciousness - perform only one function as they arise.

## သင်္ဂဟဂါထာများ

၃၃။ ပဋိသန္ဓာဒယော နာမ၊
ကိစ္စဘေဒေန စုဒ္ဒသ။
ဒသဓာ ဌာနဘေဒေန၊
စိတ္တုပ္ပါဒါ ပကာသိတာ။

ပဋိသန္ဓေအစရှိသည်မည်ကုန်သော စိတ်တို့ကို ကိစ္စတို့၏အပြားအားဖြင့် ၁၄–ပါးတို့ဟူ၍လည်းကောင်း၊ ဌာနတို့၏ အပြားအားဖြင့် ဆယ်ပါးပြားကုန်၏ ဟူ၍လည်းကောင်း ပြအပ်ကုန်၏။

The types consciousness are declared to be fourteen according to functions such as rebirth-linking and so forth, and ten according to analysis by stages.

၃၄။ အဋ္ဌသဋ္ဌိ တထာ ဒွေ စ၊
နဝါဋ္ဌ ဒွေ ယထာက္ကမံ။
ဧက ဒွိ တိ စတု ပဉ္စ၊
ကိစ္စဋ္ဌာနာနိ နိဒ္ဒိသေ။

တကိစ္စ တဌာန, နှစ်ကိစ္စ နှစ်ဌာန, သုံးကိစ္စ သုံးဌာန, လေးကိစ္စ လေးဌာန, ငါးကိစ္စ ငါးဌာနရှိသော စိတ်တို့တို့ကို အကြင်ကြင် အစဉ်ရှိတိုင်း ၆၈–ပါးဟူ၍လည်းကောင်း ထိုမှတပါး နှစ်ပါးတို့ဟူ၍လည်းကောင်း ကိုးပါးတို့ဟူ၍လည်းကောင်း ရှစ်ပါးတို့ဟူ၍လည်းကောင်း နှစ်ပါးတို့ဟူ၍လည်းကောင်း ညွှန်ပြရာ၏။

It is stated that those which perform one function are sixty-eight; two functions, two; three functions, nine; four function, eight; and five functions, two respectively.

## ဒွါရသင်္ဂဟ

## ဒွါရ ၆–ပါး

၃၅။ ဒွါရသင်္ဂဟေ ဒွါရာနိ နာမ စက္ခုဒွါရံ သောတဒွါရံ ဃာနဒွါရံ ဇိဝှါဒွါရံ ကာယဒွါရံ မနောဒွါရဉ္စေတိ ဆဗ္ဗိဓာနိ ဘဝန္တိ။

ဒွါရသင်္ဂဟ၌ (ရထိုက်ကုန်သော) ဒွါရတို့မည်သည် စက္ခုဒွါရငှင်း သောတဒွါရငှင်း ဃာနဒွါရငှင်း ဇိဝှါဒွါရငှင်း ကာယဒွါရငှင်း ဤသို့ ခြောက်ပါးအပြားရှိကုန်သည် ဖြစ်ကုန်၏။

In the compendium of doors, there are six doors, namely: eye door, ear door, nose door, tongue door, body door, and mind door.

## ဒွါရဖြင့် စိတ်ကို ဝေဖန်ခြင်း

၃၆။ တတ္ထ စက္ခုမေဝ စက္ခုဒွါရံ။

ထိုခြောက်ပါးသော ဒွါရတို့တွင် စက္ခုပသာဒသည်ပင် စက္ခုဒွါရမည်၏။

၃၇။ တထာ သောတာဒယော သောတဒွါရာနီတိ။

ထို့အတူ သောတပသာဒအစရှိသည်တို့သည်ပင် သောတဒွါရအစရှိသည်တို့မည်၏။

Therein, the eye itself is the eye door; and so far the ear door and the others.

၃၈။ မနောဒွါရံ ပန ဘဝင်္ဂန္တိ ပဝုစ္စတိ။

အထူးကား–ဘဝင်စိတ်ကို မနောဒွါရဟူ၍ ဆိုအပ်၏။

But the life-continuum is called the mind door.

၃၉။ တတ္ထ ပဉ္စဒွါရာဝဇ္ဇန စက္ခုဝိညာဏ သမ္ပဋိစ္ဆန သန္တီရဏ ဝေါဋ္ဌဗ္ဗနကာမာဝစရ ဇဝန တဒါရမ္မဏဝသေန ဆစတ္တာလီသစိတ္တာနိ စက္ခုဒွါရေ ယထာရဟံ ဥပ္ပဇ္ဇန္တိ။ တထာ ပဉ္စဒွါရာဝဇ္ဇန သောတဝိညာဏာဒိဝသေန သောတဒွါရာဒီသုပိ ဆစတ္တာလီသေဝ ဘဝန္တီတိ သဗ္ဗထာပိ ပဉ္စဒွါရေ စတုပညာသစိတ္တာနိ ကာမာဝစရာနေဝ။ (၄၆)

ထိုခြောက်ပါးသောဒွါရတို့တွင် ပဉ္စဒွါရာဝဇ္ဇန်း စက္ခုဝိညာဉ်ဒွေး သမ္ပဋိစ္ဆိုန်းဒွေး သန္တီရဏသုံးခု ဂုဋ္ဌော ကာမဇော တခုယုတ်သုံးဆယ် တဒါရုံတို့၏ အပြားအားဖြင် ၄၆–ပါးသော စိတ်တို့သည် စက္ခုဒွါရ၌ (အာရုံ, ဘုံ, ပုဂ္ဂိုလ်, မနသိကာရ စသည်အလိုက်) ထိုက်သည်အားလျော်စွာ ဖြစ်ကုန်၏။ ထို့အတူ ပဉ္စဒွါရာဝဇ္ဇန်း သောတဝိညာဏ် အစရှိသည်တို့၏ အပြားအားဖြင့် သောတဒွါရအစရှိသည်တို့၌လည်း ၄၆–ပါးစီသာလျှင်ဖြစ်သော (စိတ်တို့သည်) ဖြစ်ကုန်၏။ ဤသို့ အလုံးစုံသောအပြားအားဖြင့်လည်း ငါးဒွါရ၌ ၅၄–ပါးသော စိတ်တို့သည် ကာမာဝစရစိတ်တို့ချည်းသာတည်း။

Therein, forty-six type of consciousness arise in the eye door according to circumstances: five-door adverting, eye-consciousness, receiving, investigating, determining, sense-sphere javanas, and registration. Likewise in the ear door, etc., forty-six types of consciousness arise, five-adverting, ear-consciousness, and so forth. It should be understood that altogether the forty-four types of sense sphere consciousness occur in the five doors.

၄၀။ မနောဒွါရေ ပန မနောဒွါရာဝဇ္ဇန ပဉ္စပညာသဇဝန တဒါရမ္မဏဝသေန သတ္တသဋ္ဌိစိတ္တာနိ ဘဝန္တိ။(၆၇)

အဖို့တပါးကား – မနောဒွါရ၌ မနောဒွါရာဝဇ္ဇန်း, ဇော ၅၅, တဒါရုံ ၁၁–ပါးတို့၏ အပြားအားဖြင့် ၆၇–ပါးသော စိတ်တို့သည် ဖြစ်ကုန်၏။

In the mind door sixty-seven types of consciousness arise:

mind-door adverting, fifty-five javanas, and registration.

၄၁။ ဧကူနဝီသတိ ပဋိသန္ဓိ ဘဝင် စုတိ ဝသေန ဒွါရဝိမုတ္တာနိ။ (၁၉)

တခုယုတ် နှစ်ဆယ်သော(စိတ်တို့သည်) ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စတို့၏ အဖြစ်ဖြင့် (ဖြစ်ကုန်သည်ရှိသော်) ဒွါရမှ လွတ်ကုန်၏။

Nineteen types of consciousness are door-freed, occurring by way of rebirth-linking, life-continuum, and death.

## ဆိုင်ရာစိတ်တို့ ဖြစ်နိုင်ရာဒွါရများ

၄၂။ တေသု ပန ပဉ္စဝိညာဏာနိ စေဝ မဟဂ္ဂတလောကုတ္တရဇဝနာနိ စေတိ ဆတ္တိံသ ယထာရဟမေကဒွါရိက စိတ္တာနိ။ (၁၊ ၃၆)

အပေါင်းကို ပြဦးအံ့၊ ထိုဆိုင်ရာဒွါရ၌ဖြစ်သော စိတ်တို့တွင် ဒွေပဉ္စဝိညာဏ် ၁၀-တို့၄င်း, မဟဂ္ဂုတ် လောကုတ္တရာဇောတို့၄င်း ဤသို့ ၃၆-ပါးသော (စိတ်တို့သည်) ထိုက်သည်အားလျော်စွာ တဒွါရ၌ ဖြစ်သော စိတ်တို့ မည်၏။

Of those (that arise through doors) thirty-six types consciousness-the two sets of fivefold sense consciousness and the sublime and supramundane javanas-are with one door accordingly.

၄၃။ မနောဓာတုတ္တကံ ပန ပဉ္စဒွါရိကံ။ (၅၊၃)

အဖို့တပါးကား၊ မနောဓာတ်သုံးခု အပေါင်းသည် ငါးဒွါရ၌ ဖြစ်၏။

Three mind-door elements arise through five doors.

၄၄။ သုခသန္တီရဏ ဝေါဋ္ဌဗ္ဗနကာမာဝစရဇဝနာနိ ဆဒွါရိကစိတ္တာနိ။ (၆၊၃၁)

သုခသန္တီရဏ ဝုဋ္ဌော ကာမဇောတို့သည် ခြောက်ဒွါရ၌ဖြစ်သော စိတ်တို့တည်း။

Joyful investigating, determining, and sense-sphere javanas arise through six door.

၄၅။ ဥပေက္ခာသဟဂတသန္တီရဏမဟာဝိပါကာနိ ဆဒွါရိကာနိစေဝ ဒွါရဝိမုတ္တာနိ စ။ (၆-၀၊၁၀)

ဥပေက္ခာသဟဂုတ် သန္တီရဏ-၂, မဟာဝိပါက်-၈ တို့သည် ရံခါ ခြောက်ဒွါရ၌လည်း ဖြစ်ကုန်၏။ ရံခါ ခြောက်ဒွါရမှလည်း လွတ်ကုန်၏။

Investigating consciousness accompanied by equanimity and the great resultants arise either through the six doors or as door-freed.

၄၆။ မဟဂ္ဂတဝိပါကာနိ ဒွါရဝိမုတ္တာနေဝါတိ။ (၀၉)

မဟဂ္ဂုတ်ဝိပါက် ၉-ပါးတို့သည် အခါခပ်သိမ်း ခြောက်ဒွါရမှ လွတ်ကုန်သည်သာလျှင်တည်း။ ဤကား ဒွါရဖြင့် စိတ်တို့ကို ပေါင်းယူခြင်းတည်း။

The sublime resultants always arise as door-freed.

## သင်္ဂဟဂါထာများ

၄၇။ ဧကဒွါရိကစိတ္တာနိ၊
ပဉ္စဆဒွါရိကာနိ စ။
ဆဒွါရိကဝိမုတ္တာနိ၊
ဝိမုတ္တာနိ စ သဗ္ဗထာ။

တဒွါရ၌ ဖြစ်သောစိတ်တို့သည်၄င်း, ငါးဒွါရ၌ ဖြစ်သောစိတ်, ခြောက်ဒွါရ၌ ဖြစ်သောစိတ်တို့သည်၄င်း ရံခါ ခြောက်ဒွါရ၌ ဖြစ်၍ ရံခါ ခြောက်ဒွါရမှလွတ်သော စိတ်တို့သည်၄င်း အလုံးစုံသောအပြားအားဖြင့် ခြောက်ဒွါရမှလွတ်သော စိတ်တို့သည်၄င်း

ဆတ္တိံသတိ တထာ တီဏိ၊
ဧကတ္တိံသ ယထာက္ကမံ။
ဒသဓာ နဝဓာ စေတိ၊
ပဉ္စဓာ ပရိဒီပယေ။

အကြင်အကြင် အစဉ်ရှိတိုင်း ၃၆-ပါးသည်၄င်း ထိုမှတပါး သုံးပါးတို့သည်၄င်း ၃၁-ပါးသည်၄င်း ဆယ်ပါးပြားကုန်သည်၄င်း ကိုးပါးပြားကုန်သည်၄င်း (ဖြစ်ကုန်၏) ဤသို့ ငါးပါးအပြားအားဖြင့် ပြရာ၏။

Thirty-six types of consciousness arise through one door, three through five doors, thirty-one through six doors or as door-freed, nine wholly free from door. Thus in five ways they are shown.

## အာရမ္မဏသင်္ဂဟ

### အာရုံ ၆–ပါး

၄၈။ အာလမ္ဗဏသင်္ဂဟေ အာရမ္မဏာနိ နာမ ရူပါရမ္မဏံ သဒ္ဒါရမ္မဏံ ဂန္ဓာရမ္မဏံ ရသာရမ္မဏံ ဖောဋ္ဌဗ္ဗာရမ္မဏံ ဓမ္မာရမ္မဏဉ္စေတိ ဆဗ္ဗိဓာနိ ဘဝန္တိ။

အာလမ္ဗဏသင်္ဂဟ၌ (ရထိုက်ကုန်သော) အာရုံတို့မည်သည် ရူပါရုံ၄င်း သဒ္ဒါရုံ၄င်း ဂန္ဓာရုံ၄င်း ရသာရုံ၄င်း ဖောဋ္ဌဗ္ဗာရုံ၄င်း ဓမ္မာရုံ၄င်း ဤသို့ ခြောက်ပါးအပြားရှိကုန်သည် ဖြစ်ကုန်၏။

In the compendium of objects, there are six kinds of objects, namely, visible form object, sound object, smell object, taste object, tangible object, and mental object.

### အာရုံဖြင့် စိတ်ကို ဝေဖန်ခြင်း

၄၉။ တတ္ထ ရူပမေဝ ရူပါရမ္မဏံ၊ တထာ သဒ္ဒါဒယော သဒ္ဒါရမ္မဏာဒီနိ။

ထိုခြောက်ပါးသော အာရုံတို့တွင် အဆင်းသည်ပင် ရူပါရုံမည်၏။ ထို့အတူ အသံအစရှိသည်တို့သည်ပင် သဒ္ဒါရုံ အစရှိသည်တို့ မည်၏။

Therein, visible form itself is visible form object. Likewise, sound etc., are sound object, etc.

၅၀။ ဓမ္မာရမ္မဏံ ပန ပသာဒ သုခုမ ရူပ စိတ္တ စေတသိက နိဗ္ဗာန ပညတ္တိဝသေန ဆဓာ သင်္ဃုတိ။

အထူကား၊ ဓမ္မာရုံကို ပသာဒရုပ် သုခုမရုပ် စိတ် စေတသိက် နိဗ္ဗာန် ပညတ်တို့၏ အပြားအားဖြင့် ခြောက်ပါး အပြားတို့ဖြင့် ပေါင်းယူအပ်၏။

But mental object is sixfold: sensitive matter, subtle matter, consciousness, mental factors, Nibbāna, and concepts.

၅၁။ တတ္ထ စက္ခုဒွါရိကစိတ္တာနံ သဗ္ဗေသမ္ပိ ရူပမေဝ အာရမ္မဏံ၊ တဉ္စ ပစ္စုပ္ပန္နံ၊ တထာ သောတဒွါရိကစိတ္တာဒီနမ္ပိ သဒ္ဒါဒီနိ၊ တာနိ စ ပစ္စုပ္ပန္နာနိယေဝ။ (၄၆)

ထိုခြောက်ပါးသော အာရုံတို့တွင် စက္ခုဒွါရိကစိတ်တို့၏ အလုံးစုံတို့၏လည်း ရူပါရုံသည်သာ အာရုံသည် (ဖြစ်၏) ထိုရူပါရုံသည်လည်း ပစ္စုပ္ပန်ရူပါရုံသာတည်း။ ထို့အတူ သောတဒွါရိကစိတ် အစရှိသည်တို့လည်း သဒ္ဒါရုံအစရှိသည်တို့သည် (အာရုံတို့သည် ဖြစ်ကုန်၏) ထိုသဒ္ဒါရုံ အစရှိသည်တို့သည်လည်း ပစ္စုပ္ပန်တို့ချည်း သာတည်း။

For all types eye-door consciousness, visible form alone is the object, and that pertains only to the present. Likewise, sound etc., are the object of ear-door consciousness, etc., and those to pertain only to the present.

၅၂။ မနောဒွါရိက စိတ္တာနံ ပန ဆဗ္ဗိဓမ္ပိ ပစ္စုပ္ပန္နမတီတံ အနာဂတံ ကာလဝိမုတ္တဉ္စ ယထာရဟမာရမ္မဏံ ဟောတိ။ (၆၇)

အထူးကား မနောဒွါရိကစိတ်တို့၏ ခြောက်ပါးအပြားရှိသော အာရုံသည်လည်း ပစ္စုပ္ပန်သည်၄င်း အတိတ်သည်၄င်း အနာဂတ်သည်၄င်း ကာလဝိမုတ်သည်၄င်း (ဖြစ်၍) ထိုက်သည်အားလျော်စွာ အာရုံသည် ဖြစ်၏။

But the object of mind-door consciousness is of six kinds and that object may-be present, past, future, or independent of time, according to circumstances.

၅၃။ ဒွါရဝိမုတ္တာနဉ္စ ပဋိသန္ဓိ ဘဝင်္ဂ စုတိ သင်္ခါတာနံ ဆဗ္ဗိဓမ္ပိ ယထာသမ္ဘဝံ ယေဘုယျေန ဘဝန္တရေ ဆဒွါရဂ္ဂဟိတံ ပစ္စုပ္ပန္နမတီတံ, ပညတ္တိဘူတံ ဝါ ကမ္မ ကမ္မနိမိတ္တ ဂတိနိမိတ္တသမ္မတံ အာရမ္မဏံ ဟောတိ။ (၁၉)

ပဋိသန္ဓေ ဘဝင် စုတိဟု ဆိုအပ်ကုန်သော ဒွါရဝိမုတ်စိတ်တို့လည်း ခြောက်ပါးအပြားရှိသော အာရုံသည်လည်း ဖြစ်သင့်သည်အားလျော်စွာ များသောအားဖြင့် အခြားမဲ့ လွန်ခဲ့ပြီးသော ဘဝတပါး၌ ခြောက်ဒွါရသည် ယူအပ်သည်၄င်း ပစ္စုပ္ပန်သည်သော်၄င်း အတိတ်သည်သော်၄င်း ပညတ်ဖြစ်၍ဖြစ်သည်သော်၄င်း ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ဟု သမုတ်အပ်သည်၄င်း(ဖြစ်၍) အာရုံသည် ဖြစ်၏။

Further, in the case of the door-freed consciousness - that is rebirth-linking, life-continuum, and death (consciousness) - the objects is six-fold, and according to the situation (that object) has usually has been apprehended in (one of) the six doors in the immediately preceding existence, as either a present of past object or as a concept. it is known as kamma, or sign of kamma, as sign of destiny.

## ဧကေန် အနေကန် အာရုံပြုသော စိတ်များ

၅၄။ တေသု စက္ခုဝိညာဏာဒီနိ ယထာက္ကမံ ရူပါဒိ ဧကေကာရမ္မဏာနေဝ။

ထိုစိတ်တို့တွင် စက္ခုဝိညာဏ် အစရှိသော စိတ်တို့သည် အကြင်အကြင် အစဉ်ရှိတိုင်း ရူပါရုံအစရှိသော တပါးတပါးစီသာ အာရုံရှိကြ၏။

Of these, eye-consciousness, etc., each take a single object, respectively, visible form, etc.

၅၅။ မနောဓာတုတ္တိကံ ပန ရူပါဒိ ပဉ္စာရမ္မဏံ။

အဖို့တပါးကား၊ မနောဓာတ်သုံးခုတို့၏ အပေါင်းသည် ရူပါရုံအစရှိသော ငါးပါးသော အာရုံရှိ၏။

But triple mind element take all five kinds of (sense) object, visible form, etc.

၅၆။ သေသာနိ ကာမာဝစရဝိပါကာနိ ဟသနစိတ္တဉ္စေတိ သဗ္ဗထာပိ ကာမာဝစရာရမ္မဏာနေဝ။
(၁၀+၃+၁၂=၂၅)

ကြွင်းသော ကာမာဝစရဝိပါက်စိတ်တို့၄င်း ဟသိတုပ္ပါဒ်စိတ်၄င်း ဤစိတ်တို့သည် အလုံးစုံသော အပြားအားဖြင့်လည်း ကာမတရားသာလျှင် အာရုံရှိကုန်၏။(သေသာနိကာမာဝစရဝိပါကဟူသည် မဟာဝိပါက် ၈-ပါးနှင့် သန္တီရဏသုံးပါးကို ဆိုလိုသည်။ ဒွေပဉ္စဝိညာဏ် ၁၀ပါးနှင့် သမ္ပဋိစ္ဆိုန်းစိတ် ၂-ပါးကို ရှေ့ဝါကျက ယူပြီး ဖြစ်သည်။ အားလုံးပေါင်းသော် ကာမဝစရဝိပါက ၂၃-ပါး ရှိသည်)

For all types eye-door consciousness, visible form alone is the object, and that pertains The remaining sense-sphere resultants and the smiling consciousness always have only sense-sphere objects.

၅၇။ အကုသလာနိ စေဝ ဉာဏဝိပ္ပယုတ္တ ကာမာဝစရဇဝနာနိ စေတိ လောကုတ္တရဝဇ္ဇိတသဗ္ဗာရမ္မဏာနိ။(၂၀)

အကုသိုလ်စိတ်တို့၄င်း ဉာဏဝိပ္ပယုတ်ကာမာဝစရဇောတို့၄င်း ဤနှစ်ဆယ်သောစိတ်တို့သည် လောကုတ္တရာသည် ကြည်အပ်သော အလုံးစုံသော အာရုံရှိကုန်၏။

The unwholesome (consciousness) and sense-sphere Javanas that are dissociated from knowledge take all objects except supramundane states.

၅၈။ ဉာဏသမ္ပယုတ္တ ကာမာဝစရကုသလာနိ စေဝ ပဉ္စမဇ္ဈာနသင်္ခါတံ အဘိညာကုသလဥ္စေတိ အရဟတ္တမဂ္ဂ ဖလဝဇ္ဇိတ သဗ္ဗာရမ္မဏာနိ။ (၅)

ဉာဏသမ္ပယုတ်ကာမာဝစရကုသိုလ်စိတ်တို့၄င်း ပဥ္စမဈာန်ဟုဆိုအပ်သော အဘိညာဉ်ကုသိုလ်စိတ်၄င်း ဤ၄ါးပါးသော စိတ်တို့သည် အရဟတ္တမဂ် အရဟတ္တဖိုလ်သည် ကြဉ်အပ်သော အလုံးစုံသော အာရုံရှိကုန်၏။

The sense-sphere wholesome (consciousness) associated with knowledge, and the wholesome direct-knowledge consciousness consisting in the fifth jhāna take all objects except the path and fruit of Arahantship.

၅၉။ ဉာဏသမ္ပယုတ္တကာမာဝစရကိရိယာနိ စေဝ ကိရိယာဘိညာဝေါဋ္ဌဗ္ဗနဥ္စေတိ သဗ္ဗထာပိ သဗ္ဗာရမ္မဏာနိ။ (၆)

ဉာဏသမ္ပယုတ်ကာမာဝစရကြိယာစိတ်တို့၄င်း ကြိယာအဘိညာဉ်စိတ်၄င်း ဝုဋ္ဌောစိတ်၄င်း ဤခြောက်ပါးသော စိတ်တို့သည် အလုံးစုံသောအပြားအားဖြင့်လည်း အလုံးစုံသော အာရုံရှိကုန်၏။

The sense-sphere functionals associated with knowledge, the functional direct-knowledge consciousness, and determining consciousness can all take kinds of objects.

၆၀။ အာရုပ္ပေသု ဒုတိယစတုတ္ထာနိ မဟဂ္ဂတာရမ္မဏာနိ။ (၆)

အာရုပ္ပစိတ်တို့တွင် ဒုတိယ, စတုတ္ထ အာရုပ္ပစိတ်တို့သည် မဟဂ္ဂုတ်တရားသာလျှင် အာရုံရှိကုန်၏။

Among the immaterial (consciousness), the second and forth take the sublime objects.

၆၁။ သေသာနိ မဟဂ္ဂတစိတ္တာနိ သဗ္ဗာနိပိ ပညတ္တာရမ္မဏာနိ။ (၂၁)

ကြွင်းကုန်သော အလုံးစုံလည်းဖြစ်ကုန်သော မဟဂ္ဂုတ်စိတ်တို့သည် ပညတ်တရားသာလျှင် အာရုံရှိကုန်၏။

All the remaining sublime consciousness take concepts as objects.

၆၂။ လောကုတ္တရစိတ္တာနိ နိဗ္ဗာနာရမ္မဏာနီတိ။

လောကုတ္တရာစိတ်တို့သည် နိဗ္ဗာန်တရားသာလျှင် အာရုံရှိကုန်၏။ ဤကား အာရုံအပြားအားဖြင့် စိတ်တို့ကို ပေါင်းယူခြင်းတည်း။

The supramundane consciousness take Nibbāna as object.

## သင်္ဂဟဂါထာများ

## ကေန် အာရုံပြုသော စိတ်များ

၆၃။ ပဉ္စဝီသ ပရိတ္တမှိ၊
ဆစိတ္တာနိ မဟဂ္ဂတေ။
ဧကဝီသတိ ဝေါဟာရေ၊
အဋ္ဌ နိဗ္ဗာနဂေါစရေ။

၂၅-ပါးသော စိတ်တို့သည် ကာမအာရုံ၌သာ (ဖြစ်ကုန်၏) ခြောက်ပါးသောစိတ်တို့သည် မဟဂ္ဂုတ် အာရုံ၌သာ (ဖြစ်ကုန်၏)။ ၂၁-ပါးသောစိတ်တို့သည် ပညတ်အာရုံ၌သာ (ဖြစ်ကုန်၏) ၈-ပါးသော စိတ်တို့ သည် နိဗ္ဗာန်အာရုံ၌သာ ဖြစ်ကုန်၏။

Twenty-five types of consciousness are connected with lower objects;
six with sublime, twenty-one with concepts; eight with Nibbāna.

## အနေကန် အာရုံပြုသော စိတ်များ

ဝီသာနုတ္တရမုတ္တမှိ၊
အဂ္ဂမဂ္ဂဖလုဇ္ဈိတေ။
ပဉ္စ သဗ္ဗတ္ထ ဆစ္စေတိ၊
သတ္တဓာ တတ္ထ သင်္ဂဟော။

၂၀–သောစိတ်တို့သည် လောကုတ္တရာကိုးပါးမှလွတ်သော အလုံးစုံသော အာရုံ၌ ဖြစ်ကုန်၏။ ငါးပါးကုန်သော စိတ်တို့သည် အရဟတ္တမဂ် အရဟတ္တဖိုလ်သည် ကြည်အပ်သော အလုံးစုံသော အာရုံ၌ ဖြစ်ကုန်၏။ ခြောက်ပါးသောစိတ်တို့သည်ကား အလုံးစုံသောအာရုံ၌ ဖြစ်ကုန်၏။ ဤသို့ ထိုအာရမ္မဏသင်္ဂဟ၌ ခုနစ်ပါးအပြားအားဖြင့် ပေါင်းယူ ရေတွက်ခြင်းသည် ဖြစ်၏။

Twenty are connected with all objects except the supramundane; five with all except the highest path and fruit; and six with all. Thus sevenfold is their grouping.

## ဝတ္ထုသင်္ဂဟ

## ဝတ္ထု ၆-ပါး

၆၄။ ဝတ္ထုသင်္ဂဟေ ဝတ္ထူနိ နာမ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဟဒယဝတ္ထု စေတိ ဆဗ္ဗိဓာနိ ဘဝန္တိ။

ဝတ္ထုသင်္ဂဟ၌ (ရထိုက်ကုန်သော) ဝတ္ထုတို့မည်သည် စက္ခုဝတ္ထုငှ်း သောတဝတ္ထုငှ်း ဃာနဝတ္ထုငှ်း ဇိဝှါဝတ္ထုငှ်း ကာယဝတ္ထုငှ်း ဟဒယဝတ္ထုငှ်း ဤသို့ ခြောက်ပါးရှိကုန်သည် ဖြစ်ကုန်၏။

In the summary of base, there are six base, namely, eye, ear, nose, tongue, body, and heart-base.

## ဝတ္ထုဖြင့် ဘုံကို ဝေဖန်ခြင်း

၆၅။ တာနိ ကာမလောကေ သဗ္ဗာနိပိ လဗ္ဘန္တိ။

ထိုခြောက်ပါးသော ဝတ္ထုရုပ်တို့ကို ကာမဘုံ၌ အလုံစုံတို့ကိုလည်း ရအပ်ကုန်၏။

All these, too, are found in the sense world.

၆၆။ ရူပလောကေ ပန ဃာနာဒိတ္တယံ နတ္ထိ။

အဘို့တပါးကား၊ အသညသတ်ကြဉ်သော ရူပဘုံ၌ ဃာနအစရှိသော ဝတ္ထုရုပ်သုံးပါးအပေါင်းသည် မရှိ။

But in fine material world three base - nose, tongue and body - are not found.

၆၇။ အရူပလောကေ ပန သဗ္ဗာနိပိ န သံဝိဇ္ဇန္တိ။

အဘို့တပါးကား၊ အရူပဘုံ၌ အလုံးစုံသော ဝတ္ထုရုပ်တို့သည်လည်း မရှိကုန်။

In the immaterial world no base exists.

## ဝတ္ထုဖြင့် စိတ်ကို ဝေဖန်ခြင်း

၆၈။ တတ္ထ ပဉ္စဝိညာဏဓာတုယော ယထာက္ကမံ ဧကန္တေန ပဉ္စပသာဒဝတ္ထူနိ နိဿာယေဝ ပဝတ္တန္တိ။

ထိုခြောက်ပါးသော ဝတ္ထုတို့တွင် ပဉ္စဝိညာဏဓာတ်တို့သည် အကြင်အကြင် အစဉ်ရှိတိုင်း ဧကန်အားဖြင့် ငါးပါးသော ပသာဒဝတ္ထုတို့ကို မှီ၍သာလျှင် ဖြစ်ကုန်၏။

Therein, the five elements of sense consciousness occur entirely dependent on the five sensitive parts (of the sense organs) as their respective bases (2x5=10).

၆၉။ ပဉ္စဒွါရာဝဇ္ဇန သမ္ပဋိစ္ဆနသင်္ခါတာ ပန မနောဓာတု စ ဟဒယံ နိဿိတာယေဝ ပဝတ္တတိ။

အဘို့တပါးကား၊ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆုန်းဒွေးဟု ဆိုအပ်သော မနောဓာတ်သည်လည်း ဟဒယဝတ္ထုကို မှီလျက်သာလျှင် ဖြစ်၏။

But the mind element - namely, the five-door-adverting consciousness and the (two types of) receving consciousness- occur in dependence on the heart.

၇၀။ အဝသေသာ ပန မနောဝိညာဏဓာတုသင်္ခါတာ စ သန္တီရဏ မဟာဝိပါက ပဋိဃဒွယ ပဌမမဂ္ဂ ဟသန ရူပါဝစရဝသေန ဟဒယံ နိဿာယေဝ ပဝတ္တန္တိ။ (၁၀+၃+၃၀=၄၃)

အဘို့တပါးကား၊ ကြွင်းကုန်သော မနောဝိညာဏဓာတ်ဟုဆိုအပ်သော စိတ်တို့သည်လည်း သန္တီရဏ မဟာဝိပါက် ဒေါသမူဒွေး သောတာပတ္တိမဂ် ဟသိတုပ္ပါဒ် ရူပစိတ်တို့၏ အဖြစ်ဖြင့် (ဖြစ်ကုန်သည်ရှိသော်) ဟဒယဝတ္ထုကို မှီ၍သာလျှင် ဖြစ်ကုန်၏။

Likewise, those that remains - namely, the mind-consciousness element comprising the investigating consciousness, the great resultants, the two accompanied by aversion, the first path consciousness, smiling consciousness and the fine-material sphere consciousness- occur in dependence on the heart.(3+3+8+2+1+1+15=33)

၇၁။ အ၀သေသာ ကုလလာကုသလကိရိယာနုတ္တရ၀သေန ပန နိဿာယ ၀ါ အနိဿာယ ၀ါ။ (၄၂)

အဘို့တပါးကား၊ ကြွင်းသော ကုသိုလ် အကုသိုလ် ကြိယာ လောကုတ္တရာတို့၏အဖြစ်ဖြင့် (ဖြစ်ကုန်သည်ရှိသော်) မှီ၍၎င်း မမှီဘဲ၎င်း ဖြစ်ကုန်၏။

The remaining classes of consciousness, weather wholesome, unwholesome, functional, or supramundane, may be either depend on, or independent of, the heart base. (12+10+13+7=42)

၇၂။ အာရုပ္ပဝိပါကဝသေန ဟဒယံ အနိဿာယေ၀ါတိ။ (၄)

အရူပဝိပါက်အဖြစ်ဖြင့်(ဖြစ်ကုန်သည်ရှိသော်)ဟဒယ၀တ္ထုကို မမှီဘဲသာလျှင် ဖြစ်ကုန်၏။

The immaterial-sphere resultants are independent of the heart base. (4)

## သင်္ဂဟဂါထာများ

၇၃။ ဆ၀တ္ထုံ နိဿိတာ ကာမေ၊
သတ္တ ရူပေ စတုဗ္ဗိဓာ၊
တိ၀တ္ထုံ နိဿိတာ ရူပေ၊
ဓာတွေကာနိဿိတာ မတာ။ (ဓာတု+ဧကာ+အနိဿိတာ)

ကာမ ၁၁-ဘုံ၌ ခြောက်ပါးသော၀တ္ထုရုပ်ကို မှီကုန်သော ၇-ပါးသော ဓာတ်တို့ကို (သိအပ်ကုန်၏) အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၌ သုံးပါးသော ၀တ္ထုရုပ်တို့ကို မှီကုန်သော လေးပါးအပြားရှိသော ဓာတ်တို့ကို (သိအပ်ကုန်၏) အရူပလေးဘုံ၌ မမှီသော တခုသော မနောဝိညာဏဓာတ်ကို သိအပ်၏။

It should be known that in the sensuous sphere plane seven element are dependent on the six bases, in the fine-material plane four are depend on these bases, in immaterial plane the one signal element is not dependent on any.

၇၄။ တေစတ္တာလီသ နိဿာယ၊
ဒွေစတ္တာလီသ ဇာယရေ။
နိဿာယ စ အနိဿာယ၊
ပါကာရုပ္ပါ အနိဿိတာ။

၄၃-ပါးသော (စိတ်တို့သည်) မှီ၍သာလျှင် ဖြစ်ကုန်၏။ ၄၂-ပါးသောစိတ်တို့သည် မှီ၍၎င်း, မမှီဘဲ၎င်း, ဖြစ်ကုန်၏။ အာရုပ္ပဝိပါက်လေးခုတို့သည် မမှီကုန်ဘဲသာ ဖြစ်ကုန်၏။

Forty-three (types of consciousness) arise depend on a base. Forty-two arise with or without a base. The immaterial resultants arise without any base.

ဣတိ အဘိဓမ္မတ္ထသင်္ဂဟေ ပကိဏ္ဏကသင်္ဂဟဝိဘာဂေါ နာမ တတိယော ပရိစ္ဆေဒေါ။

အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၌ ပကိဏ္ဏကသင်္ဂဟဝိဘာဂမည်သော သုံးပိုင်းတို့၏ ပြည့်ကြောင်းဖြစ်သော အပိုင်းသည် ပြီးပြီ။

Thus ends the third chapter in the Manual of Abhidhamma entitled the Compendium of the Miscellaneous.

ပကိဏ်းပိုင်း ပြီး၏။

# ဝီထိပိုင်း

## ပဋိညာဉ်

၁။ စိတ္တုပ္ပါဒါနမိစ္စေဝံ၊
ကတွာ သင်္ဂဟ မုတ္တရံ။
ဘူမိပုဂ္ဂလဘေဒေန၊
ပုဗ္ဗာပရ နိယာမိတံ။

ပဝတ္တိသင်္ဂဟံ နာမ၊
ပဋိသန္ဓိ ပဝတ္တိယံ။
ပဝက္ခာမိ သမာသေန၊
ယထာသမ္ဘဝတော ကထံ။

ဤဆိုအပ်ပြီးသောနည်းဖြင့် စိတ်စေတသိက်တို့၏ ကောင်းမြတ်သော ပကိဏ္ဏကသင်္ဂဟကို ပြုစီရင်ပြီး၍ ဘူမိဘေဒ ပုဂ္ဂလဘေဒနှင့်တကွ ရှေ့စိတ်နောက်စိတ်တို့ကို ပိုင်းခြားမှတ်သားအပ်ရာဖြစ်သော ပဋိသန္ဓေအခါ ပဝတ္တိအခါ၌ စိတ်စေတသိက်တို့၏ ဖြစ်ပုံကိုပြ ပဝတ္တိမည်သော သင်္ဂဟကို ဖြစ်သင့်သည်အား လျော်စွာ အကျဉ်းအားဖြင့် ဆိုပေအံ့။ အဘယ်သို့ဆိုအံ့နည်း။

Having thus completed the excellent compendium of states of consciousness, I shall briefly explain in due order the occurrence of consciousness both at rebirth-linking and during the course of existence, according to the planes and individuals, and as determined by what (states of consciousness) precede and follow.

## ဆ ဆက္က မာတိကာ

၂။ ဆ ဝတ္ထူနိ, ဆ ဒွါရာနိ, ဆ အာရမ္မဏာနိ, ဆ ဝိညာဏာနိ, ဆ ဝီထိယော, ဆဓာ ဝိသယပ္ပဝတ္တိ စေတိ ဝီထိသင်္ဂဟေ ဆ ဆက္ကာနိ ဝေဒိတဗ္ဗာနိ။

ခြောက်ပါးကုန်သော ဝတ္ထုတို့၄င်း, ခြောက်ပါးကုန်သော ဒွါရတို့၄င်း, ခြောက်ပါးကုန်သော အာရမ္မဏတို့၄င်း, ခြောက်ပါးကုန်သော ဝိညာဉ်တို့၄င်း, ခြောက်ပါးကုန်သော ဝီထိတို့၄င်း, ခြောက်ပါးပြားသော ဝိသယပ္ပဝတ္တိတို့၄င်း, ဤသို့ ခြောက်ပါးကုန်သော ဆက္ကတို့ကို သိအပ်ကုန်၏။

In the compendium of the cognitive process, six classes each with six members should be understood:
(i) Six bases;
(ii) Six doors;
(iii) six objects;
(iv) six types of consciousness;
(v) six processes; and
(vi) sixfold presentation of object.

### အမှာစကား

၃။ ဝီထိမုတ္တာနံ ပန ကမ္မ ကမ္မနိမိတ္တ ဂတိနိမိတ္တဝသေန တိဝိဓာ ဟောတိ ဝိသယပ္ပဝတ္တိ။

ဆက်ဦးအံ့၊ ဝီထိမုတ်စိတ်တို့၏ ကံ ကမ္မနိမိတ် ဂတိနိမိတ်တို့၏ အပြားအားဖြင့် အာရုံတို့၏ ဖြစ်ခြင်းသည် သုံးပါးအပြားရှိသည် ဖြစ်၏။

The presentation of objects to the process-freed consciousness is threefold, namely, kamma, sign of destiny.

၄။ တတ္ထ ဝတ္ထုဒွါရာရမ္မဏာနိ ပုဗ္ဗေ ဝုတ္တနယာနေဝ။

ထိုခြောက်ပါးတို့တွင် ဝတ္ထုဆက္က ဒွါရဆက္က အာရမ္မဏဆက္ကတို့သည် ရှေ့ပကိဏ္ဏကသင်္ဂဟ၌ ဆိုအပ်ပြီးသော နည်းရှိကုန်သည်သာတည်း။

The bases, doors, and objects therein are as described before.

## ဝိညာဏဆက္က

၅။ စက္ခုဝိညာဏံ, သောတဝိညာဏံ, ဃာနဝိညာဏံ, ဇိဝှါဝိညာဏံ, ကာယဝိညာဏံ, မနောဝိညာဏန္တေတိ ဆ ဝိညာဏာနိ။

စက္ခုဝိညာဉ်၄င်း သောတဝိညာဉ်၄င်း ဃာနဝိညာဉ်၄င်း ဇိဝှါဝိညာဉ်၄င်း ကာယဝိညာဉ်၄င်း မနောဝိညာဉ်၄င်း ဤသို့ ခြောက်ပါးသော ဝိညာဉ်တို့ကို သိထိုက်ကုန်၏။

The six types of consciousness are: eye-consciousness, ear-consciousness, nose-consciousness, tongue-consciousness, body-consciousness, and mind-consciousness.

၆။ ဆ ဝီထိယော ပန စက္ခုဒွါရဝီထိ, သောတဒွါရဝီထိ, ဃာနဒွါရဝီထိ, ဇိဝှါဒွါရဝီထိ, ကာယဒွါရဝီထိ, မနောဒွါရဝီထိ စေတိ ဒွါရဝသေန ဝါ၊ စက္ခုဝိညာဏဝီထိ, သောတဝိညာဏဝီထိ, ဃာနဝိညာဏဝီထိ, ဇိဝှါဝိညာဏဝီထိ, ကာယဝိညာဏဝီထိ ဝသေန ဝါ ဒွါရပ္ပဝတ္တာ စိတ္တပ္ပဝတ္တိယော ယောဇေတဗ္ဗာ။

အဘို့တပါးကား စက္ခုဒွါရဝီထိ၄င်း သောတဒွါရဝီထိ၄င်း ဃာနဒွါရဝီထိ၄င်း ဇိဝှါဒွါရဝီထိ၄င်း ကာယဒွါရဝီထိ၄င်း မနောဒွါရဝီထိ၄င်း ဤသို့ ဒွါရနှင့်စပ်သဖြင့်၄င်း, စက္ခုဝိညာဏဝီထိ၄င်း သောတဝိညာဏဝီထိ၄င်း ဃာနဝိညာဏဝီထိ၄င်း ဇိဝှါဝိညာဏဝီထိ၄င်း ကာယဝိညာဏဝီထိ၄င်း ဤသို့ ဝိညာဉ်နှင့် စပ်သဖြင့်လည်းကောင်း ဒွါရ၌ဖြစ်ကုန်သော စိတ်တို့၏ဖြစ်ခြင်းဟူကုန်သော ခြောက်ပါးကုန်သော ဝီထိတို့ကို ယှဉ်စေထိုက်ကုန်၏။

According to the doors the six cognitive process are:

(i) the process of connected with eye door;
(ii) the process of connected with ear door;
(iii) the process of connected with nose door;
(iv) the process of connected with tongue door;
(v) the process of connected with body door;
(vi) the process of connected with mind door;

Or according to consciousness, the cognitive process are:

(i) the process of connected with eye-consciousness;
(ii) the process of connected with ear-consciousness;
(iii) the process of connected with nose-consciousness;
(iv) the process of connected with tongue-consciousness;
(v) the process of connected with body-consciousness;
(vi) the process of connected with mind-consciousness;

The cognitive process connected with doors should be co-ordinated (with the corresponding consciousness).

## ဝိသယပ္ပဝတ္တိ ဆက္က

၇။ အတိမဟန္တံ, မဟန္တံ, ပရိတ္တံ, အတိပရိတ္တန္တေတိ ပဉ္စဒ္ဒါရေ၊ မနောဒ္ဒါရေ ပန ဝိဘူတမဝိဘူတန္တေတိ ဆဓာ ဝိသယပဝတ္တိ ဝေဒိတဗ္ဗာ။

ပဉ္စဒွါရ၌ အတိမဟန္တာရုံငှင်း မဟန္တာရုံငှင်း ပရိတ္တာရုံငှင်း အတိပရိတ္တာရုံငှင်း ဤသို့ငှင်း,
မနောဒွါရ၌ကား ဝိဘူတာရုံလည်းကောင်း အဝိဘူတာရုံငှင်း ဤသို့ငှင်း,
ခြောက်ပါးပြားသော ဝိသယပ္ပဝတ္တိကို သိထိုက်၏။

The sixfold presentation of objects should be understood as follows:
a. At the five sense door, it is: (i) very great, (ii) great, (iii) slight, (iiii) very slight.
b. At the mind door, it is: (v) clear (vi) obscure.

## စိတ်သက်နှင့်ရုပ်သက်

၈။ ကထံ?
ဥပ္ပါဒ ဋ္ဌိတိ ဘင်္ဂဝသေန ခဏတ္တယံ ဧကစိတ္တက္ခဏံ နာမ။

ဝိသယပ္ပဝတ္တိခြောက်ပါး အဘယ်သို့ပြားသနည်း။
ဥပါဒ်ခဏ ဋ္ဌီခဏ ဘင်ခဏတို့၏ အပြားအားဖြင့် ခဏငယ်သုံးခုတို့၏ အပေါင်းသည် တခုသော စိတ္တက္ခဏ မည်၏။

How(is the intensity in the presentation of objects determined)?
One mind-moment consists of the three (sub-) moments-arising, presence, and dissolution.

၉။ တာနိ ပန သတ္တရသ စိတ္တက္ခဏာနိ ရူပဓမ္မာနမာယု။

အဘို့တပါးကား တဆဲ့ခုနှစ်ချက်ကုန်သော ထိုစိတ္တက္ခဏတို့သည် (ဝိညတ်ရုပ် လက္ခဏရုပ် လေးခုမှတပါး) နှစ်ဆယ့်နှစ်ပါးသော ရုပ်တတရားတို့၏ အသက်ရှည်ရာကာလတည်း။

The duration of material phenomena consists of seventeen such mind-moments.

## ပဋ္ဌဒွါရဝီထိ

## စက္ခုဒွါရအတိမဟန္တာရုံဝီထိ

၁၀။ ဧကစိတ္တက္ခဏာတီတာနိ ဝါ ဗဟုစိတ္တက္ခဏာတီတာနိ ဝါ ဌိတိပ္ပတ္တာနေဝ ပဉ္စာရမ္မဏာနိ ပဉ္စဒွါရေ အာပါထ မာဂစ္ဆန္တိ၊ တသ္မာ ယဒိ ဧကစိတ္တက္ခဏာတီတကံ ရူပါရမ္မဏံ စက္ခုဿ အာပါထမာဂစ္ဆတိ။ တတော ဒွိက္ခတ္တုံ ဘဝင်္ဂေ စလိတေ ဘဝင်္ဂသောတံ ဝေါစ္ဆိန္ဒိတွာ တမေဝ ရူပါရမ္မဏံ အာဝဇ္ဇန္တံ ပဉ္စဒွါရာဝဇ္ဇနစိတ္တံ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ။

တတော တဿာနန္တရံ တမေဝ ရူပံ ပဿန္တံ စက္ခုဝိညာဏံ, သမ္ပဋိစ္ဆန္တံ သမ္ပဋိစ္ဆနစိတ္တံ, သန္တီရယမာနံ သန္တီရဏစိတ္တံ, ဝဝတ္ထပေန္တံ ဝေါဋ္ဌဗ္ဗနစိတ္တဉ္စေတိ ယထာက္ကမံ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ။ တတော ပရံ ဧကူနတ္တိံသ ကာမာဝစရဇဝနေသု ယံကိဉ္စိ လဒ္ဓပစ္စယံ ယေဘုယျေန သတ္တက္ခတ္တုံ ဇဝတိ။ ဇဝနာနုဗန္ဓာနိ စ ဒွေ တဒါရမ္မဏပါကာနိ ယထာရဟံ ပဝတ္တန္တိ၊ တတော ပရံ ဘဝင်္ဂပါတော။

တခုသောစိတ္တက္ခဏကိုလွန်ကုန်သည် (ဖြစ်၍၄င်း) များစွာသောစိတ္တက္ခဏကိုလွန်ကုန်သည် (ဖြစ်၍၄င်း) ဌီခဏသို့ရောက်ကုန်သည်ဖြစ်၍သာလျှင် ငါးပါးသော အာရုံသည် ငါးဒွါရ၌ ရှေးရှုကျခြင်းသို့(ထင်ခြင်းသို့) ရောက်ကုန်၏။ ထို့ကြောင့် လွန်ပြီးသော တခုသောစိတ္တက္ခဏရှိသော ရူပါရုံသည် စက္ခုပသာဒ၏ (ဝါ-စက္ခုပသာဒသို့) ရှေးရှုကျခြင်းသို့ (ဝါ-ထင်ခြင်းသို့) အကယ်၍ရောက်လာအံ့၊ ထိုသို့ထင်လာသည်ရှိသော် (ထိုသို့ရောက်လာခြင်းကြောင့်) နှစ်ကြိမ် ဘဝင်သည် လှုပ်ပြီးသည်ရှိသော် ဘဝင်အယဉ်ကိုဖြတ်၍ ထိုရူပါရုံကိုပင် ဆင်ခြင်သကဲ့သို့ဖြစ်သော ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် ဖြစ်ပြီး၍ ချုပ်၏။

ထိုသို့ ပဉ္စဒွါရာဝဇ္ဇန်းစိတ်၏ချုပ်ခြင်းကြောင့် ထိုပဉ္စဒွါရာဝဇ္ဇန်းစိတ်၏အခြားမဲ့၌ ထိုရူပါရုံကိုပင် မြင်တတ်သော စက္ခုဝိညာဏ်စိတ်၄င်း ခံယူသကဲ့သို့ဖြစ်သော သမ္ပဋိစ္ဆိုန်းစိတ်၄င်း စုံစမ်းသကဲ့သို့ဖြစ်သော သန္တီရဏစိတ်၄င်း ပိုင်းခြားသတ်မှတ်ဆုံးဖြတ်သကဲ့သို့ဖြစ်သော ဝုဋ္ဌောစိတ်၄င်း ဤစိတ်တို့သည် အကြင်အကြင် အစဉ်ရှိတိုင်း ဖြစ်ပြီး၍ ချုပ်ပျက်ကုန်၏။ ထိုဝုဋ္ဌောစိတ်မှ နောက်၌ တခုယုတ် ၃၀-သော ကာမာဝစရဇောတို့တွင် အမှတ်မထားတပါးပါးသော ဇောသည် ရအပ်သော မနသိကာရစသော အကြောင်းရှိသည်ဖြစ်၍ များသောအားဖြင့် ခုနစ်ကြိမ် အဟုန်ပြင်းစွာဖြစ်ပေါ်လာ၏ (ဝါ-စော၏)။ ဇောသို့အစဉ်လိုက်သော နှစ်ကြိမ်ကုန်သော တဒါရုံဝိပါက်စိတ်တို့သည်လည်း သတ္တဝါအလိုက် ထိုက်သည်အားလျော်စွာ ဖြစ်ကုန်၏။ ထိုဒုတိယတဒါရုံမှ နောက်၌ ဘဝင်ကျခြင်းသည် ဖြစ်၏။

The five sense objects enter the avenue of the five sense doors at the stage of presence, when one or several mind-moments have passed. Therefore, if a visible form as object, having passed one mind moment, (i), enters the avenue of the eye, the life-continuum vibrates for two mind-moment and is arrested. (ii, iii). Then five-door adverting consciousness arises and cease adverting to that the same visible form as object(iv). Immediately after there arise and cease in due order:

(v) eye-consciousness seeing that form;
(vi) receiving consciousness receiving it;
(vii) investigating consciousness investigating it;
(viii) determining consciousness determining it.

Following this, any one of twenty-nine sense-sphere javanas which has gained the right condition run its course, generally for seven mind-moments (ix-xv), after this javanas, two registration resultants arise accordingly(xvi-xvii). Then comes subsidence into the life-continuum.

၁၁။ ဧတ္တာဝတာ စုဒ္ဒသ ဝီထိစိတ္တုပ္ပါဒါ, ဒွေ ဘဝင်္ဂစလနာနိ, ပုဗ္ဗေဝါတီတကမေကစိတ္တက္ခဏန္တိ ကတွာ သတ္တရသစိတ္တက္ခဏာနိ ပရိပူရေန္တိ၊ တတော ပရံ နိရုဇ္ဈတိ၊ အာရမ္မဏမေတံ အတိမဟန္တံ နာမ ဂေါစရံ။

ဤမျှအတိုင်းအရှည်ရှိသောအစဉ်ဖြင့် တဆဲ့လေးကြိမ်ကုန်သော ဝီထိစိတ္တုပ္ပါဒ်တို့၄င်း နှစ်ကြိမ်ကုန်သော ဘဝင်္ဂစလနတို့၄င်း ရှေးကပင်လျှင် လွန်နှင့်ပြီးသော တခုသော စိတ္တက္ခဏ၄င်း ဤသို့ပြု၍ ၁၇–ချက်သော စိတ္တက္ခဏတို့သည် ပြည့်ကုန်၏။ ထိုသို့ ၁၇–ချက်ပြည့်ခြင်းကြောင့် ချုပ်၏။ ဤအာရုံသည် အတိမဟန္တမည်သော အာရုံတည်း။ (တတောပရံ–ဟု တတော နောက်၌ ပရံ ရှိသည်ကား အပို)

To this extent seventeen-mind-moment are completed, namely, fourteen acts of process consciousness, two vibration of the life continuum, and one mind-moment that had passed prior to (the process). Then the object ceases. The object is called "very great."

## မဟန္တာရုံဝီထိ

၁၂။ ယာဝ တဒါရမ္မဏုပ္ပါဒါ ပန အပ္ပဟောန္တာတီတက မာပါထ မာဂတံ အာရမ္မဏံ မဟန္တံ နာမ၊ တတ္ထ ဇဝနာဝသာနေ ဘဝင်္ဂပါတောဝ ဟောတိ၊ နတ္ထိ တဒါရမ္မဏုပ္ပါဒေါ။

အဘို့တပါးကား၊ တဒါရုံနှစ်ကြိမ်ဖြစ်ရာခဏတိုင်အောင် တည်ခြင်းငှါ မစွမ်းနိုင်သည်ဖြစ်၍ လွန်ခဲ့ပြီး သည်(ဖြစ်၍) ရှေးရှုကျခြင်းသို့(ထင်ခြင်းသို့) ရောက်လာသောအာရုံသည် မဟန္တာရုံမည်၏။ ထိုမဟန္တာရုံဝီထိ၌ ဇောအဆုံး၌ ဘဝင်ကျခြင်းသည်သာလျှင် ဖြစ်၏။ တဒါရုံတို့၏ ဖြစ်ခြင်းသည် မရှိ။

♠ န ပဟောတိ–မစွမ်းနိုင်၊ ဣတိ–ထို့ကြောင့်၊ အပ္ပဟောန္တံ–အပဟောန္တမည်၏။ အပ္ပဟောန္တံ–မစွမ်းနိုင်သည်၊ ဟုတွာ–ဖြစ်၍၊ အတီတကံ–လွန်သောအာရုံတည်း၊ အပ္ပဟောန္တတီတကံ–မစွမ်းနိုင်သည်ဖြစ်၍ လွန်သောအာရုံ။ ပဟောန္တ–၌ ပရှေးရှိသော ဟု–ဓာတ်၊ တနည်း ပဟု–ဓာတ်။ (သဒ္ဒါဂြိုဟ်ဘာဋီ–၂၃၁)
အပ္ပဟောန္တ (တိ) မလောက်သော၊ မပြည့်သော၊ လိုနေသော၊ မစွမ်းနိုင်သော (တိပိဋကအဘိဓာန်)

The object is called "great" when it enter the avenue of sense after having passed ( a few moments) and is unable to survive till arising of the registration mind-moments. In that case, at the end of javanas, there is subsidence into the life-continuum and no arising of registration consciousness.

## ပရိတ္တာရုံဝီထိ

၁၃။ ယာဝ ဇဝနုပ္ပါဒါပိ အပ္ပဟောန္တာတီတက မာပါထ မာဂတံ အာရမ္မဏံ ပရိတ္တံ နာမ၊ တတ္ထ ဇဝနမ္ပိ အနုပ္ပဇ္ဇိတွာ ဒွတ္တိက္ခတ္တုံ ဝေါဋ္ဌဗ္ဗနမေဝ ပဝတ္တတိ၊ တတော ပရံ ဘဝင်္ဂပါတောဝ ဟောတိ။

ဇောခုနစ်ကြိမ်ဖြစ်ရာကာလတိုင်အောင်လည်း တည်ခြင်းငှါ မစွမ်းနိုင်သည်ဖြစ်၍ လွန်ခဲ့ပြီးသည် (ဖြစ်၍) ရှေးရှုကျခြင်းသို့ (ထင်ခြင်းသို့) ရောက်လာသောအာရုံသည် ပရိတ္တာရုံမည်၏။ ထိုပရိတ္တာရုံဝီထိ၌ ဇော၏မဖြစ်ခြင်းကြောင့် နှစ်ကြိမ်သုံးကြိမ် ဝုဋ္ဌောစိတ်သည်သာလျှင် ဖြစ်၏။ ထိုဝုဋ္ဌောမှနောက်၌ ဘဝင်ကျခြင်းသည်သာလျှင် ဖြစ်၏။

The object is called "slight" when it enter the avenue of sense after having passed ( a few moments) and is unable to survive till arising of the rjavanas. In that case, even the javanas do not arise, but determining consciousness occurs for two or three moments, and then there is subsidence into the life-continuum.

## အတိပရိတ္တာရုံဝီထိ

၁၄။ ယာဝ ဝေါဋ္ဌဗ္ဗနုပ္ပါဒါ စ ပန အပ္ပဟောန္တာတီတက မာပါထမာဂတံ နိရောဓာသန္နမာရမ္မဏံ အတိပရိတ္တံ နာမ၊ တတ္ထ ဘဝင်္ဂစလနမေဝ ဟောတိ၊ နတ္ထိ ဝီထိစိတ္တုပ္ပါဒေါ။

အဘို့တပါးကား၊ ဝုဋ္ဌောနှစ်ကြိမ်ဖြစ်ရာကာလတိုင်အောင်လည်း တည်ခြင်းငှါ မစွမ်းနိုင်သည်ဖြစ်၍ လွန်ခဲ့ပြီးသည်(ဖြစ်၍) ရေးရှုကျခြင်းသို့(ထင်ခြင်းသို့)ရောက်လာသော နီးကပ်သောချုပ်ခြင်းရှိသော (ချုပ်လုခါနီးဖြစ်သော) အာရုံသည် အတိပရိတ္တာရုံမည်၏။ ထိုအတိပရိတ္တာရုံဝီထိ၌ ဘဝင်လှုပ်ရုံသာလျှင် ဖြစ်၏။ ဝီထိစိတ်တို့၏ ဖြစ်ခြင်းသည် မရှိ။

The object is called "very slight" when it enter the avenue of sense as it is on the verge of ceasing and, after having passed ( a few moments) and is unable to survive till arising of the determining consciousness. In that case, there is merely vibration of the life-continuum, but no arising of a cognitive process.

## သောတဒွါရစသည်

၁၅။ ယ္ကစ္စေတံ စက္ခုဒွါရေ, တထာ သောတဒွါရာဒီသု စေတိ သဗ္ဗထာပိ ပဉ္စဒွါရေ တဒါရမ္မဏဇဝနဝေါဋ္ဌဗ္ဗန မောဃဝါရသင်္ခါတာနံ စတုန္နံ ဝါရာနံ ယထာက္ကမံ အာရမ္မဏဘူတာ ဝိသယပဝတ္တိ စတုဓာ ဝေဒိတဗ္ဗာ။

ဤဆိုအပ်ပြီးသောနည်းဖြင့် စက္ခုဒွါရ၌ကဲ့သို့ ထို့အတူ သောတဒွါရအစရှိသည်တို့၌လည်း ဤသို့ အလုံးစုံသော အပြားအားဖြင့်လည်း ပဉ္စဒွါရ၌ တဒါရမ္မဏဝါရ ဇဝနဝါရ ဝေါဋ္ဌဗ္ဗနဝါရ မောဃဝါရဟုဆိုအပ်ကုန်သော လေးပါးကုန်သော ဝါရတို့၏ အကြင်အကြင်အစဉ်ရှိတိုင်း အာရုံဖြစ်၍ ဖြစ်သော အာရုံတို့၏ဖြစ်ခြင်းကို လေးပါးပြား၏ဟူ၍ သိထိုက်၏။

As in the eye door, so in the ear door, etc. Thus in all the five doors, the fourfold presentation of objects should be understood, in due order, in the four ways known as:

(i) the course (ending with) registration;
(ii) the course (ending with) registration;
(iii) the course (ending with) determining: and
(iv) the futile course.

## ဝီထိစိတ် သရုပ် သင်္ဂဟဂါထာ

၁၆။ ဝီထိစိတ္တာနိ သတ္တေဝ
စိတ္တုပ္ပါဒါ စုဒ္ဒသ၊
စတုပ္ပညာသ ဝိတ္ထာရာ၊
ပဉ္စဒွါရေ ယထာရဟံ။

ပဉ္စဒွါရ၌ ဒွါရအာရုံအလိုက် ထိုက်သည်အားလျော်စွာ ဝီထိစိတ်တို့သည် ခုနစ်ပါးတို့သာတည်း။ စိတ်တို့၏ ဖြစ်ခြင်းအားဖြင့် တဆယ့်လေးပါးတို့တည်း။ အကျယ်အားဖြင့် ၅၄–ပါးတည်း။

There are seven modes and fourteen different states of consciousness in the cognitive process. In detail there are accordingly fifty-four in the five doors,

အယမေတ္ထ ပဉ္စဒွါရေ ဝီထိစိတ္တပဝတ္တိနယော။

ဤဝီထိသင်္ဂဟအရာ၌ ဤဆိုအပ်ခဲ့ပြီးသော စကားရပ်သည် ပဉ္စဒွါရ၌ ဝီထိစိတ်တို့၏ ဖြစ်ပုံနည်းတည်း။

Herein, this is the method of the cognitive process in the five sense doors.

## မနောဒွါရ ကာမဇော ဝါရ

## ဝိဘူတာရုံဝီထိ

၁၇။ မနောဒွါရေ ပန ယဒိ ဝိဘူတာရမ္မဏံ အာပါထ မာဂစ္ဆတိ၊ တတော ပရံ ဘဝင်္ဂစလန မနောဒွါရာဝဇ္ဇန ဇဝနာဝသာနေ တဒါရမ္မဏပါကာနိ ပဝတ္တန္တိ၊ တတော ပရံ ဘဝင်္ဂပါတော။

အဘို့တပါးကား၊ မနောဒွါရ၌ ထင်ရှားသောအာရုံသည် ရှေးရှုကျခြင်းသို့ (ထင်ခြင်းသို့) အကယ်၍ ရောက်လာအံ့၊ ထိုသို့ထင်လာသည်ရှိသော် (ထိုသို့ထင်လာခြင်းကြောင့်) (ပရံရှိသည်မှာ အပို၊ ဘာသာပြန်စရာမလို) ဘဝင်္ဂစလန, မနောဒွါရာဝဇ္ဇန်း, ဇောတို့၏အဆုံး၌ တဒါရုံ ဝိပါက်စိတ်တို့သည် ဖြစ်ကုန်၏။ ထိုတဒါရုံမှနောက်၌ ဘဝင်ကျခြင်းသည် (ဖြစ်၏)။

When clear object enters the avenue of the mind door, then the vibration of life continuum, mind-door adverting, javanas, and at the end of the javanas, registration resultants, all take place. Following this there is subsidence into life-continuum.

## အဝိဘူတာရုံဝီထိ

၁၈။ အဝိဘူတေ ပနာရမ္မဏေ ဇဝနာဝသာနေ ဘဝင်္ဂပါတောဝ ဟောတိ။ နတ္ထိ တဒါရမ္မဏုပ္ပါဒေါတိ။

အဘို့တပါးကား၊ မထင်ရှားသောအာရုံ၌ ဇော၏အဆုံး၌ ဘဝင်ကျခြင်းသည်သာလျှင် ဖြစ်၏၊ တဒါရုံတို့၏ ဖြစ်ခြင်းသည် မရှိ။ ဝိသယပဝတ္တိခြောက်ပါး ဤသို့ပြားသတည်း။
("ကထံ ဥပ္ပါဒဋ္ဌိတိဘင်္ဂဝသေန"တုန်းက 'ကထံ'အမေးကို ပြန်၍ အုပ်ရသည်)

In the case of an obscure object there is subsidence into life-continuum at the end of javanas, without giving rise to registration resultants.

## ဝီထိစိတ် သရုပ် သင်္ဂဟဂါထာ

၁၉။ ဝီထိစိတ္တာနိ တီဏေဝ
စိတ္တုပ္ပါဒါ ဒသေရိတာ၊
ဝိတ္ထာရေန ပနေတ္ထေက-
စတ္တာလီသ ဝိဘာဝယေ။

ဤကာမဇောမနေသာဒွါရ၌ ဝီထိစိတ်တို့ကို သုံးပါးတို့ဟူ၍သာလျှင် ဆိုအပ်ကုန်၏၊ စိတ်တို့၏ ဖြစ်ခြင်းအားဖြင့် ဆယ်ပါးတို့ဟူ၍ ဆိုအပ်ကုန်၏။ အကျယ်အားဖြင့်ကား လေးဆဲ့တပါးဟူ၍ ထင်စွာပြရာ၏။

Three modes and ten different states (of consciousness) in the cognitive process are told. It should be explained that, in detail,there are forty-one kinds here.

အယမေတ္ထ ပရိတ္တဇဝနဝါရော။

ဤဆိုအပ်ပြီးသောစကားသည် ဤဝီထိသင်္ဂဟအရာ၌ ကာမဇောဝါရတည်း။

Herein, this is the limited javanas section.

## မနောဒွါရ အပ္ပနာဇော ဝါရ

## ဈာနဝီထိ မဂ္ဂဝီထိများ

၂၀။ အပ္ပနာဇဝနဝါရေ ပန ဝိဘူတာဝိဘူတဘေဒေါ နတ္ထိ၊ တထာ တဒါရမ္မဏုပ္ပါဒေါ စ။

၂၁။ တတ္ထ ဟိ ဉာဏသမ္ပယုတ္တကာမာဝစရဇဝနမဋ္ဌန္နံ အညတရသ္မိံ ပရိကမ္မော ပစာရာ နုလောမ ဂေါတြဘုနာမေန စတုက္ခတ္တုံ တိက္ခတ္တုံ မေဝ ဝါ ယထာက္ကမံ ဥပ္ပဇ္ဇိတွာ နိရုဒ္ဓါနန္တရမေဝ ယထာရဟံ စတုတ္ထံ ဝါ ပဉ္စမံ ဝါ ဆဗ္ဗီသတိ မဟဂ္ဂတလောကုတ္တရဇဝနေသု ယထာဘိနီဟာရဝသေန ယံကိဉ္စိ ဇဝနံ အပ္ပနာဝီထိ မောတရတိ၊ တတော ပရံ အပ္ပနာဝသာနေ ဘဝင်္ဂပါတောဝ ဟောတိ။

အဘို့တပါးကား အပ္ပနာဇောဝါရ၌ ဝိဘူတာရုံ အဝိဘူတာရုံဟု ကွဲပြားခြင်းသည် မရှိ။ တဒါရုံ၏ ဖြစ်ခြင်းသည်လည်း ထို့အတူပင်တည်း။ (မရှိ–ဟူလို)

ချဲ့ဦးအံ့၊ ထိုအပ္ပနာဇောဝါရ၌ ၈–ပါးကုန်သော ဉာဏသမ္ပယုတ်ဇောတို့တွင် အမှတ်မထား တပါးပါးသောဇောသည် ပရိကမ် ဥပစာ အနုလုံ ဂေါတြဘု ဟူသောနာမည်ဖြင့် လေးကြိမ်သာလျှင်သော်၄င်း သုံးကြိမ်သာလျှင်သော်၄င်း အကြင်အကြင်အစဉ်ရှိတိုင်းဖြစ်ပြီး၍ ချုပ်သည်ရှိသော် ချုပ်သည်၏ အခြားမဲ့၌ သာလျှင် တိက္ခမန္ဒအလိုက် ထိုက်သည်အားလျော်စွာ ၄–ကြိမ်မြောက်သော်၄င်း ငါးကြိမ်မြောက်သော်၄င်း နှစ်ဆယ့်ခြောက်ပါးသော မဟဂ္ဂုတ်လောကုတ္တရာဇောတို့တွင် အကြင်အကြင် သမထဝိပဿနာဘာဝနာစိတ်ကို ရှေးရှုဆောင်ခြင်း၏ အစွမ်းဖြင့် တစုံတခုသောဇောသည် အပ္ပနာအစဉ်သို့ သက်ရောက်၏။ ထိုအပ္ပနာဝီထိသို့ သက်ရောက်ရာအခါမှ နောက်၌ အပ္ပနာဇော၏အဆုံး၌ ဘဝင်ကျခြင်းသည်သာလျှင် ဖြစ်၏။

In the occurrence of javanas in absorption, there is no distinction between clear and obscure (objects) Likewise there is no arising of registration consciousness. In this case(i.e. in the process of absorption), any one of eight sense-sphere javanas accompanied by knowledge arise and ceases four times or three times, in due order as preparation, access, conformity, and change of lineage. Immediately after they cease, in the fourth or fifth moment as the case may be, any one of javanas among twenty-six types of sublime or supramundane with way the mind is conveyed. After that, at the end of absorption, there is subsidence into life-continuum.

## ကာမဇောနောင် အပ္ပနာဇော ဖြစ်ပုံ

၂၂။ တတ္ထ သောမနဿသဟဂတဇဝနာနန္တရံ အပ္ပနာပိ သောမနဿသဟဂတာဝ ပါဋိကင်္ခိတဗ္ဗာ၊ ဥပေက္ခာသဟဂတဇဝနာနန္တရံ ဥပေက္ခာသဟဂတာဝ။ တတ္ထာပိ ကုသလဇဝနာနန္တရံ ကုသလဇဝနဉ္စေဝ ဟေဋ္ဌိမဉ္စ ဖလတ္တယမပ္ပေတိ၊ ကိရိယဇဝနာနန္တရံ ကိရိယဇဝနံ, အရဟတ္တဖလဉ္စာတိ။

ထိုအပ္ပနာဇောဝါရ၌ သောမနဿသဟဂုတ်ဇော၏အခြားမဲ့၌ အပ္ပနာဇောကိုလည်း သောမနဿသဟဂုတ် အပ္ပနာဇောကိုသာ အလိုရှိထိုက်၏။ ဥပေက္ခာသဟဂုတ်ဇော၏အခြားမဲ့၌ (အပ္ပနာဇောကိုလည်း) ဥပေက္ခာသဟဂုတ် အပ္ပနာဇောကိုသာ အလိုရှိထိုက်၏။ ထိုတူသောဝေဒနာရှိသောဇောဝါရ၌လည်း မဟာကုသိုလ်ဉာဏသမ္ပယုတ်ဇော၄–ခုတို့၏ အခြားမဲ့၌ မဟဂ္ဂုတ်လောကုတ္တရာကုသိုလ်ဇောသည်၄င်း အောက်ဖြစ်သောဖိုလ်ဇောသုံးခု အပေါင်းသည်၄င်း အပ္ပနာဖြစ်၏။ မဟာကြိယာဉာဏသမ္ပယုတ်ဇော၄–ခုတို့၏ အခြားမဲ့၌ မဟဂ္ဂုတ်ကြိယာဇောသည်၄င်း အရဟတ္တဖိုလ်ဇောသည်၄င်း အပ္ပနာဖြစ်၏။ ဤသို့မှတ်အပ်၏။

Therein, immediately after a javanas accompanied by joy, absorption accompanied by joy may be expected. Immediately after a javana accompanied by equanimity, absorption (occurs) accompanied by equanimity.

Therein, too, immediately after a wholesome javanas accompanied by joy, absorption occurs through a wholesome javana and three lower fruits. Immediately after a functional javanas, absorption occurs through a functional javana and the fruit of Arahantship.

## သင်္ဂဟဂါထာများ

၂၃။ ဒွတ္တိံသ သုခပုညမှာ၊
ဒွါဒသောပေက္ခကာ ပရံ၊
သုခိတကြိယတော အဋ္ဌ၊
ဆ သမ္ဘောန္တိ ဥပေက္ခကာ။

သောမနဿသဟဂုတ် မဟာကုသိုလ်ဉာဏသမ္ပယုတ်ဇောနှစ်ခုမှ နောက်၌ သုံးဆဲ့နှစ်ပါးသော အပ္ပနာဇောသည် ဖြစ်၏။ ဥပေက္ခာသဟဂုတ် မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော နှစ်ခုမှ နောက်၌ တဆဲ့နှစ်ပါးသော အပ္ပနာဇောတို့သည် ဖြစ်ကုန်၏။ သောမနဿ မဟာကြိယာ ဉာဏသမ္ပယုတ်ဇောနှစ်ခုမှ နောက်၌ ၈–ပါးသော အပ္ပနာဇောတို့သည် ဖြစ်ကုန်၏။ ဥပေက္ခာ မဟာကြိယာ ဉာဏသမ္ပယုတ်ဇောနှစ်ခုမှ နောက်၌ ၆–ပါးသော အပ္ပနာဇောတို့သည် ဖြစ်ကုန်၏။

Following wholesome consciousness accompanied by joy, thirty two (classes of absorption javanas) arise. After (wholesome consciousness)accompanied by equanimity, twelve (classes of absorption javanas arise). After functionals accompained by joy, eight classes arise, and after (functionals) accompanied by equanimity, six classes arise.

၂၄။ ပုထုဇ္ဇနာနသေက္ခာနံ၊
ကာမပုညတိဟေတုတော။
တိဟေတုကာမကြိယတော၊
ဝီတရာဂါနမပ္ပနာ။

တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့၏၄င်း အောက်ဖလဌာန်ပုဂ္ဂိုလ်သုံးယောက်တို့၏၄င်း တိဟိတ်ကာမကုသိုလ် ၄-ခုမှ (ကုသိုလ်ဉာဏသမ္ပယုတ်၄ခု) နောက်၌ ၄၄-ပါးသော အပ္ပနာဇောတို့သည် ဖြစ်ကုန်၏။ ရဟန္တာပုဂ္ဂိုလ်တို့၏ တိဟိတ်ကာမကြိယာလေးခုမှ(မဟာကြိယာဉာဏသမ္ပယုတ်-၄) နောက်၌ တဆဲ့လေးပါးကုန်သော အပ္ပနာဇောတို့သည် ဖြစ်ကုန်၏။

For worldlings and trainees, absorption occurs following a three-rooted wholesome sense-sphere consciousness. For those free from lust (i.e Arahants), absorption follows a three-rooted sense-sphere functional consciousness.

အယမေတ္ထ မနောဒွါရေ ဝီထိစိတ္တပဝတ္တိနယော။

ဤဆိုအပ်ပြီးသောစကားသည် ဤဝီထိသင်္ဂဟ၌ မနောဒွါရ၌ ဝီထိစိတ်တို့၏ ဖြစ်ပုံနည်းတည်း။

Herein, this is method of the cognitive process in the mind door.

## တဒါရမ္မဏ နိယမ

## ဝိပါက်အမှန်ဇောအပြန်

၂၅။ သဗ္ဗတ္ထာပိ ပနေတ္ထ အနိဋ္ဌေ အာရမ္မဏေ အကုသလဝိပါကာနေဝ ပဉ္စဝိညာဏ သမ္ပဋိစ္ဆန သန္တီရဏ တဒါရမ္မဏာနိ။

အဘို့တပါးကား ဤပဥ္စဒွါရ မနောဒွါရ၌ အလုံးစုံသော အပြားအားဖြင့်လည်း အနိဋ္ဌဖြစ်သောအာရုံ၌ အကုသလဝိပါက်သာလျှင်ဖြစ်ကုန်သော ပဉ္စဝိညာဏ် သမ္ပဋိစ္ဆိုန်း သန္တီရဏ တဒါရုံတို့သည် ဖြစ်ကုန်၏။

Here, under all circumstances, when an object is undesirable, the five fold sense consciousness, reception, investigation, and registration (that arise) are unwholesome-resultants.

၂၆။ ဣဋ္ဌေ ကုသလဝိပါကာနိ။

ဣဋ္ဌဖြစ်သောအာရုံ၌ ကုသလဝိပါက်သာလျှင်ဖြစ်ကုန်သော ပဉ္စဝိညာဏ် သမ္ပဋိစ္ဆိုန်း သန္တီရဏ တဒါရုံတို့သည် ဖြစ်ကုန်၏။

When (the object is) desirable, they are wholesome-resultants.

၂၇။ အတိဣဋ္ဌေ ပန သောမနဿသဟဂတာနေဝ သန္တီရဏ တဒါရမ္မဏာနိ။

အဘို့တပါးကား အတိဣဋ္ဌဖြစ်သောအာရုံ၌ သောမနဿသဟဂုတ်သာလျှင်ဖြစ်ကုန်သော ပဉ္စဝိညာဏ် သန္တီရဏ တဒါရုံတို့သည် ဖြစ်ကုန်၏။

If the object is extremely desirable, investigation and registration are accompanied by joy.

## ဝိပါက်လည်းအမှန် ဇောလည်းအမှန်

တတ္ထာပိ သောမနဿသဟဂတကိရိယဇဝနာဝသာနေ သောမနဿသဟဂတာနေဝ တဒါရမ္မဏာနိ ဘဝန္တိ။ ဥပေက္ခာသဟဂတကိရိယဇဝနာဝသာနေ စ ဥပေက္ခာသဟဂတာနေဝ ဟောန္တိ။

ထိုတဒါရုံတို့တွင်လည်း သောမနဿသဟဂုတ်ကြိယာဇော၏အဆုံး၌ သောမနဿသဟဂုတ်သာလျှင် ဖြစ်ကုန်သော သန္တီရဏ တဒါရုံတို့သည် ဖြစ်ကုန်၏။ ဥပေက္ခာသဟဂုတ်ကြိယာဇော၏အဆုံး၌ ဥပေက္ခာသဟဂုတ်သာလျှင် ဖြစ်ကုန်သော သန္တီရဏ တဒါရုံတို့သည် ဖြစ်ကုန်၏။

In this connection, too, at the end of functional javanas accompanied by joy, there arise registration mind-moments also accompanied by joy. at the end of functional javanas accompanied by equanimity, the registration mind-moments are also accompanied by equanimity.

## အာဂန္တုကဘဝင်္ဂဝီထိ

၈။ ဒေါမနဿသဟဂတဇဝနာဝသာနေ စ ပန တဒါရမ္မဏာနိ စေဝ ဘဝင်္ဂါနိ စ ဥပေက္ခာသဟဂတာနေဝ ဘဝန္တိ။ တသ္မာ ယဒိ သောမနဿပဋိသန္ဓိကဿ ဒေါမနဿသဟဂတဇဝနာဝသာနေ တဒါရမ္မဏသမ္ဘဝေါ နတ္ထိ၊ တဒါ ယံကိဉ္စိ ပရိစိတပုဗ္ဗံ ပရိတ္တာရမ္မဏမာရဗ္ဘ ဥပေက္ခာသဟဂတသန္တီရဏံ ဥပ္ပဇ္ဇတိ။ တမနန္တရိတွာ ဘဝင်္ဂပါတောဝ ဟောတီတိ ဝဒန္တိ အာစရိယာ။

အဘို့တပါးကား ဒေါမနဿသဟဂုတ်ဇော၏အဆုံး၌ တဒါရုံတို့သည်၄င်း ဘဝင်တို့သည်၄င်း ဥပေက္ခာသဟဂုတ်တို့ချည်းသာလျှင် ဖြစ်ကုန်၏။ ထို့ကြောင့် သောမနဿပဋိသန္ဓေရှိသောပုဂ္ဂိုလ်၏ (သောမနဿနှင့် ပဋိသန္ဓေနေသောပုဂ္ဂိုလ်၏)ဒေါမနဿသဟဂုတ်ဇော၏ အဆုံး၌ တဒါရုံ၏ ဖြစ်သင့်ခြင်းသည် အကယ်၍ မရှိအံ့။ ထိုအခါ၌ အမှတ်မထားတပါးပါးသော ရှေး၌လေ့ကျက်အပ်သော ကာမအာရုံကို အာရုံပြု၍ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် ဖြစ်၏။ ထိုဥပေက္ခာသဟဂုတ်သန္တီရဏစိတ်ကို အခြားမဲ့ပြု၍ သောမနဿဘဝင်ကျခြင်းသည်သာ ဖြစ်၏။ ဤသို့ ဆရာတို့သည် ဆိုကြကုန်၏။

But at the end of javanas accompanied by displeasure, the registration mind-moments and the life-continuum are both accompanied by equanimity. Therefore, in the case of one whose rebirth-consciousness is accompanied by displeasure there is no occurrence of registration mind-moments, then, the teachers explain, there arise an investigation consciousness accompanied by equanimity apprehending any familiar trivial object. Immediately after that there is subsidence into the life-continuum.

## တဒါရုံ အင်္ဂါ

၂၉။ တထာ ကာမာဝစရဇဝနာဝသာနေ ကာမာဝစရသတ္တာနံ ကာမာဝစရဓမ္မေသွေဝ အာရမ္မဏဘူတေသု တဒါရမ္မဏံ ဣစ္ဆန္တီတိ။

ထိုမှတပါး ကာမာဝစရဇောအဆုံး၌သာလျှင် ကာမာဝစရသတ္တဝါတို့၏သန္တာန်၌သာလျှင် အာရုံဖြစ်၍ ဖြစ်ကုန်သော ကာမာဝစရတရားတို့၌သာလျှင် တဒါရုံကို အလိုရှိကြကုန်၏။

Likewise, they hold that registration occurs(only) at the end of sense-sphere javanas, (only) to sense-sphere beings, only when sense-sphere phenomena become objects.

၃၀။ ကာမေ ဇဝန သတ္တာလ၊
မ္ဗဏာနံ နိယမေ သတိ။
ဝိဘူတေ တိမဟန္တေ စ၊
တဒါရမ္မဏ မီရိတံ။

ကာမဘုံ၌ (အကျုံးဝင်ကုန်သော) ဇော, သတ္တဝါ, အာရုံတို့၏ အမှတ်အသားသည် ရှိလသော် ဝိဘူတာရုံ၌၎င်း အတိမဟန္တာရုံ၌၎င်း တဒါရုံကို ဆိုအပ်၏။

Registration occurs, they say, in connection with clear and very great objects when there is certainty as regard sense-sphere javanas, being, and objects.

အယမေတ္ထ တဒါရမ္မဏနိယမော။

ဤဝီထိသင်္ဂဟ၌ ဤဆိုအပ်ပြီးသည်ကား တဒါရုံကိုမှတ်သားခြင်းတည်း။

Herein, this is the procedure of registration.

## ဇဝနနိယမ

### ကာမာဝစရဇော

၃၁။ ဇဝနေသု စ ပရိတ္တဇဝနဝီထိယံ ကာမာဝစရဇဝနာနိ သတ္တက္ခတ္တုံ ဆက္ခတ္တုမေဝ ဝါ ဇဝန္တိ။

အဘိ့ုတပါးကား၊ ဇောတို့တွင် ကာမဇောဝီထိ၌ ကာမာဝစရဇောတို့သည် ခုနစ်ကြိမ်သာလျှင်သော်၄င်း ခြောက်ကြိမ်သာလျှင်သော်၄င်း စောကုန်၏။

Amoung the javanas, in a limited javana process, the sense-sphere javanas run only for seven or six times.

၃၂။ မန္ဒပဝတ္တိယံ ပန မရဏကာလာဒီသု ပဉ္စဝါရမေဝ။

အဘို့တပါးကား၊ အပှန်ရော့ရဲ နုံ့နဲ့နဲ ဖြစ်ရာအခါ၌ စုတေခါနီးကာလအစရှိသည်တို့၌ ငါးကြိမ်သာလျှင် စောကုန်၏။

But in the case of a feeble process such as at the time of dying, etc., they run only five times.

၃၃။ ဘဂဝတော ပန ယမကပါဋိဟာရိယကာလာဒီသု လဟုကပ္ပဝတ္တိယံ စတ္တာရို, ပဉ္စ ဝါ ပစ္စဝေက္ခဏစိတ္တာနိ ဘဝန္တီတိပိ ဝဒန္တိ။

အဘို့တပါးကား၊ မြတ်စွာဘုရား၏ ရေမီးအစုံ ဖြစ်သော တန်ခိုးပြာဋိဟာကို ပြရာကာလ အစရှိသည်တို့၌ လျင်မြန်စွာ ဖြစ်ရာအခါ၌ ၄-ကြိမ်သော်လည်းဖြစ်ကုန်သော ၅-ကြိမ်သော် လည်းဖြစ်ကုန်သော ပစ္စဝေက္ခဏာဇောတို့သည် ဖြစ်ကုန်၏။ ဤသို့လည်း အဋ္ဌကထာဆရာတို့ ဆိုကြကုန်၏။

To the Exalted one, at the time of the Twin Miracle and the like, when procedure is rapid, only four or five occasions of reviewing consciousness occur, they also say.

## အပ္ပနာဇော

၃၄။ အာဒိကမ္မိကဿ ပန ပဌမကပ္ပနာယံ မဟဂ္ဂတဇဝနာနိ, အဘိညာဇဝနာနိ စ သဗ္ဗဒါပိ ဧကဝါရမေဝ ဇဝန္တိ၊ တတော ပရံ ဘဝင်္ဂပါတောဝ ဟောတိ။

အဘိုတပါးကား၊ အစဆုံးကမ္မဋ္ဌာန်းအားထုတ်မှုရှိသော ပုဂ္ဂိုလ်၏ ရှေးဦးစွာသော အပ္ပနာ၌ မဟဂ္ဂုတ်ဇောတို့သည် တကြိမ်သာလျှင် ဇောကုန်၏။ အဘိညာဉ်ဇောတို့သည်လည်း အခါခပ်သိမ်း တကြိမ်သာလျှင် ဇောကုန်၏။ ထိုတကြိမ်မှ နောက်၌ ဘဝင်ကျခြင်းသည် ဖြစ်၏။

The sublime javanas for a beginner during the first (cognitive process of) absorption, and the direct-knowledge javanas always, run only once. Then comes subsidence into the life-continuum.

၃၅။ စတ္တာရော ပန မဂ္ဂုပ္ပါဒါ ဧကစိတ္တက္ခဏိကာ၊ တတော ပရံ ဒွေ တီဏိ ဖလစိတ္တာနိ ယထာရဟံ ဥပ္ပဇ္ဇန္တိ၊ တတော ပရံ ဘဝင်္ဂပါတော။

အဘိုတပါးကား၊ လေးပါးကုန်သော ဥပါဒ်မင်္ဂတို့သည် တခုသောစိတ္တက္ခဏရှိကုန်၏။ ထိုတကြိမ်မှနောက်၌ ၂–ကြိမ် ၃–ကြိမ်သော ဖိုလ်စိတ်တို့သည် (မန္ဒ, တိက္ခ ပုဂ္ဂိုလ်အလိုက်) ထိုက်သည်အားလျော်စွာ ဖြစ်ကုန်၏။ ထိုဖိုလ်ဇောတို့မှနောက်၌ ဘဝင်ကျခြင်းသည် ဖြစ်၏။

The arising of the four paths endures for only one mind-moment. Thereafter, two or three occasions of fruition consciousness arise according to the case. Then comes subsidence into the life-continuum.

၃၆။ နိရောဓသမာပတ္တိကာလေ ဒွိက္ခတ္တုံ စတုတ္ထာရုပ္ပဇဝနံ ဇဝတိ၊ တတော ပရံ နိရောဓံ ဖုသတိ။

နိရောဓသမာပတ်ကို ဝင်စားခါနီးကာလ၌ နှစ်ကြိမ် စတုတ္ထအာရုပ္ပဇောသည် ဇော၏။ ထိုစတုတ္ထာရုပ္ပဇောမှ နောက်၌ စိတ်စေတသိက် စိတ္တဇရုပ်တို့၏ ချုပ်ခြင်းသို့ရောက်၏။

At the end of attainment of cessation, the fourth immaterial javanas runs twice and then contacts cessation.

၃၇။ ဝုဋ္ဌာနကာလေ စ အနာဂါမိဖလံ ဝါ အရဟတ္တဖလံ ဝါ ယထာရဟမေကဝါရံ ဥပ္ပဇ္ဇိတွာ နိရုဒ္ဓေ ဘဝင်္ဂပါတောဝ ဟောတိ။

(နိရောဓသမာပတ်မှ)ထရာကာလ၌လည်း အနာဂါမိဖိုလ်ဇောသည်သော်၎င်း အရဟတ္တဖိုလ်ဇောသည် သော်၎င်း (အနာဂါမ်, ရဟန္တာ ပုဂ္ဂိုလ်အလိုက်) ထိုက်သည်အားလျော်စွာ တကြိမ် ဖြစ်ပြီး၍ ချုပ်သည်ရှိသော် ဘဝင်ကျခြင်းသည် သာလျှင် ဖြစ်၏။

When emerging (from cessation), either the fruition consciousness of non-returning or the fruition consciousness of Arahantship arise accordingly for single occasion. When it ceases, there is subsidence into the life-continuum.

၃၈။ သဗ္ဗတ္ထာပိ သမာပတ္တိဝီထိယံ ဘဝင်္ဂသောတော ဝိယ ဝီထိနိယမော နတ္ထီတိကတွာ ဗဟူနိပိ လဗ္ဘန္တီတိ။

အလုံးစုံလည်းဖြစ်သော ဈာနသမာပတ္တိ ဖလသမာပတ္တိဝီထိ၌ ဘဝင်အယဉ်သည်ကဲ့သို့ ဇောအစဉ်ကို မှတ်သားဘွယ်သည် မရှိပြီ။ ဤအကြောင်းကြောင့် များစွာသောဇောတို့ကိုလည်း ရအပ်ကုန်၏။
ဤတွင် ဇဝနနိယမ အပြီးတည်း။

In the cognitive process of attainments, as in the stream of the life-continuum, there is no fixed procedure regarding the processes. It should be understood that even many(sublime and supramundane)javanas take place(in immediate succession).

၃၉။ သတ္တက္ခတ္တုံ ပရိတ္တာနိ၊
မဂ္ဂါဘိညာ သကိံ မတာ။
အဝသေသာနိ လဗ္ဘန္တိ၊
ဇဝနာနိ ဗဟူနိပိ။

ကာမဇောတို့ကို အလွန်အားဖြင့် ခုနစ်ကြိမ် သိအပ်ကုန်၏။ မဂ်ဇော, အဘိညာဉ်ဇောတို့ကို တကြိမ်သိအပ်ကုန်၏။ ကြွင်းကုန်သောဇောတို့ကို အကြိမ်များစွာတို့ကိုလည်း ရအပ်ကုန်၏။

It should be known that limited javanas arise seven times, the path and direct knowledge only once, the rest (sublime and supramundane) many times.

အယမေတ္ထ ဇဝနနိယမော။

ဤဝီထိသင်္ဂဟ၌ ဤဆိုအပ်ပြီးသော စကားသည် ဇောကို ပိုင်းခြားမှတ်သားခြင်းတည်း။

Herein, this is the procedure of javanas.

## ပုဂ္ဂလဘေဒ

၄၀။ ဒုဟေတုကာနမဟေတုကာနဉ္စ ပနေတ္ထ ကိရိယဇဝနာနိ စေဝ အပ္ပနာဇဝနာနိ စ န လဗ္ဘန္တိ။ (၅၄)

အဘို့တပါးကား၊ ဤဝီထိစိတ်တို့တွင် ဒွိဟိတ်ပုဂ္ဂိုလ်တို့၏(သန္တာန်၌)၄င်း, အဟိတ်ပုဂ္ဂိုလ်တို့၏ (သန္တာန်၌)၄င်း ကြိယာဇောတို့ကို၄င်း အပ္ပနာဇောတို့ကို၄င်း မရအပ်ကုန်။

Herein, to those with double-rooted and rootless (rebirth consciousness), functional javanas and absorption javanas do not arise.

၄၁။ တထာ ဉာဏသမ္ပယုတ္တဝိပါကာနိ စ သုဂတိယံ။ (၄၁)

ထိုမှတပါး သုဂတိဘုံ၌ ဉာဏသမ္ပယုတ်ဝိပါက်စိတ်တို့ကိုလည်း မရအပ်ကုန်။

Likewise, in blissful plane, resultants accompanied by knowledge also do not arise.

၄၂။ ဒုဂ္ဂတိယံ ပန ဉာဏဝိပ္ပယုတ္တာနိ စ မဟာဝိပါကာနိ စ န လဗ္ဘန္တိ။ (၃၇)

အဘို့တပါးကား ဒုဂ္ဂတိဘုံ၌ ဉာဏဝိပ္ပယုတ်ဖြစ်ကုန်သော မဟာဝိပါက်စိတ်တို့ကိုလည်း မရအပ်ကုန်။

But in a woeful plane, great resultants dissociated from knowledge are not found.

၄၃။ တိဟေတုကေသု စ ခီဏာသဝါနံ ကုသလာကုသလဇဝနာနိ န လဗ္ဘန္တိ။ (၄၄)

တိဟိတ်ပုဂ္ဂိုလ်၉–ယောက်တို့တွင်ကား ရဟန္တာပုဂ္ဂိုလ်တို့၏(သန္တာန်၌)ကုသိုလ်အကုသိုလ်ဇောတို့ကို မရအပ်ကုန်။

Amongst those with triple-rooted (rebirth-consciousness), to Arahants, no wholesome or unwholesome javanas do not arise.

၄၄။ တထာ သေက္ခပုထုဇ္ဇနာနံ ကိရိယဇဝနာနိ။ (၅၆၊၅၄)

ထိုမှတပါး သေက္ခပုဂ္ဂိုလ် ပုထုဇဉ်ပုဂ္ဂိုလ်တို့၏(သန္တာန်၌) ကြိယာဇောတို့ကို မရအပ်ကုန်။
Similarly, to trainees and worldlings, functional javanas do not arise.

၄၅။ ဒိဋ္ဌိဂတသမ္ပယုတ္တ ဝိစိကိစ္ဆာဇဝနာနိ စ သေက္ခာနံ။ (၅၀)

သေက္ခပုဂ္ဂိုလ်တို့၏(သန္တာန်၌) ဒိဋ္ဌိဂတသမ္ပယုတ် ဝိစိကိစ္ဆာဇောတို့ကိုလည်း မရအပ်ကုန်။

Nor do javanas associated with wrong view and doubt arise to the trainees.

၄၆။ အနာဂါမိပုဂ္ဂလာနံ ပန ပဋိဃဇဝနာနိ စ န လဗ္ဘန္တိ။ (၄၈)

အနာဂါမ်ပုဂ္ဂိုလ်တို့(သန္တာန်၌)ကား ဒေါသမူဇောတို့ကိုလည်း မရအပ်ကုန်။

To non-returner individuals there are no javana associated with aversion.

၄၇။ လောကုတ္တရဇဝနာနိ စ ယထာရဟံ အရိယာနမေဝ သမုပ္ပဇ္ဇန္တီတိ။ (၅၆)
လောကုတ္တရာဇောတို့သည်ကား မိမိဉစ္စာအားလျော်စွာ အရိယာပုဂ္ဂိုလ်တို့၏(သန္တာန်၌)သာလျှင် ကောင်းစွာ ဖြစ်ကုန်၏။ ဤတွင် ပုဂ္ဂလဘေဒအပြီးတည်း။

But supramundane javanas are experienced only by noble ones according to their respective capacities.

**သင်္ဂဟဂါထာ**

၄၈။ အသေက္ခာနံ စတုစတ္တာ–
လီသ သေက္ခာန မုဒ္ဒိသေ၊
ဆပ္ပညာသာ,ဝသေသာနံ၊
စတုပ္ပညာသ သမ္ဘဝါ။

ရဟန္တာပုဂ္ဂိုလ်တို့၏(သန္တာန်၌) ဖြစ်သင့်သည်အားလျော်စွာ လေးဆဲ့လေးပါးသော ဝီထိစိတ်တို့ကို ညွှန်ပြရာ၏။ သေက္ခပုဂ္ဂိုလ်တို့၏(သန္တာန်၌) ငါးဆဲ့ခြောက်ပါးသော ဝီထိစိတ်ကို ဖြစ်သင့်သည်အားလျော်စွာ ညွှန်ပြရာ၏။ ကြွင်းသောပုထုဇဉ်ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ငါးဆဲ့လေးပါးသော ဝီထိစိတ်တို့ကို ညွှန်ပြရာ၏။

According to circumstances, it is said, those beyond training experience forty-four classes of consciousness, trainees fifty-six, and the rest fifty-four.

အယမေတ္ထ ပုဂ္ဂလဘေဒေါ။
ဤဝီထိသင်္ဂဟ၌ ဤဆိုအပ်ပြီးသော စကားသည် ပုဂ္ဂိုလ်အပြားအားဖြင့် စိတ်တို့ကို ခွဲခြားခြင်းတည်း။
Herein, this is the analysis by way of individuals.

## ဘူမိဝိဘာဂ

၄၉။ ကာမာဝစရဘူမိယံ ပနေတာနိ သဗ္ဗာနိပိ ဝီထိစိတ္တာနိ ယထာရဟ မုပလဗ္ဘန္တိ။ (၈၀)

အဘို့တပါးကား၊ ကာမာဝစရဘုံ၌ အလုံးစုံလည်းဖြစ်ကုန်သော ဤဝီထိစိတ်တို့ကို ပုဂ္ဂိုလ်အလိုက်ထိုက်သည်အားလျော်စွာ ရအပ်ကုန်၏။

In the sense-sphere plane all these foregoing cognitive process occur according to circumstances.

၅၀။ ရူပါဝစရဘူမိယံ ပဋိဃဇဝန တဒါရမ္မဏဝဇ္ဇိတာနိ။ (၆၄)

ရူပါဝစရဘုံ၌ ဒေါသမူဇော တဒါရုံသည် ကြဉ်အပ်ကုန်သော ဤဝီထိစိတ်တို့ကို ရအပ်ကုန်၏။

In the fine-material-sphere plane (all occur) with the exception of javanas connected with aversion and registration moments,

၅၁။ အရူပါဝစရဘူမိယံ ပဌမမဂ္ဂ ရူပါဝစရ ဟသန ဟေဋ္ဌိမာရုပ္ပ ဝဇ္ဇိတာနိ စ လဗ္ဘန္တိ။ (၄၂)

အရူပါဝစရဘုံ၌ သောတာပတ္တိမဂ် ရူပါဝစရစိတ် ဟသိတုပ္ပါဒ် အောက်အောက်သော အရူပစိတ်တို့သည်လည်း ကြဉ်အပ်ကုန်သော ဤဝီထိစိတ်တို့ကို ရအပ်ကုန်၏။

In the immaterial-sphere plane (all occur) with the (further) exception of the first path, fine-material-sphere consciousness, smiling consciousness, and the lower immaterial classes of consciousness.

၅၂။ သဗ္ဗတ္ထာပိ စ တံ တံ ပသာဒရဟိတာနံ တံ တံ ဒွါရိကဝီထိစိတ္တာနိ န လဗ္ဘန္တေဝ။

ဆက်ဦးအံ့ အလုံးစုံသော ဘုံတို့၌လည်း ထိုထိုပသာဒမှကင်းသော ပုဂ္ဂိုလ်တို့သန္တာန်၌ ထိုထိုဒွါရ၌ ဖြစ်သော ဝီထိစိတ်တို့ကို မရအပ်ကုန်သည်သာလျှင်တည်း။

In all planes, to those who are devoid of particular sense organs, cognitive processes connected with corresponding doors do not arise.

၅၃။ အသညသတ္တာနံ ပန သဗ္ဗတ္ထာပိ စိတ္တပ္ပဝတ္တိ နတ္ထေဝါတိ။

အဘို့တပါးကား၊ အသညသတ်ပုဂ္ဂိုလ်တို့၏ (သန္တာန်၌) အလုံးစုံသော အပြားအားဖြင့်လည်း စိတ်၏ ဖြစ်ခြင်းသည် မရှိသည်သာတည်း။ ဤတွင် ဘူမိဝိဘာဂအပြီးတည်း။

To the non-percipient beings there is absolutely no cognitive process whatsoever.

## သင်္ဂဟဂါထာ

၅၄။ အသီတိ ဝီထိစိတ္တာနိ၊
ကာမေ ရူပေ ယထာရဟံ။
စတုသဋ္ဌိ တထာရူပေ၊
ဒွေစတ္တာလီသ လဗ္ဘရေ။

ကာမဘုံ၌ ရှစ်ဆယ်သော ဝီထိစိတ်တို့ကို ထိုထိုပုဂ္ဂိုလ်အလိုက် ထိုက်သည်အားလျော်စွာ ရအပ်ကုန်၏။ အသညသတ်ကြဉ်သော ရူပတဆဲ့ငါးဘုံ၌ ခြောက်ဆဲ့လေးပါးသောဝီထိစိတ်တို့ကို ထိုထိုပုဂ္ဂိုလ်အလိုက် ထိုက်သည်အားလျော်စွာ ရအပ်ကုန်၏။ ထိုမှတပါး အရူပလေးဘုံ၌ လေးဆဲ့နှစ်ပါးသောစိတ်တို့ကို ထိုထိုပုဂ္ဂိုလ်အလိုက် ထိုက်သည်အားလျော်စွာ ရအပ်ကုန်၏။

In the sense-sphere plane, according to circumstances, eighty kinds of process consciousness are found, in the fine-material-sphere plane there are sixty-four, and in the immaterial-plane, forty-two,

အယမေတ္ထ ဘူမိ ဝိဘာဂေါ။

ဤဝီထိသင်္ဂဟ၌ ဤဆိုအပ်ပြီးသောစကားသည် ဘုံအားဖြင့် ဝီထိစိတ်တို့ကို ခွဲခြားဝေဖန်ခြင်းတည်း။

Herein, this is the analysis by way of planes.

## နိဂုံး

၅၅။ ဣစ္စေဝံ ဆဒွါရိကစိတ္တပ္ပဝတ္တိ ယထာသမ္ဘဝံ ဘဝင်္ဂန္တရိတွာ ယာဝတာယုကမဗ္ဗောစ္ဆိန္နာ ပဝတ္တတိ။

ဤဆိုအပ်ပြီးသောအစဉ်ဖြင့် ခြောက်ဒွါရ၌ဖြစ်သော စိတ်တို့၏ဖြစ်ပုံသည် ထိုထိုဒွါရာရ၌ ဖြစ်ထိုက်သည်အားလျော်စွာ ဘဝင်သည် ခြားကွယ်သမှုပြုအပ်သည်ဖြစ်၍ အသက်ရှည်သမျှ ကာလပတ်လုံး မပြတ်မစဲ ဖြစ်၏။

Thus, the cognitive process connected with the six doors according to circumstances continues on uninterrupted as log as life lasts, intercepted by the life-continuum.

ဣတိ အဘိဓမ္မတ္ထသင်္ဂဟေ ဝီထိသင်္ဂဟဝိဘာဂေါ နာမ စတုတ္ထော ပရိစ္ဆေဒေါ။

အဘိဓမ္မတ္ထသင်္ဂဟ၌ ဝီထိသင်္ဂဟဝိဘာဂမည်သော လေးပိုင်းတို့၏ ပြည့်ကြောင်းဖြစ်သော အပိုင်းသည် ပြီးပြီ။

Thus ends the forth chapter in the Manuual of Abhidhamma entitled the Compendium of the Cognitive Process.

## ဝီထိမုတ်ပိုင်း

Compendium of the process-freed

### ပဋိညာဉ်

Introductory Verse

၁။ ဝီထိစိတ္တဝသေနေဝံ၊
ပဝတ္တိယမုဒီရိတော၊
ပဝတ္တိသင်္ဂဟော နာမ။
သန္ဓိယံ ဒါနိ ဝုစ္စတိ။

ဤဆိုအပ်ပြီးသောနည်းဖြင့် ဝီထိစိတ်တို့၏ အစွမ်းဖြင့် ပဝတ္တိအခါ၌ ဖြစ်ပုံကိုပြသော ပဝတ္တိမည်သော သင်္ဂဟကို ဆိုအပ်ပြီ။ ယခုအခါ၌ ပဋိသန္ဓေအခါ၌ (ဖြစ်ပုံကိုပြသော ပဝတ္တိမည်သော သင်္ဂဟကို) ဆိုအပ်၏ (ဆိုအပ်လတ့်)။

Thus the compendium of the occurrence (of consciousness) has been explained by way of the cognitive process during the course of existence. Now the compendium of the occurrence( of consciousness) at rebirth will be told.

### စတုက္ကမာတိကာ

၂။ စတဿော ဘူမိယော, စတုဗ္ဗိဓာ ပဋိသန္ဓိ, စတ္တာရိ ကမ္မာနိ, စတုဓာ မရဏုပ္ပတ္တိ စေတိ ဝီထိမုတ္တသင်္ဂဟေ စတ္တာရိ စတုက္ကာနိ ဝေဒိတဗ္ဗာနိ။

လေးပါးကုန်သော ဘုံတို့၄င်း လေးပါးအပြားရှိသော ပဋိသန္ဓေ၄င်း လေးပါးကုန်သော ကံတို့၄င်း လေးပါးအပြားရှိသော မရဏုပ္ပတ္တိ၄င်း ဤသို့ ဝီထိမုတ္တသင်္ဂဟ၌ လေးပါးကုန်သော စတုက္ကတို့ကို သိထိုက်ကုန်၏။

In the compendium of process-freed consciousness, four sets of four should be understood as follows:

(i) four planes of existence;
(ii) four modes of rebirth-linking;
(iii) four kinds of kamma; and
(iv) fourfold advent of death.

## ဘူမိစတုက္က

The four planes of existence

## ဘုံလေးမျိုး

၃။ တတ္ထ အပါယဘူမိ, ကာမသုဂတိဘူမိ, ရူပါဝစရဘူမိ, အရူပါဝစရဘူမိ စေတိ စတဿော ဘူမိယော နာမ။

ထိုလေးပါးသောစတုက္ကတို့တွင် အပါယ်ဘုံ၄င်း ကာမသုဂတိဘုံလည်းကောင်း ရူပါဝစရဘုံ၄င်း အရူပါဝစရဘုံ၄င်း ဤသည်တို့ကား လေးပါးကုန်သော ဘုံတို့ မည်၏။

Of these, the four planes are:

(i) the woeful plane;
(ii) the sensuous bliss plane:
(iii) the fine-material-sphere plane;
(iv) the immaterial-sphere plane.

### ကာမ ၁၁–ဘုံ

၄။ တာသု နိရယော, တိရစ္ဆာနယောနိ, ပေတ္တိဝိသယော, အသုရကာယော စေတိ အပါယဘူမိ စတုဗ္ဗိဓာ ဟောတိ။

ထိုလေးပါးသော ဘုံတို့တွင် ငရဲ၄င်း, တိရစ္ဆာန်အစုအဝေး၄င်း, ပြိတ္တာတို့၏နေရာ၄င်း, အသုရကာယ်၄င်း ဤသို့ အပါယ်ဘုံသည် ၄–ပါးအပြားရှိသည် ဖြစ်၏။

Among these, the woeful planes is fourfold, namely;

(i) hell;
(ii) the animal kingdom;
(iii) the sphere of petas; and
(iv) the host of asuras.

## ကာမသုဂတိ ၇–ဘုံ

The sensuous Bliss Plane 7

၅။ မနုဿာ, စာတုမဟာရာဇိကာ, တာဝတိံသာ, ယာမာ, တုသိတာ, နိမ္မာနရတိ, ပရနိမ္မိတဝသဝတ္တိ စေတိ ကာမသုဂတိဘူမိ သတ္တဝိဓာ ဟောတိ။

လူ့ဘုံငှင်း, စာတုမဟာရာဇ်ဘုံငှင်း, တာဝတိံသာဘုံငှင်း, ယာမာဘုံငှင်း, တုသိတာဘုံငှင်း, နိမ္မာနရတိဘုံငှင်း, ပရနိမ္မိတဝသဝတ္တိဘုံငှင်း ဤသို့ ကာမသုဂတိဘုံသည် ခုနစ်ပါးအပြား ရှိသည် ဖြစ်၏။

The sensuous blissful plane is sevenfold, namely:

(i) the human realm;
(ii) the Realm of the Four Great Kings;
(iii) the Realm of the Thirty-three Gods;
(iv) the Realm of Yāma Gods;
(v) the Delightful Realm;
(vi) the Realm of the Gods who rejoice in (their own) Creations:
(vii) The Realm of the Gods who lord over the Creation of Others.

၆။ သာ ပနာယံ ဧကာဒသဝိဓာပိ ကာမာဝစရဘူမိစ္စေဝ သင်္ခံ ဂစ္ဆတိ။

ဆက်ဦးအံ့၊ တဆဲ့တပါးအပြားရှိသည်လည်းဖြစ်သော ထိုဘုံသည် ကာမာဝစရဘုံဟူ၍သာလျှင် ခေါ်ဝေါ်အပ်သည်၏အဖြစ်သို့ ရောက်၏။

These seven realms constitue the sense-sphere plane.

## ရူပ ၁၆–ဘုံ

The Fine-material-Sphere plane 16

၇။ ဗြဟ္မပါရိသဇ္ဇာ, ဗြဟ္မပုရောဟိတာ, မဟာဗြဟ္မာ စေတိ ပဌမဈာနဘူမိ။

ဗြဟ္မပါရိသဇ္ဇာဘုံငှင်း, ဗြဟ္မပုရောဟိတာဘုံငှင်း, မဟာဗြဟ္မာဘုံငှင်း ဤသုံးဘုံသည် ပဌမဈာန်ဘုံတည်း။

The first jhāna plane: (i) the Realm of Brahmā's Retinue; (ii) the realm of Brahmā's Ministers; and (iii) the Mahā Brahmā Realm.

၈။ ပရိတ္တာဘာ, အပ္ပမာဏာဘာ, အာဘဿရာ စေတိ ဒုတိယဇ္ဈာနဘူမိ။

ပရိတ္တာဘာဘုံ၎င်း, အပ္ပမာဏာဘာဘုံ၎င်း, အာဘဿရာဘုံ၎င်း ဤသုံးဘုံသည် ဒုတိယစျာန်ဘုံတည်း။

The second jhāna plane: (iv) the Realm of Minor Lustre; (v) the realm of Infinite Lustre; and (vi) the Realm of Radiant Lustre.

၉။ ပရိတ္တသုဘာ, အပ္ပမာဏသုဘာ, သုဘကိဏှာ စေတိ တတိယဇ္ဈာနဘူမိ။

ပရိတ္တသုဘာဘုံ၎င်း, အပ္ပမာဏသုဘာဘုံ၎င်း, သုဘကိဏှာဘုံ၎င်း ဤသုံးဘုံသည် တတိယစျာန်ဘုံတည်း။

Third jhāna plane: (vii) the Realm of Minor Aura (viii) the Realm of Infinite Aura; and (ix) The Realm of Steady Aura.

၁၀။ ဝေဟပ္ဖလာ, အသညသတ္တာ, သုဒ္ဓါဝါသာ စေတိ စတုတ္ထဇ္ဈာနဘူမိတိ ရူပဝစရဘူမိ သောဠသဝိဓာ ဟောတိ။

ဝေဟပ္ဖိုလ်ဘုံ၎င်း, အသညသတ်ဘုံ၎င်း, သုဒ္ဓါဝါသငါးဘုံ၎င်း ဤခုနစ်ဘုံသည် စတုတ္ထစျာန်ဘုံတည်း။ ဤသို့ ရူပဝစရဘုံသည် ၁၆-ပါးအပြားရှိသည် ဖြစ်၏။

The forth jhāna plane: (x) the Realm of Great Reward; (xi) the Realm of non-percipient beings; and the Pure Abodes.

၁၁။ အဝိဟာ, အတပ္ပါ, သုဒဿာ, သုဒဿီ, အကနိဋ္ဌာ စေတိ သုဒ္ဓါဝါသဘူမိ ပဉ္စဝိဓာ ဟောတိ။

အဝိဟာဘုံ၎င်း, အတပ္ပါဘုံ၎င်း, သုဒဿာဘုံ၎င်း, သုဒဿီဘုံ၎င်း, အကနိဋ္ဌာဘုံ၎င်း ဤသို့ သုဒ္ဓါဝါသဘုံသည် ငါးပါးအပြားရှိသည် ဖြစ်၏။

The Pure Abodes are fivefold: (xii) the Durable Realm; (xiii) the Serene Realm; (xiv)the Beautiful Realm; (xv) the Clear-Sighted Realm; and (xvi) the Highest Realm.

## အရူပ ၄-ဘုံ

The immaterial-sphere plane 4

၁၂။ အာကာသာနဉ္စာယတနဘူမိ, ဝိညာဏဉ္စာယတနဘူမိ, အာကိဉ္စညာယတနဘူမိ, နေဝသညာနာ သညာယတနဘူမိ စေတိ အရူပဘူမိ စတုဗ္ဗိဓာ ဟောတိ။

အာကာသာနဉ္စာယတနဘုံ၄င်း, ဝိညာဏဉ္စာယတနဘုံ၄င်း, အာကိဉ္စညာယတနဘုံ၄င်း, နေဝသညာနာသညာယတနဘုံ၄င်း ဤသို့ အရူပါဝစရဘုံသည် လေးပါးအပြားရှိသည် ဖြစ်၏။

The immaterial-sphere plane is fourfold, namely:
(i) the realm of the infinite space;
(ii) the realm of infinite consciousness;
(iii) the realm of nothingness; and
(iv) the realm of neither-perception-nor-non-perception.

## ဘုံ၌ ပုဂ္ဂိုလ်ရ သင်္ဂဟဂါထာများ

၁၃။ ပုထုဇ္ဇနာ န လဗ္ဘန္တိ၊
သုဒ္ဓါဝါသေသု သဗ္ဗထာ။
သောတာပန္နာ စ သကဒါ-
ဂါမိနော စာပိ ပုဂ္ဂလာ။
၁၄။ အရိယာ နောပလဗ္ဘန္တိ၊
အသညာပါယဘူမိသု၊
သေသဋ္ဌာနေသု လဗ္ဘန္တိ၊
အရိယာ'နရိယာပိစ။

သုဒ္ဓဝါသဘုံတို့၌ အလုံးစုံသောအပြားအားဖြင့် ပုထုဇဉ်လည်းဖြစ်ကုန်သော သကဒါဂါမ်လည်း ဖြစ်ကုန်သော ပုဂ္ဂိုလ်တို့ကို မရအပ်ကုန်။ အသညတ်ဘုံ, အပါယ်ဘုံတို့၌ အရိယာပုဂ္ဂိုလ်တို့ကို မရအပ်ကုန်။ ကြွင်းသောဘုံတို့၌ အရိယာပုဂ္ဂိုလ်တို့ကို၄င်း ပုထုဇဉ်ပုဂ္ဂိုလ်တို့ကို၄င်း ရအပ်ကုန်၏။

In the Pure Abodes no worldlings, stream-enterers, or once-returners are found in any way.

Noble ones are not found in the no-perceipient realm and in the woeful plane. In other planes are found both noble ones and non-noble ones.

ဣဒမေတ္ထ ဘူမိစတုက္ကံ။
ဤဝီထိသင်္ဂဟ၌ ဤဆိုအပ်ပြီးသည်ကား ဘူမိစတုက္ကတည်း။
Herein, these are the four planes.

## ပဋိသန္ဓိစတုက္က

The Four Types of Rebirth-Linking

၁၅။ အပါယပဋိသန္ဓိ, ကာမသုဂတိပဋိသန္ဓိ, ရူပါဝစရပဋိသန္ဓိ, အရူပါဝစရပဋိသန္ဓိစေတိ စတုဗ္ဗိဓာ ပဋိသန္ဓိ နာမ။

အပါယ်ပဋိသန္ဓေ၄င်း ကာမသုဂတိပဋိသန္ဓေ၄င်း ရူပါဝစရပဋိသန္ဓေ၄င်း အရူပါဝစရပဋိသန္ဓေ၄င်း ဤသည်တို့ကား လေးပါးအပြားရှိသော ပဋိသန္ဓေမည်၏။

Rebirth-linking is fourfold, namely:

(i) rebirth-linking in the woeful plane;
(ii) rebirth-linking in sensuous blissful plane;
(iii) rebirth-linking in fine-material sphere;
(iv) rebirth-linking in immaterial sphere;

## ကာမပဋိသန္ဓေ ၁၀–ပါး

## အပါယ်ပဋိသန္ဓေ ၁–ပါး

Rebirth-linking in the woeful plane - 1

၁၆။ တတ္ထ အကုသလဝိပါကောပေက္ခာသဟဂတ သန္တီရဏံ အပါယဘူမိယံ ဩက္ကန္တိက္ခဏေ ပဋိသန္ဓိ ဟုတွာ တတော ပရံ ဘဝင်္ဂံ, ပရိယောသာနေ စဝနံ ဟုတွာ ဝေါစ္ဆိဇ္ဇတိ။ အယမေကာပါယပဋိသန္ဓိ နာမ။

ထိုလေးပါးသော ပဋိသန္ဓေတို့တွင် အကုသလဝိပါက် ဥပေက္ခာသဟဂုတ်သန္တီရဏစိတ်သည် အပါယ်ဘုံ၌ သက်ရောက်ဆဲခဏ၌ ပဋိသန္ဓေစိတ်သည်ဖြစ်၍ ထိုပဋိသန္ဓေအခါမှနောက်၌ ဘဝင်စိတ်သည်၄င်း ဘဝအဆုံး၌ စုတိသည်၄င်း ဖြစ်၍ ပြတ်၏။ တခုသော ဤပဋိသန္ဓေသည် အပါယ်ပဋိသန္ဓေမည်၏။

Therein, the unwholesome-resultant investigating consciousness accom panied by equanimity becomes the rebirth-linking (consciousness) at the moment of descent into the woeful plane. Then it lapses into life continuum and finally it becomes the death (consciousness) and is cut off. This is the one single woeful rebirth-linking.

## ကာမသုဂတိပဋိသန္ဓေ ၉–ပါး

rebirth-linking in sensuous blissful plane - 9

၁၇။ ကုသလဝိပါကောပေက္ခာသဟဂတသန္တီရဏံ ပန ကာမသုဂတိယံ မနုဿာနဉ္စေဝ ဇစ္စန္ဓာဒီနံ, ဘုမ္မဿိတာနဉ္စ ဝိနိပါတိကာသုရာနံ ပဋိသန္ဓိဘဝင်္ဂစုတိဝသေန ပဝတ္တတိ။

အဘို့တပါးကား၊ အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်သည် ကာမသုဂတိဘုံ၌ သန္ဓေကဏ်းအစရှိသော လူတို့၏၄င်း ဘုမ္မဇိုဝ်း နတ်ကြီးတို့ကို မှီခိုနေကြကုန်သော ဝိနိပါတိကအသုရာတို့၏၄င်း ပဋိသန္ဓေ,ဘဝင်,စုတိ၏အစွမ်းဖြင့် ဖြစ်၏။

The wholesome-resultant investigating consciousness accompanied by equanimity occurs as the rebirth-linking, life-continuum and death (consciousness) of deformed human beings of sensuous blissful plane, such as those born blind, etc., as well as of (some) earth-born (deities) and of (some) fallen asuras.

၁၈။ မဟာဝိပါကာနိ ပန အဋ္ဌ သဗ္ဗတ္ထာပိ ကာမသုဂတိယံ ပဋိသန္ဓိဘဝင်္ဂစုတိဝသေန ပဝတ္တန္တိ။

အဘို့တပါးကား၊ ရှစ်ပါးကုန်သော မဟာဝိပါက်စိတ်တို့သည် အလုံးစုံလည်းဖြစ်သော ပဋိသန္ဓေ, ဘဝင်, စုတိတို့၏ အစွမ်းဖြင့် ဖြစ်၏။

The eight great resultants act as the rebirth-linking, life-continuum, and death (consciousness) everywhere in the sensuous blissful plane.

၁၉။ ဣမာ နဝ ကာမသုဂတိပဋိသန္ဓိယော နာမ။

ကိုးပါးကုန်သော ဤပဋိသန္ဓေတို့သည် ကာမသုဂတိ ပဋိသန္ဓေတို့မည်၏။

These nine comprise rebirth-linking in the sensuous blissful plane.

၂၀။ သာ ပနာယံ ဒသဝိဓာပိ ကာမာဝစရပဋိသန္ဓိစ္စေဝ သင်္ခံ ဂစ္ဆတိ။

ဆက်ဦးအံ့၊ ဆယ်ပါးအပြားရှိသည်လည်းဖြစ်သော ထိုပဋိသန္ဓေသည် ကာမာဝစရပဋိသန္ဓေဟူ၍ သာလျှင် ခေါ်ဝေါ်အပ်သည်အဖြစ်သို့ ရောက်၏။

Then (foregoing) ten modes are reckoned as sense-sphere rebirth-linking.

## ကာမပုဂ္ဂိုလ်တို့၏ သက်တမ်း

၂၁။ တေသု စတုန္နံ အပါယာနံ, မနုဿာနံ, ဝိနိပါတိကာသုရာနဉ္စ အာယုပ္ပမာဏဂဏနာယ နိယမော နတ္ထိ။

ထိုကာမာဝစရပဋိသန္ဓေနေသော ပုဂ္ဂိုလ်တို့တွင် လေးပါးကုန်သော အပါယ်ဘုံသားတို့၏၄င်း လူတို့၏၄င်း ဝိနိပါတိကအသုရာတို့၏၄င်း အသက်အတိုင်းအရှည်ကို ရေတွက်ခြင်း၏ အမြဲမှတ်သားဖွယ်သည် မရှိ။

There is no definite limit to the duration of life of beings in the four woeful planes, or amongst humans and fallen asuras,

၂၂။ စာတုမဟာရာဇိကာနံ ပန ဒေဝါနံ ဒိဗ္ဗာနိ ပဉ္စဝဿသတာနိ အာယုပ္ပမာဏံ၊ မနုဿဂဏနာယ နဝုတိဝဿသတသဟဿပ္ပမာဏံ ဟောတိ။

တတော စတုဂ္ဂုဏံ တာဝတိံသာနံ၊
တတော စတုဂ္ဂုဏံ ယာမာနံ၊
တတော စတုဂ္ဂုဏံ တုသိတာနံ၊
တတော စတုဂ္ဂုဏံ နိမ္မာနရတီနံ၊
တတော စတုဂ္ဂုဏံ ပရနိမ္မိတဝသဝတ္တီနံ။

အဘို့တပါးကား စာတုမဟာရာဇ်ဘုံသားဖြစ်ကုန်သော နတ်တို့၏ အသက်အတိုင်းအရှည်သည် နတ်ပြည်၌ဖြစ်ကုန်သော အနှစ်ငါးရာတို့တည်း။ လူတို့၏အရေအတွက်အားဖြင့် အနှစ်ကိုးသန်း အတိုင်းအရှည်ရှိသည် ဖြစ်၏။ တာဝတိံသာနတ်တို့၏ (အသက်အတိုင်းအရှည်သည်) ထို(စာတုမဟာရဇ်နတ်သက်) ထက် လေးဆတက်၏။ ယာမာနတ်တို့၏ (အသက်အတိုင်းအရှည်သည်) ထို(တာဝတိံသာနတ်သက်) ထက် လေးဆတက်၏။ တုသိတာနတ်တို့၏ (အသက်အတိုင်းအရှည်သည်) ထို(ယာမာနတ်သက်)ထက် လေးဆတက်၏။ နိမ္မာနရတီနတ်တို့၏ (အသက်အတိုင်းအရှည်သည်) ထို(တုသိတာနတ်သက်)ထက် လေးဆတက်၏။ ပရနိမ္မိတဝသဝတ္တီနတ်တို့၏ (အသက်အတိုင်းအရှည်သည်) ထို(နိမ္မာနရတီနတ်သက်) ထက် လေးဆတက်၏။

The life-span of Gods of the Realm of the Four Great Kings is five hundred celestial years, that is, according to human reckoning, 9,000,000 years. The life-span of the Thirty-three God is four time this amount. The life-span of Yāma Gods is four times that of the Thirty-three. Four times that amount is the life-span of the Delightful Gods. Four times that amount is the life-span of the Gods who rejoice in their creation. Four times that amount is the life-span of the Gods who lord over the Creation of others.

## ဝသဝတ္တီနတ်တို့၏သက်တမ်း

၂၄။ နဝသတဉ္စေကဝီသ
ဝဿာနံ ကောဋိယော တထာ။
ဝဿသတသဟဿာနိ၊
သဋ္ဌိ စ ဝသဝတ္တိသု။

ပရနိမ္မိတဝသဝတ္တိနတ်တို့၌ (အသက်အတိုင်းအရှည်သည်) နှစ်တို့၏ ကုဋေကိုးရာတို့သည်၄င်း ၂၁-ကုဋေတို့သည်၄င်း, ထိုမှတပါး အနှစ်ခြောက်သန်းတို့သည်၄င်း ဖြစ်၏။

In the Plane of Gods who lord over other's creation, life-span, according to human reckoning, is nine-hundred and twenty-one koṭis of years plus sixty-hundred-thousand years (9,216,000,000)

## ရူပပဋိသန္ဓေ ၆-ပါး

၂၄။ ပဌမဇ္ဈာနဝိပါကံ ပဌမဇ္ဈာနဘူမိယံ ပဋိသန္ဓိဘဝင်္ဂစုတိဝသေန ပဝတ္တတိ။

ပထမဈာန်ဝိပါက်စိတ်သည် ပဌမဈာန်ဘုံ၌ ပဋိသန္ဓေ,ဘဝင်,စုတိတို့၏အစွမ်းဖြင့် ဖြစ်၏။

The first jhāna resultant occurs in the first jhāna plane as the rebirth-linking, life-continuum, and death (consciousness);

၂၅။ တထာ ဒုတိယဇ္ဈာနဝိပါကံ, တတိယဇ္ဈာနဝိပါကဉ္စ ဒုတိယဇ္ဈာနဘူမိယံ။

ဒုတိယဈာန်ဝိပါက်စိတ်သည်၄င်း တတိယဈာန်ဝိပါက်စိတ်သည်၄င်း ဒုတိယဈာန်ဘုံ၌ ထို့အတူတည်း။

similarly, second jhāna resultant and third jhāna resultants (occur thus) in the second jhāna plane;

၂၆။ စတုတ္ထဇ္ဈာနဝိပါကံ တတိယဇ္ဈာနဘူမိယံ။

စတုတ္ထဈာန်ဝိပါက်စိတ်သည် တတိယဈာန်ဘုံ၌(ထို့အတူပင်တည်း)။

the four jhāna resultant in third jhāna plane;

၂၇။ ပဉ္စဇ္ဈာနဝိပါကံ စတုတ္ထဇ္ဈာနဘူမိယံ။

ပဉ္စမဈာန်ဝိပါက်စိတ်သည် စတုတ္ထဈာန်ဘုံ၌ (ထို့အတူပင်တည်း)။

the fifth jhāna resultant in the forth jhāna plane.

၂၈။ အသညသတ္တာနံ ပန ရူပမေဝ ပဋိသန္ဓိ ဟောတိ၊ တထာ တတော ပရံ ပဝတ္တိယံ, စဝနကာလေ စ ရူပမေဝ ပဝတ္တိတွာ နိရုဇ္ဈတိ။

အထူးကား၊ အသညသတ်ဗြဟ္မာတို့၏ ရုပ်ချည်းသာလျှင် ပဋိသန္ဓေသည် ဖြစ်၏။ ထို့အတူ ထိုပဋိသန္ဓေခဏမှ နောက်ဖြစ်သော ပဝတ္တိအခါ၌၄င်း စုတေရာအခါ၌၄င်း ရုပ်ချည်းသာလျှင် ဖြစ်၍ ချုပ်၏။

But for non-peicipient beings material form itself occurs as rebirth-linking. Similarly thereafter, during the course of existence and at the moment of death, only material form exists and perishes.

ဣမာ ဆ ရူပါဝစရပဋိသန္ဓိယော နာမ။

ခြောက်ပါးကုန်သော ဤပဋိသန္ဓေတို့သည် ရူပါဝစရပဋိသန္ဓေတို့ မည်၏။

There are the six modes of rebirth-linking in the fine-material sphere.

## ရူပပုဂ္ဂိုလ်တို့၏ သက်တမ်း

Life-Span in the Fine-material Sphere

၂၉။ တေသု ဗြဟ္မပါရိသဇ္ဇာနံ ဒေဝါနံ ကပ္ပဿ တတိယော ဘာဂေါ အာယုပ္ပမာဏံ။
၃၀။ ဗြဟ္မပုရောဟိတာနံ ဥပၶကပ္ပေါ။ ၃၁။ မဟာဗြဟ္မာနံ ဧကော ကပ္ပေါ။
၃၂။ ပရိတ္တာဘာနံ ဒွေ ကပ္ပါနိ။ ၃၃။ အပ္ပမာဏာဘာနံ စတ္တာရိ ကပ္ပါနိ။
၃၄။ အာဘဿရာဘာနံ အဋ္ဌ ကပ္ပါနိ။ ၃၅။ ပရိတ္တသုဘာနံ သောဠသ ကပ္ပါနိ။
၃၆။ အပ္ပမာဏသုဘာနံ ဒွတ္တိံသ ကပ္ပါနိ။ ၃၇။ သုဘကိဏှာနံ စတုသဋ္ဌိ ကပ္ပါနိ။
၃၈။ ဝေဟပ္ဖလာနံ, အသညသတ္တာနဉ္စ ပဉ္စကပ္ပသတာနိ။ ၃၉။ အဝိဟာနံ ကပ္ပသဟဿာနိ။
၄၀။ အတပ္ပါနံ ဒွေ ကပ္ပသဟဿာနိ။ ၄၁။ သုဒဿာနံ စတ္တာရိ ကပ္ပသဟဿာနိ။
၄၂။ သုဒဿီနံ အဋ္ဌ ကပ္ပသဟဿာနိ။ ၄၃။ အကနိဋ္ဌာနံ သောဠသ ကပ္ပသဟဿာနိ။

ထိုပဋိသန္ဓေနေသောပုဂ္ဂိုလ်တို့တွင် ဗြဟ္မပါရိသဇ္ဇာဘုံသားဖြစ်ကုန်သော ဗြဟ္မာတို့၏ အသက်အပိုင်းအခြားသည် အသင်္ချေယျကပ်၏ သုံးဘို့တဘို့တည်း။ ဗြဟ္မပုရောဟိတဗြဟ္မာတို့၏ အသက်အပိုင်း အခြားသည် အသင်္ချေယျကပ်တဝက်တည်း။ မဟာဗြဟ္မာတို့၏ အသက်အပိုင်းအခြားသည် အသင်္ချေယျကပ်တကပ်တည်း။ ပရိတ္တာဘဗြဟ္မာတို့၏ အသက်အပိုင်းအခြားသည် မဟာကပ် ၂–ကပ်တည်း။ အပ္ပမာဏာဘဗြဟ္မာတို့၏ အသက်အပိုင်းအခြားသည် မဟာကပ် ၄–ကပ်တည်း။ အာဘဿရာဘဗြဟ္မာတို့၏ အသက်အပိုင်းအခြားသည် မဟာကပ် ရှစ်ကပ်တို့တည်း။ ပရိတ္တသုဘဗြဟ္မာတို့၏ အသက်အပိုင်းအခြားသည် မဟာကပ် တဆဲ့ခြောက်ကပ်တို့တည်း။ အပ္ပမာဏသုဘဗြဟ္မာတို့၏ အသက်အပိုင်းအခြားသည် မဟာကပ် ၃၂–ကပ်တို့တည်း။ သုဘကိဏှဗြဟ္မာတို့၏ အသက်အပိုင်းအခြားသည် မဟာကပ် ခြောက်ဆဲ့လေးကပ်တို့တည်း။ ဝေဟပ္ဖိုလ်ဗြဟ္မာတို့၏၎င်း အသညသတ်ဗြဟ္မာတို့၏၎င်း အသက်အပိုင်းအခြားသည် မဟာကပ် ငါးရာတို့တည်း။ အဝိဟဗြဟ္မာတို့၏ အသက်အပိုင်းအခြားသည် မဟာကပ် တစ်ထောင်တို့တည်း။ အတပ္ပဗြဟ္မာတို့ အသက်အပိုင်းအခြားသည် မဟာကပ် နှစ်ထောင်တို့တည်း။ သုဒဿဗြဟ္မာတို့၏ အသက်အပိုင်းအခြားသည် မဟာကပ် လေးထောင်တို့တည်း။ သုဒဿီဗြဟ္မာတို့၏ အသက်အပိုင်းအခြားသည် မဟာကပ် ရှစ်ထောင်တို့တည်း။ အကနိဋ္ဌဗြဟ္မာတို့၏ အသက်အပိုင်းအခြားသည် မဟာကပ် တစ်သောင်းခြောက်ထောင်တို့တည်း။

Among these, the life-span of the Gods of Brahmā's Retinue is one-third of an aeon; of Brahmā's Ministers, half an aeon; of Maā Brhmā's , one aeon; of the gods of Minor Lustre, two aeons; of Infinite Lustre, four aeons; of Radiant Lustre, eight aeons; of Minor aura, sixteen aeons; of Infinite aura, thirty-two aeons; of steady Aura, sixty-four aeons; of Great Reward and non-percipient beings, 5oo aeons; of Beautiful Gods, 4000 aeons, of Clear-sighted Gods, 8000 aeons, of the Highest Gods, 16,000 aeons.

## အာရုပ္ပပဋိသန္ဓေ ၄-ပါး

၄၄။ ပဌမာရုပ္ပါဒိဝိပါကာနိ ပဌမာရုပ္ပါဒိဘူမိသု ယထာက္ကမံ ပဋိသန္ဓိဘဝ်စုတိဝသေန ပဝတ္တန္တိ။
ဣမာ စတဿော အာရုပ္ပပဋိသန္ဓိယော နာမ။

ပဌမာရုပ္ပအစရှိသောဝိပါက်စိတ်သည် ပဌမ အရူပအစရှိသော ဘုံ၌ အကြင်အကြင်အစဉ်ရှိတိုင်း ပဋိသန္ဓေ,ဘဝင်,စုတိအဖြစ်ဖြင့် ဖြစ်ကုန်၏။ လေးပါးကုန်သော ဤပဋိသန္ဓေတို့သည် အာရုပ္ပပဋိသန္ဓေတို့ မည်၏။

The first immaterial resultant occurs as the rebirth-linking, life-continuum, and death (consciousness) in the first immaterial plane, and the others occur in the same function in their respective planes. These are the four modes of rebirth-linking in the immaterial sphere.

## အရူပပုဂ္ဂိုလ်တို့၏ အသက်တမ်း

၄၅။ တေသု ပန အာကာသာနဉ္စာယတနူပဂါနံ ဒေဝါနံ ဝီသတိ ကပ္ပသဟဿာနိ အာယုပ္ပမာဏံ။
၄၆။ ဝိညာဏဉ္စာယတနူပဂါနံ ဒေဝါနံ စတ္တာလီသ ကပ္ပသဟဿာနိ။
၄၇။ အာကိဉ္စညာယတနူပဂါနံ ဒေဝါနံ သဋ္ဌိ ကပ္ပသဟဿာနိ။
၄၈။ နေဝသညာနာသညာယတနူပဂါနံ စတုရာသီတိ ကပ္ပသဟဿာနိ။

ဆက်ဦးအံ့၊ ထိုအာရုပ္ပပဋိသန္ဓေနေသော ပုဂ္ဂိုလ်တို့တွင် အာကာသာနဉ္စာယတနဘုံသို့ကပ်ရောက်ကုန်သော ဗြဟ္မာတို့၏ အသက်အပိုင်းအခြားသည် မဟာကပ် နှစ်သောင်းတို့တည်း။ ဝိညာဏဉ္စာယတနဘုံသို့ ကပ်ရောက်ကုန်သော ဗြဟ္မာတို့၏ အသက်အပိုင်းအခြားသည် မဟာကပ် ၄-သောင်းတို့တည်း။ အာကိဉ္စညာယတနဘုံသို့ ကပ်ရောက်ကုန်သော ဗြဟ္မာတို့၏ အသက်အပိုင်းအခြားသည် မဟာကပ်ခြောက်သောင်းတို့တည်း။ နေဝသညာနာသညာယတနဘုံသို့ ကပ်ရောက်ကုန်သော ဗြဟ္မာတို့၏ အသက်အပိုင်းအခြားသည် မဟာကပ်ရှစ်သောင်းလေးထောင်တို့တည်း။

Among them, the life-span of gods who have attained to the realm of infinite space is 20,000 aeon; of those who have attained to the realm of infinite consciousness, 40,000 aeon; of those who have attained to the realm of nothingness, 60,000 aeon; of those who have attained to the realm of neither-perception-nor-non-perception, 84,000 aeon;

## တစ်ဘဝ၌ တူမြဲတရား သုံးပါး

၄၉။ ပဋိသန္ဓိ ဘဝင်္ဂဉ္စ၊
တထာ စဝန မာနသံ။
ဧကမေဝ တထေဝေက-
ဝိသယဉ္စေက ဇာတိယံ။

တခုသောဘဝ၌ ပဋိသန္ဓေစိတ်သည်၎င်း, ဘဝင်စိတ်သည်၎င်း, ထိုမှတပါး စုတိစိတ်သည်၎င်း တမျိုးတည်းသာလျှင်၎င်း ထို့အတူ တူသောအာရုံရှိသည်သာလျှင်၎င်း (ဖြစ်၏)။

The rebirth-linking consciousness, life-continuum consciousness, and the death consciousness in one (particular)birth are similar and have an identical object.

ဣဒမေတ္ထ ပဋိသန္ဓိစတုက္ကံ။

ဤသည်ကား ဤဝီထိမုတ္တသင်္ဂဟ၌ ပဋိသန္ဓိစတုက္ကတည်း။

Herein, these are the four types of rebirth-linking.

# ကမ္မစတုက္က

## The Four Types of Kamma

### By Way of Function

၅၀။ ဇနကံ, ဥပတ္ထမ္ဘကံ, ဥပပီဠကံ, ဥပဃာတကဉ္စေတိ **ကိစ္စဝသေန**။

အကျိုးဝိပါက်ကို ဖြစ်စေတတ်သောကံ၄င်း, ထောက်ပံ့ကူညီတတ်သောကံ၄င်း, ကပ်၍နှိက်စက်တတ်သောကံ၄င်း ကပ်၍သတ်တတ်သောကံ၄င်း, ဤသည်တို့ကား ကိစ္စနှင့်စပ်သဖြင့် လေးပါးကုန်သော ကံတို့မည်၏။

With respect to function there are four kinds of Kamma, namely;

(i) productive kamma
(ii) supportive kamma
(iii) obstructive of Kamma: and
(iv) destructive kamma.

### By Order of Ripening

၅၁။ ဂရုကံ, အာသန္နံ, အာစိဏ္ဏံ, ကဋတ္တာကမ္မဉ္စေတိ **ပါကဒါနပရိယာယေန**။

ကြီးလေးသောကံ၄င်း, စုတေခါနီးဖြစ်ပေါ်လာသောကံ၄င်း, အမြဲမပြတ်လေ့ကျက်အပ်သောကံ၄င်း, ကဋတ္တာကံ၄င်း ဤသည်တို့ကား အကျိုးပေးလှည့်အစဉ်အားဖြင့် လေးပါးကုန်သော ကံတို့မည်၏။

With respect to the order in which the effect of kamma take place, there are four kinds of Kamma, namely;

(i) weighty kamma;
(ii) death-proximate kamma;
(iii) habitual Kamma; and
(iv) reserve kamma.

### By Time of Ripening

၅၂။ ဒိဋ္ဌဓမ္မဝေဒနီယံ, ဥပပဇ္ဇဝေဒနီယံ, အပရာပရိယဝေဒနီယံ, အဟောသိကမ္မဉ္စေတိ **ပါကကာလဝသေန** စတ္တာရိကမ္မာနိ နာမ။

ဒိဋ္ဌဓမ္မဝေဒနီယကံ၄င်း, ဥပပဇ္ဇဝေဒနီယကံ၄င်း, အပရာပရိယဝေဒနီယကံ၄င်း, အဟောသိကံ၄င်း ဤသည်တို့ကား အကျိုးပေးရာကာလနှင့်စပ်သဖြင့် လေးပါးကုန်သော ကံတို့မည်၏။

With respect to time of taking effect of kamma take place, there are four kinds of Kamma, namely;

(i) immediately effective kamma;
(ii) subsequently effective kamma;
(iii) indefinitely effective Kamma; and
(iv) defunct kamma.

By Place of Ripening

၅၃။ တထာ အကုသလံ, ကာမာဝစရကုသလံ, ရူပါဝစရကုသလံ, အရူပါဝစရကုသလဉ္စေတိ
**ပါကဋ္ဌာနဝသေန**။

အကုသိုလ်ကံငှင်း, ကာမာဝစရကုသိုလ်ကံငှင်း, ရူပါဝစရကုသိုလ်ကံငှင်း, အရူပါဝစရကုသိုလ်ကံငှင်း ဤသည်တို့ကား အကျိုးပေးရာဌာနနှင့်စပ်သဖြင့် ထို့အတူ လေးပါးတို့တည်း။

With respect to the place in which the effect kamma take place, there are four kinds of Kamma, namely;
(i) unwholesome kamma;
(ii) wholesome kamma pertaining to the sense sphere;
(iii) wholesome kamma pertaining to the sense sphere;
(iv) wholesome kamma pertaining to the sense sphere;

## ကာမကုသိုလ်ကံ အကုသိုလ်ကံ ၂၀
## အကုသိုလ်ကံ ၃-ပါး

၅၄။ တတ္ထ အကုသလံ ကာယကမ္မံ, ဝစီကမ္မံ, မနောကမ္မဉ္စေတိ ကမ္မဒွါရဝသေန တိဝိဓံ ဟောတိ။

ထိုလေးပါးသောကံတို့တွင် အကုသိုလ်ကံသည် ကာယကံငှင်း, ဝစီကံငှင်း, မနောကံငှင်း, ဤသို့ ကမ္မဒွါရနှင့်စပ်သဖြင့် သုံးပါးအပြားရှိသည် ဖြစ်၏။

Of them unwholesome kamma is three fold according to the doors of action, namely: bodily action, verbal action, and mental action.

## ကာယကံ ၃-ပါး

၅၅။ ကထံ -
ပါဏာတိပါတော အဒိန္နာဒါနံ ကာမေသုမိစ္ဆာစာရော စေတိ ကာယဝိညတ္တိသင်္ခါတေ ကာယဒွါရေ ဗာဟုလ္လဝုတ္တိတော ကာယကမ္မံ နာမ။

အဘယ်သို့ပြားသနည်း -
ပါဏာတိပါတငှင်း, အဒိန္နာဒါနငှင်း, ကာမေသုမိစ္ဆာစာရငှင်း, ဤသုံးပါးသည် ကာယဝိညတ်ဟု ဆိုအပ်သော ကာယဒွါရ၌ များစွာဖြစ်ခြင်းကြောင့် ကာယကံမည်၏။

How? Killing, stealing, and sexual misconduct are bodily actions generally occuring through the door of the body, known as bodily action.

## ဝစီကံ ၄–ပါး

၅၆။ မုသာဝါဒေါ, ပိသုဏဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပေါစေတိ ဝစီဝိညတ္တိသင်္ခါတေ ဝစီဒွါရေ ဗာဟုလ္လဝုတ္တိတော ဝစီကမ္မံ နာမ။

မုသာဝါဒင်္ငး, ပိသုဏဝါစာငင်း, ဖရုသဝါစာငင်း, သမ္ဖပ္ပလာပငင်း ဤလေးပါးသည် ဝစီဝိညတ်ဟုဆိုအပ်သော ဝစီဒွါရ၌ များစွာဖြစ်ခြင်းကြောင့် ဝစီကံမည်၏။

False speech, slandering, harsh speech, and frivolous talk are verbal action generally occurring through the door of speech, known as vocal intimation.

## မနောကံ ၃–ပါး

၅၇။ အဘိဇ္ဈာ, ဗျာပါဒေါ, မိစ္ဆာဒိဋ္ဌိ စေတိ အညတြာပိ ဝိညတ္တိယာ မနသ္မိံယေဝ ဗာဟုလ္လဝုတ္တိတော မနောကမ္မံ နာမ။

အဘိဇ္ဈာငင်း, ဗျာပါဒငင်း, မိစ္ဆာဒိဋ္ဌိငင်း ဤသုံးပါးသည်ကား ကာယဝိညတ် ဝစီဝိညတ်ကို ကြဉ်၍လည်း မနောဒွါရ၌သာလျှင် များစွာဖြစ်ခြင်းကြောင့် မနောကံမည်၏။

Covetousness, ill will, and wrong view are mental action generally occurring only in the mind without (bodily or vocal) intimation.

## ကံဖြစ်ကြောင်းတရား

၅၈။ တေသု ပါဏာတိပါတော, ဖရုသဝါစာ, ဗျာပါဒေါ စ ဒေါသမူလေန ဇာယန္တိ။

၅၉။ ကာမေသုမိစ္ဆာစာရော, အဘိဇ္ဈာ, မိစ္ဆာဒိဋ္ဌိ စ လောဘမူလေန။

၆၀။ သေသာနိ စတ္တာရိပိ ဒွီဟိ မူလေဟိ သမ္ဘဝန္တိ။

၆၁။ စိတ္တုပ္ပါဒဝသေန ပနေတံ အကုသလံ သဗ္ဗထာပိ ဒွါဒသဝိဓံ ဟောတိ။

ထိုဆယ်ပါးတို့တွင် ပါဏာတိပါတသည်ငင်း, ဖရုသဝါစာသည်ငင်း, ဗျာပါဒသည်ငင်း ဒေါသမူလ, ဒေါသမူလရှိသော စိတ်ကြောင့် ဖြစ်ကုန်၏။ ကာမေသုမိစ္ဆာစာရသည်ငင်း, အဘိဇ္ဈာသည်ငင်း, မိစ္ဆာဒိဋ္ဌိသည်ငင်း လောဘမူလ, လောဘမူလရှိသော စိတ်ကြောင့် ဖြစ်ကုန်၏။ ကြွင်းကုန်သော လေးပါးလုံးတို့သည်လည်း နှစ်ပါးကုန်သော လောဘမူ, ဒေါသမူ တို့ကြောင့် ဖြစ်ကုန်၏။ ဆက်ဦးအံ့၊ စိတ်ဖြစ်ခြင်း၏အစွမ်းဖြင့် ဤအကုသိုလ်ကံသည် အလုံးစုံသောအပြားအားဖြင့်လည်း တဆဲ့နှစ်ပါးအပြားရှိသည် ဖြစ်၏။

Of them, killing, harsh speech, and ill will spring from the root of hatred; sexual misconduct, covetousness, and wrong view from the root of greed; remaining four arise from the two roots. According to the classes of consciousness this unwholesome kamma is altogether twelvefold.

## ကာမကုသိုလ်ကံ ၃-ပါးနှင့် ၈-ပါး

၆၂။ ကာမာဝစရကုသလမ္ပိ ကာယဒွါရေ ပဝတ္တံ ကာယကမ္မံ, ဝစီဒွါရေ ပဝတ္တံ ဝစီကမ္မံ, မနောဒွါရေ ပဝတ္တံ မနောကမ္မဉ္စေတိ ကမ္မဒွါရဝသေန တိဝိဓံ ဟောတိ။

ကာမာဝစရကုသိုလ်ကံသည်လည်း ကာယဒွါရ၌ဖြစ်သော ကာယကံ၄င်း, ဝစီဒွါရ၌ဖြစ်သော ဝစီကံ၄င်း, မနောဒွါရ၌ဖြစ်သော မနောကံ၄င်း, ဤသို့ ကမ္မဒွါရနှင့်စပ်သဖြင့် သုံးပါးအပြားရှိသည် ဖြစ်၏။

Wholesome kamma of the sense sphere is threefold according to the doors of action, namely, bodily action pertaining to the door of the body; verbal action pertaining to the door of speech; and mental action pertaining to the door of the mind.

## ပုညကြိယာဝတ္ထု ၃-ပါး

၆၃။ တထာ ဒါန, သီလ, ဘာဝနာဝသေန။

၆၄။ စိတ္တုပ္ပါဒဝသေန ပနေတံ အဋ္ဌဝိဓံ ဟောတိ။

ဒါနသီလ ဘာဝနာတို့၏ အပြားအားဖြင့် ထို့အတူ သုံးပါးပင်တည်း။ ဆက်ဦးအံ့၊ စိတ်ဖြစ်ခြင်း၏ အစွမ်းအားဖြင့် ဤကာမာဝစရကုသိုလ်ကံသည် ရှစ်ပါးအပြားရှိ၏။

Similarly, it is threefold as giving, virtue, and meditation.
But it is eightfold according to the classes of consciousness.

## ပုညကြိယာဝတ္ထု ၁၀-ပါး

၆၅။ ဒါန သီလ ဘာဝနာ အပစာယန ဝေယျာဝစ္စ ပတ္တိဒါန ပတ္တာနုမောဒန ဓမ္မဿဝန ဓမ္မဒေသနာ ဒိဋ္ဌိဇုကမ္မဝသေန ဒသဝိဓံ ဟောတိ။

ဒါန သီလ ဘာဝနာ အပစာယန ဝေယျာဝစ္စ ပတ္တိဒါန ပတ္တာနုမောဒန ဓမ္မဿဝန ဓမ္မဒေသနာ ဒိဋ္ဌိဇုကမ္မ တို့၏ အပြားအားဖြင့် ဆယ်ပါးအပြားရှိသည် ဖြစ်၏။

It is also tenfold as: (i) giving; (ii) virtue; (iii) meditation; (iv) reverence; (v) service; (vi) transference of merit; (vii) rejoicing in (other's) merit; (viii) hearing the Dhamma; (ix) teaching the Dhamma; and (x) straightening out one's views.

၆၆။ တံ ပနေတံ ဝီသတိဝိဓမ္ပိ ကာမာဝစရကမ္မမိစ္စေဝ သင်္ခံ ဂစ္ဆတိ။

ဆက်ဦးအံ့၊ နှစ်ဆယ်အပြားရှိသည်လည်းဖြစ်သော ထို ကုသိုလ်အကုသိုလ်ကံသည် ကာမာဝစရကံဟူ၍ သာလျှင် ခေါ်ဝေါ်အပ်သည်၏ အဖြစ်သို့ ရောက်၏။

All these twelve twenty kinds (unwholesome and wholesome) are known as kamma pertaining to the sense sphere.

## ရူပကုသိုလ်ကံ ၅–ပါး

၆၇။ ရူပါဝစရကုသလံ ပန မနောကမ္မမေဝ။ တဉ္စ ဘာဝနာမယံ အပ္ပနာပတ္တံ ဈာနင်္ဂဘေဒေန ပဉ္စဝိဓံ ဟောတိ။

အဘို့တပါးကား၊ ရူပါဝစရကုသိုလ်ကံသည် မနောကံ တမျိုးသာတည်း။ ထိုမနောကံသည်လည်း ဘာဝနာမယတည်း။ အပ္ပနာသို့ရောက်၏။ ဈာန်အင်္ဂါတို့၏ အပြားအားဖြင့် ငါးပါးအပြား ရှိသည် ဖြစ်၏။ (ဘာဝနာမယ၌ မယသည် သီးခြား အနက်မရှိ)

(ရူပါဝစရကုသိုလ်ကံသည် ကာယကံ ဝစီကံ မနောကံဟု သုံးမျိုးမရှိ၊ မနောကံ တစ်မျိုးသာရှိသည်။ ဒါနသီလဘာဝနာဟု သုံးမျိုးမရှိ၊ ဘာဝနာ တစ်မျိုးသာ ရှိသည်။ ရူပါဝစရကံသည် အပ္ပနာဈာန်သို့ ရောက်သော မနောကံ ဘာဝနာမယတည်း။ ဈာန်မရမီ ရှေ့အဘို့၌ ကမ္မဋ္ဌာန်းဘာဝနာပွားများမှုကား ကာမကုသိုလ် မနောကံ ဘာဝနာတည်း။ အရူပါဝစရကံလည်း ရူပါဝစရကံကဲ့သို့တည်း။ အခြေပြု ၂၉၅)

Wholesome kamma of the fine materia is purely mental action. It consists in meditation that has reached absorption and is fivefold by distinction of the jhāna factors.

## အရူပကုသိုလ်ကံ ၄–ပါး

၆၈။ တထာ အရူပါဝစရကုသလဉ္စ မနောကမ္မံ တမ္ပိ ဘာဝနာမယံ အပ္ပနာပတ္တံ အာရမ္မဏဘေဒေန စတုဗ္ဗိဓံ ဟောတိ။

ထိုမှတပါး၊ အရူပါဝစရကုသိုလ်ကံသည် မနောကံသာတည်း။ ထိုမနောကံသည်လည်း ဘာဝနာမယ တည်း။ အပ္ပနာသို့ရောက်၏။ အာရုံတို့၏အပြားအားဖြင့် လေးပါးအပြားရှိသည် ဖြစ်၏။

So too, wholesome kamma of immaterial sphere is purely mental action. It consists in meditation that has reached absorption and is fivefold by distinction of the object.

## ကာမကံ၏အကျိုးပေးရာဘုံ

၆၉။ ဧတ္ထာကုသလကမ္မမုဒ္ဓစ္စရဟိတံ အပါယဘူမိယံ ပဋိသန္ဓိံ ဇနေတိ။ ပဝတ္တိယံ ပန သဗ္ဗမ္ပိ ဒွါဒသဝိဓံ
သတ္တာကုသလပါကာနိ သဗ္ဗတ္ထာပိ ကာမလောကေ, ရူပလောကေ စ ယထာရဟံ ဝိပစ္စတိ။

ဤလေးမျိုးသောကံတို့တွင် ဥဒ္ဓစ္စမှကင်းသော အကုသိုလ်ကံသည် အပါယ်ဘုံ၌ ပဋိသန္ဓေကို ဖြစ်စေ၏။ ပဝတ္တိအခါ၌ကား အလုံးစုံသော(ဥဒ္ဓစ္စလည်းပါဝင်သော) ၁၂-ပါးအပြားရှိသော အကုသိုလ်ကံသည် ခုနစ်ပါးကုန်သော အကုသလဝိပါက်စိတ်တို့ကို အလုံးစုံလည်းဖြစ်သော ကာမဘုံ၌၎င်း ရူပဘုံ၌၎င်း ထိုက်သည်အားလျော်စွာ ရင့်ကျက်စေ၏ (အကျိုးပေး၏)။

Here in, unwholesome kamma excluding restlessness produce rebirth-linking in woeful plane. but during the course of existence all twelve (unwholesome classes of consciousness) give effect to the seven unwholesome resultants anywhere in the sensuous world or the fine-material world, according to circumstances.

၇၀။ ကာမာဝစရကုသလမ္ပိ ကာမသုဂတိယမေဝ ပဋိသန္ဓိံ ဇနေတိ။ **တထာ** ပဝတ္တိယဉ္စ မဟာဝိပါကာနိ၊
အဟေတုကဝိပါကာနိ ပန အဋ္ဌပိ သဗ္ဗတ္ထာပိ ကာမလောကေ, ရူပလောကေ စ ယထာရဟံ ဝိပစ္စတိ။

ကာမာဝစရကုသိုလ်ကံသည်လည်း ကာမသုဂတိဘုံ၌သာလျှင် ပဋိသန္ဓေကို ဖြစ်စေ၏။

**ထိုကာမသုဂတိဘုံ၌သာလျှင်** ပဝတ္တိအခါ၌လည်း မဟာဝိပါက်စိတ်တို့ကို (ဖြစ်စေ၏)။ အဟိတ်ကုသလဝိပါက် စိတ်တို့ကိုကား ရှစ်ပါးလုံးတို့ကိုလည်း အလုံးစုံလည်းဖြစ်သော ကာမဘုံ၌၎င်း ရူပဘုံ၌၎င်း ထိုက်သည်အားလျော်စွာ ရင့်ကျက်စေ၏ (အကျိုးပေး၏)။

Wholesome kamma of sense sphere produces rebirth-linking in the sensuous blissful plane, so too, (it produce) the great resultants in the course of existence. But it gives effect to the eight rootless resultants anywhere in the sensuous world or the fine-material world, according to circumstances.

## တိဟိတ်ဥက္ကဋ္ဌစသည်ကွဲပြားခြင်း

၇၁။ တတ္ထာပိ တိဟေတုကမုက္ကဋ္ဌံ ကုသလံ တိဟေတုကံ ပဋိသန္ဓိံ ဒတွာ ပဝတ္တေ သောဠသဝိပါကာနိ ဝိပစ္စတိ။

ထိုကာမာဝစရကုသိုလ်ကံတို့တွင်လည်း တိဟိတ်ဖြစ်သော အမြတ်ဖြစ်သော ကုသိုလ်ကံသည် တိဟိတ်ဖြစ်သော ပဋိသန္ဓေကျိုးကို ပေးပြီး၍ ပဝတ္တိအခါ၌ တဆဲ့ခြောက်ပါးသော ဝိပါက်စိတ်တို့ကို ရင့်ကျက်စေ၏ (အကျိုးပေး၏)။

Therein, superior wholesome kamma accompanied by three roots produce rebirth-linking similarly accompanied by three roots, and during the course of existence it give effect to sixteen kinds of resultants.

၇၂။ တိဟေတုကမောမကံ, ဒွိဟေတုကမုက္ကဋ္ဌဉ္စ ကုသလံ ဒွိဟေတုကံ ပဋိသန္ဓိံ ဒတွာ ပဝတ္တေ တိဟေတုက ရဟိတာနိ ဒွါဒသဝိပါကာနိ ဝိပစ္စတိ။

တိဟိတ်ဖြစ်သော အညံ့စားဖြစ်သော ကုသိုလ်ကံသည်၎င်း ဒွိဟိတ်ဖြစ်သော အမြတ်စားဖြစ်သော ကုသိုလ်ကံသည်၎င်း ဒွိဟိတ်ဖြစ်သော ကုသိုလ်ကံကိုပေးပြီး၍ ပဝတ္တိအခါ၌ တိဟိတ်ဝိပါက်မှကင်းကုန်သော (မဟာဝိပါက်ဉာဏသမ္ပယုတ်မှကင်းကုန်သော) ၁၂–ပါးသော ဝိပါက်စိတ်တို့ကို ရင့်ကျက်စေ၏။

Wholesome kamma of an inferior grade accompanied by three roots, and that of superior grade accompanied by two roots, produce rebirth-linking with two roots, and give effect to twelve kinds of resultants, excluding those with three roots, during the course of existence.

၇၃။ ဒွိဟေတုကမောမကံ ပန ကုသလံ အဟေတုကမေဝ ပဋိသန္ဓိံ ဒေတိ၊ ပဝတ္တေ စ အဟေတုကဝိပါကာနေဝ ဝိပစ္စတိ။

ဒွိဟိတ်ဖြစ်သော အညံ့စားဖြစ်သော ကုသိုလ်ကံသည်ကား အဟိတ်သာလျှင်ဖြစ်သော ပဋိသန္ဓေကျိုးကို ပေး၏။ ပဝတ္တိအခါ၌လည်း အဟိတ်ကုသလဝိပါက်စိတ်တို့ကိုသာလျှင် ရင့်ကျက်စေ၏ (အကျိုးပေး၏)။

But Wholesome kamma of an inferior grade accompanied by two roots produce rebirth-linking without roots, and give effect to rootless resultants during the course existence.

## ကေစိဝါဒသင်္ဂဟဂါထာများ

၇၄။ အသင်္ခါရံ သသင်္ခါရ
ဝိပါကာနိ န ပစ္စတိ။
သသင်္ခါရ မသင်္ခါရ
ဝိပါကာနီတိ ကေစန။
တေသံ ဒွါဒသပါကာနိ၊
ဒသာ’ဋ္ဌ စ ယထာက္ကမံ။
ယထာဝုတ္တာနုသာရေန၊
ယထာသမ္ဘဝ မုဒ္ဒိသေ။

အသင်္ခါရိကကုသိုလ်ကံသည် သသင်္ခါရိကဝိပါက်စိတ်တို့ကို မရင့်ကျက်စေ။ သသင်္ခါရိကကုသိုလ်ကံသည် အသင်္ခါရိကဝိပါက်စိတ်တို့ကို မရင့်ကျက်စေ။ ဤသို့ အချို့ဆရာတို့ ဆိုကြ၏။

ထိုဆရာတို့၏(အယူ၌) အစဉ်အတိုင်း တဆဲ့နှစ်ပါးကုန်သော ဝိပါက်စိတ်တို့ကိုငှင်း ဆယ်ပါးကုန်သော ဝိပါက်စိတ်တို့ကိုငှင်း ရှစ်ပါးကုန်သော ဝိပါက်စိတ်တို့ကိုငှင်း အကြင်အကြင်ဆိုအပ်ပြီးကို အစဉ်လျှောက်သဖြင့် ဖြစ်သင့်သည်အားလျော်စွာ ပြရာ၏။

Some (teacher) say that unprompted (states of consciousness) do not produce prompted resultants and prompted (states of consciousness) do not produce unprompted resultants.

According to them, as stated above, the arising of the resultants should be set forth in due order as twelve, ten, and eight.

## ရူပကံ၏အကျိုးပေးရာဘုံ

၇၅။ ရူပါဝစရကုသလံ ပန ပဌမဇ္ဈာနံ ပရိတ္တံ ဘာဝေတွာ ဗြဟ္မပါရိသဇ္ဇေသု ဥပ္ပဇ္ဇတိ။

၇၆။ တဒေဝ မဇ္ဈိမံ ဘာဝေတွာ ဗြဟ္မပုရောဟိတေသု။

၇၇။ ပဏီတံ ဘာဝေတွာ မဟာဗြဟ္မေသု။

အဘို့တပါးကား၊ ရူပါဝစရကုသိုလ်ကို ပဌမဈာန်ကို ပရိတ္တဈာန်ဖြစ်အောင် ဖြစ်စေ၍(ဖြစ်ခြင်းကြောင့်) ဗြဟ္မပါရိသဇ္ဇာ ဗြဟ္မာတို့၌ ဖြစ်၏။ ထိုပဌမဈာန်ကိုပင် မဇ္ဈိမဖြစ်အောင် ဖြစ်စေ၍ ဗြဟ္မပုရောဟိတဗြဟ္မာတို့၌ ဖြစ်၏။ ပဏီတဈာန်ဖြစ်အောင် ဖြစ်စေ၍ မဟာဗြဟ္မာတို့၌ ဖြစ်၏။

As regards wholesome kamma of the fine-material sphere, those who develop the first jhāna to a limited degree are reborn into Brahmā’s Retinue. Developing the same to medium degree, they are reborn among Brahmā’s Ministers. Developing it to superior degree, they are reborn among the Mahā Brahmās.

၇၈။ တထာ ဒုတိယဇ္ဈာနဉ္စ, တတိယဇ္ဈာနဉ္စ ပရိတ္တံ ဘာဝေတွာ ပရိတ္တာဘေသု။

၇၉။ မဇ္ဈိမံ ဘာဝေတွာ အပ္ပမာဏာဘေသု။

၈၀။ ပဏီတံ ဘာဝေတွာ အာဘဿရေသု။

ထိုမှတပါး ရူပါဝစရကုသိုလ်ကို ဒုတိယစျာန်ကိုင်း, တတိယစျာန်ကိုင်း ပရိတ္တစျာန်ဖြစ်အောင် ဖြစ်စေ၍ ပရိတ္တာဘပြဟ္မာတို့၌ ဖြစ်၏။ မဇ္ဈိမဖြစ်အောင် ဖြစ်စေ၍ အပ္ပမာဏာဘပြဟ္မာတို့၌ ဖြစ်၏။ ပဏီတစျာန်ဖြစ်အောင် ဖြစ်စေ၍ အာဘဿရပြဟ္မာတို့၌ ဖြစ်၏။

Similarly, developing the second jhāna and third jhānas to a limited degree, they are reborn among the Gods of Minor Lustre. Developing them to a medium degree, they are reborn among the Gods of Infinite Lustre. Developing them to superior degree, they are reborn among the Gods of Radiant Lustre.

၈၁။ စတုတ္ထဇ္ဈာနံ ပရိတ္တံ ဘာဝေတွာ ပရိတ္တသုဘေသု။

၈၂။ မဇ္ဈိမံ ဘာဝေတွာ အပ္ပမာဏသုဘေသု။

၈၃။ ပဏီတံ ဘာဝေတွာ သုဘကိဏှေသု။

စတုတ္ထစျာန်ကို ပရိတ္တစျာန်ဖြစ်အောင် ဖြစ်စေ၍ ပရိတ္တသုဘပြဟ္မာတို့၌ ဖြစ်၏။ ထိုပဌမစျာန်ကိုပင် မဇ္ဈိမဖြစ်အောင် ဖြစ်စေ၍ အပ္ပမာဏသုဘပြဟ္မာတို့၌ ဖြစ်၏။ ပဏီတစျာန်ဖြစ်အောင် ဖြစ်စေ၍ သုဘကိဏှပြဟ္မာတို့၌ ဖြစ်၏။

Developing the forth jhāna and third jhānas to a limited degree, they are reborn among the Gods of Minor Aura. Developing it to a medium degree, they are reborn among the Gods of Infinite Aura. Developing it to superior degree, they are reborn among the Gods of Steady of Aura.

၈၄။ ပဥ္စမဇ္ဈာနံ ဘာဝေတွာ ဝေဟပ္ဖလေသု။

၈၅။ တဒေဝ သညာဝိရာဂံ ဘာဝေတွာ အသညသတ္တေသု။

၈၆။ အနာဂါမိနော ပန သုဒ္ဓါဝါသေသု ဥပ္ပဇ္ဇန္တိ။

ပဥ္စမစျာန်ကို ဖြစ်စေ၍ ဝေဟပ္ဖိုလ်ပြဟ္မာတို့၌ ဖြစ်၏။ ထိုပဥ္စမစျာန်ကိုပင် သညာ၌ စက်ဆုတ်အောင် ဖြစ်စေ၍ အသညသတ်ပြဟ္မာတို့၌ ဖြစ်၏။ အထူးကား၊ ပဥ္စမစျာန်ရပြီးသော အနာဂါမ်ပုဂ္ဂိုလ်တို့သည် သုဒ္ဓါဝါသ ပြဟ္မာတို့၌ ဖြစ်၏။

Developing the fifth Jhāna, they are reborn among the Gods of Great reward. Developing dispassion towards perception, they are reborn among the non-percipient beings. But non-returners are reborn in the Pure abodes.

## အရူပကံ၏အကျိုးပေးရာဘုံ

၈၇။ အရူပါဝစရကုသလဉ္စ ယထာက္ကမံ ဘာဝေတွာ အရူပေသု ဥပ္ပဇ္ဇန္တိ။

အရူပါဝစရကုသိုလ်ကိုလည်း အစဉ်အတိုင်း ဖြစ်စေ၍ အရူပဗြဟ္မာတို့၌ ဖြစ်ကုန်၏။

Developing wholesome kamma of the immaterial sphere, they are reborn in the immaterial corresponding (to their attainments).

## နိဂုံးဂါထာ

၈၈။ ဣတ္ထံ မဟဂ္ဂတံ ပုညံ၊
ယထာဘူမိ ဝဝတ္ထိတံ။
ဇနေတိ သဒိသံ ပါကံ၊
ပဋိသန္ဓိ ပဝတ္တိယံ။

ဣဒမေတ္ထ ကမ္မစတုက္ကံ။

ဤဆိုအပ်ပြီးသော အပြားအားဖြင့် မဟဂ္ဂုတ်ဖြစ်သော ကုသိုလ်ကံသည် အကြင်အကြင်ပိုင်းခြားအပ်သော ဘုံ၌ တူသောအကျိုးကို ပဋိသန္ဓေအခါ ပဝတ္တိအခါ၌ ဖြစ်စေ၏။
ဤသည်ကား ဝီထိမုတ္တသင်္ဂဟ၌ ကမ္မစတုက္ကတည်း။

Thus sublime merit, determined according to plane, produces similar results (both) at rebirth-linking and the course of existence.

Herein , this is the fourfold kamma.

# စုတိပဋိသန္ဓိက္ကမ

The Process of Death and rebirth

## သေခြင်း ၄-ပါး

၈၉။ အာယုက္ခယေန, ကမ္မက္ခယေန, ဉဘယက္ခယေန, ဉပစ္ဆေဒကကမ္မုနာ စေတိ စတုဓာ မရဏုပ္ပတ္တိ နာမ။

အသက်တမ်း၏ကုန်မှုကြောင့် စုတေရခြင်း၄င်း, ကံစွမ်း၏ကုန်မှုကြောင့် စုတေရခြင်း၄င်း, အသက်တမ်း ကံစွမ်း နှစ်ပါးစုံ၏ကုန်မှုကြောင့် စုတေရခြင်း၄င်း, ကပ်၍ဖြတ်တတ်သောကံကြောင့် စုတေရခြင်း၄င်း ဤသည်တို့ကား လေးပါးပြားသော မရဏုပ္ပတ္တိမည်၏။

**Four Causes of Death**

The advent of death is fourfold, namely: (i) through the expiration of the life-span; (ii) through the expiration of the (productive) kammic force; (ii) through the (simultaneous) expiration of both; and (iv) through (the intervention of) a destructive kamma.

## စုတေခါနီး အာရုံ နိမိတ်ထင်ပုံ

၉၀။ တထာ စ မရန္တာနံ ပန မရဏကာလေ ယထာရဟံ အဘိမုခီဘူတံ ဘဝန္တရေ ပဋိသန္ဓိဇနကံ **ကမ္မံ** ဝါ, တံ ကမ္မကရဏကာလေ ရူပါဒိကမုပလဒ္ဓပုဗ္ဗမုပကရဏဘူတဉ္စ **ကမ္မနိမိတ္တံ** ဝါ, အနန္တရမုပ္ပဇ္ဇမာနဘဝေ ဉပလဘိတဗ္ဗမုပဘောဂဘူတဉ္စ **ဂတိနိမိတ္တံ** ဝါ ကမ္မဗလေန ဆန္နံ ဒွါရာနံ အညတရသ္မိံ ပစ္စုပဋ္ဌာတိ။

ဆက်ဦးအံ့၊ ထိုအကြောင်းတို့ကြောင့်သာလျှင် စုတေရသူတို့၏ စုတေခါနီးအခါ၌ ထိုက်သည် အားလျော်စွာ ရှေးရှုသကဲ့သို့ဖြစ်သော ဘဝတပါး၌(နောက်ဘဝ၌) ပဋိသန္ဓေကို ဖြစ်စေတတ်သော ကုသိုလ်ကံ အကုသိုလ်ကံသည်သော်၄င်း ထိုကံကိုပြုရာအခါ၌ ရူပါရုံအစရှိသော ကံနှင့်ဆက်စပ် ရအပ်ဘူး သည်လည်းဖြစ်သော ကံပြီးရုံ အဆောက်အအုံ ဖြစ်၍လည်းဖြစ်သော ကံ၏အာရုံသည်သော်၄င်း အခြားမဲ့၌ ဖြစ်လတ္တံ့သောဘဝ၌ ရထိုက်(ရောက်ထိုက်)သည်လည်းဖြစ်သော အသုံးအဆောင်ဖြစ်၍လည်းဖြစ်သော လားရာ ဂတိ၌ အာရုံသည်သော်၄င်း ကံ၏အစွမ်းကြောင့် ခြောက်ပါးကုန်သော ဒွါရတို့တွင် တပါးပါးသောဒွါရ၌ ရှေးရှုထင်လာ၏။

Now in the case of those who are about to die, at the time of death, one of the following presents itself any of the six (sense) doors:

(i) a kamma that is to produce rebirth-linking in the next existence, which according to circumstances confronts (the dying person); or

(ii) a sign of kamma, that is, a form, etc.., that had apprehended previously at the time of performing the kamma or something that was instrumental in performing the kamma; or

(iii) a sign of destiny, that is , (a symbol of the state) to be obtained and experienced in the immediately following existence.

## စုတေခါနီးကာလစိတ်အစဉ်ဖြစ်ပုံ

တတော ပရံ တမေဝ တထောပဋ္ဌိတံ အာရမ္မဏံ အာရဗ္ဘ ဝိပစ္စမာနကကမ္မာနုရူပံ ပရိသုဒ္ဓံ, ဥပက္ကိလိဋ္ဌံ ဝါ ဥပလဘိတဗ္ဗဘဝါနုရူပံ တတ္ထောဏတံဝ စိတ္တသန္တာနံ အဘိဏှံ ပဝတ္တတိ ဗာဟုလ္လေန။

## တနည်း ကံအာရုံ ထင်ပုံ

တမေဝ ဝါ ပန ဇနကဘူတံ ကမ္မံ အဘိနဝကရဏဝသေန ဒွါရပတ္တံ ဟောတိ။

ထိုထင်လာရာအခါမှနောက်၌ ထိုအခြင်းအရာဖြင့်ထင်လာသော ထိုအာရုံကိုပင် အာရုံပြု၍ အကျိုးပေး လတ္တံ့သော ကံအားလျော်စွာ စင်ကြယ်သည်မူလည်းဖြစ်သော ညစ်နွမ်းသည်မူသည်လည်းဖြစ်သော ရထိုက် (ရောက်ထိုက်သော) ဘဝအားလျော်စွာ ထိုရထိုက်သောဘဝ၌ ညွတ်နေသကဲ့သို့ စိတ်အစဉ်သည် မပြတ် များသောအားဖြင့် ဖြစ်၏။ တနည်းကား ပဋိသန္ဓေကို ဖြစ်စေတတ်သည်ဖြစ်၍ဖြစ်သော ထိုကံသည်ပင်လျှင် မိမိကို အသစ်ပြုခြင်း၏အစွမ်းဖြင့် မနောဒွါရသို့ ရောက်သည်(ထင်သည်)ဖြစ်၏။

Thereafter, attending to that object thus presented, the stream of consciousness - in accordance with the kamma that is to be matured, weather pure or corrupted, and in conformity with the state into which one is to be reborn - continually flows, including mostly towards that state.

Or that rebirth-productive kamma presents itself to a sense door in the way of renewing.

## မရဏာသန္နဝီထိ

၈၁။ ပစ္စာသန္နမရဏဿ တဿ ဝီထိစိတ္တာဝသာနေ, ဘဝင်္ဂက္ခယေ ဝါ စဝနဝသေန ပစ္စုပ္ပန္နဘဝပရိယော- သာနဘူတံ စုတိစိတ္တံ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ။

အလွန်နီးကပ်သော စုတေခြင်းရှိသော ထိုသတ္တဝါ၏ ဝီထိစိတ်၏အဆုံး၌သော်၎င်း ဘဝင်၏အကုန်၌သော်၎င်း ရွေ့လျောခြင်း၏အစွမ်းဖြင့် ပစ္စုပ္ပန်ဘဝ၏အဆုံးဖြစ်၍ဖြစ်သော စုတိစိတ်သည် ဖြစ်၍ ချုပ်၏။

To one who is on the verge of the death, either at the end of a cognitive process or at the dissolution of the life-continuum, the death consciousness, the consummation of present life and cesse in the way of death.

## ပဋိသန္ဓေစိတ်ဖြစ်ပုံ

တသ္မိံ နိရုဒ္ဓါဝသာနေ တဿာနန္တရမေဝ တထာဂဟိတံ အာရမ္မဏံ အာရဗ္ဘ သဝတ္ထုကံ, အဝတ္ထုကမေဝ ဝါ ယထာရဟံ အဝိဇ္ဇာနုသယပရိက္ခိတ္တေန တဏှာနုသယမူလကေန သင်္ခါရေန ဇနိယမာနံ သမ္ပယုတ္တေဟိ ပရိဂ္ဂယှမာနံ သဟဇာတာနမဓိဋ္ဌာနဘာဝေန ပုဗ္ဗင်္ဂမဘူတံ ဘဝန္တရပဋိသန္ဓာနဝသေန ပဋိသန္ဓိသင်္ခါတံ မာနသံ ဥပ္ပဇ္ဇမာနမေဝ ပတိဋ္ဌာတိ ဘဝန္တရေ။

ထိုစုတိစိတ်သည် အဆုံးသတ်ချုပ်သည်ရှိသော် ထိုစုတိစိတ်၏ အခြားမဲ့၌သာလျှင် ထိုအခြင်းအရာအားဖြင့် မရဏာသန္နဇောသည် ယူအပ်ခဲ့သော အာရုံကို အာရုံပြု၍ မှီရာဝတ္ထုရှိသည်သာလျှင်မူလည်းဖြစ်သော မှီရာဝတ္ထုမရှိသည်သာလျှင်မူလည်းဖြစ်သော ထိုက်သည်အားလျော်စွာ အဝိဇ္ဇာနုသယသည် ခြံရံအပ်သော တဏှာနုသယသည် အရင်းခံရှိသော ကုသိုလ် အကုသိုလ်ကံသည် ဖြစ်စေအပ်သော သမ္ပယုတ်တရားတို့သည် ခြံရံလျက်ယူအပ်သော တကွဖြစ်ဘက်တရား၏ တည်ရာ၏အဖြစ်ကြောင့် ရှေ့သွားခေါင်းဆောင်ဖြစ်၍ဖြစ်သော ဘဝတပါးကို စပ်ပေးရခြင်း၏အစွမ်းကြောင့် ပဋိသန္ဓေဟုခေါ်အပ်သောစိတ်သည် ဥပါဒ်လျှင်ဥပါဒ်ခြင်းသာလျှင် ဘဝတပါး၌တည်၏။

Immediately after that (death consciousness has ceased), a rebirth-linking consciousness arises and is established in the subsequent existence, apprehending the object thus obtained, either supported by heart-base or baseless, as is appropriate; it is generated by a volitional formation that is enveloped by laten ignorance and rooted in laten craving. That rebirth-linking consciousness, so called because it links together the two consecutive existences, is conjoined with its mental adjuncts, and acts as the forerunner to the conascent states as their locus (or foundation)

## ကာမပဋိသန္ဓေစိတ်၏အာရုံ

၉၂။ မရဏာသန္နဝီထိယံ ပနေတ္ထ မန္ဒပ္ပဝတ္တာနိ ပဉ္စေဝ ဇဝနာနိ ပါဋိကင်္ခိတဗ္ဗာနိ၊ တသ္မာ ယဒိ ပစ္စုပ္ပန္နာရမ္မဏေသု အာပါထမာဂတေသု ဓရန္တေသွေဝ မရဏံ ဟောတိ။ တဒါ ပဋိသန္ဓိဘဝင်္ဂါနမ္ပိ ပစ္စုပ္ပန္နာရမ္မဏတာ လဗ္ဘတီတိ ကတွာ ကာမာဝစရပဋိသန္ဓိယာ ဆဒွါရဂ္ဂဟိတံ ကမ္မနိမိတ္တံ, ဂတိနိမိတ္တဉ္စ ပစ္စုပ္ပန္နမတီတာရမ္မဏံ ဥပလဗ္ဘတိ။

ကမ္မံ ပန အတီတမေဝ၊ တဉ္စ မနောဒွါရဂ္ဂဟိတံ၊ တာနိ ပန သဗ္ဗာနိပိ ပရိတ္တဓမ္မဘူတာနေဝါရမ္မဏာနိ။

ဆက်ဦးအံ့၊ ဤစုတိပဋိသန္ဓေအခဏ်း၌ မရဏာသန္နဝီထိ၌ အဟုန်ရော့ရဲနုံ့နဲ့နဲဖြစ်ကုန်သော ဝါ–အဟုန်ရော့ရဲနုံ့နဲ့နဲဖြစ်ခြင်းကြောင့် ငါးကြိမ်သာလျှင်ဖြစ်ကုန်သော ဇောတို့ကို အလိုရှိထိုက်ကုန်၏။ ထို့ကြောင့် ပစ္စုပ္ပန်အာရုံတို့သည် ရှေးရှုကျခြင်းသို့ရောက်ကုန်လသော် ထင်ရှားရှိကုန်စဉ်သာလျှင် စုတေခြင်းသည် အကယ်၍ ဖြစ်အံ့၊ ထိုအခါ၌ ပဋိသန္ဓေ,ဘဝင်စိတ်တို့၏လည်း ပစ္စုပ္ပန်အာရုံရှိကုန်သည်၏ အဖြစ်ကို ရအပ်၏။ ဤအကြောင်းကြောင့် ကာမာဝစရပဋိသန္ဓေ၏ ခြောက်ဒွါရဖြင့်ယူအပ်သော ကမ္မနိမိတ်လည်းဖြစ်သော ဂတိနိမိတ်လည်းဖြစ်သော ပစ္စုပ္ပန်လည်းဖြစ်သော အတိတ်လည်းဖြစ်သော အာရုံကို ရအပ်၏။

ကံအာရုံသည်ကား အတိတ်တမျိုးသာတည်း၊ ထိုအတိတ်ကံကိုလည်း မနောဒွါရဖြင့်ယူအပ်၏။ ဆက်ဦးအံ့၊ ထိုအလုံးစုံသော အာရုံတို့သည်လည်း ကာမတရားချည်းသာဖြစ်ကုန်သော အာရုံတို့တည်း။

Herein, in the death-proximate cognitive process, only five feebly occurring javanas should be expected. Therefore, when death take place while present objects are occurring and have entered the avenue of sense, then the rebirth-linking and life-continuum (of new existence) also take a present object. In the case of sense-sphere rebirth-linking, when the object is sign of kamma or sign of destiny perceived at any of the six doors, that object may be present or it may be past. but kamma (as object) is only past, and it is perceived only at the mind door. All these objects ( of sense-sphere rebirth) are limited phenomena only.

## ရူပါရူပ ပဋိသန္ဓေ၏အာရုံ

၉၃။ ရူပါဝစရပဋိသန္ဓိယာ ပန ပညတ္တိဘူတံ ကမ္မနိမိတ္တမေဝါရမ္မဏံ ဟောတိ။

အဘိုတပါးကား၊ ရူပါဝစရပဋိသန္ဓေ၏ ပညတ်ဖြစ်၍ဖြစ်သော ကမ္မနိမိတ်သည်သာလျှင် အာရုံသည် ဖြစ်၏။

In the case of rebirth- linking in the fine material sphere , the object is concept and is always a sign of Kamma.

၉၄။ တထာ အာရုပ္ပပဋိသန္ဓိယာ စ မဟဂ္ဂတဘူတံ ပညတ္တိဘူတဉ္စ ကမ္မနိမိတ္တမေဝ ယထာရဟမာရမ္မဏံ ဟောတိ။

ထို့အတူ၊ အရူပါဝစရပဋိသန္ဓေစိတ်၏လည်း မဟဂ္ဂုတ်ဖြစ်၍လည်းဖြစ်သော ပညတ်ဖြစ်၍လည်းဖြစ်သော ကမ္မနိမိတ်သည်ပင်လျှင် ထိုက်သည်အားလျော်စွာ အာရုံသည်ဖြစ်၏။

Soo too, in the case of rebirth- linkinhg in the immaterial sphere , the object -which may be a sublime state of concept, whichever is appropriate - is always a sign of Kamma.

၉၅။ အသညသတ္တာနံ ပန ဇီဝိတနဝကမေဝ ပဋိသန္ဓိဘာဝေန ပတိဋ္ဌာတိ၊ တသ္မာ တေ ရူပပဋိသန္ဓိကာ နာမ။

၉၆။ အာရုပ္ပါ အရူပပဋိသန္ဓိကာ။

၉၇။ သေသာ ရူပါရူပပဋိသန္ဓိကာ။

အဘိုတပါးကား၊ အသညသတ်ဘုံသားတို့၏ ဇီဝိတနဝကကလာပ်သည်သာလျှင် ပဋိသန္ဓေ၏ အဖြစ်ဖြင့် တည်၏။ ထို့ကြောင့် ထိုအသညသတ်ဘုံသားတို့သည် ရုပ်ပဋိသန္ဓေရှိသူတို့ မည်၏။
အရူပဘုံသားတို့သည် ရုပ်နာမ်အစုံ ပဋိသန္ဓေရှိသူတို့တည်း။
ကြွင်းသော ဘုံသားတို့သည် ရုပ်နာမ်အစုံ ပဋိသန္ဓေရှိသူတို့တည်း။

In the case of non-percipient being, only the vital nonad becomes established in the way of rebirth-linking. Hence they are called materially reborn. Those in the immaterial planes are called mentally reborn. The rest are called materially and mentally reborn.

## စုတိစိတ်နောက် ပဋိသန္ဓေဖြစ်ပုံ

၉၈။ အာရုပ္ပစုတိယာ ဟောန္တိ၊
ဟေဋ္ဌိမာရုပ္ပဝဇ္ဇိတာ။
ပရမာရုပ္ပသန္ဓီ စ၊
တထာ ကာမတိဟေတုကာ။
ရူပါဝစရစုတိယာ၊
အဟေတု ရဟိတာ သိယုံ။
သဗ္ဗာကာမတိဟေတုမှာ၊
ကာမေသွေဝ ပနေတရာ။

အယမေတ္ထ စုတိပဋိသန္ဓိက္ကမော။

အာရုပ္ပစုတိမှနောက်၌ အောက်အောက်အာရုပ္ပသည် ကြဉ်အပ်ကုန်သော အာရုပ္ပပဋိသန္ဓေတို့သည်၎င်း ထိုမှတပါး ကာမတိဟိတ် ပဋိသန္ဓေတို့သည်၎င်း ဖြစ်ကုန်၏။ ရူပါဝစရစုတိမှနောက်၌ အဟိတ်ပဋိသန္ဓေမှ တပါးသော ပဋိသန္ဓေတို့သည် ဖြစ်ကုန်၏။ ကာမတိဟိတ်စုတိမှ နောက်၌ အလုံးစုံသော ပဋိသန္ဓေတို့သည် ဖြစ်ကုန်၏။ ဆိုခဲ့ပြီးမှတပါးသော ကာမအဟိတ်ဒွိဟိတ်စုတိမှကား နောက်၌ ကာမတဆဲ့တဘုံတို့၌သာလျှင် ဖြစ်ကုန်၏။

ဤဆိုအပ်ပြီးသော စကားရပ်ကား ဤဝီထိမုတ္တသင်္ဂဟ၌ စုတိပဋိသန္ဓေအစဉ်ကို ပြသောစကားတည်း။

When one passes away from an immaterial realm, one may be reborn in superior immaterial realms but not in lower immaterial realms, and one may be also reborn in sensuous plane with a three rooted rebirth-consciousness.

When one passes away from the fine-material sphere, one is not reborn without roots. After passing away from a three-rooted existence in the sensuous plane, one may be reborn anywhere. The rest (i.e. those who pass away with two root and no roots) are reborn only in the sense-sphere realms.

Herein, this is the procedure with regard to death and rebirth.

## ဘဝင်နှင့်စုတိဖြစ်ပုံ

၉၉။ ဣစ္စေဝံ ဂဟိတပဋိသန္ဓိကာနံ ပန ပဋိသန္ဓိနိရောဓာနန္တရတော ပဘုတိ တမေဝါရမ္မဏမာရဗ္ဘ တဒေဝစိတ္တံ ယာဝ စုတိစိတ္တုပ္ပါဒါ အသတိ ဝီထိစိတ္တုပ္ပါဒေ ဘဝဿ အင်္ဂဘာဝေန ဘဝင်္ဂသန္တတိသင်္ခါတံ မာနသံ အဗ္ဗောစ္ဆိန္နံ နဒီသောတော ဝိယ ပဝတ္တတိ။

၁၀၀။ ပရိယောသာနေ စ စဝနဝသေန စုတိစိတ္တံ ဟုတွာ နိရုဇ္ဈတိ။

အဘို့တပါးကား၊ ဤဆိုအပ်ပြီးသောနည်းဖြင့် ယူအပ်ပြီးသော ပဋိသန္ဓေရှိသူတို့၏ ပဋိသန္ဓေစိတ် ချုပ်ခြင်း၏ အခြားမဲ့မှ စ၍ ထိုပဋိသန္ဓေစိတ်၏အာရုံကိုပင် အာရုံပြု၍ ထိုပဋိသန္ဓေစိတ်သည်ပင် စုတိစိတ် ဖြစ်ရာကာလတိုင်အောင် ဝီထိစိတ်ဖြစ်ခြင်းသည် မရှိလသော် ဘဝ၏အကြောင်း၏အဖြစ်ကြောင့် ဘဝင်အစဉ်ဟုဆိုအပ်သော စိတ်သည် မပြတ်မစဲ မြစ်ရေအယဉ်ကဲ့သို့ ဖြစ်၏။ ဘဝအဆုံး၌လည်း ရွေ့လျောခြင်း၏အစွမ်းဖြင့် စုတိစိတ်သည် ဖြစ်၍ ချုပ်၏။

So, for who have thus taken rebirth, from the moment immediately following the cessation of rebirth-linking (consciousness), that same type of consciousness apprehending that same object flows on uninterruptedly like the stream of river, and it does so until the arising of the death consciousness, so long as there is no occurrence of a cognitive process. Being an essential factor of existence (or life), this consciousness is called the life-continuum. At the end of life, having become the death consciousness on the occasion of passing away, it then cease.

## သံသရာစက်လည်ပုံ

၁၀၁။ တတော ပရဉ္စ ပဋိသန္ဓာဒယော ရထစက္ကမိဝ ယထာက္ကမံ ဧဝ ပရိဝတ္တန္တာ ပဝတ္တန္တိ။

ထိုစုတိစိတ်မှနောက်၌လည်း ပဋိသန္ဓေအစရှိသောစိတ်တို့သည် ရထားစက်ဘီးသည်ကဲ့သို့ အကြင်အကြင် အစဉ်ရှိတိုင်းသာလျှင် အဆက်ဆက်လည်ကုန်လျက် ဖြစ်ကုန်၏။

Thereafter, the rebirth-linking consciousness and others continue to occur, revolving in due sequence like the wheel of a cart.

၁၀၂။ ပဋိသန္ဓိ ဘဝင်္ဂ ဝီထိယော၊
စုတိစေဟ တထာ ဘဝန္တရေ။
ပုန သန္ဓိ ဘဝင်္ဂမိစ္စယံ။
ပရိဝတ္တတိ စိတ္တသန္တတိ။

ဤပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေ ဘဝင် ဝီထိစိတ်တို့သည်၎င်း စုတိစိတ်သည်၎င်း (ဆက်ကာဆက်ကာ ဖြစ်သကဲ့သို့) ထို့အတူ ဘဝတပါး၌ တဖန် ပဋိသန္ဓေဘဝင်အစရှိသော(ဣတိသဒ္ဒါ အာဒိနှင့်အနက်တူ) ဤစိတ်အစဉ်သည် ဆက်ကာဆက်ကာ ဖြစ်၏။

## သံသရာစက်ပြတ်ပုံ

ပဋိသင်္ခါယ ပနေတမဒ္ဓုဝံ၊
အဓိဂန္တွာ ပဒမစ္စုတံ ဗုဓာ။
သုသမုစ္ဆိန္နသိနေဟဗန္ဓနာ။
သမမေဿန္တိ စိရာယ သုဗ္ဗတာ။

သံသရာစက်ပြတ်ကိန်းကား၊ တိဟိတ်ပဋိသန် ပင်ကိုယ်ဉာဏ်ရှိသူတို့သည် ကြာမြင့်စွာသော ကာလပတ်လုံး သီလဖြူစင် စုတင်ကိုဖြည့် သမာဓိလောင်း ကောင်းသောအကျင့်ရှိကုန်သည်ဖြစ်၍ စိတ်စေတသိက် ပေါင်းကြိတ်တည်ထွင် ဤဖြစ်ပုံအစီအစဉ်ကို ဖြစ်ချည်ပျက်ချည် အမြဲမတည်ပါတကားဟူ၍ ဝိပဿနာဉာဏ်ပညာဖြင့် ထင်စွာသိမှုကြည့်ရှုဆင်ခြင်ကြကုန်သည်ရှိသော် စုတေရွေ့လျော သေရခြင်း သဘောမရှိသော နိဗ္ဗာန်ကို မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် အမှန်သိခြင်းကြောင့် ကြွင်းမဲ့သွေ့ခြောက် ဖြတ်တောက် အပ်ပြီး တဏှာတည်းဟူသော အစေးအဖွဲ့ရှိကြကုန်သည်ဖြစ်၍ သင်္ခါရခပ်သိမ်းတို့၏ ပြတ်ငြိမ်းရာမှန် အေးနိဗ္ဗာန်သို့ ဇောက်ထုတ်ခြောက် ရောက်ရကုန်လိမ့်သတည်း။

Just as here, so again in the next existence, there arise rebirth-linking consciousness, life-continuum, cognitive process, and death consciousness. Again, with rebirth and life-continuum, this stream of consciousness turns round.

The wise, disciplining themselves long, understand the impermanence (of life), realize the deathless state, and completely cutting off the fetters of attachment, attain peace.

ဣတိ အဘိဓမ္မတ္ထသင်္ဂဟေ ဝီထိမုတ္တသင်္ဂဟဝိဘာဂေါ နာမ ပဉ္စမော ပရိစ္ဆေဒေါ။

အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၌ ဝီထိမုတ္တသင်္ဂဟဝိဘာဂမည်သော ငါးပိုင်းတို့၏ပြည့်ကြောင်းဖြစ်သော အပိုင်းသည် ပြီးပြီ။

Thus ends the fifth chapter in the Manual of Abhidhamma entilted

the Compendium of the Process-freed.

# ရုပ်ပိုင်း

## အနုသန္ဓေနှင့်ပဋိညာဉ်

၁။ ဧတ္တာဝတာ ဝိဘတ္တာ ဟိ၊
သပ္ပဘေဒပ္ပဝတ္တိကာ။
စိတ္တ စေတသိကာ ဓမ္မာ၊
ရူပံ ဒါနိ ပဝုစ္စတိ။

ပဘေဒလည်းရှိကုန်, ပဝတ္တိလည်းရှိကုန်သော စိတ်, စေတသိက်ဖြစ်ကုန်သော သဘောတရားတို့ကို ဤမျှအတိုင်းအရှည်ရှိသော ငါးပိုင်းတို့ဖြင့် အကြင့်ကြောင့် ဝေဘန်အပ်ကုန်ပြီ။ ထို့ကြောင့် ယခုအခါ၌ ရုပ်ကို ဆိုအပ်၏၊ (ဆိုပေအံ့)။

Having thus far analyzed consciousness and mental factors in accordance with their classes and modes of occurrence, matter will now be dealt with.

## မာတိကာ

၂။ သမုဒ္ဒေသာ ဝိဘာဂါ စ၊
သမုဋ္ဌာနာကလာပတော။
ပဝတ္တိက္ကမတော စေတိ၊
ပဉ္စဓာ တတ္ထ သင်္ဂဟော။

ရုပ်တို့ကို အကျဉ်းချုပ်ပြခြင်းအားဖြင့်၄င်း ရုပ်တို့ကို အကျယ်ဝေဘန်ခြင်းအားဖြင့်၄င်း ရုပ်တို့၏ ဖြစ်ကြောင်းအားဖြင့်၄င်း ရုပ်တို့၏ ဖြစ်စဉ်အားဖြင့်၄င်း ဤသို့ ထိုရူပသင်္ဂဟ၌ ငါးပါးအပြားအားဖြင့် ပေါင်းယူခြင်းသည် ဖြစ်၏။

The compendium of matter is five fold: enumeration, classification, origination, groups, and the modes of occurrence.

## ရူပသမုဒ္ဒေသ
## မဟာဘုတ်နှင့် ဥပါဒါရုပ်

၃။ စတ္တာရိ မဟာဘူတာနိ, စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယရူပန္တိ ဒုဝိဓမ္ပေတံ ရူပံ ဧကာဒသဝိဓေန သင်္ဂဟံ ဂစ္ဆတိ။

လေးပါးကုန်သော မဟာဘုတ်တို့၎င်း လေးပါးကုန်သော မဟာဘုတ်တို့ကို မှီ၍ဖြစ်သော ရုပ်၎င်း ဤသို့ နှစ်ပါးအပြားရှိသည်လည်းဖြစ်သော ဤရုပ်သည် တဆဲ့တပါးအပြားအားဖြင့် ပေါင်းယူအပ်သည်၏ အဖြစ်သို့ ရောက်၏။

Matter is two fold, namely: the four great essentials, and material phenomena derived from the four great essentials. These two constitute eleven categories.

### (၁) မဟာဘုတ်လေးပါး

၄။ ကထံ --

ပထဝီဓာတု, အာပေါဓာတု, တေဇောဓာတု, ဝါယောဓာတု ဘူတရူပံ နာမ။

အဘယ်သို့ ရောက်သနည်း၊

ပထဝီဓာတ်သည်၎င်း, အာပေါဓာတ်သည်၎င်း, တေဇောဓာတ်သည်၎င်း ဝါယောဓာတ်သည်၎င်း ဘူတရုပ် မည်၏။

How?

(1) Essential material phenomena: the earth element, the water element, the fire element, and the air element.

### ဥပါဒါရုပ် ၂၄–ပါး

### (၂) ပသာဒရုပ် ၅–ပါး

၅။ စက္ခု, သောတံ, ဃာနံ, ဇိဝှါ, ကာယော ပသာဒရူပံ နာမ။

စက္ခုသည်၎င်း သောတသည်၎င်း ဃာနသည်၎င်း ဇိဝှါသည်၎င်း ကာယသည်၎င်း ပသာဒရုပ် မည်၏။

(2) Sensitive material phenomena: the earth element, eye, ear, nose, tongue, and body.

## (၃) ဂေါစရရုပ် ၇-ပါး

၆။ ရူပံ, သဒ္ဒေါ, ဂန္ဓော, ရသော, အာပေါဓာတုဝိဝဇ္ဇိတံ ဘူတတ္တယသင်္ခါတံ ဖောဋ္ဌဗ္ဗံ ဂေါစရရူပံ နာမ။

အဆင်းအရောင်သည်၄င်း အသံသည်၄င်း အနံ့သည်၄င်း အရသာသည်၄င်း အာပေါဓာတ်သည် ကြဉ်အပ်သော ဘူတရုပ်သုံးခုတို့၏ အပေါင်းဟု ဆိုအပ်သော တွေ့ထိအပ်သော အတွေ့သည်၄င်း ဂေါစရရုပ်မည်၏။

(3) Objective material phenomena: visible form, sound, smell, taste, and tangibility, the later consisting in the three essentials excluding the water element.

## (၄) ဘာဝရုပ် ၂-ပါး

၇။ ဣတ္ထတ္တံ ပုရိသတ္တံ ဘာဝရူပံ နာမ။

ဣတ္ထီ၏ဖြစ်ကြောင်းရုပ်သည်၄င်း ပုရိသ၏ဖြစ်ကြောင်းရုပ်သည်၄င်း ဘာဝရုပ် မည်၏။

(4) Material phenomena of sex: femininity and masculinity.

## (၅) ဟဒယရုပ် ၁-ပါး

၈။ ဟဒယဝတ္ထု ဟဒယရူပံ နာမ။

ဟဒယဝတ္ထုသည် ဟဒယရုပ် မည်၏။

(5) Material phenomena of the heart: the heart-base.

## (၆) ဇီဝိတရုပ် ၁-ပါး

၉။ ဇီဝိတိန္ဒြိယံ ဇီဝိတရူပံ နာမ။

ဇီဝိတိန္ဒြေသည် ဇီဝိတရုပ် မည်၏။

(6) Material phenomena of life: the life faculty.

## (၇) အာဟာရရုပ် ၁-ပါး

၁၀။ ကဗဠီကာရော အာဟာရော အာဟာရရူပံ နာမ။

အလုပ်အလွေးပြုအပ်သော အစာအာဟာရသည် အာဟာရရုပ် မည်၏။

(7) Material phenomena of nutriment: edible food.

၁၁။ ဣတိ စ အဋ္ဌာရသဝိဓမ္ပေတံ ရူပံ သဘာဝရူပံ, သလက္ခဏရူပံ, နိပ္ဖန္နရူပံ, ရူပရူပံ, သမ္မသနရူပန္တိ စ သင်္ဂဟံ ဂစ္ဆတိ။

ဆက်ဦးအံ့၊ ဤအပြားအားဖြင့် တဆယ့်ရှစ်ပါးအပြားရှိသည်လည်းဖြစ်သော ဤရုပ်သည် သဘာဝရုပ်ဟူ၍၎င်း, နိပ္ဖန္နရုပ်ဟူ၍၎င်း ရူပရုပ်ဟူ၍၎င်း သမ္မသနရုပ်ဟူ၍၎င်း ခေါ်ဝေါ်အပ်သည်၏ အဖြစ်သို့ ရောက်၏။

Thus these eighteen kinds of material phenomena are grouped together as: matter possessing intrinsic nature, matter possessing intrinsic real characteristics, concretely produced matter, material, and matter to be comprehended by insight.

## (၁၂) ပရိစ္ဆေဒရုပ် ၁–ပါး

၁၂။ အာကာသဓာတု ပရိစ္ဆေဒရူပံ နာမ။
အာကာသဓာတ်သည် ပရိစ္ဆေဒရုပ် မည်၏။

(8) Limiting material phenomenon: the element of space.

## (၁၃) ဝိညတ်ရုပ် ၂–ပါး

၁၃။ ကာယဝိညတ္တိ, ဝစီဝိညတ္တိ ဝိညတ္တိရူပံ နာမ။
ကာယဝိညတ်သည်၎င်း ဝစီဝိညတ်သည်၎င်း ဝိညတ်ရုပ် မည်၏။

(9) Intimating material phenomenon: bodily intimation and vocal intimation.

## (၁၄) ဝိကာရရုပ် ၅–ပါး

၁၄။ ရူပဿ လဟုတာ, မုဒုတာ, ကမ္မညတာ, ဝိညတ္တိဒွယံ ဝိကာရရူပံ နာမ။
တိဇနိပ္ဖန္နရုပ်တို့၏ ပေါ့ပါးသည်၏အဖြစ်သည်၎င်း နူးညံ့သည်၏အဖြစ်သည်၎င်း အမှုခံ့ကောင်းသည်၏ အဖြစ်သည်၎င်း ဝိညတ်ရုပ်နှစ်ပါးအပေါင်းသည်၎င်း ဝိကာရရုပ် မည်၏။

(10) Mutable material phenomenon: material lightness, malleability, wieldiness, and the two forms of intimation.

## (၁၅) လက္ခဏရုပ် ၄-ပါး

၁၅။ ရူပဿ ဥပစယော, သန္တတိ, ဇရတာ, အနိစ္စတာ လက္ခဏရူပံ နာမ။

နိပ္ဖန္နရုပ် အစတမျိုး တိုး၍တဖုံ ရုပ်မစုံခင် ဖြစ်ခြင်းဟူသမျှသည်၄င်း, ထို့နောက်ဆက်စပ် အထပ်ထပ်ဖြစ်ခြင်းသည်၄င်း, ရင့်ရော်သည်၏အဖြစ်သည်၄င်း, မမြဲသည်သည်၏အဖြစ်သည်၄င်း, လက္ခဏရုပ် မည်၏။

(11) Characteristics of material phenomenon: material production, continuity, decay, and impermanence.

၁၆။ ဇာတိရူပမေဝ ပနေတ္ထ ဥပစယသန္တတိနာမေန ပဝုစ္စတီတိ ဧကာဒသဝိဓမ္ပေတံ ရူပံ အဋ္ဌဝီသတိဝိဓံ ဟောတိ သရူပဝသေန။

အမှာစကားချပ်ညှပ်လိုက်ဦးအံ့၊ ဤလက္ခဏရုပ်၌ ဇာတိရုပ်တခုတည်းကိုပင် ဥပစယ သန္တတိအမည်ဖြင့် နှစ်မျိုးခွဲ၍ ဆိုအပ်၏။ ဤသို့ တဆဲ့တပါးအပြားရှိသည်လည်းဖြစ်သော ဤရုပ်သည် သရုပ်သကောင်၏ အပြားအားဖြင့် နှစ်ဆဲ့ရှစ်ပါးအပြားရှိသည် ဖြစ်၏။

Here by production and continuity are meant the material phenomenon of birth. Thus the eleven kinds of material phenomena are treated as twenty eight according to their specific property.

## သင်္ဂဟဂါထာများ

၁၇။ ကထံ ?

ဘူတပ္ပသာဒ ဝိသယာ–
ဘာဝေါ ဟဒယမိစ္စပိ။
ဇီဝိတာဟာရရူပေဟိ၊
အဋ္ဌာရသဝိဓံ တထာ။

ပရိစ္ဆေဒေါ စ ဝိညတ္တိ၊
ဝိကာရော လက္ခဏန္တိ စ။
အနိပ္ဖန္နာ ဒသာ စေတိ၊
အဋ္ဌဝီသတိဝိဓံ ဘဝေ။

နှစ်ဆဲ့ရှစ်ပါးအဘယ်သို့ ပြားသနည်း။

How (twenty-eight)?

ဘူတရုပ် ပသာဒရုပ် ဝိသယရုပ်တို့၄င်း ဘာဝရုပ်၄င်း ဟဒယဝတ္ထုရုပ်၄င်း ဤသို့လည်း ဇီဝိတ, အာဟာရရုပ်တို့နှင့်တကွ တဆဲ့ရှစ်ပါးအပြားရှိသော နိပ္ဖန္နရုပ်၄င်း ထိုမှတပါး ပရိစ္ဆေဒရုပ်၄င်း ဝိညတ်ရုပ်၄င်း ဝိကာရရုပ်၄င်း လက္ခဏရုပ်၄င်း ဤသို့လည်း ဆယ်ပါးကုန်သော အနိပ္ဖန္နရုပ်၄င်း ဤသို့ နှစ်ဆဲ့ရှစ်ပါး အပြားရှိသည် ဖြစ်၏။

Essentials, sensory organs, objects, sex, heart, life, and nutriment- thus concrete matter is eighteenfold.

Limitation (space), intimation, mutability, and characteristics- thus there are ten that are not concretely produced. In all there are twenty-eight.

အယမေတ္ထ ရူပသမုဒ္ဒေသော။

ဤသည်ကား ဤရူပပရိစ္ဆေဒ၌ ရူပသမုဒ္ဒေသတည်း။

Herein, this is the enumeration of matter.

## ရူပဝိဘာဂ
## မဟာဘုတ်နှင့် ဥပါဒါရုပ်

၁၈။ သဗ္ဗဉ္စ ပနေတံ ရူပံ အဟေတုကံ, သပ္ပစ္စယံ, သာသဝံ, သင်္ခတံ, လောကိယံ, ကာမာဝစရံ, အနာရမ္မဏံ, အပ္ပဟာတဗ္ဗမေဝါတိ ဧကဝိဓမ္ပိ အဇ္ဈတ္တိကဗာဟိရာဒိဝသေန ဗဟုဓာ ဘေဒံ ဂစ္ဆတိ။

အဘို့တပါးကား အလုံးစုံလည်းဖြစ်သော ဤရုပ်သည် အဟေတုကချည်းသာတည်း၊ သပ္ပစ္စယချည်းသာတည်း၊ သာသဝချည်းသာတည်း၊ သင်္ခတချည်းသာတည်း၊ လောကိယချည်းသာတည်း၊ ကာမာဝစရချည်းသာတည်း၊ အနာရမ္မဏချည်းသာတည်း၊ အပ္ပဟာတဗ္ဗချည်းသာတည်း၊ ဤသို့ တပါးစီသာ အဘို့ရှိသော်လည်း အဇ္ဈတ္တိကရုပ် ဗာဟိရရုပ် အစရှိသည်တို့၏အပြားအားဖြင့် များသောအပြားအားဖြင့် ကွဲပြားခြင်းသို့ ရောက်၏။

Now all this matter is singlefold in so far it is all: rootless, with conditions, subject to taints, conditioned, mundane, pertaining to the sense-sphere, objectless, not to be abandoned. However, when conceived as internal and external, etc., matter becomes manifold.

### အဇ္ဈတ္တိကရုပ် ဗာဟိရရုပ်

၁၉။ ကထံ --

ပသာဒသင်္ခါတံ ပဉ္စဝိဓမ္ပိ အဇ္ဈတ္တိကရူပံ နာမ၊ ဣတရံ ဗာဟိရရူပံ။

အဘယ်သို့ ပြားသနည်း၊

ပသာဒဟုဆိုအပ်သော ငါးပါးအပြားရှိသည်လည်းဖြစ်သောရုပ်သည် အဇ္ဈတ္တိကရုပ်မည်၏။ ကျန် ၂၃-ပါးသောရုပ်သည် ဗာဟိရရုပ်မည်၏။

How?
The five kinds of sensitive material phenomena are internal; the rest are external.

### ဝတ္ထုရုပ် အဝတ္ထုရုပ်

၂၀။ ပသာဒဟဒယသင်္ခါတံ ဆဗ္ဗိဓမ္ပိ ဝတ္ထုရူပံ နာမ၊ ဣတရံ အဝတ္ထုရူပံ။

ပသာဒရုပ်, ဟဒယရုပ်ဟုဆိုအပ်သော ခြောက်ပါးအပြားရှိသည်လည်းဖြစ်သောရုပ်သည် ဝတ္ထုရုပ်မည်၏။ ကျန် ၂၂-ပါးသောရုပ်သည် အဝတ္ထုရုပ်မည်၏။

The six kinds, comprising the sensitive organs and the heart, are material phe nomena that are bases; the rest are not bases.

## ဒွါရရုပ် အဒွါရရုပ်

၂၁။ ပသာဒဝိညတ္တိသင်္ခါတံ သတ္တဝိဓမ္ပိ ဒွါရရူပံနာမ၊ ဣတရံ အဒွါရရူပံ။

ပသာဒရုပ်, ဝိညတ်ရုပ်ဟုဆိုအပ်သော ခုနစ်ပါးအပြားရှိသည်လည်းဖြစ်သောရုပ်သည် ဒွါရရုပ်မည်၏။ ကျန် ၂၂-ပါးသော ရုပ်သည် အဒွါရရုပ်မည်၏။

The seven kinds, comprising the sensitive organs and the two media of intimation, are material phenomena that are doors; the rest are not doors.

## ဣန္ဒြိယရုပ် အနိန္ဒြိယရုပ်

၂၂။ ပသာဒဘာဝဇီဝိတသင်္ခါတံ အဋ္ဌဝိဓမ္ပိ ဣန္ဒြိယရူပံ နာမ၊ ဣတရံ အနိန္ဒြိယရူပံ။

ပသာဒရုပ်, ဘာဝရုပ်, ဇီဝိတရုပ်ဟုဆိုအပ်သော ရှစ်ပါးအပြားရှိသည်လည်းဖြစ်သောရုပ်သည် ဣန္ဒြိယရုပ်မည်၏။ ကျန် ၂၀-ပါးသော ရုပ်သည် အနိန္ဒြိယရုပ်မည်၏။

The eight kinds, comprising the sensitive organs and sex states and life, are the material phenomena that are faculties; the rest are not faculties.

## ဩဠာရိကရုပ် စသည်နှင့် သုခုမရုပ် စသည်များ

၂၃။ ပသာဒဝိသယသင်္ခါတံ ဒွါဒသဝိဓမ္ပိ ဩဠာရိကရူပံ, သန္တိကေရူပံ, သပ္ပဋိဃရူပဉ္စ၊ ဣတရံ သုခုမရူပံ, ဒူရေရူပံ, အပ္ပဋိဃရူပဉ္စ။

ပသာဒရုပ်, ဝိသယရုပ်ဟုဆိုအပ်သော တဆယ့်နှစ်ပါးအပြားရှိသည်လည်းဖြစ်သော ရုပ်သည် ဩဠာရိကရုပ်လည်းမည်၏။ သန္တိကေရုပ်လည်းမည်၏။ သပ္ပဋိဃရုပ်လည်းမည်၏။ ကျန် ၁၆-ပါးသော ရုပ်သည် သုခုမရုပ်လည်းမည်၏။ ဒူရေရုပ်လည်းမည်၏။ အပ္ပဋိဃရုပ်လည်းမည်၏။

Twelve kinds, comprising the sensitive organs and (seven) sense objects, are gross, proximate, and impinging material phenomena; the rest are subtle, distance, and non-impinging.

## ဥပါဒိန္နရုပ် အနုပါဒိန္နရုပ်

၂၄။ ကမ္မဇံ ဥပါဒိန္နရူပံ၊ ဣတရံ အနုပါဒိန္နရူပံ။
ကမ္မဇရုပ်သည် ဥပါဒိန္နရုပ်မည်၏။ ကျန်တိဇရုပ်သည် အနုပါဒိန္နရုပ်မည်၏။

Material phenomena born of kamma are "clung-to"; the others are "no clung-to".

## သနိဒဿန အနိဒဿန

၂၅။ ရူပါယတနံ သနိဒဿနရူပံ၊ ဣတရံ အနိဒဿနရူပံ။
ရူပါရုံသည် သနိဒဿနရုပ်မည်၏၊ ကျန် ၂၇-ပါးသော ရုပ်သည် အနိဒဿနရုပ်မည်၏။

The visiable form base is visible; the rest are non-visible.

## ဂေါစရဂ္ဂါဟိကရုပ် အဂေါစရဂ္ဂါဟိကရုပ်

၂၆။ စက္ခာဒိဒွယံ အသမ္ပတ္တဝသေန, ဃာနာဒိတ္တယံ သမ္ပတ္တဝသေနာတိ ပဉ္စဝိဓမ္ပိ ဂေါစရဂ္ဂါဟိကရူပံ၊
ဣတရံ အဂေါစရဂ္ဂါဟိကရူပံ။

မိမိထံမှောက် မရောက်မထိ မငြိ မကပ်သော အာရုံကို ယူတတ်သည်၏အစွမ်းဖြင့် (ဖြစ်သော) စက္ခုအစရှိသော ရုပ်နှစ်ခု၏အပေါင်းငှင်း၊ မိမိထံမှောက်သို့ ရောက်ထိငြိကပ်သော အာရုံကို ယူတတ်သည်၏ အစွမ်းဖြင့် (ဖြစ်သော) ဃာနအစရှိသော ရုပ်သုံးခုတို့၏အပေါင်းသည်ငှင်း ဤသို့ ငါးပါးအပြားရှိသည်လည်း ဖြစ်သောရုပ်သည် ဂေါစရဂ္ဂါဟိကရုပ်မည်၏။ ကျန် ၂၃-ပါးသော ရုပ်သည် အဂေါစရဂ္ဂါဟိကရုပ်မည်၏။

Eye and ear, as not reaching (their object) and nose, tong, and body, as reaching (their object), are five kinds of material phenomena that take object; the others arematerial that do not take objects.

## အဝိနိဗ္ဘောဂရုပ် ဝိနိဗ္ဘောဂရုပ်

၂၇။ ဝဏ္ဏော ဂန္ဓော ရသော ဩဇာ ဘူတစတုက္ကဉ္စေတိ အဋ္ဌဝိဓမ္ပိ အဝိနိဗ္ဘောဂရူပံ၊ ဣတရံ ဝိနိဗ္ဘောဂရူပံ။

အဆင်းအရောင်ငှင်း အနံ့ငှင်း အဆီအနှစ်အစေးငှင်း မဟာဘုတ်လေးပါးတို့၏အပေါင်းငှင်း ဤသို့ ရှစ်ပါးအပြားရှိသည်လည်းဖြစ်သော ရုပ်သည် အဝိနိဗ္ဘောဂရုပ်မည်၏၊ ကျန် ၂၀-သော ရုပ်သည် ဝိနိဗ္ဘောဂရုပ်မည်၏။

Colour, odour, taste, nutritive essence, and the four essentials are the eight kinds of material that are inseparable; the rest are separable.

## သင်္ဂဟဂါထာ

၂၈။ ဣစ္စေဝံ မဇ္ဈတိသတိ–
ဝိဓမ္မိ စ ဝိစက္ခဏာ၊
အဇ္ဈတ္တိကာဒိဘေဒေန၊
ဝိဘဇန္တိ ယထာရဟံ။

နိဂုံးကိုဆိုဦးအံ့၊ ဤသို့စသောအပြားအားဖြင့် ပညာရှိတို့သည် နှစ်ဆယ့်ရှစ်ပါးအပြားရှိသည်လည်းဖြစ်သော ရုပ်ကို အဇ္ဈတ္တိကအစရှိသော အပြားအားဖြင့် ဝေဖန်ထိုက်သည်အားလျော်စွာ ဝေဘန်ကြကုန်၏။

Thus the wise analyze in a fitting way the twenty-eight kinds of matter with respect to such divisions as the internal and so forth.

အယမေတ္ထ ရူပဝိဘာဂေါ။

ဤသည်ကား ဤရူပပရိစ္ဆေဒ၌ ရူပဝိဘာဂတည်း။

Herein, this is classification of matter.

## ရူပသမုဋ္ဌာနနယ

## ရုပ်ဖြစ်ကြောင်းတရား ၄–ပါး

၂၅။ ကမ္မံ, စိတ္တံ, ဥတု, အာဟာရော စေတိ စတ္တာရိ ရူပသမုဋ္ဌာနာနိ နာမ။

ကံ၄င်း စိတ်၄င်း ဥတု၄င်း အာဟာရ၄င်း ဤသို့ လေးပါးတို့သည် ရုပ်ကို ဖြစ်စေတတ်သော အကြောင်းတို့ မည်၏။

Material phenomena originate in four ways, from kamma, consciousness, temperature, and nutriment.

### ကံ,က ရုပ်ကို ဖြစ်စေပုံ

၃၀။ တတ္ထ ကာမာဝစရံ, ရူပါဝစရဉ္စေတိ ပဉ္စဝီသတိဝိဓမ္ပိ ကုသလာကုသလကမ္မမဘိသင်္ခတံ အဇ္ဈတ္တိကသန္တာနေ ကမ္မသမုဋ္ဌာနရူပံ ပဋိသန္ဓိမုပါဒါယ ခဏေ ခဏေ သမုဋ္ဌာပေတိ။

ထိုလေးပါးသော သမုဋ္ဌာန်တို့တွင် ကာမာဝစရကုသိုလ် အကုသိုလ်စေတနာ နှစ်ဆယ်၄င်း ရူပါဝစရ ကုသိုလ်စေတနာ ငါးပါး၄င်း ဤသို့ နှစ်ဆယ့်ငါးပါးအပြားရှိသည်လည်းဖြစ်သော ပြုစီမံအပ်သော ကုသိုလ် အကုသိုလ်ကံသည် အဇ္ဈတ္တသန္တာန်၌ ကံကြောင့်ဖြစ်သော ရုပ်အပေါင်းကို ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏကို အစပြု၍ စိတ်၏ ခဏတိုင်း ခဏတိုင်း၌ ဖြစ်စေ၏။

Therein, the twenty-five kinds of wholesome and unwholesome kamma pertaining to sense sphere and the fine-material sphere produce, in one's internal continuum, volitionally conditioned material phenomena originating from kamma, moment by moment beginning with rebirth-linking.

### စိတ်,က ရုပ်ကို ဖြစ်စေပုံ

၃၁။ အရူပဝိပါက ဒွိပဉ္စဝိညာဏ ဝဇ္ဇိတံ ပဉ္စသတ္တတိဝိဓမ္ပိ စိတ္တံ စိတ္တသမုဋ္ဌာနရူပံ ပဌမဘဝင်္ဂ မုပါဒါယ ဇာယန္တမေဝ သမုဋ္ဌာပေတိ။

အာရုပ္ပဝိပါက် ဒွေပဉ္စဝိညာဏ်သည် ကြဉ်အပ်သော ခုနစ်ဆယ့်ငါးပါး အပြားရှိသည်လည်းဖြစ်သော စိတ်သည် စိတ်ကြောင့်ဖြစ်သော ရုပ်အပေါင်းကို ပဌမဘဝင်၏ ဥပါဒ်ကို အစပြု၍ ဥပါဒ်လျှင်ဥပါဒ်ခြင်းသာလျှင် ဖြစ်စေ၏။

The seventy-five types of consciousness, excluding the immaterial-sphere resultants and the two sets of fivefold sense consciousness, produce material phenomena originating from consciousness beginning with the first moment of the life-continuum, but they do so only (at the moment of arising).

## ဣရိယာပုထ်ကိုလည်း နိုင်စေပုံ

၃၂။ တတ္ထ အပ္ပနာဇဝနံ ဣရိယာပထမ္ပိ သန္နာမေတိ။

ထိုခုနစ်ဆယ့်ငါးပါးသောစိတ်တို့တွင် အပ္ပနာဇောသည် ဣရိယာပုထ်ကိုလည်း ကောင်းစွာ ညွတ်စေဆောင်ထားလေ၏။

Therein, the javanas of absorption also uphold the bodily postures.

## ဝိညတ်ကိုလည်း ဖြစ်စေပုံ

၃၃။ ဝေါဋ္ဌဗ္ဗန ကာမာဝစရ ဇဝနာဘိညာ ပန ဝိညတ္တိမ္ပိ သမုဋ္ဌာပေန္တိ။

အဘို့တပါးကား ဝုဋ္ဌော, ကာမဇောတခုဃုတ်သုံးဆယ် အဘိညာဉ်ဒွေးတို့သည် ကာယဝိညတ် ဝစီဝိညတ်ကိုလည်း ဖြစ်စေနိုင်ကုန်၏။

But the determining consciousness, javanas of the sense sphere, and direct-knowledge consciousness produce also (bodily and vocal) intimation.

## ရယ်ရွှင်မှုကိုလည်း ဖြစ်စေပုံ

၃၄။ သောမနဿဇဝနာနိ ပနေတ္ထ တေရသ ဟာသနမ္ပိ ဇနေန္တိ။

အထူးကို ဆိုဦးအံ့၊ ဤဝုဋ္ဌော ကာမဇော အဘိညာဉ်တို့တွင် တဆဲ့သုံးပါးကုန်သော သောမနဿဇော တို့သည် ပြုံးရယ်ခြင်းကိုလည်း ဖြစ်စေကုန်၏။

Herein, the thirteen javanas accompanied by joy produce smiling too.

## ဥတု,က ရုပ်ကိုဖြစ်စေပုံ

၃၅။ သီတုဏှောတုသမညာတာ တေဇောဓာတု ဌိတိပ္ပတ္တာဝ ဥတုသမုဋ္ဌာနရူပံ အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါ စ ယထာရဟံ သမုဋ္ဌာပေတိ။

သီတဥတု ဥဏှဥတုဟု အသိအမှတ်ပြုအပ်သော တေဇောဓာတ်သည် ဌီသို့ရောက်မှသာလျှင် ဥတုကြောင့် ဖြစ်သော ရုပ်ကို အဇ္ဈတ္တသန္တာန်၌၄င်း ဗဟိဒ္ဓသန္တာန်၌၄င်း ထိုက်သည်အားလော်စွာ ဖြစ်စေ၏။

The fire-element, which comprises both cold and heat, on reaching its stage of presence, produces, according to circumstances, both internal and external material phenomena originating from temperature.

## အာဟာရ,က ရုပ်ကို ဖြစ်စေပုံ

၃၆။ ဩဇာသင်္ခါတော အာဟာရော အာဟာရသမုဋ္ဌာနရူပံ အဇ္ဈောဟရဏကာလေ ဌာနပ္ပတ္တောဝ သမုဋ္ဌာပေတိ။

ဩဇာဟုဆိုအပ်သော အာဟာရသည် အာဟာရကြောင့်ဖြစ်သောရုပ်ကို မျိုအပ်ရာအခါ၌ ဌီသို့ရောက်မှ သာလျှင် ဖြစ်စေ၏။

Nutriment, known as nutritive essence, on reaching its stage of presence, produces material phenomena originating from nutriment at the time it is swallowed.

## ကမ္မဇရုပ်စသည်တို့သရုပ်

၃၇။ တတ္ထ ဟဒယ ဣန္ဒြိယရူပါနိ ကမ္မဇာနေဝ။

ထိုရုပ်တို့တွင် ဟဒယဣန္ဒြိယရုပ်တို့သည် ကမ္မဇတို့ချည်းသာတည်း။

Therein, the material phenomena of the heart and the (eight) faculties are born of kamma.

## စိတ္တဇရုပ်

၃၈။ ဝိညတ္တိဒွယံ စိတ္တဇမေဝ။

ဝိညတ်ဒွေးသည် စိတ္တဇချည်းသာတည်း။

The two media of intimation are born only of consciousness.

## ဒွိဇရုပ်

၃၉။ သဒ္ဒေါ စိတ္တောတုဇော။

သဒ္ဒရုပ်သည် စိတ်ဥတု နှစ်ပါးတို့ကြောင့် ဖြစ်၏။

Sound is born of consciousness and temperature.

## တိဇရုပ်

၄၀။ လဟုတာဒိတ္တယံ ဥတုစိတ္တာဟာရေဟိ သမ္ဘောတိ။

လဟုတာစသော ရုပ်သုံးခုတို့အပေါင်းသည် ဥတု စိတ် အာဟာရတို့ကြောင့် ဖြစ်၏။

The triple qualities of lightness, (malleability, and wieldiness) arise from temperature, consciousness, and nutriment.

## စတုဇရုပ်

၄၁။ အဝိနိဗ္ဘောဂရူပါနိ စေဝ အာကာသဓာတု စ စတူဟိ သမ္ဘူတာနိ။

အဝိနိဗ္ဘောဂရုပ် ရှစ်ခုသည်၎င်း အာကာသဓာတ်သည်၎င်း လေးပါးသော အကြောင်းတို့ကြောင့် ဖြစ်ကုန်၏။

The inseparable material phenomena and the element of space arise from four cause.

## နကုတောစိရုပ်

၄၂။ လက္ခဏရူပါနိ န ကုတောစိ ဇာယန္တိ။

လက္ခဏရုပ်တို့သည် မည်သည့်အကြောင်းကြောင့်မျှ မဖြစ်ကုန်။

Characteristic material phenomena do not arise from any cause.

## သင်္ဂဟဂါထာများ

၄၃။ အဋ္ဌာရသ ပန္နရသ–
တေရသ ဒွါဒသာတိ စ၊
ကမ္မစိတ္တောတုကာဟာရ–
ဇာနိ ဟောန္တိ ယထာက္ကမံ။
၄၄။ ဇာယမာနာဒိ ရူပါနံ၊
သဘာဝတ္တာ ဟိ ကေဝလံ။
လက္ခဏာနိ န ဇာယန္တိ၊
ကေဟိစီတိ ပကာသိတံ။

တဆယ့်ရှစ်ပါးသော ရုပ်တို့၄င်း၊တဆယ့် ငါးပါးသော ရုပ်တို့၄င်း၊တဆယ့်သုံးပါးသော ရုပ်တို့၄င်း၊ တဆယ့်နှစ်ပါးသော ရုပ်တို့၄င်း၊ ဤသို့ အစဉ်အားလျော်စွာ ကမ္မဇ စိတ္တဇ ဥတုဇ အာဟာရဇရုပ်တို့သည် ဖြစ်ကုန်၏။

အကြောင်းကို ပြဦးအံ့၊ လက္ခဏရုပ်တို့သည် သက်သက် ဖြစ်ဆဲအစရှိသော ရုပ်ကလာပ်တို့၏ သဘောတံထွာမျှတာ၏အဖြစ်ကြောင့် ဘယ်အကြောင်းတို့ကြောင့်မျှ မဖြစ်ကုန်။ ဤသို့ ပြအပ်၏။

Eighteen, fifteen, thirteen, and twelve arise respectively from kamma, consciousness, temperature, and nutriment.

It is explained that the characteristics (of material phenomena) are not produced by any (modes of origin) since their intrinsic nature consists solely in the qualities of being produced, etc.

အယမေတ္ထ ရူပသမုဋ္ဌာနနယော။

ဤသည်ကား ဤရူပပရိစ္ဆေဒ၌ ရူပသမုဋ္ဌာန်နည်းတည်း။

Herein, this is origination of matter.

## ရူပကလာပ
## ရုပ်ကလာပ်၏လက္ခဏာ ၄-ပါး

၄၅။ ဧကုပ္ပါဒါ, ဧကနိရောဓာ, ဧကနိဿယာ, သဟဝုတ္တိနော ဧကဝီသတိ ရူပကလာပါ နာမ။

တူသောဖြစ်ခြင်းရှိကုန်သည်၄င်း, တူသောချုပ်ခြင်းရှိကုန်သည်၄င်း, တူသောမှီရာမဟာဘုတ်ရှိကုန်သည် ၄င်း, ဖြစ်၍ အတူတကွဖြစ်ခြင်းရှိသော ရုပ်အပေါင်းတို့သည် နှစ်ဆယ့်တစည်းသော ရုပ်ကလာပ်တို့ မည်၏။

There are twenty-one material groups inasmuch as they arise together, cease together, have a common basis, and occur together.

## ကမ္မဇကလာပ် ၉-စည်း

၄၆။ တတ္ထ ဇီဝိတံ, အဝိနိဗ္ဘောဂရူပဉ္စ စက္ခုနာ သဟ စက္ခုဒသကန္တိ ပဝုစ္စတိ။ တထာ သောတာဒီဟိ သဒ္ဓိံ သောတဒသကံ, ဃာနဒသကံ, ဇိဝှါဒသကံ, ကာယဒသကံ, ဣတ္ထိဘာဝဒသကံ, ပုမ္ဘာဝဒသကံ, ဝတ္ထုဒသကဉ္စေတိ ယထာက္ကမံ ယောဇေတဗ္ဗံ။ အဝိနိဗ္ဘောဂရူပမေဝ ဇီဝိတေန သဟ ဇီဝိတနဝကန္တိ ပဝုစ္စတိ။ ဣမေ နဝ ကမ္မသမုဋ္ဌာနကလာပါ။

ထိုနှစ်ဆဲ့တစ်စည်းသော ရုပ်ကလာပ်တို့တွင် ဇီဝိတရုပ်ကို၄င်း, အဝိနိဗ္ဘောဂရုပ်ရှစ်ပါးကို၄င်း, စက္ခုပသာဒနှင့်တကွ ဖြစ်သည်ရှိသော် စက္ခုဒသကဟူ၍ ဆိုအပ်၏။ ထို့အတူ သောတပသာဒအစရှိသောရုပ်တို့နှင့် တကွဖြစ်သည်ရှိသော် သောတဒသကဟူ၍၄င်း, ဃာနဒသကဟူ၍၄င်း, ဇိဝှါဒသကဟူ၍၄င်း, ကာယဒသကဟူ၍၄င်း, ဣတ္ထိဘာဝဒသကဟူ၍၄င်း, ပုမ္ဘာဝဒသကဟူ၍၄င်း, ဝတ္ထုဒသကဟူ၍၄င်း, အစဉ်အားလျော်စွာ ယှဉ်စေရာ၏။ အဝိနိဗ္ဘောဂရုပ် ရှစ်ပါးကိုပင် ဇီဝိတရုပ်နှင့် တကွဖြစ်သည်ရှိသော် ဇီဝိတနဝကဟူ၍ ဆိုအပ်၏။ ဤကိုးစည်းတို့သည် ကံကြောင့်ဖြစ်သော ရုပ်ကလာပ်တို့တည်း။

Therein, life and the (eight) inseparable material phenomena together with the eye are called the eye decad. Similarly (by joining the former nine) together with the ear and so forth, the ear decad, nose decad, tongue decad, body decad, female decad, male decad, decad,(heart-) base decad, should respectively be formed. Inseparable material phenomena, together with life, are called the vital nonad. These nine groups originate from kamma.

1. eye decad
2. ear decad
3. nose decad
4. tongue decad
5. body decad
6. female decad
7. male decad
8. (heart) base decad
9. vital nonad

## စိတ္တဇကလာပ် ၆–စည်း

၄၇။ အဝိနိဗ္ဘောဂရူပံ ပန သုဒ္ဓဋ္ဌကံ, တဒေဝ ကာယဝိညတ္တိယာ သဟ ကာယဝိညတ္တိနဝကံ, ဝစီဝိညတ္တိယာ သဟ ဝစီဝိညတ္တိဒသကံ, လဟုတာဒီဟိ သဒ္ဓိံ လဟုတာဒေကာဒသကံ, ကာယဝိညတ္တိလဟုတာဒိ ဒွါဒသကံ, ဝစီဝိညတ္တိသဒ္ဒလဟုတာဒိ တေရသကဉ္စေတိ ဆ စိတ္တသမုဋ္ဌာနကလာပါ။

အဘို့တပါးကား၊ အဝိနိဗ္ဘောဂရုပ်ရှစ်ပါးသည် သုဒ္ဓဋ္ဌကမည်၏။ ထိုအဝိနိဗ္ဘောဂရုပ်သည်ပင် ကာယဝိညတ်နှင့် တကွဖြစ်သည်ရှိသော် ကာယဝိညတ္တိနဝကမည်၏။ ဝစီဝိညတ်, သဒ္ဒရုပ် နှစ်ပါးတို့နှင့် တကွဖြစ်သည်ရှိသော် ဝစီဝိညတ္တိဒသကမည်၏။ လဟုတာအစရှိသော ရုပ်သုံးပါးအပေါင်းတို့နှင့် တကွဖြစ်သည်ရှိသော် လဟုတာဒိဧကာဒသကမည်၏။ ကာယဝိညတ်, လဟုတာအစရှိသော ရုပ်သုံးပါးအပေါင်းတို့နှင့် တကွဖြစ် သည်ရှိသော် ကာယဝိညတ္တိလဟုတာဒိ ဒွါဒသကမည်၏။ ဝစီဝိညတ်, သဒ္ဒ, လဟုတာအစရှိသော ရုပ်သုံးပါးအပေါင်းတို့နှင့် တကွဖြစ်သည်ရှိသော် ဝစီဝိညတ္တိသဒ္ဒလဟုတာဒိ တေရသကလည်းမည်၏။ ဤခြောက်ပါးတို့ကား စိတ်ကြောင့်ဖြစ်သော ရုပ်ကလာပ်တို့တည်း။

The inseparable material phenomena constitute the " pure octad."They, together with bodily intimation, bodily intimation nonad: together with vocal intimation and sound, the voclal intimation decad; together with the material phenomena of the lightness triad, the un-decad of the lightness triad; the dodecad of bodily intimation and the lightness triad; and tridecad of vocal intimation, sound and lightness triad. These six material groups originate from consciousness.

1. pure octad
2. bodily intimation nonad
3. voclal intimation decad
4. un-decad of the lightness triad
5. dodecad of bodily intimation and the lightness triad
6. tridecad of vocal intimation, sound and lightness triad

## ဥတုဇကလာပ် ၄–စည်း

၄၈။ သုဒ္ဓဋ္ဌကံ သဒ္ဒနဝကံ, လဟုတာဒေကာဒသကံ, သဒ္ဒလဟုတာဒိ ဒွါဒသကဉ္စေတိ စတ္တာရော ဥတုသမုဋ္ဌာန ကလာပါ။

သုဒ္ဓဋ္ဌကင်း, သဒ္ဒနဝကင်း, လဟုတာဒေကာဒသကင်း, သဒ္ဒလဟုတာဒိဒွါဒသကင်း, ဤသို့ လေးစည်းတို့သည် ဥတုကြောင့်ဖြစ်သော ရုပ်ကလာပ်တို့တည်း။

The pure octad, the sound nonad, the un-decad of lightness triad; the dodecad of sound and lightness triad - these four originate from temperature.

## အာဟာရဇကလာပ် ၂–စည်း

၄၉။ သုဒ္ဓဋ္ဌကံ လဟုတာဒေကာဒသကဉ္စေတိ ဒွေ အာဟာရသမုဋ္ဌာနကလာပါ။

သုဒ္ဓဋ္ဌကင်း, လဟုတာဒေကာဒသကင်း, ဤသို့ နှစ်စည်းတို့သည် အာဟာရကြောင့်ဖြစ်သော ရုပ်ကလာပ်တို့တည်း။

The pure octad, and the un-decad of lightness triad; are the two material groups that originate from nutriment.

## အဇ္ဈတ္တ, ဗဟိဒ္ဓ ကလာပ် ခွဲပုံ

၅၀။ တတ္ထ သုဒ္ဓဋ္ဌကံ, သဒ္ဒနဝကဉ္စေတိ ဒွေ ဥတုသမုဋ္ဌာနကလာပါ ဗဟိဒ္ဓါပိ လဗ္ဘန္တိ၊ အဝသေသာ ပန သဗ္ဗေပိ အဇ္ဈတ္တိကမေဝါတိ။

ထိုနှစ်ဆယ့်တစ်စည်းသော ရုပ်ကလာပ်တို့တွင် သုဒ္ဓဋ္ဌကင်း, သဒ္ဒနဝကင်း, ဤသို့ နှစ်စည်းကုန်သော ဥတုကြောင့်ဖြစ်သော ရုပ်ကလာပ်တို့ကို ဗဟိဒ္ဓသန္တာန်၌လည်း ရအပ်ကုန်၏။ အဘို့တပါးကား ဥတုဇကလာပ်နှစ်စည်းမှ ကြွင်းကုန်သော အလုံးစုံသော ကလာပ်တို့ကိုလည်း အဇ္ဈတ္တသန္တာန်၌သာ (ရအပ်ကုန်၏)။ ဤတွင်ပြီး၏။

Of them, the two material groups produced by temperature - the pure octad and the sound nonad - are found externally too. All the rest are strictly internal.

## သင်္ဂဟဂါထာများ

၅၁။ ကမ္မစိတ္တောတုကာဟာရ-
သမုဋ္ဌာနာ ယထာက္ကမံ။
နဝ ဆ စတုရော ဒွေတိ၊
ကလာပါ ဧကဝီသတိ။

ကလာပါနံ ပရိစ္ဆေဒ-
လက္ခဏတ္တာ ဝိစက္ခဏာ။
န ကလာပင်္ဂမိစ္စာဟု၊
အာကာသံ, လက္ခဏာနိ စ။

ကမ္မသမုဋ္ဌာန် စိတ္တသမုဋ္ဌာန် ဥတုသမုဋ္ဌာန် အာဟာရသမုဋ္ဌာန်ရုပ်ကလာပ်တို့သည် အစဉ်အားလျော်စွာ ကိုးစည်းတို့သည်၄င်း ခြောက်စည်းတို့သည်၄င်း လေးစည်းတို့သည်၄င်း နှစ်စည်းတို့သည်၄င်း ဖြစ်ကုန်၏။ ဤသို့ ရုပ်ကလာပ်တို့သည် နှစ်ဆယ့်တစ်စည်းတို့တည်း။

အာကာသဓာတ်ကို၄င်း လက္ခဏရုပ်တို့ကို၄င်း ရုပ်ကလာပ်တို့၏ အပိုင်းအခြား အမှတ်အသား၏ အဖြစ်ကြောင့် ကလာပ်၏အစိတ်အပိုင်းဟူ၍ ပညာရှိတို့သည် မဆိုကြကုန်။

There are twenty-one material groups - nine, six, four and two - produced in due order from kamma, consciousness, temperature, and nutriment.

As space demarcates, and the characteristic marks just indicate, the wise state that they are not constituents of material groups.

အယမေတ္ထ ရူပကလာပယောဇနာ။

ဤသည်ကား ဤရူပပရိစ္ဆေဒ၌ ကလာပ်တို့ကို ယှဉ်စပ်(ဖွဲ့ပြ)ခြင်းတည်း။

Herein, this is grouping of material phenoma.

## ရူပပဝတ္တိက္ကမ

## ကာမဘုံ၌ ရုပ်ဖြစ်စဉ်

၅၂။ သဗ္ဗာနိပိ ပနေတာနိ ရူပါနိ ကာမလောကေ ယထာရဟံ အနူနာနိ ပဝတ္တိယံ ဥပလဗ္ဘန္တိ။

အဘို့တပါးကား အလုံးစုံလည်းဖြစ်သော ဤရုပ်တို့ကို ကာမဘုံ၌ ရထိုက်သည်အားလျော်စွာ မယုတ်လျော့ကုန်သည်ဖြစ်၍ ပဝတ္တိအခါ၌ ရအပ်ကုန်၏။

All these material phenomena are obtained with no deficiency, according to circumstances, during the course of existence in the sensuous world.

၅၃။ ပဋိသန္ဓိယံ ပန သံသေဒဇာနဥ္စေဝ ဩပပါတိကာနဥ္စ စက္ခု သောတ ဃာန ဇိဝှါ ကာယ ဘာဝ ဝတ္ထုဒသကသင်္ခါတာနိ သတ္တဒသကာနိ ပါတုဘဝန္တိ ဥက္ကဋ္ဌဝသေန။ ဩမကဝသေန ပန စက္ခု သောတ ဃာန ဘာဝဒသကာနိ ကဒါစိပိ န လဗ္ဘန္တိ။ တသ္မာ တေသံ ဝသေန ကလာပဟာနိ ဝေဒိတဗ္ဗာ။

ပဋိသန္ဓေအခါ၌ကား သံသေဒဇ သတ္တဝါတို့၏(သန္တာန်၌)၄င်း, ဩပပါတိက သတ္တဝါတို့၏(သန္တာန်၌)၄င်း အလွန်ကို ပိုင်းခြားခြင်း၏ အစွမ်းဖြင့် စက္ခုဒသက သောတဒသက ဃာနဒသက ဇိဝှါဒသက ကာယဒသက ဘာဝဒသက ဝတ္ထုဒသကဟု ဆိုအပ်ကုန်သော ခုနစ်ပါးသော ဒသကတို့သည် ထင်ရှားဖြစ်ကုန်၏။ အဘို့တပါးကား၊ အယုတ်ကိုပိုင်းခြားခြင်း၏အစွမ်းဖြင့် စက္ခု, သောတ, ဃာန, ဘာဝဒသကတို့ကို တခါတရံ၌ မရအပ်ကုန်။ ထိုကြောင့် ထိုစက္ခု, သောတ, ဃာန, ဘာဝဒသကတို့နှင့် စပ်သဖြင့် ကလာပ်တို့၏ ယုတ်လျော့ခြင်းကို သိထိုက်၏။

But at rebirth-linking, to moisture-born beings and to those of spontaneous birth, there arise at most of seven decads ~ the decads of eye, ear, nose, tongue, body, sex, and the heart base. As a minimum, sometimes the eye, ear, nose, and sex decads are not obtained. This is how dificiencies of material groups should be understood.

၅၄။ ဂဗ္ဘသေယျကသတ္တာနံ ပန ကာယ ဘာဝ ဝတ္ထု ဒသက သင်္ခါတာနိ တီဏိ ဒသကာနိ ပါတုဘဝန္တိ၊ တတ္ထာပိ ဘာဝဒသကံ ကဒါစိ န လဗ္ဘတိ။ တတောပရံ ပဝတ္တိကာလေ ကမေန စက္ခုဒသကာဒီနိ စ ပါတုဘဝန္တိ။

အဘို့တပါးကား၊ ဂဗ္ဘသေယျကသတ္တဝါတို့၏(သန္တာန်၌) ကာယ, ဘာဝ, ဝတ္ထုဒသကဟုဆိုအပ်ကုန်သော သုံးပါးကုန်သောဒသကတို့သည် ထင်ရှားဖြစ်ကုန်၏။ ထိုသုံးပါးသော ဒသကတို့တွင်လည်း ဘာဝဒသကကို တခါတရံ၌ မရအပ်။ ထိုပဋိသန္ဓေအခါမှနောက်၌ ပဝတ္တိအခါ၌ အစဉ်အားဖြင့် ဝါ–တရွေ့ရွေ့ (ကြီးပွားကုန်သည်ရှိသော်) စက္ခုဒသကအစရှိသည်တို့သည်လည်း ထင်ရှားဖြစ်ကုန်၏။

To the womb-born creatures there arise (at rebirth) three decads ~ decads of body, sex, and the heart-base. Sometimes however the sex decad is not obtained. Thereafter, during the course of existence, gradually there arise the eye decad and so forth.

## ရုပ် ၄–ပါးတို့ ရှေးဦးစွာ ဖြစ်ပုံ

၅၅။ ဣစ္စေဝံ ပဋိသန္ဓိ မုပါဒါယ ကမ္မသမုဋ္ဌာနာ, ဒုတိယစိတ္တမုပါဒါယ စိတ္တသမုဋ္ဌာနာ, ဌိတိကာလမုပါဒါယ ဥတုသမုဋ္ဌာနာ, ဩဇာဖရဏမုပါဒါယ အာဟာရသမုဋ္ဌာနာ စေတိ စတုသမုဋ္ဌာနကလာပသန္တတိ ကာမလောကေ ဒီပဇာလာဝိယ, နဒီသောတော ဝိယ စ ယာဝတာယုက မဗ္ဗောစ္ဆိန္နာ ပဝတ္တတိ။

ဤဆိုအပ်ပြီးသော အစီအစဉ်ဖြင့်၊ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏကို အစပြု၍ ကမ္မသမုဋ္ဌာန်ရုပ်တို့၄င်း, စိတ်၏ ပထမဘဝင်စိတ်၏ ဥပါဒ်ခဏကို အစပြု၍ စိတ္တသမုဋ္ဌာန်ရုပ်တို့၄င်း, ပဋိသန္ဓေစိတ်၏ ဌီခဏကို အစပြု၍ ဥတုသမုဋ္ဌာန်ရုပ်တို့၄င်း ဩဇာ၏ ပျံ့နှံ့ရာအခါကို အစပြု၍ အာဟာရသမုဋ္ဌာန်ရုပ်တို့၄င်း ဤသို့ လေးပါးသော အကြောင်းတို့ကြောင့်ဖြစ်သော ရုပ်ကလာပ်အစဉ်သည် ကာမဘုံ၌ ဆီမီးလျှံသည်ကဲ့သို့၄င်း မြစ်ရေအယဉ်သည်ကဲ့သို့၄င်း အသက်ရှည်သမျှ ကာလပတ်လုံး မပြတ်မစဲ တဖွဲဖွဲ ဖြစ်၏။

Thus the continuity of material groups produced in four ways ~ namely, Kamma born from the time of rebirth-linking, consciousness born from the second moment of consciousness, temperature-born from the time of the stage of presence, nutriment-born from the time of the diffusion of nutritive essence ~ uninterruptedly flows on in the sense sphere till the end of life, like the flame of a lamp or the stream of a river.

## ရုပ်လေးပါးတို့ နောက်ဆုံးချုပ်ပုံ

၅၆။ မရဏကာလေ ပန စုတိစိတ္တောပရိသတ္တရသသမစိတ္တဿ ဌိတိကာလမုပါဒါယ ကမ္မဇရူပါနိ န ဥပ္ပဇ္ဇန္တိ၊ ပုရေတရမုပ္ပန္နာနိ စ ကမ္မဇရူပါနိ စုတိစိတ္တသမကာလမေဝ ပဝတ္တိတွာ နိရုဇ္ဈန္တိ၊ တတော ပရံ စိတ္တဇာဟာရဇရူပဉ္စ ဝေါစ္ဆိဇ္ဇတိ။ တတော ပရံ ဥတုသမုဋ္ဌာနရူပပရမ္ပရာ ယာဝ မတကဠေဝရသင်္ခါတာ ပဝတ္တန္တိ။

ဖြစ်စဉ်မှတပါး ချုပ်စဉ်ကို ပြဦးအံ့၊ စုတေခါနီးအခါ၌ စုတိစိတ်မှအထက် တဆယ့်ခုနစ်ချက်မြောက်သောစိတ်၏ ဌီကာလကို အစပြု၍ ကမ္မဇရုပ်တို့သည် မဖြစ်ကုန်။ ဌီခဏ၏ ရှေ့ဖြစ်သော ဥပါဒ်ခဏ၌ ဖြစ်ကုန်ပြီးသော ကမ္မဇရုပ်တို့သည်လည်း စုတိစိတ်နှင့်ညီမျှသော ကာလတိုင်အောင်သာလျှင် ဖြစ်တည်၍ ချုပ်ကုန်၏။ ထိုကမ္မဇရုပ်တို့ချုပ်ရာအခါမှ နောက်၌ စိတ္တဇ,အာဟာရဇရုပ်သည်လည်း ပြတ်စဲ၏။ ထိုတိဇရုပ်တို့ချုပ်ရာကာလမှ နောက်၌ ဥတုသမုဋ္ဌာန်ရုပ်အဆက်အဆက်တို့သည် စုတေပြီးနောင် အလောင်းကောင်ဟု ခေါ်ဆိုအပ်သည့်တိုင်အောင် ဖြစ်ကုန်၏။

But at the time of death, kamma-born material phenomena no longer arise starting with the stage of presence of the seventeen consciousness preceding the death consciousness. Kamma-born material phenomena that arose earlier occur till the death-moment and the cease. Following that, the consciousness-born and nutriment-born material come to cessation. Thereafter, a continuity of material qualities produced by temperature persists in the form of corpse.

### သင်္ဂဟဂါထာ

၅၇။ ဣစ္စေဝံ မတသတ္တာနံ၊
ပုနဒေဝ ဘဝန္တရေ။
ပဋိသန္ဓိမုပါဒါယ၊
တထာ ရူပံ ပဝတ္တတိ။

ဤဆိုအပ်ပြီးသောအစဉ်ဖြင့် စုတေကုန်သောသတ္တဝါတို့၏(သန္တာန်၌) တဖန်သာလျှင် ဘဝတပါး၌ ပဋိသန္ဓေကို အစပြု၍ ထိုဆိုခဲ့သည့်အတိုင်း ရုပ်သည် ဖြစ်ပြန်၏။

Thus to the deceased beings, again in a subsequent life, material phenomena arise, starting from rebirth-linking, in the same way.

# ရူပဘုံ၌ ရုပ်ဖြစ်စဉ်

၅၇။ ရူပလောကေ ပန ဃာန ဇိဝှါ ကာယ ဘာဝဒသကာနိ စေဝ အာဟာရဇကလာပါနိ စ န လဗ္ဘန္တိ။ တသ္မာ တေသံ ပဋိသန္ဓိကာလေ စက္ခု သောတ ဝတ္ထု ဝသေန တီဏိဒသကာနိ, ဇီဝိတနဝကဉ္စေတိ စတ္တာရော ကမ္မသမုဋ္ဌာနကလာပါ။ ပဝတ္တိယံ စိတ္တောတုသမုဋ္ဌာနာ စ လဗ္ဘန္တိ။

အဘို့တပါးကား ရူပဘုံ၌ ဃာန ဇိဝှါ ကာယ ဘာဝဒသကတို့ကိုင်၄င်း အာဟာရဇကလာပ်တို့ကိုင်၄င်း မရအပ်ကုန်။ ထို့ကြောင့် ထိုရူပဗြဟ္မာတို့၏ ပဋိသန္ဓေအခါ၌ စက္ခု သောတ ဝတ္ထုတို့၏ အပြားအားဖြင့် သုံးပါးကုန်သော ဒသကတို့ကိုင်၄င်း ဇီဝိတနဝကင်၄င်း ဤသို့ လေးပါးကုန်သော ကမ္မသမုဋ္ဌာန်ကလာပ်တို့ကို ရအပ်ကုန်၏။ ပဝတ္တိအခါ၌ စိတ္တသမုဋ္ဌာန် ဥတုသမုဋ္ဌာန်ကလာပ်တို့ကိုလည်း ရအပ်ကုန်၏။

In the fine-material world, the decads of nose, tongue, body, sex, and the material groups produced by nutriment are not found. Therefore, to those beings, at the time of rebirth-linking there arise four material groups produced by kamma ~ the three decads of eye, ear, and heart-base, and vital nonad. During the course of existence, material phenomena produced by consciousness and by temperature are found.

၅၈။ အသညသတ္တာနံ ပန စက္ခု သောတ ဝတ္ထု သဒ္ဒါပိ န လဗ္ဘန္တိ။ တထာ သဗ္ဗာနိပိ စိတ္တဇရူပါနိ၊ တသ္မာ တေသံ ပဋိသန္ဓိကာလေ ဇီဝိတနဝကမေဝ။ ပဝတ္တိယဉ္စ သဒ္ဒဝဇ္ဇိတံ ဥတုသမုဋ္ဌာနရူပံ အတိရိစ္စတိ။

အဘို့တပါးကား အသညသတ်ဗြဟ္မာတို့၏(သန္တာန်၌) စက္ခု, သောတ, ဝတ္ထုဒသက, သဒ္ဒနဝက တို့ကိုလည်း မရအပ်ကုန်။ ထို့အတူ အလုံးစုံလည်း ဖြစ်ကုန်သော စိတ္တဇရုပ်တို့ကို မရအပ်ကုန်။ ထို့ကြောင့် ထိုအသညသတ်ဗြဟ္မာတို့၏ ပဋိသန္ဓေအခါ၌ ဇီဝိတနဝကကလာပ်သည်သာလျှင်၄င်း ပဝတ္တိအခါ၌လည်း သဒ္ဒသည် ကြဉ်အပ်သော ဥတုသမုဋ္ဌာန်ရုပ်သည်၄င်း ကြွင်းကျန်၏။

Among the non-percipient beings, the eye, ear, heart-base, and sound are also not found. Similarly, non consciousness-born material phenomena are found. Therefore, at the moment of their rebirth-linking, only the vital nonad arise. During the course of existence, material phenomena produced by temperature, with the exception of sound, continue.

၆၀။ ဣစ္စေဝံ ကာမရူပသညီသင်္ခါတေသု တီသု ဌာနေသု ပဋိသန္ဓိပဝတ္တိဝသေန ဒုဝိဓာ ရူပပဝတ္တိ ဝေဒိတဗ္ဗာ။

ဤဆိုအပ်ပြီးသောအစဉ်ဖြင့် ကာမရူပအသညသတ်ဟုဆိုအပ်ကုန်သော သုံးပါးကုန်သော ဘုံဌာနတို့၌ ပဋိသန္ဓေ ပဝတ္တိတို့၏အပြားအားဖြင့် နှစ်ပါးအပြားရှိသော ရုပ်တို့၏ ဖြစ်ပျက်ပုံကို သိထိုက်၏။

Thus in three case of the sensuous world, the fine-material world, and non-percipient beings, the occurrence phenomena should be understood as twofold, by way of rebirth-linking and the course of existence.

## သင်္ဂဟဂါထာများ

၆၁။ အဋ္ဌဝီသတိ ကာမေသု
ဟောန္တိ တေဝီသ ရူပိသု၊
သတ္တရသေဝ သညီနံ၊
အရူပေ နတ္ထိ ကိဉ္စိပိ။
သဒ္ဒေါ ဝိကာရော ဇရတာ၊
မရဏဉ္စောပပတ္တိယံ။
န လဗ္ဘန္တိ ပဝတ္တေ တု၊
န ကိဉ္စိပိ န လဗ္ဘတိ။

ကာမဘုံတို့၌နှစ်ဆဲ့ရှစ်ပါးသော ရုပ်တို့သည် ဖြစ်ကုန်၏။ အသညသတ်မှတပါးသော ရူပ တဆဲ့ငါးဘုံတို့၌ နှစ်ဆဲ့သုံးပါးသော ရုပ်တို့သည် ဖြစ်ကုန်၏။ အသညသတ်ဗြဟ္မာတို့၏(သန္တာန်၌) တဆဲ့ ခုနစ်ပါးသောရုပ်တို့သည်သာ ဖြစ်ကုန်၏။ အရူပဘုံ၌ ဘယ်ရုပ်တခုမျှလည်း မရှိ။ သဒ္ဒရုပ်ကိုင်း ဝိကာရရုပ် ငါးခုကိုင်း ဇရတာရုပ်ကိုင်း အနိစ္စတာရုပ်ကိုင်း ပဋိသန္ဓေတည်နေခါစ ဥပါဒ်ခဏ၌ မရအပ်ကုန်။ ပဝတ္တိအခါ၌ကား ဘယ်ရုပ်တခုမျှလည်း မရအပ်သည်မရှိ, ရအပ်သည်သာ။

In the sense planes, twenty-eight material phenomena are found; in the fine-material plane, twenty-three; among non-percipients, seventeen; but non in the immaterial plane.

At the moment of conception, sound, mutability, decay, and death are not found. In the course of existence, there is nothing that is not obtained.

အယမေတ္ထ ရူပပဝတ္တိက္ကမော။

ဤသည်ကား ဤရူပပရိစ္ဆေဒ၌ ရူပပဝတ္တိက္ကမတည်း။

Herein, this is the procedure regarding the occurrence of material phenomena.

# နိဗ္ဗာန်

၆၂။ နိဗ္ဗာနံ ပန လောကုတ္တရသင်္ခါတံ စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ မဂ္ဂဖလာနမာရမ္မဏဘူတံ ဝါနသင်္ခါတာယ တဏှာယ နိက္ခန္တတ္တာ နိဗ္ဗာနန္တိ ပဝုစ္စတိ။

အဘို့တပါးကား လောကုတ္တရာဟုဆိုအပ်သော လေးပါးသောမဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုထိုက်သော မဂ်ဖိုလ်တရားတို့၏ အာရုံဖြစ်၍ဖြစ်သော နိဗ္ဗာန်ကို ဝါနဟုဆိုအပ်သော တဏှာမှ ထွက်မြောက်တတ်သည်၏ အဖြစ်ကြောင့် နိဗ္ဗာန်ဟူ၍ ဆိုအပ်၏။

Nibbāna is termed supramundane, and is to be realized by the knowledge of the four paths. It becomes an object to the paths and fruits and is called Nibbāna because it is a departure from craving, which is an entanglement.

၆၃။။ တဒေတံ သဘာဝတော ဧကဝိဓမ္ပိ သဉပါဒိသေသနိဗ္ဗာနဓာတု, အနုပါဒိသေသနိဗ္ဗာနဓာတု စေတိ ဒုဝိဓံ ဟောတိ ကာရဏပရိယာယေန။

၆၄။ တထာ သုညတံ, အနိမိတ္တံ, အပ္ပဏိဟိတဉ္စေတိ တိဝိဓံ ဟောတိ အာကာရဘေဒေန။

ထိုနိဗ္ဗာန်သည် သဘောအားဖြင့် တမျိုးတည်းသာရှိပါသော်လည်း သဉပါဒိသေသနိဗ္ဗာနဓာတ်၄င်း အနုပါဒိသေသနိဗ္ဗာနဓာတ်၄င်း ဤသို့ မှတ်သားကြောင်းပရိယာယ်အားဖြင့် နှစ်ပါးအပြားရှိသည် ဖြစ်၏။

ထိုမှတပါး သုညတနိဗ္ဗာန်၄င်း အနိမိတ္တနိဗ္ဗာန်၄င်း အပ္ပဏိဟိတနိဗ္ဗာန်၄င်း ဤသို့ အခြင်းအရာတို့၏ အပြားအားဖြင့် သုံးပါးအပြားရှိသည် ဖြစ်၏။

Through Nibbāna is onefold according to its intrinsic nature, by reference to a basis (for distinction), it is twofold, namely, the element of Nibbāna with the residue remaining, and the element of Nibbāna without the residue remaining. It is threefold according to its different aspects, namely, void, signless, and desireless.

### သင်္ဂဟဂါထာများ

၆၅။ ပဒမစ္စုတမစ္စန္တံ၊
အသင်္ခတမနုတ္တရံ။
နိဗ္ဗာနမီတိ ဘာသန္တိ၊
ဝါနမုတ္တာ မဟေသယော။

ဣတိ စိတ္တံ, စေတသိကံ,၊
ရူပံ, နိဗ္ဗာနမိစ္စပိ။
ပရမတ္ထံ ပကာသေန္တိ၊
စတုဓာဝ တထာဂတာ။

စုတေရွေ့လျော သေရခြင်းသဘောလည်းမရှိသော အဆုံးအပိုင်းအခြားကိုလည်း လွန်ပြီးထသော ကံစသော အကြောင်းလေးပါးတွင် ဘယ်အကြောင်းတခုမျှ မပြုအပ်သည်လည်း ဖြစ်ထသော မိမိထက်မြတ်သော တရားလည်းမရှိထသော ရောက်သင့်ရောက်ရန် လျော်ကန်သင့်မြတ်ထင်ရှားရှိသော ဓာတ်တမျိုးကို တဏှာမှ လွတ်တော်မူကြကုန်ပြီးသော မဟာဣသိ မုနိထွဋ်ဦးတင် ဘုရားရှင်တို့သည် နိဗ္ဗာန်ဟူ၍ ဟောတော်မူကြကုန်၏။

ဤခြောက်ပါးသော ပရိစ္ဆေဒဖြင့် (အကျယ်ညွှန်ပြအပ်သော) စိတ်၄င်း စေတသိက်၄င်း ရုပ်၄င်း နိဗ္ဗာန်၄င်း ဤသို့လျှင် ပရမတ္ထတရားကို လေးပါးအပြားအားဖြင့်သာလျှင် ဘုရားရှင်တို့သည် ထင်ရှားပြတော်မူကြကုန်၏။

Great seers who are free from craving declare that Nibbāna is an objective state which is deathless, absolutely endless, unconditioned, and unsurpassed. Thus as fourfold the Tathāgatas reveal the ultimate realities ~ consciousness, mental factors, matter, and Nibbāna.

ဣတိ အဘိဓမ္မတ္ထသင်္ဂဟေ ရူပသင်္ဂဟဝိဘာဂေါ နာမ ဆဋ္ဌော ပရိစ္ဆေဒေါ။

အဘိဓမ္မတ္ထသင်္ဂဟ၌ ရူပသင်္ဂဟဝိဘာဂ မည်သော ခြောက်ပိုင်းတို့၏ ပြည့်ကြောင်းဖြစ်သော အပိုင်းသည် ပြီးပြီ။

Thus end the sixth chapter in the Manual of Abhidhamma entitled the Compendium of Matter.

# သမုစ္စည်းပိုင်း

## ပဋိညာဉ်

၁။ ဒွါသတ္တတိဝိဓာ ဝုတ္တာ၊
ဝတ္ထုဓမ္မာ သလက္ခဏာ။
တေသံ ဒါနိ ယထာယောဂံ၊
ပဝက္ခာမိ သမုစ္စယံ။

ခုနစ်ဆယ့်နှစ်ပါးအပြားရှိကုန်သော မိမိဆိုင်ရာလက္ခဏာရှိကုန်သော ပရမတ်အလို အထည်ကိုယ်ဝတ္ထု ရစကောင်းသော တရားတို့ကို ဆိုအပ်ကုန်ပြီ။ ယခုအခါ၌ ထိုတရားတို့၏ ယှဉ်ထိုက်သည်အားလျော်စွာ သဘောတူခြင်း ပေါင်းသင်းစည်းပြ သမုစ္စယသင်္ဂဟကို ဆိုပေအံ့။

The seventy-two kinds of entities have (already) been described with their characteristics. Now I will speak of their categories in the ways that are applicable.

## သင်္ဂဟမာတိကာ

၂။ အကုသလသင်္ဂဟော, မိဿကသင်္ဂဟော, ဗောဓိပက္ခိယသင်္ဂဟော, သဗ္ဗသင်္ဂဟောစေတိ သမုစ္စယသင်္ဂဟော စတုဗ္ဗိဓော ဝေဒိတဗ္ဗော။

အကုသလသင်္ဂဟ၄င်း, မိဿကသင်္ဂဟ၄င်း, ဗောဓိပက္ခိယသင်္ဂဟ၄င်း, သဗ္ဗသင်္ဂဟ၄င်း ဤသို့ သမုစ္စယသင်္ဂဟကို လေးပါးအပြားရှိ၏ဟူ၍ သိထိုက်၏။

The compendium of categories should be understood as fourfold:
(i) the compendium of the unwholesome;
(ii) the compendium of mixed categories;
(iii) the compendium of requisites of enlightenment; and
(iv) the compendium of the whole.

## အကုသလ သင်္ဂဟ
## (၁)အာသဝ ၄-ပါး

၃။ ကထံ?

အကုသလသင်္ဂဟေ တာဝ စတ္တာရော အာသဝါ ကာမာသဝေါ, ဘဝါသဝေါ, ဒိဋ္ဌာသဝေါ, အဝိဇ္ဇာသဝေါ။

သင်္ဂဟလေးပါး အဘယ်သို့ပြားသနည်း။

မိဿကသင်္ဂဟစသည်တို့မှ ရှေးဦးစွာ (ညွှန်ပြအပ်သော) အကုသလသင်္ဂဟ၌ အာသဝတို့သည် ကာမာသဝ၄င်း, ဘဝါသဝ၄င်း, ဒိဋ္ဌာသဝ၄င်း, အဝိဇ္ဇာသဝ၄င်း ဤသို့ လေးပါးတို့တည်း။

How? First, in the compendium of the unwholesome, there are four taints: (1) the taint of sensual desire, (2) the taint of (attachment to) existence, (3) the taint of wrong view, (4) the taint of ignorance,

## (၂) ဩဃ ၄-ပါး

၄။ စတ္တာရော ဩဃာ ကာမောဃော, ဘဝေါဃော, ဒိဋ္ဌောဃော, အဝိဇ္ဇောဃော။

ဩဃတို့သည် ကာမောဃ၄င်း,ဘဝေါဃ၄င်း,ဒိဋ္ဌောဃ၄င်း, အဝိဇ္ဇောဃ၄င်း ဤသို့ လေးပါးတို့တည်း။

Four flood: (1) the flood of sensual desire, (2) the flood of (attachment to) existence, (3) the flood of wrong view, (4) the flood of ignorance,

## (၃) ယောဂ ၄-ပါး

၅။ စတ္တာရော ယောဂါ ကာမယောဂေါ, ဘဝယောဂေါ, ဒိဋ္ဌိယောဂေါ, အဝိဇ္ဇာယောဂေါ။

ယောဂတို့သည် ကာမယောဂ၄င်း, ဘဝယောဂ၄င်း, ဒိဋ္ဌိယောဂ၄င်း, အဝိဇ္ဇာယောဂ၄င်း ဤသို့ လေးပါးတို့တည်း။

Four bonds: (1) the bond of sensual desire, (2) the bond of (attachment to) existence, (3) the bond of wrong view, (4) the bond of ignorance,

## (၄) ဂန္ထ ၄–ပါး

၆။ စတ္တာရော ဂန္ထာ အဘိဇ္ဈာယ ကာယဂန္ထော, ဗျာပါဒ ကာယဂန္ထော, သီလဗ္ဗတပရာမာသ ကာယဂန္ထော, ဣဒံသစ္စာဘိနိဝေသော ကာယဂန္ထော။

ဂန္ထတို့သည် အဘိဇ္ဈာမည်သော ကာယဂန္ထငှင်း, ဗျာပါဒမည်သော ကာယဂန္ထငှင်း သီလဗ္ဗတပရာမာသ မည်သော ကာယဂန္ထငှင်း ဣဒံ သစ္စာဘိနိဝေသမည်သော ကာယဂန္ထငှင်း ဤသို့ လေးပါးတို့တည်း။

Four bodily knots: (1) the bodily knot of covetousness (2) the bodily knot of ill will , (3) the bodily knot of adherence to rites and ceremonies, (4) the bodily knot of dogmatic belief that "this alone is the truth."

## (၅) ဥပါဒါန် ၄–ပါး

၇။ စတ္တာရော ဥပါဒါနာ ကာမုပါဒါနံ, ဒိဋ္ဌုပါဒါနံ, သီလဗ္ဗတုပါဒါနံ, အတ္တဝါဒုပါဒါနံ။

ဥပါဒါန်တို့သည် ကာမုပါဒါန်ငှင်း ဒိဋ္ဌုပါဒါန်ငှင်း သီလဗ္ဗတုပါဒါန်ငှင်း အတ္တဝါဒုပါဒါန်ငှင်း ဤသို့ လေးပါးတို့တည်း။

Four bodily clingings: (1) clinging to sensual desire, (2) clinging to (attach ment to) existence, (3) clinging to wrong view, (4) clinging to ignorance,

## (၆) နီဝရဏ ၆–ပါး

၈။ ဆ နီဝရဏာနိ ကာမစ္ဆန္ဒနီဝရဏံ, ဗျာပါဒနီဝရဏံ, ထိနမိဒ္ဓနီဝရဏံ, ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏံ, အဝိဇ္ဇာနီဝရဏံ။

နီဝရဏတို့သည် ကာမစ္ဆန္ဒနီဝရဏငှင်း ဗျာပါဒနီဝရဏငှင်း ထိနမိဒ္ဓနီဝရဏငှင်း ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏငှင်း အဝိဇ္ဇာနီဝရဏငှင်း ဤသို့ ခြောက်ပါးတို့တည်း။

Six hindrances. the hindrance of (1) sensual desire (2) ill will
(3) sloth and torper (4) restlessness and worry (5) doubt (6) ignorance.

## (၇) အနုသယ ၇–ပါး

၉။ သတ္တ အနုသယာ ကာမရာဂါနုသယော, ဘဝရာဂါနုသယော, ပဋိဃာနုသယော, မာနာနုသယော, ဒိဋ္ဌာနုသယော, ဝိစိကိစ္ဆာနုသယော, အဝိဇ္ဇာနုသယော။

အနုသယတို့သည် ကာမရာဂါနုသယငှင်း ဘဝရာဂါနုသယငှင်း ပဋိဃာနုသယငှင်း မာနာနုသယငှင်း ဒိဋ္ဌာနုသယငှင်း ဝိစိကိစ္ဆာနုသယငှင်း အဝိဇ္ဇာနုသယငှင်း ဤသို့ ခုနစ်ပါးတို့တည်း။

Seven latent disposition: the latent disposition to (1) sensual lust (2) attachment to existence (3) averson (4) conceit (5) wrong view (6) doubt (7) ignorance.

## (၈) သုတ္တန်နည်းသံယောဇဉ် ၁၀–ပါး

၁၀။ ဒသ သံယောဇနာနိ ကာမရာဂသံယောဇနံ, ရူပရာဂသံယောဇနံ, အရူပရာဂသံယောဇနံ, ပဋိဃသံယောဇနံ, မာနသံယောဇနံ, ဒိဋ္ဌိသံယောဇနံ,သီလဗ္ဗတပရာမာသသံယောဇနံ, ဝိစိကိစ္ဆာသံယောဇနံ, ဥဒ္ဓစ္စသံယောဇနံ, အဝိဇ္ဇာသံယောဇနံ သုတ္တန္တေ။

သုတ္တန်ပါဠိတော်၌ ဟောတော်မူအပ်ကုန်သော သံယောဇဉ်တို့သည် ကာမရာဂသံယောဇဉ်ငှင်း ရူပရာဂသံယောဇဉ်ငှင်း အရူပရာဂသံယောဇဉ်ငှင်း ပဋိဃသံယောဇဉ်ငှင်း မာနသံယောဇဉ်ငှင်း ဒိဋ္ဌိသံယောဇဉ်ငှင်း သီလဗ္ဗတပရာမာသသံယောဇဉ်ငှင်း ဝိစိကိစ္ဆာသံယောဇဉ်ငှင်း ဥဒ္ဓစ္စသံယောဇဉ်ငှင်း အဝိဇ္ဇာသံယောဇဉ်ငှင်း ဤသို့ ၁၀–ပါးတို့တည်း။

Ten fetters according to the Suttanta method: the fetters of (1) sensual lust (2) attachment to fine-material existence (3) attachment to immaterial existence (4) aversion (5) conceit (6) wrong view (7) adherence to rite and ceremonies (8) doubt (9) restlessness (10) ignorance.

## (၉) အဘိဓမ္မာနည်းသံယောဇဉ် ၁၀-ပါး

၁၁။ အပရာနိပိ ဒသ သံယောဇနာနိ ကာမရာဂသံယောဇနံ, ဘဝရာဂသံယောဇနံ, ပဋိဃသံယောဇနံ, မာနသံယောဇနံ, ဒိဋ္ဌိသံယောဇနံ, သီလဗ္ဗတပရာမာသသံယောဇနံ, ဝိစိကိစ္ဆာသံယောဇနံ, ဥဒ္ဓစ္စသံယောဇနံ, ဣဿာသံယောဇနံ, မစ္ဆရိယသံယောဇနံ, အဝိဇ္ဇာသံယောဇနံ အဘိဓမ္မေ။

အဘိဓမ္မာပါဠိတော်၌ ဟောတော်မူအပ်ကုန်သော သံယောဇဉ်တို့သည် ကာမရာဂသံယောဇဉ်၄င်း ဘဝရာဂသံယောဇဉ်၄င်း, ပဋိဃသံယောဇဉ်၄င်း မာနသံယောဇဉ်၄င်း ဒိဋ္ဌိသံယောဇဉ်၄င်း သီလဗ္ဗတပရာမာသသံယောဇဉ်၄င်း ဝိစိကိစ္ဆာသံယောဇဉ်၄င်း ဥဒ္ဓစ္စသံယောဇဉ်၄င်း ဣဿာသံယောဇဉ်၄င်း မစ္ဆရိယသံယောဇဉ်၄င်း အဝိဇ္ဇာသံယောဇဉ်၄င်း ဤသို့ ၁၀-ပါးတို့တည်း။

Another ten fetters according to the Abhidhamma method: the fetters of (1) sensual lust (2) attachment to existence (3) aversion (4) conceit (5) wrong view (6) adherence to rite and ceremonies (7) doubt (8) envy (9) avarice (10) ignorance.

## (၁၀) ကိလေသာ ၁၀-ပါး

၁၂။ ဒသ ကိလေသာ လောဘော, ဒေါသော, မောဟော, မာနော, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိနံ, ဥဒ္ဓစ္စံ, အဟိရိကံ, အနောတ္တပ္ပံ။

ကိလေသာတို့သည် လောဘ၄င်း ဒေါသ၄င်း မောဟ၄င်း မာန၄င်း ဒိဋ္ဌိ၄င်း ဝိစိကိစ္ဆာ၄င်း ထိန၄င်း ဥဒ္ဓစ္စ၄င်း အဟိရိက၄င်း အနောတ္တပ္ပ၄င်း ဤသို့ ၁၀-ပါးတို့တည်း။

Ten defilements: (1) greed (2) hatred (3) delusion (4) conceit (5) wrongview (6) doubt (7) sloth (8) restlessness (9) shamelessness (10) fearlessness of wrongdoing.

## တရားကိုယ်ကောက်နည်း

၁၃။ အာသဝါဒီသု ပနေတ္ထ ကာမဘဝနာမေန တဗ္ဗတ္ထုကာ တဏှာ အဓိပ္ပေတာ။ သီလဗ္ဗတပရာမာသော, ဣဒံသစ္စာဘိနိဝေသော, အတ္တဝါဒုပါဒါ စ တထာပဝတ္တံ ဒိဋ္ဌိဂတမေဝ ပဝုစ္စတိ။

အမှာစကားချပ်ညှပ်လိုက်ဦးအံ့၊ ဤအကုသလသင်္ဂဟဝယ် အာသဝအစရှိသည်တို့၌ ကာမနာမည် ဘဝနာမည်ဖြင့် ထိုကာမ,ဘဝဟူသော မှီရာအာရုံရှိသော တဏှာကို အလိုရှိအပ်၏။ ထိုထိုယူပုံအခြင်းအရာအားဖြင့် ကွဲပြားလျက်ဖြစ်သော ဒိဋ္ဌိစေတသိက်ကိုပင် သီလဗ္ဗတပရာမာသဟူ၍၎င်း ဣဒံသစ္စာဘိနိဝေသဟူ၍၎င်း အတ္တဝါဒုပါဒါနဟူ၍၎င်း ဆိုအပ်၏။

Herein, among the taints, etc., it is craving that is intended by the terms "sensual desire" and (attachment to) existence'" since it has them (i.e sensuality and existence) as its basis. It is wrong view that is spoken of as "adherence to rite and ceremonies," "the dogmatic belief that " this alone is truth," and "clinging to a doctrine of self, " because it occurs in such modes.

### သင်္ဂဟဂါထာများ

၁၄။ အာသဝေါဃာ စ ယောဂါ စ၊
တယော ဂန္ထာ စ ဝတ္ထုတော။
ဥပါဒါနာ ဒုဝေ ဝုတ္တာ၊
အဋ္ဌ နီဝရဏာ သိယုံ။
ဆဠေဝါနုသယာ ဟောန္တိ၊
နဝ သံယောဇနာ မတာ။
ကိလေသာ ဒသ ဝုတ္တောယံ၊
နဝဓာ ပါပသင်္ဂဟော။

ပရမတ်အလို အထည်ကိုယ်အားဖြင့် အာသဝ,ဩဃတို့ကို၎င်း ယောဂတို့ကို၎င်း ဂန္ထတို့ကို၎င်း သုံးပါးစီတို့ဟူ၍ ဆိုအပ်ကုန်၏။ ဥပါဒါန်တို့ကို နှစ်ပါးတို့ဟူ၍ ဆိုအပ်ကုန်၏။ နီဝရဏတို့သည် ရှစ်ပါးတို့သည် ဖြစ်ကုန်၏။ အနုသယတို့သည် ခြောက်ပါးတို့သာလျှင် ဖြစ်ကုန်၏။ သံယောဇဉ်တို့ကို ကိုးပါးတို့ဟူ၍ သိအပ်ကုန်၏။ ကိလေသာတို့သည် ၁၀-ပါးတို့တည်း။ (ဤသို့) အကုသိုလ်သင်္ဂဟကို ကိုးပါးအပြားအားဖြင့် ဆိုအပ်ပြီ။

By way of entity, the taints, floods, bonds, and knots are three fold. There are two kinds of clinging spoken of and eight hindrances. The latent dispositions are only six, and the fetters can be understood as nine. The defilements are ten. Thus the compendium of evil is stated as ninefold.

## မိဿက သင်္ဂဟ

### (၁)ဟိတ် ၆-ပါး

၁၅။ မိဿကသင်္ဂဟေ ဆ ဟေတူ လောဘော, ဒေါသော, မောဟော, အလောဘော, အဒေါသော, အမောဟော။

မိဿကသင်္ဂဟ၌ ဟိတ်တို့သည် လောဘင်္ဂေါ ဒေါသင်္ဂေါ မောဟင်္ဂေါ အလောဘင်္ဂေါ အဒေါသင်္ဂေါ အမောဟင်္ဂေါ (ဤသို့) ခြောက်ပါးတို့တည်း။

In the compendium of mixed categories there are six roots: (1) greed, (2) hatred, (3) delusion, (4) non-greed, (5) non-hatred, (6) non-delusion.

### (၂) ဈာနင် ၇-ပါး

၁၆။ သတ္တ ဈာနင်္ဂါနိ ဝိတက္ကော, ဝိစာရော, ပီတိ, ဧကဂ္ဂတာ, သောမနဿံ, ဒေါမနဿံ, ဥပေက္ခာ။

ဈာန်အင်္ဂါတို့သည် ဝိတက်င်္ဂေါ ဝိစာရင်္ဂေါ ပီတိင်္ဂေါ ဧကဂ္ဂတာင်္ဂေါ သောမနဿဝေဒနာင်္ဂေါ ဒေါမနဿဝေဒနာင်္ဂေါ ဥပေက္ခာဝေဒနာင်္ဂေါ (ဤသို့) ခုနစ်ပါးတို့တည်း။

The seven jāna factors: (1) initial application, (2) sustained application, (3) zest, (4) one-pointedness, (5) joy, (6) displeasure, (7) equanimity.

### (၃) မဂ္ဂင် ၁၂-ပါး

၁၇။ ဒွါဒသ မဂ္ဂင်္ဂါနိ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပေါ, သမ္မာဝါစာ, သမ္မာကမ္မန္တော, သမ္မာအာဇီဝေါ, သမ္မာဝါယာမော, သမ္မာသတိ, သမ္မာသမာဓိ, မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပေါ, မိစ္ဆာဝါယာမော, မိစ္ဆာသမာဓိ။

မဂ္ဂင်တို့သည် သမ္မာဒိဋ္ဌိင်္ဂေါ သမ္မာသင်္ကပ္ပင်္ဂေါ သမ္မာဝါစာင်္ဂေါ သမ္မာကမ္မန္တင်္ဂေါ သမ္မာအာဇီဝင်္ဂေါ, သမ္မာဝါယာမင်္ဂေါ သမ္မာသတိင်္ဂေါ သမ္မာသမာဓိင်္ဂေါ မိစ္ဆာဒိဋ္ဌိင်္ဂေါ မိစ္ဆာသင်္ကပ္ပင်္ဂေါ မိစ္ဆာဝါယာမင်္ဂေါ (ဤသို့) တဆဲ့နှစ်ပါးတို့တည်း။

Twelve path factors: (1) right view, (2) right intention, (3) right speech, (4) right action (5) right livelihood, (6) right effort, (7) right mindfulness, (8) right concentration, (9) wrong view, (10) wrong intention, (11) wrong effort, (12) wrong concentration.

## (၄) ဣန္ဒြေ ၂၂-ပါး

၁၈။ ဗာဝီသတိန္ဒြိယာနိ စက္ခုန္ဒြိယံ, သောတိန္ဒြိယံ, ဃာနိန္ဒြိယံ, ဇိဝှိန္ဒြိယံ, ကာယိန္ဒြိယံ, ဣတ္ထိန္ဒြိယံ, ပုရိသိန္ဒြိယံ, ဇီဝိတိန္ဒြိယံ, မနိန္ဒြိယံ, သုခိန္ဒြိယံ, ဒုက္ခိန္ဒြိယံ, သောမနဿိန္ဒြိယံ, ဒေါမနဿိန္ဒြိယံ, ဥပေက္ခိန္ဒြိယံ, သဒ္ဓိန္ဒြိယံ, ဝီရိယိန္ဒြိယံ, သတိန္ဒြိယံ, သမာဓိန္ဒြိယံ, ပညိန္ဒြိယံ, အနညာတညဿာမီတိန္ဒြိယံ, အညိန္ဒြိယံ, အညာတာဝိန္ဒြိယံ။

ဣန္ဒြေတို့သည် စက္ခုန္ဒြေငင်း, သောတိန္ဒြေငင်း, ဃာနိန္ဒြေငင်း, ဇိဝှိန္ဒြေငင်း, ကာယိန္ဒြေငင်း, ဣတ္ထိန္ဒြေငင်း, ပုရိသိန္ဒြေငင်း, ဇီဝိတိန္ဒြေငင်း, မနိန္ဒြေငင်း, သုခိန္ဒြေငင်း, ဒုက္ခိန္ဒြေငင်း, သောမနဿိန္ဒြေငင်း, ဒေါမနဿိန္ဒြေငင်း, ဥပေက္ခိန္ဒြေငင်း, သဒ္ဓိန္ဒြေငင်း, ဝီရိယိန္ဒြေငင်း, သတိန္ဒြေငင်း, သမာဓိန္ဒြေငင်း, ပညိန္ဒြေငင်း, အနညာတညဿာမီတိန္ဒြေငင်း, အညိန္ဒြေငင်း, အညာတာဝိန္ဒြေငင်း (ဤသို့) နှစ်ဆယ့်နှစ်ပါးတည်း။

Twenty-two faculties: (1) eye faculty, (2) the ear faculty, (3) the nose faculty, (4) the tongue faculty, (5) the body faculty, (6) the femininity faculty, (7) the masculinity faculty,(8) the life faculty, (9) the mind faculty, (10) the pleasure faculty, (11) the pain faculty,(12) the joy faculty, (13) the displeasure faculty, (14) the equanimity faculty, (15) the faith faculty, (16) the energy faculty, (17) the mindfulness faculty, (18) the concentration faculty, (19) the wisdom faculty, (20) the faculty " I will know the unknown" (21) the faculty of final knowledge, (22) the faculty of one who has final knowledge.

## (၅) ဗိုလ် ၉-ပါး

၁၉။ နဝ ဗလာနိ သဒ္ဓါဗလံ, ဝီရိယဗလံ, သတိဗလံ, သမာဓိဗလံ, ပညာဗလံ, ဟိရိဗလံ, ဩတ္တပ္ပဗလံ, အဟိရိကဗလံ အနောတ္တပ္ပဗလံ။

ဗိုလ်တို့သည် သဒ္ဓါဗိုလ်ငင်း, ဝီရိယဗိုလ်ငင်း, သတိဗိုလ်ငင်း, သမာဓိဗိုလ်ငင်း, ပညာဗိုလ်ငင်း, ဟိရိဗိုလ်ငင်း, ဩတ္တပ္ပဗိုလ်ငင်း, အဟိရိကဗိုလ်ငင်း, အနောတ္တပ္ပဗိုလ်ငင်း, (ဤသို့) ကိုးပါးတို့တည်း။

Nine powers: (1) the power of faith, (2) the power of energy , (3) the power of mindfulness, (4) the power of concentration, (5) the power of wisdom (6) the power of shame (7) the power of fear of wrongdoing, (8) the power of shamelessness, (9) the power of fearlessness wrongdoing.

## (၆) အဓိပတိ ၄-ပါး

၂၀။ စတ္တာရော အဓိပတိ ဆန္ဒာဓိပတိ, ဝီရိယာဓိပတိ, စိတ္တာဓိပတိ, ဝီမံသာဓိပတိ။

အဓိပတိတို့သည် ဆန္ဒာဓိပတိ၄င်း, ဝီရိယာဓိပတိ၄င်း, စိတ္တာဓိပတိ၄င်း, ဝီမံသာဓိပတိ၄င်း, ဤသို့ လေးပါးတို့တည်း။

Four predominants: (1) predominance of desire, (2) predominance of energy, (3) predominance of consciousness, (4) predominance of investigation,

## (၇) အာဟာရ ၄-ပါး

၂၁။ စတ္တာရော အာဟာရော ကဗဠီကာရော အာဟာရော, ဖဿော ဒုတိယော, မနောသဉ္စေတနာ တတိယာ, ဝိညာဏံ စတုတ္ထံ။

အာဟာရတို့သည် ကဗဠီကာရာဟာရ၄င်း, ဒုတိယဖြစ်သော ဖဿာဟာရ၄င်း, တတိယဖြစ်သော မနောသဉ္စေတနာဟာရ၄င်း, စတုတ္ထဖြစ်သော ဝိညာဏာဟာရ၄င်း ဤသို့ လေးပါးတို့တည်း။

Four nutriments: (1) edible food, (2) contact as second, (3) mental volition as the third, (4) consciousness as the forth.

## တရားကိုယ်ကောက်နည်း

၂၂။ ဣန္ဒြိယေသု ပနေတ္ထ သောတာပတ္တိမဂ္ဂဉာဏံ အနညာတညဿာမိတိန္ဒြိယံ။

အမှာစကားချပ်ညှပ်လိုက်ဦးအံ့၊ ဤမိဿကသင်္ဂဟ၌ ဣန္ဒြေတို့တွင် သောတာပတ္တိမဂ်ဉာဏ်ကို အနညာတညဿာမိတိန္ဒြေဟူ၍ ဆိုအပ်၏။

Herein, among the faculties it is explained that the faculty " I will know the un known' is the knowledge of the path of stream-entry;

၂၃။ အရဟတ္တဖလဉာဏံ အညာတာဝိန္ဒြိယံ။

အရဟတ္တဖိုလ်ဉာဏ်ကို အညာတာဝိန္ဒြေဟူ၍ ဆိုအပ်၏။။

the faculty of one who has the final knowledge is the knowledge of the fruit of Arahantship;

၂၄။ မဇ္ဈေ ဆ ဉာဏာနိ အညိန္ဒြိယာနီတိ ပဝုစ္စန္တိ။

အလယ်၌ အထက်မဂ်, အောက်ဖိုလ် ခြောက်ပါးသော ဉာဏ်တို့ကို အညိန္ဒြေဟူ၍ ဆိုအပ်ကုန်၏။

the faculty of final knowledge is the six intermediate kinds of (supramundane) knowledge.

၂၅။ ဇီဝိတိန္ဒြိယဉ္စ ရူပါရူပဝသေန ဒုဝိဓံ ဟောတိ။

ဇီဝိတိန္ဒြေသည် ရုပ်ဇီဝိတ နာမ်ဇီဝိတတို့၏ အပြားအားဖြင့် နှစ်ပါးအပြားရှိသည် ဖြစ်၏။

The life faclty is twofold ~ physical and mental.

၂၆။ ပဉ္စဝိညာဏေသု ဈာနင်္ဂါနိ၊ အဝီရိယေသု ဗလာနိ၊ အဟေတုကေတု မဂ္ဂင်္ဂါနိ န လဗ္ဘန္တိ။

ဒွေပဉ္စဝိညာဏ်တို့၌ ဈာနင်တို့ကိုငင်း ဝီရိယမရှိသောစိတ် တဆဲ့ခြောက်ပါးတို့၌ ဗိုလ်တို့ကိုငင်း အဟိတ်စိတ်တို့၌ မဂ္ဂင်တို့ကိုငင်း မရအပ်ကုန်။

The jāna factors are not found in the fivefold sense consciousness, the powers in those (kinds of consciousness) that are without energy, or path factors in those that are rootless.

၂၇။ တထာ ဝိစိကိစ္ဆာစိတ္တေ ဧကဂ္ဂတာ မဂ္ဂိန္ဒြိယဗလဘာဝံ န ဂစ္ဆတိ။

ထိုမှတပါး ဝိစိကိစ္ဆာစိတ်၌ ဧကဂ္ဂတာသည် မဂ္ဂင် ဣန္ဒြေ ဗိုလ် အဖြစ်သို့ မရောက်။

So too, in the consciousness accompanied by doubt, one pointedness does not attained to the stature of a path factor, a faculty, or a power.

၂၈။ ဒွိဟေတုကတိဟေတုက ဇဝနေသွေဝ ယထာသမ္ဘဝံ အဓိပတိ ဧကောဝ လဗ္ဘတိ။

ဒွိဟိတ်ဇော တိဟိတ်ဇောတို့၌သာလျှင် ဖြစ်သင့်သည်အားလျော်စွာ အဓိပတိကို တပါးတည်းကို သာလျှင် ရအပ်၏။

Only one predominance is obtained at a time, according to circumstances, and only and javanas with two root or three roots.

## သင်္ဂဟဂါထာများ

၂၉။ ဆ ဟေတူ ပဉ္စ ဈာနင်္ဂါ
မဂ္ဂင်္ဂါ နဝ ဝတ္ထုတော။
သောဠသိန္ဒြိယဓမ္မာ စ၊
ဗလဓမ္မာ နဝေရိတာ။
စတ္တာရော’ ဓိပတီ ဝုတ္တာ၊
တထာဟာရာတိ သတ္တဓာ။
ကုသလာဒိ သမာကိဏ္ဏော၊
ဝုတ္တော မိဿကသင်္ဂဟော။

ပရမတ်အလို အထည်ကိုဝတ္ထုအားဖြင့် ဟိတ်တို့သည် ခြောက်ပါးတို့တည်း။ ဈာနင်တို့သည် ငါးပါးတို့တည်း။ မဂ္ဂင်တို့သည် ကိုးပါးတို့တည်း။ ဣန္ဒြေတရားတို့သည်ကား တဆဲ့ခြောက်ပါးတို့တည်း။ ဗိုလ်တရားကို ကိုးပါးတို့ဟူ၍ ဆိုအပ်ကုန်၏။ အဓိပတိတို့ကို လေးပါးတို့ဟူ၍ ဆိုအပ်ကုန်၏။ အာဟာရတို့သည် ထို့အတူ လေးပါးတို့တည်း။ ဤသို့ ကုသိုလ်အစရှိသည်တို့ဖြင့် ရောပွမ်းသော မိဿကသင်္ဂဟကို ခုနစ်ပါးအပြားဖြင့် ဆိုအပ်ကုန်၏။

Bye way of entity, six roots, five jāna factors, nine path factors, sixteen faculties, and nine powers has been described.

Likewise, four predominants have been stated, and four nutriments. Thus compendium of mixed categories, consisting of combination of wholesome states and the rest has been stated in seven ways.

## ဗောဓိပက္ခိယ သင်္ဂဟ

### (၁)သတိပဋ္ဌာန် ၄–ပါး

၃၀။ ဗောဓိပက္ခိယသင်္ဂဟေ စတ္တာရော သတိပဋ္ဌာနာ ကာယာနုပဿနာ သတိပဋ္ဌာနံ, ဝေဒနာနုပဿနာ သတိပဋ္ဌာနံ, စိတ္တာနုပဿနာ သတိပဋ္ဌာနံ, ဓမ္မာနုပဿနာ သတိပဋ္ဌာနံ။

ဗောဓိပက္ခိယသင်္ဂဟ၌ သတိပဋ္ဌာန်တို့သည် ကာယာနုပဿနာသတိပဋ္ဌာန်၄င်း ဝေဒနာနုပဿနာသတိပဋ္ဌာန်၄င်း စိတ္တာနုပဿနာသတိပဋ္ဌာန်၄င်း ဓမ္မာနုပဿနာသတိပဋ္ဌာန်၄င်း (ဤသို့) လေးပါးတို့တည်း။

In the compendium of requisites of enlightenment, there are four foundations of mindfulness:(1) the foundation of mindfulness in contemplation of the body: (2) the foundation of mindfulness in contemplation of the feels:(3) the foundation of mindfulness in contemplation of the consciousness: (4)the foundation of mindfulness in contemplation of the mental objects.

### (၂) သမ္မပ္ပဓာန် ၄–ပါး

၃၁။ စတ္တာရော သမ္မပ္ပဓာနာ ဥပ္ပန္နာနံ ပါပကာနံ ပဟာနာယ ဝါယာမော, အနုပ္ပန္နာနံ ပါပကာနံ အနုပ္ပါဒါယ ဝါယာမော, အနုပ္ပန္နာနံ ကုသလာနံ ဥပ္ပါဒါယ ဝါယာမော, ဥပ္ပန္နာနံ ကုသလာနံ ဘိယျောဘာဝါယ ဝါယာမော။

သမ္မပ္ပဓာန်တို့သည် ဥပ္ပန္နဟုဆိုအပ်ကုန်သော အကုသိုလ်တရားတို့ကို ပယ်ခြင်းငှါ အားထုတ်ခြင်း၄င်း အနုပ္ပန္နဟုဆိုအပ်ကုန်သော အကုသိုလ်တရားတို့၏ မဖြစ်ခြင်းငှါ အားထုတ်ခြင်း၄င်း အနုပ္ပန္နဟုဆိုအပ်ကုန်သော ကုသိုလ်တရားတို့၏ ဖြစ်ခြင်းငှါ အားထုတ်ခြင်း၄င်း ဥပ္ပန္နဟုဆိုအပ်ကုန်သော ကုသိုလ်တရားတို့၏ တိုးပွားသည်၏အဖြစ်ဟူသောအကျိုးငှါ အားထုတ်ခြင်း၄င်း (ဤသို့) လေးပါးတို့တည်း။

There are four supreme efforts: (1) the effort to discard evil states that have arisen, (2) the effort to prevent the arising of unarisen evil states, (3) the effort to develop unarisen wholesome states (4) the effort to augment arisen wholesome states.

## (၃) ဣဒ္ဓိပါဒ် ၄-ပါး

၃၂။ စတ္တာရော ဣဒ္ဓိပါဒါ ဆန္ဒိဒ္ဓိပါဒေါ, ဝီရိယိဒ္ဓိပါဒေါ, စိတ္တိဒ္ဓိပါဒေါ, ဝီမံသိဒ္ဓိပါဒေါ။

ဣဒ္ဓိပါဒ်တို့သည် ဆန္ဒိဒ္ဓိပါဒ်၄င်း, ဝီရိယိဒ္ဓိပါဒ်၄င်း, စိတ္တိဒ္ဓိပါဒ်၄င်း, ဝီမံသိဒ္ဓိပါဒ်၄င်း, (ဤသို့) လေးပါးတို့တည်း။

There are four means to accomplishment: (1)the means to accomplishment consisting of (1) desire, (2) energy, (3) consciousness, (4) investigation.

## (၄)ဣန္ဒြေ ၅-ပါး

၃၃။ ပဉ္စိန္ဒြိယာနိ သဒ္ဓိန္ဒြိယံ, ဝီရိယိန္ဒြိယံ, သတိန္ဒြိယံ, သမာဓိန္ဒြိယံ, ပညိန္ဒြိယံ။

ဣန္ဒြေတို့သည် သဒ္ဓိန္ဒြေ၄င်း, ဝီရိယိန္ဒြေ၄င်း, သတိန္ဒြေ၄င်း, သမာဓိန္ဒြေ၄င်း, ပညိန္ဒြေ၄င်း, (ဤသို့) ငါးပါးတို့တည်း။

There are five faculties: the faculties of (1) faith, (2) energy, (3) mindfulness, (4) concentration, (5) wisdom.

## (၅) ဗိုလ် ၅-ပါး

၃၄။ ပဉ္စ ဗလာနိ သဒ္ဓါဗလံ, ဝီရိယဗလံ, သတိဗလံ, သမာဓိဗလံ, ပညာဗလံ။

ဗိုလ်တို့သည် သဒ္ဓါဗိုလ်၄င်း, ဝီရိယဗိုလ်၄င်း, သတိဗိုလ်၄င်း, သမာဓိဗိုလ်၄င်း, ပညာဗိုလ်၄င်း, (ဤသို့) ငါးပါးတို့တည်း။

There are five powers: the powers of (1) faith, (2) energy, (3) mindfulness, (4) concentration, (5) wisdom.

## (၆) ဗောဇ္ဈင် ၇-ပါး

၃၅။ သတ္တ ဗောဇ္ဈင်္ဂါ သတိသမ္ဗောဇ္ဈင်္ဂေါ, ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ, ဝီရိယသမ္ဗောဇ္ဈင်္ဂေါ, ပီတိသမ္ဗောဇ္ဈင်္ဂေါ, ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ, သမာဓိသမ္ဗောဇ္ဈင်္ဂေါ, ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ။

ဗောဇ္ဈင်တို့သည် သတိသမ္ဗောဇ္ဈင်၄င်း, ဓမ္မဝိစယသမ္ဗောဇ္ဈင်၄င်း, ဝီရိယသမ္ဗောဇ္ဈင်၄င်း, ပီတိသမ္ဗောဇ္ဈင်၄င်း, ပဿဒ္ဓိသမ္ဗောဇ္ဈင်၄င်း, သမာဓိသမ္ဗောဇ္ဈင်၄င်း, ဥပေက္ခာသမ္ဗောဇ္ဈင်၄င်း, (ဤသို့) ခုနစ်ပါးတို့တည်း။

There are seven factors of enlightenment: the enlightenment factors of (1) mindfulness, (2) investgation of states, (3) energy, (4) zest, (5) tranquillity, (6) concentration, (7) equanimity.

## (၇) မဂ္ဂင် ၈-ပါး

၃၆။ အဋ္ဌ မဂ္ဂင်္ဂါနိ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပေါ, သမ္မာဝါစာ, သမ္မာကမ္မန္တော, သမ္မာအာဇီဝေါ, သမ္မာဝါယာမော, သမ္မာသတိ, သမ္မာသမာဓိ။

မဂ္ဂင်တို့သည် သမ္မာဒိဋ္ဌိ၄င်း, သမ္မာသင်္ကပ္ပ၄င်း, သမ္မာဝါစာ၄င်း, သမ္မာကမ္မန္တ၄င်း, သမ္မာအာဇီဝ၄င်း, သမ္မာဝါယာမ၄င်း, သမ္မာသတိ၄င်း, သမ္မာသမာဓိ၄င်း, (ဤသို့) ရှစ်ပါးတို့တည်း။

There are eight path factors: (1) right view, (2) right intention, (3) right speech, (4) right action, (5) right livelihood, (6) right effort, (7) right mindfulness, (8) right concentration.

## တရားကိုယ်ကောက်နည်း

၃၇။ ဧတ္ထ ပန စတ္တာရော သတိပဋ္ဌာနာတိ သမ္မာသတိ ဧကောဝ လဗ္ဘတိ။

အမှာစကားချပ်ညှပ်လိုက်ဦးအံ့၊ ဤဗောဓိပက္ခိယသင်္ဂဟ၌ သမ္မာသတိတပါးတည်းကိုပင် စတ္တာရော သတိပဋ္ဌာန်ဟူ၍ ဆိုအပ်၏။

Here, by the four foundations of mindfulness, right mindfulness alone is implied.

၃၈။ တထာ စတ္တာရော သမ္မပ္ပဓာနာတိ စ သမ္မာဝါယာမော။

ထို့အတူ သမ္မာဝါယာမတပါးတည်းကိုပင် စတ္တာရော သမ္မပ္ပဓာနဟူ၍လည်း ဆိုအပ်၏။

Similarly, by the four supreme efforts, right effort is implied.

## တရားကိုယ်ပြ သင်္ဂဟဂါထာ

၃၉။ ဆန္ဒော စိတ္တမုပေက္ခာ စ။
သဒ္ဓါ ပဿဒ္ဓိ ပီတိယော။
သမ္မာဒိဋ္ဌိ စ သင်္ကပ္ပေါ။
ဝါယာမော ဝိရတိတ္တယံ။
သမ္မာသတိ သမာဓီတိ၊
စုဒ္ဒသေတေ သဘာဝတော၊
သတ္တတိံသပ္ပဘေဒေန၊
သတ္တဓာ တတ္ထ သင်္ဂဟော။

ဆန္ဒစေတသိက်၄င်း စိတ်၄င်း တတြမဇ္ဈတ္တုပေက္ခာ၄င်း သဒ္ဓါ၄င်း ပဿဒ္ဓိပီတိစေတသိက်၄င်း သမ္မာဒိဋ္ဌိ၄င်း သမ္မာသင်္ကပ္ပ၄င်း သမ္မာဝါယာမ၄င်း ဝိရတိသုံးပါးလည်းကောင်း သမ္မာသတိ၄င်း သမ္မာသမာဓိ၄င်း ဤသို့သဘောအားဖြင့် ဤဗောဓိပက္ခိယတရားတို့သည် တဆယ့်လေးပါးတို့တည်း။ အပြားအားဖြင့် သုံးဆယ့်ခုနစ်ပါးတည်း။ ထိုဗောဓိပက္ခိယတရားတို့၌ သင်္ဂဟသည် ခုနစ်ပါးပြား၏။

The sevenfold compendium of the thirty-seven factors is composed of these fourteen states considered by way of their intrinsic nature: desire, consciousness, equanimity, faith, tranquillity, zest, right view, intention, effort, the three abstinences, right mindfulness, and concentration.

## ဥာဏဖြင့်ဝေဖန်ခြင်း

၄၀။ သင်္ကပ္ပ ပဿဒ္ဓိ စ ပီတုပေက္ခာ၊
ဆန္ဒော စ စိတ္တံ ဝိရတိတ္တယဉ္စ။
နဝေက ဥာနာ ဝီရိယံ နဝဋ္ဌ၊
သတီ သမာဓိ စတု ပဉ္စ ပညာ။
သဒ္ဓါ ဒုဥာနုတ္တမ သတ္တတိံသ-
ဓမ္မာနမေသော ပဝရော ဝိဘာဂေါ။

၄၁။ သဗ္ဗေ လောကုတ္တရေ ဟောန္တိ။
နဝါ သင်္ကပ္ပပီတိယော။
လောကိယေပိ ယထာယောဂံ၊
ဆဗ္ဗိသုဒ္ဓိ ပဝတ္တိယံ။

သင်္ကပ္ပ,ပဿဒ္ဓိစေတသိက်တို့သည်၎င်း ပီတိ,တတြမဇ္ဈတ္တုပေက္ခာတို့သည်၎င်း ဆန္ဒသည်၎င်း စိတ်သည်၎င်း ဝိရတိသုံးပါးသည်၎င်း ကိုးပါးသော တရားတို့သည် တဥာနစီသာ ရှိကြ၏။ ဝီရိယသည် ကိုး(ဥာန)ရှိ၏။ သတိသည် ရှစ်(ဥာန)ရှိ၏။ သမာဓိသည် လေး(ဥာန)ရှိ၏။ ပညာသည် ငါး(ဥာန)ရှိ၏။ သဒ္ဓါသည် နှစ်(ဥာန)ရှိ၏။ ဤသို့ မြတ်သော သုံးဆဲ့ခုနစ်ပါးသော ဗောဓိပက္ခိယတရားတို့၏ ကောင်းမြတ်သော ဤခွဲစိတ် ဝေဖန်ခြင်းသည် ဖြစ်၏။

အလုံးစုံသော ဗောဓိပက္ခိယတရားတို့သည် လောကုတ္တရာစိတ်၌ ဖြစ်ကုန်၏။ သင်္ကပ္ပပီတိတို့သည်ကား အချို့ လောကုတ္တရာစိတ်၌ မဖြစ်ကုန်။ သီလဝိသုဒ္ဓိစသော ခြောက်ပါးသော ဝိသုဒ္ဓိဖြစ်ရာအခါ၌ လောကီကုသိုလ်ကြိယာစိတ်တို့၌လည်း ယှဉ်သင့်သည်အားလျော်စွာ ဖြစ်နိုင်ကုန်၏။

The analysis of these thirty-seven excellent factors is as follows: nine-intention, tranquillity, zest, equanimity, desire, consciousness, and three abstinences - each occur only once; energy occurs nine times; mindfulness eight times; concentration four times; wisdom five times; and faith two times.

All these occur in the supramundane, except at times intention and zest. In the mundane, too, they occur in the course of the sixfold purification, according circumstance

# သဗ္ဗ သင်္ဂဟ

## (၁) ခန္ဓာ ၅-ပါး

၄၂။ သဗ္ဗသင်္ဂဟေ ပဉ္စက္ခန္ဓာ ရူပက္ခန္ဓော, ဝေဒနာက္ခန္ဓော, သညာက္ခန္ဓော, သင်္ခါရက္ခန္ဓော, ဝိညာဏက္ခန္ဓော။

သဗ္ဗသင်္ဂဟ၌ ခန္ဓာတို့သည် ရူပက္ခန္ဓာ၄င်း, ဝေဒနာက္ခန္ဓာ၄င်း, သညာက္ခန္ဓာ၄င်း, သင်္ခါရက္ခန္ဓာ၄င်း, ဝိညာဏက္ခန္ဓာ၄င်း, (ဤသို့) ငါးပါးတို့တည်း။

In the compendium of the whole, the five aggregates are: (1) the materiality aggregate, (2) the feeling aggregate, (3) the perception aggregate, (4) the mental formation aggregate, (5) the consciousness aggregate.

## (၂) ဥပါဒါနက္ခန္ဓာ ၅-ပါး

၄၃။ ပဉ္စုပါဒါနက္ခန္ဓာ ရူပုပါဒါနက္ခန္ဓော, ဝေဒနုပါဒါနက္ခန္ဓော, သညုပါဒါနက္ခန္ဓော, သင်္ခါရုပါဒါနက္ခန္ဓော, ဝိညာဏုပါဒါနက္ခန္ဓော။

ဥပါဒါက္ခန္ဓာတို့သည် ရူပုပါဒါနက္ခန္ဓာ၄င်း, ဝေဒနုပါဒါနက္ခန္ဓာ၄င်း, သညုပါဒါနက္ခန္ဓာ၄င်း, သင်္ခါရုပါဒါနက္ခန္ဓာ၄င်း, ဝိညာဏုပါဒါနက္ခန္ဓာ၄င်း (ဤသို့) ငါးပါးတို့တည်း။

There are the five aggregates of clinging are: (1) the materiality aggregate of clinging, (2) the feeling aggregate of clinging, (3) the perception aggregate of clinging, (4) the mental formation aggregate of clinging, (5) the consciousness aggregate of clinging.

## (၃) အာယတန ၁၂-ပါး

၄၄။ ဒွါဒသာယတနာနိ စက္ခာယတနံ, သောတာယတနံ, ဃာနာယတနံ, ဇိဝှါယတနံ, ကာယာယတနံ, မနာယတနံ, ရူပါယတနံ, သဒ္ဒါယတနံ, ဂန္ဓာယတနံ, ရသာယတနံ, ဖောဋ္ဌဗ္ဗာယတနံ, ဓမ္မာယတနံ။

အာယတနတို့သည် စက္ခာယတနငှင်း, သောတာယတနငှင်း, ဃာနာယတနငှင်း, ဇိဝှါယတနငှင်း, ကာယာယတနငှင်း, မနာယတနငှင်း, ရူပါယတနငှင်း, သဒ္ဒါယတနငှင်း, ဂန္ဓာယတနငှင်း, ရသာယတနငှင်း, ဖောဋ္ဌဗ္ဗာယတနငှင်း, ဓမ္မာယတနငှင်း, (ဤသို့) တဆယ့်နှစ်ပါးတို့တည်း။

The twelve sense base are: (1) the eye base (2) the ear base (3) the nose base (4) the tongue base (5) the body base (6) the mind base (7) the visible form base, (8) the sound base (9) the small base (10) the taste base (11) the tangible base (12) the mental-object base.

## (၄) ဓာတ် ၁၈-ပါး

၄၅။ အဋ္ဌာရသ ဓာတုယော စက္ခုဓာတု, သောတဓာတု, ဃာနဓာတု, ဇိဝှါဓာတု, ကာယဓာတု, ရူပဓာတု, သဒ္ဒဓာတု, ဂန္ဓဓာတု, ရသဓာတု, ဖောဋ္ဌဗ္ဗဓာတု, စက္ခုဝိညာဏဓာတု, သောတဝိညာဏဓာတု, ဃာနဝိညာဏဓာတု, ဇိဝှါဝိညာဏဓာတု, ကာယဝိညာဏဓာတု, မနောဓာတု, မနောဝိညာဏဓာတု, ဓမ္မဓာတု။

ဓာတ်တို့သည် စက္ခုဓာတ်ငှင်း, သောတဓာတ်ငှင်း, ဃာနဓာတ်ငှင်း, ဇိဝှါဓာတ်ငှင်း, ကာယဓာတ်ငှင်း, ရူပဓာတ်ငှင်း, သဒ္ဒဓာတ်ငှင်း, ဂန္ဓဓာတ်ငှင်း, ရသဓာတ်ငှင်း, ဖောဋ္ဌဗ္ဗဓာတ်ငှင်း, စက္ခုဝိညာဏဓာတ်ငှင်း, သောတဝိညာဏဓာတ်ငှင်း, ဃာနဝိညာဏဓာတ်ငှင်း, ဇိဝှါဝိညာဏဓာတ်ငှင်း, ကာယဝိညာဏဓာတ်ငှင်း, မနောဓာတ်ငှင်း, မနောဝိညာဏဓာတ်ငှင်း, ဓမ္မဓာတ်ငှင်း, (ဤသို့) တဆယ့်ရှစ်ပါးတို့တည်း။

The eighteen element are: (1) the eye element, (2) the ear element, (3) the nose element, (4) the tonge element, (5) the body element, (6) the visible form element, (7) the sound element, (8) the small element, (9) the taste element, (10) the tangible element, (11) the eye-consciousness element, (12) the ear-consciousness element, (13) the nose-consciousness element, (14) the tonge-consciousness element, (15) the body-consciousness element, (16) the element, (17) the mental-object element (18) the mind-consciousness element.

## (၅) သစ္စာ ၄–ပါး

၄၆။ စတ္တာရိ အရိယသစ္စာနိ ဒုက္ခံ အရိယသစ္စံ, ဒုက္ခသမုဒယော အရိယသစ္စံ, ဒုက္ခနိရောဓော အရိယသစ္စံ, ဒုက္ခနိရောဓဂါမိနီ ပဋိပဒါအရိယသစ္စံ။

အရိယသစ္စာတို့သည် ဒုက္ခဟူသော အရိယသစ္စာ၄င်း, ဒုက္ခ၏ဖြစ်ကြောင်းဖြစ်သော အရိယသစ္စာ၄င်း, ဒုက္ခ၏ ချုပ်ရာဖြစ်သော အရိယသစ္စာ၄င်း, ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အရိယသစ္စာ ၄င်း (ဤသို့) လေးပါးတို့တည်း။

The Four Noble Truths are: (1) the noble truth of suffering, (2) the noble truth of origen of suffering, (3) the noble truth of the cessation of suffering, and (4) the noble truth of the path leading to the cessation of suffering.

## တရားကိုကောက်နည်း

၄၇။ ဧတ္ထ ပန စေတသိက သုခုမရူပ နိဗ္ဗာနဝသေန ဧကူနသတ္တတိဓမ္မာ ဓမ္မာယတန ဓမ္မဓာတူတိ သင်္ခံ ဂစ္ဆန္တိ။

၄၈။ မနာယတနမေဝ သတ္တဝိညာဏဓာတုဝသေန ဘိဇ္ဇတိ။

အမှာစကားချပ်ညှပ်လိုက်ဦးအံ့၊ ဤသဗ္ဗသင်္ဂဟ၌ စေတသိက် သုခုမရုပ် နိဗ္ဗာန်တို့၏ အပြားအားဖြင့် တခုယုတ် ၇၀–သောတရားတို့သည် ဓမ္မာယတနဟူ၍ ခေါ်ဝေါ်အပ်သည်၏ အဖြစ်သို့ ရောက်ကုန်၏။ မနာယတနတခုတည်းကပင် ခုနစ်ပါးသော ဝိညာဏဓာတ်တို့၏ အပြားအားဖြင့် ပြား၏။

Herein, sixty-nine states comprising (fifty-two) mental factors, six-kinds of subtle matter, and Nibbāna, are regard as the mental-object base and the mental-object element. The mind base itself is devided into the seven elements of consciousness.

## ခန္ဓာငါးပါး တရားကိုယ်

၄၉။ ရူပဉ္စ ဝေဒနာ သညာ၊
သေသ စေတသိကာ တထာ။
ဝိညာဏမိတိ ပဉ္စေတေ၊
ပဉ္စက္ခန္ဓာတိ ဘာသိတာ။

ရုပ်၄င်း ဝေဒနာစေတသိက်၄င်း ဝေဒနာသညာမှကြွင်းသော စေတသိက် ၅၀–၄င်း ထိုမှတပါး ဝိညာဏ်၄င်း ဤသို့ ဤငါးမျိုးတို့ကို ငါးပါးသော ခန္ဓာတို့ဟူ၍ ဆိုအပ်ကုန်၏။

Matter, feeling, the remaining mental factors, and consciousness- these five are called the five aggregates.

## ဥပါဒါနက္ခန္ဓာတရားကိုယ်

၅၀။ ပဉ္စုပါဒါနက္ခန္ဓာတိ၊
တထာ တေဘူမကာ မတာ။
ဘေဒါ ဘာဝေန နိဗ္ဗာနံ၊
ခန္ဓသင်္ဂဟနိဿဋံ။

ဘုံသုံးပါး၌ ဖြစ်ကုန်သော ထိုရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့ကို ငါးပါးသော ဥပါဒါနက္ခန္ဓာတို့ဟူ၍ သိအပ်ကုန်၏။ နိဗ္ဗာန်သည် အတိတ်, အနာဂတ် စသောအားဖြင့် အကွဲအပြား မရှိခြင်းကြောင့် ခန္ဓာအတွင်း၌ သွင်းယူခြင်းမှ လွတ်၏။

The same states that pertain to the three mundane planes are regard as the five aggregates of clinging. As Nibbāna lacks differentiation (such as past, present, future), it is excluded from category of aggregates.

## အာယတန–၁၂, ဓာတ်–၁၈ ပြားရပုံ

၅၁။ ဒွါရာလမ္ဗနဘေဒေန၊
ဘဝန္တာယတနာနိ စ၊
ဒွါရာလမ္ဗတဒုပ္ပန္န–
ပရိယာယေန ဓာတုယော။

ဒွါရခြောက်ဖုံ အာရုံခြောက်ပါး ကွဲပြားခြင်းကြောင့် အာယတနတို့သည်လည်း တဆယ့်နှစ်ပါးတို့သည် ဖြစ်ကုန်၏။ ဒွါရခြောက်ဖုံ အာရုံခြောက်တန် ထိုဒွါရအာရုံတို့၌ဖြစ်သော ဝိညာဏ်ခြောက်သွယ် ပရိယာယ်အမြွက်အားဖြင့် ဓာတ်တို့သည် (တဆယ့်ရှစ်ပါးတို့သည်) ဖြစ်ကုန်၏။

Owing to difference between doors and objects, there are (twelve) sense bases. In accordance with doors, objects, and their corresponding consciousness, arise the (eighteen) elements.

## သစ္စာလေးပါး တရားကိုယ်

၅၂။ ဒုက္ခံ တေဘူမကံ ဝဋ္ဋံ၊
တဏှာ သမုဒယော ဘဝေ၊
နိရောဓော နာမ နိဗ္ဗာနံ၊
မဂ္ဂေါ လောကုတ္တရော မတော။

ဘုံးသုံးပါး၌ ဖြစ်သော ဝဋ္ဋတရားသည် ဒုက္ခသစ္စာမည်၏။ တဏှာသည် သမုဒယသစ္စာမည်သည် ဖြစ်၏။နိဗ္ဗာန်သည် နိရောသစ္စာမည်၏။ လောကုတ္တရာဖြစ်သော မဂ္ဂင်တရားကိုယ်ရှစ်ပါးကို (မဂ္ဂသစ္စာဟူ၍) သိအပ်၏။

The round of existence in three planes is suffering. Craving is its origin. Cessation is Nibbāna. The path is regarded as supramundane.

## သစ္စာဝိမုတ် နိဂုံး

၅၃။ မဂ္ဂယုတ္တာ ဖလာ စေဝ၊
စတုသစ္စ ဝိနိဿဋ္ဌာ။
ဣတိ ပဉ္စပ္ပဘေဒေန၊
ပဝုတ္တော သဗ္ဗသင်္ဂဟော။

မဂ်နှင့်ယှဉ်လတ် မဂ်စိတ္တုပ္ပါဒ် နှစ်ဆယ့်ကိုးပါးတို့သည်၄င်း, ဖိုလ်စိတ္တုပ္ပါဒ် သုံးဆယ့်ခုနစ်ပါးတို့သည်၄င်း, သစ္စာလေးပါးမှ လွတ်ကုန်၏။ ဤသို့ သဗ္ဗသင်္ဂဟကို ငါးပါးအပြားအားဖြင့် ဆိုအပ်၏။

Mental associated with the paths and the fruits are excluded from the four truths.

ဣတိ အဘိဓမ္မတ္ထသင်္ဂဟေ သမုစ္စယသင်္ဂဟဝိဘာဂေါနာမ သတ္တမော ပရိစ္ဆေဒေါ။

အဘိဓမ္မတ္ထသင်္ဂဟ၌ သမုစ္စယသင်္ဂဟဝိဘာဂမည်သော ခုနစ်ပိုင်းတို့၏
ပြည့်ကြောင်းဖြစ်သော အပိုင်းသည် ပြီးပြီ။

Thus the compendium of the whole has been explained in five ways.

## ပစ္စည်းပိုင်း

## ပဋ္ဌိစ္စသမုပ္ပါဒ်

၁။ ယေသံ သင်္ခတဓမ္မာနံ၊
ယေ ဓမ္မာ ပစ္စယာ ယထာ။
တံ ဝိဘာဂမိဟေဒါနိ၊
ပဝက္ခာမိ ယထာရဟံ။

အကြင် သင်္ခတပစ္စယုပ္ပန်တရားတို့အား အကြင် သင်္ခတ,အသင်္ခတ,ပညတ်ဟူသော ပစ္စည်းတရားတို့သည် အကြင်အကြင် ဟေတုသတ္တိ အာရမ္မဏသတ္တိ အစရှိသော အခြင်းအရာအားဖြင့် ကျေးဇူးပြုတတ်ကုန်၏။ ထိုပစ္စည်း ပစ္စယုပ္ပန် ကျေးဇူးပြုပုံ သတ္တိအပြားကို ဤပစ္စယသင်္ဂဟ၌ ယခုအခါ၌ ထိုက်သည်အားလျော်စွာ ဆိုပေအံ့။

I shall now explain here, in a fitting manner, the detailed analysis of the conditioned states, and of how (they are related)

### နည်းနှစ်ပါး

၂။ ပဋိစ္စသမုပ္ပါဒနယော, ပဋ္ဌာနနယောစေတိ ပစ္စယသင်္ဂဟော ဒုဝိဓော ဝေဒိတဗ္ဗော။
ပဋိစ္စသမုပ္ပါဒ်နည်း၄င်း, ပဋ္ဌာန်းနည်း၄င်း ဤသို့ ပစ္စယသင်္ဂဟကို နှစ်ပါးအပြားရှိ၏ဟူ၍ သိထိုက်၏။

The compendium of conditionality is two fold: (1) the method of dependent: and (2) the method of conditional relations.

### နည်းနှစ်ပါးအထူး

၃။ တတ္ထ တဗ္ဘာဝဘာဝီဘာဝါကာရမတ္တောပလက္ခိတော ပဋိစ္စသမုပ္ပါဒနယော၊ ပဋ္ဌာနနယော ပန
အာဟစ္စပစ္စယဋ္ဌိတိမာရဗ္ဘ ပဝုစ္စတိ၊ ဥဘယံ ပန ဝေါမိဿိတွာ ပပဉ္စေန္တိ အာစရိယာ။

ထိုနှစ်ပါးတို့တွင် ထိုအဝိဇ္ဇာအစရှိသော ပစ္စည်းတရားတို့၏ ဖြစ်ခြင်းကြောင့်, ဖြစ်လေ့ရှိသော သင်္ခါရအစရှိသော ပစ္စယုပ္ပန်တရားတို့၏, ဖြစ်ပုံအခြင်းအရာမျှလောက်ဖြင့် မှတ်သားအပ်သောနည်းသည် ပဋိစ္စသမုပ္ပါဒ်နည်းမည်၏။ ပဋ္ဌာန်းနည်းကိုကား အထူးပြု၍ဖြစ်သော ပစ္စယသတ္တိကို အစွဲပြု၍ ဟောတော်မူအပ်၏။ အမှာစကားချပ်ညှပ်လိုက်ဦးအံ့၊ နည်းနှစ်ပါးကို ရောနှော၍ အဋ္ဌကထာဆရာတို့သည် ချဲ့ထွင်ကြကုန်၏။

Of these, the method of dependent arising is marked by the simple happening of a state in dependence on some other state. The method of conditional relations is discussed with reference to the specific causal efficacy of the conditions. Teachers explain them by mixing methods.

## ပဋိစ္စသမုပ္ပါဒ်နည်း

၄။ တတ္ထ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတီတိ။

ထိုနည်းနှစ်ပါးတို့တွင် သစ္စာလေးတန်, ပုဗ္ဗန္တ, အပရန္တ, ထိုနှစ်ဝနှင့်, ပဋိစ္စသမုပ္ပါဒ်, ဤရှစ်ရပ်ကို မပြတ်ပိတ်ကာ, အဝိဇ္ဇာဟူသောအကြောင်းကြောင့် ပုညာပုည, အာနဉ္ဇဟု, သုံးဝအပြား, သင်္ခါရတရားတို့သည် ဖြစ်ကုန်၏။ သင်္ခါရဟူသောအကြောင်းကြောင့် လောကီသက်သက် ဝိပါက်တရား သုံးဆဲ့နှစ်ပါးသော ဝိညာဏ်သည် ဖြစ်၏။ ရှေးရှေးဘဝကမ္မဝိညာဏ်, ပစ္စုပ္ပန်တွက် ဝိပါက်ဝိညာဏ်ဟူသော အကြောင်းကြောင့် ဝိပါက်ယှဉ်ဘိ, စေတသိက, ကမ္မဇဟု, နာမ်ရုအစုသည် ဖြစ်၏။ နာမ်ရုပ်ဟူသော အကြောင်းကြောင့် စက္ခာယတနစသည်အပြား ခြောက်ပါးသော အာယတနတရားသည် ဖြစ်၏။ ခြောက်ပါးသော အာယတနဟူသောအကြောင်းကြောင့် စက္ခုစသား ခြောက်ပါးသော သမ္ဖဿတရားသည် ဖြစ်၏။ ဖဿဟူသော အကြောင်းကြောင့် စက္ခုစသား ခြောက်ပါးသော သမ္ဖဿဇာဝေဒနာတရားသည် ဖြစ်၏။ ဝေဒနာဟူသော အကြောင်းကြောင့် ရူပသဒ္ဒစသည်ခြောက်သွယ် အကျယ်မြောက်ပွား တရာ့ရှစ်ပါးသော တဏှာတရားသည် ဖြစ်၏။ တဏှာဟူသော အကြောင်းကြောင့် လေးပါးသော ဥပါဒါန်သည် ဖြစ်၏။ ဥပါဒါန်ဟူသော အကြောင်းကြောင့် ကမ္မဘဝ ဥပပတ္တိဘဝသည် ဖြစ်၏။ ကမ္မဘဝဟူသောအကြောင်းကြောင့် ဝိပါက်တရား ရုပ်နာမ်တရားတို့၏ ဖြစ်ခြင်းသည် ဖြစ်၏။ ဇာတိဟူသောအကြောင်းကြောင့် ဇရာမရဏသည်၄င်း ဝမ်းနည်းခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည်၎င်း ဖြစ်ကုန်၏။ ဤအဝိဇ္ဇာအစရှိသောအကြောင်းတို့ကြောင့်သာ သုခမဖက်,သက်သက်သော (ဝါ) အလုံးစုံသော ဤဒုက္ခအစု၏ ဖြစ်ခြင်းသည် ထင်ရှား၏။

အယမေတ္ထ ပဋိစ္စသမုပ္ပါဒနယော။

ဤသည်ကား ဤပစ္စယသင်္ဂဟ၌ ပဋိစ္စသမုပ္ပါဒ်နည်းတည်း။

Therein:

(1) Dependent on ignorance arise kammic formation, (2) Dependent on kammic formation arises consciousness, (3) Dependent on consciousness arises mind-and-matter, (4) Dependent on mind-and -matter arises the six sense bases, (5) Dependent on the six sense bases arise contact, (6) Dependent on contact arises feeling. (7) Dependent on feeling arises craving, (8) Dependent on craving arises clinging, (9) Dependent on clinging arises existence, (10) Dependent on existence arises birth, (11) Dependent on birth decay and death, sorrow, lamentation, pain, grief and despair. Thus arises this whole mass of suffering.

Herein, this is the method of dependent arising.

## အစွန့်စသည်ကို ပြခြင်း

၅။ တတ္ထ တယော အဒ္ဓါ, ဒွါဒသင်္ဂါနိ, ဝီသတာကာရာ, တိသန္ဓိ, စတုသင်္ခေပါ, တီဏိဝဋ္ဋာနိ, ဒွေ မူလာနိ စ ဝေဒိတဗ္ဗာနိ။

ထိုပဋိစ္စသမုပ္ပါဒ်၌ သုံးပါးကုန်သော အစွန့်တို့ကိုင်း ဝါ–ကာလတို့ကိုင်း, တဆဲ့နှစ်ပါးကုန်သော အင်္ဂါတို့ကိုင်း, နှစ်ဆယ်သောအခြင်းအရာတို့ကိုင်း ဝါ–အပြားတို့ကိုင်း, သုံးပါးသောအစပ်တို့ကိုင်း လေးပါးသောအလွှာတို့ကိုင်း ဝါ–လေးပါးသောအဘို့အစုတို့ကိုင်း, သုံးပါးကုန်သော ဝဋ်တို့ကိုင်း နှစ်ပါးကုန်သော မူလတို့ကိုင်း သိထိုက်ကုန်၏။

It should be understood that there are three periods, twelve factors, twenty modes, three connections, four groups, three rounds, and two roots.

## အစွန့်သုံးပါး

၆။ အဝိဇ္ဇာ သင်္ခါရာ အတီတော အဒ္ဓါ, ဇာတိဇရာမရဏံ အနာဂတော အဒ္ဓါ, မဇ္ဈေ အဋ္ဌ ပစ္စုပ္ပန္နော အဒ္ဓါတိ တယော အဒ္ဓါ။

အဝိဇ္ဇာ သင်္ခါရတို့သည် အတိတ်ဘဝဟူသော ကာလမည်၏။ ဇာတိဇရာမရဏသည် အနာဂတ်ဘဝဟူသော ကာလမည်၏။ အလယ်၌ ရှစ်ပါးသောတရားတို့သည် ပစ္စုပ္ပန်ဘဝဟူသော ကာလမည်၏။ ဤသို့ သုံးပါးကုန်သော ကာလတို့ကို (သိထိုက်ကုန်၏)။

How? Ignorance and kammic formations belong to the past: birth and decay and death belong to the future: the intermediate eight factors belong to the present: Thus there are three periods.

## အင်္ဂါ ၁၂-ပါး

၇။ အဝိဇ္ဇာ, သင်္ခါရာ, ဝိညာဏံ, နာမရူပံ, သဠာယတနံ, ဖဿော, ဝေဒနာ, တဏှာ, ဥပါဒါနံ, ဘဝေါ, ဇာတိ, ဇရာမရဏန္တိ **ဒွါဒသင်္ဂါနိ**။
အဝိဇ္ဇာငှင်း, သင်္ခါရငှင်း, ဝိညာဏငှင်း, နာမရူပငှင်း, သဠာယတနငှင်း, ဖဿငှင်း, ဝေဒနာငှင်း, တဏှာငှင်း, ဥပါဒါန်ငှင်း, ဘဝငှင်း, ဇာတိငှင်း, ဇရာမရဏငှင်း, ဤသို့ တဆဲ့နှစ်ပါးကုန်သော အင်္ဂါတို့ကို (သိထိုက်ကုန်၏)။

(1) Ignorance, (2) kammic formations, (3) consciousness, (4) mind-and-matter, (5) the six sense bases, (6) contact, (7) feeling. (8) craving, (9) clinging, (10) existence, (11) birth, (12) decay and death the twelve factors.

## အမှာစကား

၈။ သောကာဒိဝစနံ ပနေတ္ထ နိဿန္ဒဖလနိဒဿနံ။
အမှာစကား ချပ်ညှပ်လိုက်ဦးအံ့၊ ဤပဋိစ္စသမုပ္ပါဒ်ပါဠိ၌ သောကအစရှိသော သဒ္ဒါသည် ဇာတိအတွက် အဆက်ဆက်အကျိုးကို ပြရုံမျှသာတည်း။ (သီခြားအင်္ဂါမဟုတ်-ဟူလို)

The terms sorrow and so on are shown as incidental consequences (of birth).

## ခြင်းရာ ၂၀၊ အစပ် ၃-ပါး၊ အလွှာ ၄-ပါး

၉။ အဝိဇ္ဇာသင်္ခါရဂ္ဂဟေန ပနေတ္ထ တဏှုပါဒါနဘဝါပိ ဂဟိတာ ဘဝန္တိ၊ တထာ တဏှုပါဒါနဘဝဂ္ဂဟဏေန စ အဝိဇ္ဇာသင်္ခါရာ၊ ဇာတိဇရာမရဏဂ္ဂဟေန စ ဝိညာဏာဒိဖလပဉ္စကမေဝ ဂဟိတန္တိ ကတွာ-

အဘို့တပါးကား၊ ဤပဋိစ္စသမုပ္ပါဒ်၌ အဝိဇ္ဇာသင်္ခါရကို တိုက်ရိုက်ယူလိုက်သဖြင့် တဏှာ ဥပါဒါန် ကမ္မဘဝတို့သည်လည်း ယူအပ်ကုန်သည် ဖြစ်ကုန်၏။ ထို့အတူ တဏှာ ဥပါဒါန် ကမ္မဘဝတို့ကို ယူလိုက်သဖြင့်လည်း အဝိဇ္ဇာ သင်္ခါရတို့သည် ယူအပ်ကုန်သည် ဖြစ်ကုန်၏။ ဇာတိဇရာမရဏတို့ကို တိုက်ရိုက်ယူသဖြင့်လည်း ဝိညာဏ်အစရှိသော အကျိုးငါးပါးအပေါင်းကိုသာလျှင် ယူအပ်၏၊ ဤအကြောင်းကြောင့်

Here, by taking ignorance and kammic formation, craving and clinging, and existences are also taken. Likewise, by taking craving, clinging and existence, ignorance and kammic formations are also taken. By taking birth and decay-and-death, the five effects - consciousness and so on - are also taken. Thus here are:

## သင်္ဂဟဂါထာ

၁၀။ အတီတေ ဟေတဝေါ ပဉ္စ၊
ဣဒါနိ ဖလ ပဉ္စကံ။
ဣဒါနိ ဟေတဝေါ ပဉ္စ
အာယတိံ ဖလ ပဉ္စကန္တိ – ဝီသတာကာရာ, တိသန္ဓိ,
စတုသင်္ခေပါ စ ဘဝန္တိ။

အတိတ်ဘဝ၌ ငါးပါးကုန်သော အကြောင်းတို့ငှင်း, ဤပစ္စုပ္ပန်ဘဝ၌ အကျိုးငါးပါးအပေါင်းငှင်း, ဤပစ္စုပ္ပန်ဘဝ၌ ငါးပါးကုန်သောအကြောင်းတို့ငှင်း, အနာဂတ်ဘဝ၌ အကျိုးငါးပါးအပေါင်းလည်းကောင်း, ဤသို့ နှစ်ဆယ်သော အပြားတို့သည်ငှင်း ဝါ–အခြင်းအရာတို့သည်ငှင်း, သုံးပါးသောအစပ်သည်ငှင်း လေးပါးသော အဘို့တို့သည်ငှင်း ဝါ–လေးပါးသောအလွှာတို့သည်ငှင်း, ဖြစ်ကုန်၏။

(1) Five causes pertaining to the past,
(2) And five effects to the present;
(3) Five causes pertaining to the present,
(4) And five effects to the future.
There are twenty modes, three connections, and four groups.

## ဝဋ် ၃–ပါး

၁၁။ အဝိဇ္ဇာတဏှုပါဒါ စ ကိလေသဝဋ္ဋံ, ကမ္မဘဝသင်္ခါတော ဘဝေကဒေသော သင်္ခါရာ စ ကမ္မဝဋ္ဋံ, ဥပပတ္တိဘဝသင်္ခါတော ဘဝေကဒေသော အဝသေသာ စ ဝိပါကဝဋ္ဋန္တိ တီဏိဝဋ္ဋာနိ။

အဘို့တပါးကား၊ အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့သည် ကိလေသဝဋ်မည်၏။ ကမ္မဘဝဟုဆိုအပ်သော ဘဝတစိတ်သည်ငှင်း သင်္ခါရတို့သည်ငှင်း ကမ္မဝဋ်မည်၏။ ဥပပတ္တိဘဝဟုဆိုအပ်သော ဘဝတစိတ်သည်ငှင်း ကြွင်းသော ဝိညာဏ်နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဇာတိ ဇရာ မရဏတို့ငှင်း ဝိပါကဝဋ်မည်၏။ ဤသို့ သုံးပါးကုန်သောဝဋ်တို့ကို (သိထိုက်ကုန်၏)။

The three rounds:

(1) Ignorance, craving, and clinging belonging to round of defilements.
(2) One part of existence known as kammic existence and kammic formation belong to the round of kamma.
(3) One part of existence known as rebirth existence and the rest belonging to the round of results.

## ဝဋ်မြစ် ၂-ပါး

၁၂။ အဝိဇ္ဇာတဏှာဝသေန ဒွေမူလာနိ စ ဝေဒိတဗ္ဗာနိ။

အဘို့တပါးကား၊ အဝိဇ္ဇာတဏှာတို့၏ အပြားအားဖြင့် နှစ်ပါးကုန်သော မူလတို့ကို သိထိုက်ကုန်၏။

Ignorance, craving, should be understood as the two roots.

## ဝဋ်ပြတ်ပုံနှင့် လည်ပုံ

၁၃။ တေသမေဝ စ မူလာနံ၊
နိရောဓေန နိရုဇ္ဈတိ။
ဇရာမရဏမုစ္ဆာယ၊
ပီဠိတာန မဘိဏှသော။
အာသဝါနံ သမုပ္ပါဒါ၊
အဝိဇ္ဇာ စ ပဝတ္တတိ။
ဝဋ္ဋမာဗန္ဓ မိစ္စေဝံ၊
တေဘူမကမနာဒိကံ၊
ပဋိစ္စသမုပ္ပါဒေါတိ၊
ပဋ္ဌပေသိ မဟာမုနိ။

ဆက်ဦးအံ့၊ ထိုမူလနှစ်ပါးတို့၏ပင် အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့် (ဝဋ်တရားသည်) ချုပ်၏။ အိုခြင်း သေခြင်း တွေဝေမိန်းမောကြောင်း သောကစသောတရားအပေါင်းသည် မပြတ်မလပ်နှိက်စက်အပ်သော သတ္တဝါတို့၏ (သန္တာန်၌) အာသဝေါတရားတို့၏ ဖြစ်ခြင်းကြောင့် အဝိဇ္ဇာသည်လည်း ဖြစ်ပြန်၏။ ဤဆိုအပ်ပြီးသောနည်းဖြင့် အဆက်မပြတ်ဖွဲ့စပ်အပ်ထသော ဘုံသုံးပါးလျှင် အကျိုးဝင်ထသော အစလည်းမရှိထသော ဝဋ်တရားကို ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ဟူ၍ မုနိထွဋ်တင် ဘုရားရှင်သည် ဟောထားတော်မူခဲ့လေပြီ။

By the destruction of these roots the round ceases. With arising of the taints in those who are constantly oppressed by infatuation with decay and death, ignorance again occurs.
The Great Sage has thus expounded this entangled, beginningless round of becoming with its three planes as "dependent arising."

# ပဋ္ဌာန်းနည်း

၁၄။ ဟေတုပစ္စယော, အာရမ္မဏပစ္စယော, အဓိပတိပစ္စယော, အနန္တရပစ္စယော, သမနန္တရပစ္စယော, သဟဇာတပစ္စယော, အညမညပစ္စယော, နိဿယပစ္စယော, ဥပနိဿယပစ္စယော, ပုရေဇာတပစ္စယော, ပစ္ဆာဇာတပစ္စယော, အာသေဝနပစ္စယော, ကမ္မပစ္စယော, ဝိပါကပစ္စယော, အာဟာရပစ္စယော, ဣန္ဒြိယပစ္စယော, ဈာနပစ္စယော, မဂ္ဂပစ္စယော, သမ္ပယုတ္တပစ္စယော, ဝိပ္ပယုတ္တပစ္စယော, အတ္ထိပစ္စယော, နတ္ထိပစ္စယော, ဝိဂတပစ္စယော, အဝိဂတပစ္စယောတိ။

အယမေတ္ထ ပဋ္ဌာနနယော။

ဟေတုပစ္စည်းငှင်း, အာရမ္မဏပစ္စည်းငှင်း, အဓိပတိပစ္စည်းငှင်း, အနန္တရပစ္စည်းငှင်း, သမနန္တရပစ္စည်းငှင်း, သဟဇာတပစ္စည်းငှင်း, အညမညပစ္စည်းငှင်း, နိဿယပစ္စည်းငှင်း, ဥပနိဿယ ပစ္စည်းငှင်း, ပုရေဇာတပစ္စည်းငှင်း, ပစ္ဆာဇာတပစ္စည်းငှင်း, အာသေဝနပစ္စည်းငှင်း, ကမ္မပစ္စည်းငှင်း, ဝိပါကပစ္စည်းငှင်း, အာဟာရပစ္စည်းငှင်း, ဣန္ဒြိယပစ္စည်းငှင်း, ဈာနပစ္စည်းငှင်း, မဂ္ဂပစ္စည်းငှင်း, သမ္ပယုတ္တပစ္စည်းငှင်း, ဝိပ္ပယုတ္တပစ္စည်းငှင်း, အတ္ထိပစ္စည်းငှင်း, နတ္ထိပစ္စည်းငှင်း, ဝိဂတပစ္စည်းငှင်း, အဝိဂတပစ္စည်းငှင်း, ဤသို့ (ပစ္စည်းတို့သည် နှစ်ဆယ့်လေးပါးတို့တည်း)

The following is the method of conditional relations: (1) root condition, (2) object condition, (3) predominance condition, (4) proximity condition, (5) contiguity condition, (6) conascence condition, (7) mutuality condition, (8) support condition, (9) decisive support condition, (10) prenascence condition, (11) postnascence condition, (12) repetition condition, (13) Kamma condition, (14) result condition, (15) nutriment condition, (16) faculty condition, (17) jāna condition, (18) path condition, (19) association condition, (20) dissociation condition, (21) presence condition, (22) absence condition, (23) disappearance condition, (24) non-disappearance condition,

## ပစ္စည်း ၆-ပါး သင်္ဂဟဂါထာများ

၁၅။ ဆဓာ နာမံ တု နာမဿ၊
ပဉ္စဓာ နာမရူပိနံ။
ဧကဓာ ပုန ရူပဿ၊
ရူပံ နာမဿ စေကဓာ။

ပညတ္တိနာမရူပါနိ၊
နာမဿ ဒုဝိဓာ ဒွယံ။
ဒွယဿ နဝဓာ စေတိ၊
ဆဗ္ဗိဓာ ပစ္စယာ ကထံ။

အမျိုးအားဖြင့် ခွဲခြားဦးအံ့၊ နာမ်သည် နာမ်အချင်းချင်းအား ခြောက်ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုသည် ဖြစ်၏။ (နာမ်သည်) နာမ်ရုပ်နှစ်ပါးတို့အား ငါးပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုသည် ဖြစ်၏။ တဖန် (နာမ်သည်) ရုပ်အား တပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည် ဖြစ်၏။ ရုပ်သည်လည်း နာမ်အား တပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည် ဖြစ်၏။ ပညတ်, နာမ်, ရုပ်တို့သည် နာမ်အား နှစ်ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုသည် ဖြစ်၏။ နာမ်ရုပ်နှစ်ပါးအပေါင်းသည်လည်း နာမ်ရုပ်နှစ်ပါးအပေါင်းအား ကိုးပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုသည် ဖြစ်၏။ ဤသို့ ပစ္စည်းတို့သည် ခြောက်ပါးအပြားရှိကုန်၏။ အမျိုးခြောက်ပါး အဘယ်သို့ ပြားသနည်း။

In six ways mind is condition for mind. In five ways mind is condition for mind and matter. Again, mind is a condition in one way for matter, and matter is one way for mind. In two ways concepts and mind-and-matter are a condition for mind. In nine ways the dyad- mind-and-matter -is a condition for mind-and-matter. Thus the relations are sixfold. How?

## နာမ်သည်နာမ်အား ၆–ပစ္စည်း

Mind for Mind

၁၆။ အနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ ပစ္စုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ အနန္တရ သမနန္တရ နတ္ထိ ဝိဂတဝသေန, ပုရိမာနိ ဇဝနာနိ ပစ္ဆိမာနံ ဇဝနာနံ အာသေဝနဝသေန, သဟဇာတာ စိတ္တစေတသိကာဓမ္မာ အညမညံ သမ္ပယုတ္တဝသေနေတိ စ ဆဓာ နာမံ နာမဿ ပစ္စယော ဟောတိ။

အခြားမဲ့ဖြစ်၍ ချုပ်ပြီးကုန်သော စိတ်စေတသိက်ဖြစ်ကုန်သော တရားတို့သည် အကြောင်းကိုစွဲ၍ဖြစ်ကုန်သော စိတ်စေတသိက်ဖြစ်ကုန်သော တရားတို့အား အနန္တရ သမနန္တရ နတ္ထိ ဝိဂတ, ပစ္စည်းတို့၏ အစွမ်းဖြင့် ကျေးဇူးပြုသည် ဖြစ်၏။ ရှေးရှေးဖြစ်ကုန်သောဇောတို့သည် နောက်နောက်ဖြစ်ကုန်သော ဇောတို့အား အာသေဝနပစ္စည်းတို့၏ အစွမ်းဖြင့် ကျေးဇူးပြုသည် ဖြစ်၏။ တကွဖြစ်ကုန်သော စိတ်စေတသိက်ဖြစ်ကုန်သော တရားတို့သည် အချင်းချင်း သမ္ပယုတ္တပစ္စည်း၏အစွမ်းဖြင့် ကျေးဇူးပြုသည် ဖြစ်၏။

In six ways is mind is a condition for mind:

Consciousness and mental factors that immediately cease are a condition for present consciousness and mental factors by way of proximity, contiguity, absence and disappearance. Preceding Javanas are condition for subsequent Javanas by way of repetition. Conascent consciousness and mental factors are a condition for one another by way of association.

## နာမ်သည် နာမ်ရုပ်အား ၆–ပစ္စည်း

Mind for Mind-and-Matter

၁၇။ ဟေတု ဈာနင် မဂ္ဂင်္ဂါနိ သဟဇာတာနံ ရူပါနံ ဟေတာဒိဝသေန, သဟဇာတာ စေတနာ သဟဇာတာနံ နာမရူပါနံ, နာနာက္ခဏိကာ စေတနာ ကမ္မာဘိနိဗ္ဗတ္တာနံ နာမရူပါနံ ကမ္မဝသေန, ဝိပါကက္ခန္ဓာ အညမညံ သဟဇာတာနံ ရူပါနံ ဝိပါကဝသေနေတိ စ ပဉ္စဓာ နာမံ နာမရူပါနံ ပစ္စယော ဟောတိ။

ဟိတ်, ဈာနင်, မဂ္ဂင်တို့သည် တကွဖြစ်ကုန်သော နာမ်ရုပ်တို့အား ဟေတုအစရှိသည်တို့၏ အစွမ်းဖြင့် ကျေးဇူးပြုသည် ဖြစ်၏။ တကွဖြစ်သော စေတနာသည် တကွဖြစ်ကုန်သော နာမ်ရုပ်တို့အားငှင်း အသီးသီးသော ခဏ၌ ဖြစ်သောစေတနာသည် ကံကြောင့်ဖြစ်ကုန်သော နာမ်ရုပ်တို့အားငှင်း ကမ္မပစ္စည်း၏အစွမ်းဖြင့် ကျေးဇူးပြုသည် ဖြစ်၏။ ဝိပါက်နာမက္ခန္ဓာတို့သည် အချင်းချင်းအားငှင်း တကွဖြစ်ကုန်သော ရုပ်တို့အားငှင်း ဝိပါကပစ္စည်း၏အစွမ်းဖြင့် ကျေးဇူးပြုသည် ဖြစ်၏။ ဤသို့လျှင် နာမ်သည် နာမ်ရုပ်တို့အား ငါးပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည် ဖြစ်၏။

In five ways mind is a condition for mind-and-matter:

Roots, Jhāna factors, and path factors are a condition for conascent mind-and-matter by way of root etc. Conascent volition is a condition for conascent min-and-matter, and asynchronous volition for mind-and-matter born of kamma, by way of kamma. The (mental) resultant aggregates are a condition for one another and for conascent matter by way of result.

## နာမ်သည် ရုပ်အား ၁–ပစ္စည်း

Mind for Matter

၁၈။ ပစ္ဆာဇာတာ စိတ္တစေတသိကာဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတဝသေနေတိ ဧကဓာဝ နာမံ ရူပဿ ပစ္စယော ဟောတိ။

နောက်၌ဖြစ်ကုန်သော စိတ်စေတသိက်တရားတို့သည် ရှေးရှေး၌ဖြစ်ကုန်သော ဤရူပကာယအား ပစ္ဆာဇာတပစ္စည်း၏အစွမ်းဖြင့် ကျေးဇူးပြုသည် ဖြစ်၏။ ဤသို့ နာမ်သည်ရုပ်အား တပစ္စယသတ္တိဖြင့်သာလျှင် ကျေးဇူးပြုသည် ဖြစ်၏။

Only in one way is mind a condition for matter: Subsequent consciousness and mental factors are a condition for this preceding (material) body by way of postnascence.

## ရုပ်သည် နာမ်အား ၁–ပစ္စည်း

Matter for Mind

၁၉။ ဆဝတ္ထူနိ ပဝတ္တိယံ သတ္တန္နံ ဝိညာဏဓာတူနံ, ပဉ္စာရမ္မဏာနိ စ ပဉ္စဝိညာဏဝီထိယာ ပုရေဇာတဝသေနေတိ စ ဧကဓာဝ ရူပံ နာမဿ ပစ္စယော ဟောတိ။

ခြောက်ပါးသောဝတ္ထုရုပ်တို့သည် ပဝတ္တိအခါ၌ ခုနစ်ပါးကုန်သော ဝိညာဏဓာတ်တို့အားငှင်း, ငါးပါးကုန်သော အာရုံတို့သည် ပဉ္စဝိညာဏဝီထိအားငှင်း ပုရေဇာတပစ္စည်း၏အစွမ်းဖြင့် ကျေးဇူးပြုသည် ဖြစ်၏။ ဤသို့ ရုပ်သည် နာမ်အား တပစ္စယသတ္တိဖြင့်သာလျှင် ကျေးဇူးပြုသည် ဖြစ်၏။

Only in one way is matter a condition for mind: The six bases during the course of existence are a condition for the seven elements of consciousness, and the five object for the five processes of sense consciousness, by way of prenascence.

## ပညတ်နာမ်ရုပ်သည် နာမ်အား ၂–ပစ္စည်း

Concept Mind-and-Matter for mind

၂၀။ အာရမ္မဏဝသေန, ဥပနိဿယဝသေနေတိ စ ဒွိဓာ ပညတ္တိ နာမရူပါနိ နာမဿေဝ ပစ္စယာ ဟောန္တိ။

အာရမ္မဏပစ္စည်း၏အစွမ်းဖြင့်ငှင်း, ဥပနိဿယပစ္စည်း၏ အစွမ်းဖြင့်ငှင်း ဤသို့ နှစ်ပစ္စယသတ္တိတို့ဖြင့် ပညတ်နာမ်ရုပ်သည် နာမ်အားသာလျှင် ကျေးဇူးပြုတတ်ကုန်သည် ဖြစ်ကုန်၏။

In two ways concepts and mind-and-matter are condition for mind-namely, by way of object and decisive support.

၂၁။ တတ္ထ ရူပါဒိဝသေန ဆဗ္ဗိဓံ ဟောတိ အာရမ္မဏံ။

ထိုနှစ်ပစ္စည်းတို့တွင် အာရမ္မဏပစ္စည်းသည် ရူပါရုံအစရှိသည်တို့၏အပြားအားဖြင့် ခြောက်ပါးအပြား ရှိသည် ဖြစ်၏။

Therein, object is sixfold as visible form, etc.

၂၂။ ဥပနိဿယော ပန တိဝိဓော ဟောတိ အာရမ္မဏူပနိဿယော, အနန္တရူပနိဿယော, ပကတူပနိဿယော စေတိ။

ဥပနိဿယပစ္စည်းသည်ကား အာရမ္မဏူပနိဿယ, အနန္တရူပနိဿယ, ပကတူပနိဿယ ဤသို့ သုံးပါးအပြားရှိသည် ဖြစ်၏။

But decisive support is threefold, namely, object decisive support, proximity decisive support, and natural decisive support.

၂၃။ တတ္ထ အာရမ္မဏမေဝ ဂရုကတံ အာရမ္မဏူပနိဿယော။

ထိုသုံးပါးတို့တွင် အလေးပြုအပ်သော အာရုံသည်ပင်လျှင် အာရမ္မဏူပနိဿယပစ္စည်း မည်၏။

Of them, the object itself when it becomes prominent serve as object decisive support.

၂၄။ အနန္တရနိရုဒ္ဓါ စိတ္တစေတသိကာဓမ္မာ အနန္တရူပနိဿယော။

အခြားမဲ့ဖြစ်၍ ချုပ်ပြီးကုန်သော စိတ်စေတသိက်ဖြစ်ကုန်သော တရားတို့သည် အနန္တရူပနိဿယပစ္စည်း မည်၏။

Consciousness and mental factors that immediately cease, act as the proximity decisive support.

၂၅။ ရာဂါဒယော ပန ဓမ္မာ သဒ္ဓါဒယော စ သုခံ ဒုက္ခံ ပုဂ္ဂလော ဘောဇနံ ဥတု သေနာသနဉ္စ ယထာရဟံ အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါ စ ကုသလာဒိဓမ္မာနံ, ကမ္မံ ဝိပါကာနန္တိ စ ဗဟုဓာ ဟောတိ ပကတူပနိဿယော။

အဘို့တပါးကား၊ ရာဂအစရှိကုန်သော အကုသိုလ်တရားတို့သည်၎င်း, သဒ္ဓါအစရှိသော ကုသိုလ်တရားတို့သည်၎င်း, ကာယိကသုခသည်၎င်း, ကာယိကဒုက္ခသည်၎င်း, ဘောဇဉ်သည်၎င်း, ဥတုသည်၎င်း, ကျောင်းအိပ်ရာနေရာသည်၎င်း ထိုက်သည်အားလျော်စွာ အဇ္ဈတ္တသန္တာန်၌၎င်း, ဗဟိဒ္ဓသန္တာန်၌၎င်း, ကုသိုလ်အစရှိသောတရားတို့အား၎င်း, ဗလဝဖြစ်သောကံသည် ဝိပါက်နာမက္ခန္ဓာတို့အား၎င်း, ကျေးဇူးပြုသည်ဖြစ်၏။ ဤသို့လျှင် ပကတူပနိဿယပစ္စည်းသည် များသောအားဖြင့် ဖြစ်၏။

The natural decisive support is one of many kinds: states of lust, etc., states of faith, etc., pleasure, pain, individuals, food, season, lodgings~ (all such things) internal and external, as the case may be, are conditions for wholesome states, etc. Kamma, too, is similarly a condition for its results.

## နာမ်ရုပ် ၂-ပါ းသည် နာမ်ရုပ် ၂-ပါးအား ၉-ပစ္စည်း

Mind-and-Matter for Mind-and-matter

၂၆။ အဓိပတိ သဟဇာတ အညမည နိဿယ အာဟာရ ဣန္ဒြိယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဝသေနေတိ ယထာရဟံ နဝဓာ နာမရူပါနိ နာမရူပါနံ ပစ္စယာ ဘဝန္တိ။

အဓိပတိပစ္စည်း သဟဇာတပစ္စည်း အညမညပစ္စည်း နိဿယပစ္စည်း အာဟာရပစ္စည်း ဣန္ဒြိယပစ္စည်း ဝိပ္ပယုတ္တပစ္စည်း အတ္ထိပစ္စည်း အဝိဂတပစ္စည်းတို့၏ အပြားအားဖြင့် ထိုက်သည်အားလျော်စွာ ကိုးပစ္စယသတ္တိတို့ဖြင့် နာမ်ရုပ်တို့သည် နာမ်ရုပ်တို့အား ကျေးဇူးပြုတတ်ကုန်သည် ဖြစ်ကုန်၏။

(ဝသေနေတိ-ဟု ဣတိပါသည်ကား အပို)

Mind-and-Matter for Mind-and-matter is a condition for Mind-and-Matter for Mind-and-matter in nine ways according to circumstances, by way of predominance, conascence, mutuality, support, nutriment, faculty, dissociation, presence, and non-disappearance.

၂၇။ တတ္ထ ဂရုကတမာရမ္မဏံ အာရမ္မဏာဓိပတိဝသေန နာမာနံ, သဟဇာတာဓိပတိ စတုဗ္ဗိဓောပိ သဟဇာတဝသေန သဟဇာတာနံ နာမရူပါနန္တိ စ ဒုဝိဓော ဟောတိ အဓိပတိပစ္စယော။

ထိုပစ္စည်းတို့တွင် အလေးပြုအပ်သော အာရုံသည် အာရမ္မဏာဓိပတိ၏အစွမ်းဖြင့် နာမ်တို့အားငှင်း, လေးပါးအပြားရှိသည်လည်းဖြစ်သော သဟဇာတာဓိပတိသည် သဟဇာတာဓိပတိပစ္စည်း၏အစွမ်းဖြင့် တကွဖြစ်ကုန်သော နာမ်ရုပ်တို့အားငှင်း ကျေးဇူးပြုသည် ဖြစ်၏။ ဤသို့လျှင် သဟဇာတာဓိပတိပစ္စည်းသည် နှစ်ပါးအပြားရှိသည် ဖြစ်၏။

Therein predominance condition is twofold:

(1) The object to which weight is attached is a condition for states of mind by way of object predominance.
(2) The fourfold conascent predominance is a condition for conascent mind-and-matter by way of conascence.

၂၈။ စိတ္တစေတသိကာဓမ္မာ အညမညံ သဟဇာတရူပါနဉ္စ, မဟာဘူတာ အညမညံ ဥပါဒါရူပါနဉ္စ, ပဋိသန္ဓိက္ခဏေ ဝတ္ထု ဝိပါကာ အညမညန္တိ စ တိဝိဓော ဟောတိ သဟဇာတပစ္စယော။

စိတ်စေတသိက်ဖြစ်ကုန်သော တရားတို့သည် အချင်းချင်အားငှင်း, တကွဖြစ်သော ရုပ်တို့အားငှင်း, မဟာဘုတ်တို့သည် အချင်းချင်းအားငှင်း, ဥပါဒါရုပ်တို့အားငှင်း, ပဋိသန္ဓေခဏ၌ ဟဒယဝတ္ထု ဝိပါက်နာမက္ခန္ဓာတို့သည် အချင်းချင်းအားငှင်း, ကျေးဇူးပြုသည်ဖြစ်၏။ ဤသို့လျှင် သဟဇာတပစ္စည်းသည် သုံးပါးအပြားရှိသည် ဖြစ်၏။

The conscence condition is threefold: Consciousness and mental factors are condition for one another and for the conascent material phenomena: the four great essentials mutually and for the derived material phenomena; the heart base and the resultant (mental aggregates) for one another at the moment of rebirth-linking.

၂၉။ စိတ္တစေတသိကာဓမ္မာ အညမညံ, မဟာဘူတာ အညမညံ, ပဋိသန္ဓိက္ခဏေ ဝတ္ထု ဝိပါကာ အညမညန္တိ စ တိဝိဓော ဟောတိ အညမညပစ္စယော။

စိတ်စေတသိက်ဖြစ်ကုန်သော တရားတို့သည် အချင်းချင်းအားငှင်း, မဟာဘုတ်တို့သည် အချင်းချင်းအားငှင်း, ပဋိသန္ဓေခဏ၌ ဟဒယဝတ္ထု ဝိပါက်နာမက္ခန္ဓာတို့သည် အချင်းချင်းအားငှင်း, ကျေးဇူးပြုသည်ဖြစ်၏။ ဤသို့လျှင် အညမညပစ္စည်းသည် သုံးပါးအပြားရှိသည် ဖြစ်၏။

The mutuality condition is threefold: Consciousness and mental factors are condition for one another; the four great essentials for one another; the heart base and the resultant (mental aggregates) for one another at the moment of rebirth-linking.

၃၀။ စိတ္တစေတသိကာဓမ္မာ အညမညံ, သဟဇာတရူပါနဉ္စ, မဟာဘူတာ အညမညံ, ဥပါဒါရူပါနဉ္စ, ဆဝတ္ထူနိ သတ္တန္နံ ဝိညာဏဓာတူနန္တိ စ တိဝိဓော ဟောတိ နိဿယပစ္စယော။

စိတ်စေတသိက်ဖြစ်ကုန်သော တရားတို့သည် အချင်းချင်းအားငှင်း, တကွဖြစ်သော ရုပ်တို့ အားငှင်း, မဟာဘုတ်တို့သည် အချင်းချင်းအားငှင်း, ဥပါဒါရုပ်တို့အားငှင်း, ခြောက်ပါးသောဝတ္ထုရုပ်တို့သည် ခုနှစ်ပါးကုန်သော ဝိညာဏဓာတ်တို့အားငှင်း ကျေးဇူးပြုသည် ဖြစ်၏။ ဤသို့လျှင် နိဿယပစ္စည်းသည် သုံးပါးအပြားရှိသည် ဖြစ်၏။

The support condition is threefold: Consciousness and mental factors are condition for one another and conascent material phenomena: the four great essentials for one another and derived material phenomena; and the six bases for the seven consciousness element.

၃၁။ ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ, အရူပိနော အာဟာရာ သဟဇာတာနံ နာမရူပါနန္တိ စ ဒုဝိဓော ဟောတိ အာဟာရပစ္စယော။

အလုပ်အလွေးကိုပြုအပ်သော အာဟာရသည် ဤရူပကာယအားငှင်း, နာမ်ဖြစ်ကုန်သော အာဟာရတို့သည် တကွဖြစ်ကုန်သော နာမ်ရုပ်တို့အားငှင်း, ကျေးဇူးပြုသည် ဖြစ်၏။ ဤသို့လျှင် အာဟာရပစ္စည်းသည် နှစ်ပါးအပြားရှိသည် ဖြစ်၏။

The nutriment condition is twofold: edible food is a condition for this body; and immaterial nutriment, for the conascent mind-and-matter.

၃၂။ ပဉ္စပသာဒါ ပဉ္စန္နံ ဝိညာဏာနံ, ရူပဇီဝိတိန္ဒြိယံ ဥပါဒိန္နရူပါနံ, အရူပိနော ဣန္ဒြိယာ သဟဇာတာနံ နာမရူပါနံ စ တိဝိဓော ဟောတိ ဣန္ဒြိယပစ္စယော။

ငါးပါးကုန်သော ပသာဒရုပ်တို့သည် ငါးပါးကုန်သော ဝိညာဏဓာတ်တို့အားငှင်း, ရူပဇီဝိတိန္ဒြေသည် ဥပါဒိန္နကမ္မဇရုပ်တို့အားငှင်း, နာမ်ဖြစ်ကုန်သော ဣန္ဒြေတို့သည် တကွဖြစ်ကုန်သော နာမ်ရုပ်တို့အားငှင်း ကျေးဇူးပြုသည် ဖြစ်၏။ ဤသို့လျှင် ဣန္ဒြိယပစ္စည်းသည် သုံးပါးအပြားရှိသည် ဖြစ်၏။

The faculty condition is threefold: the five sensitive organs are a condition for the five kind of consciousness; the material life faculty, for the material phenomena born of kamma; the immaterial faculties, for conscent mind-and-matter.

၃၃။ ဩက္ကန္တိက္ခဏေ ဝတ္ထု ဝိပါကာနံ စိတ္တစေတသိကာခန္ဓာ သဟဇာတရူပါနံ သဟဇာတဝသေန,
ပစ္ဆာဇာတာ စိတ္တစေတသိကာခန္ဓာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတဝသေန,
ဆ ဝတ္ထူနိ ပဝတ္တိယံ သတ္တန္နံ ဝိညာဏဓာတူနံ ပုရေဇာတဝသေနေတိ စ တိဝိဓော ဟောတိ
ဝိပ္ပယုတ္တပစ္စယော။

ပဋိသန္ဓေခဏ၌ ဟဒယဝတ္ထုသည် ဝိပါက်ခန္ဓာတို့အားငှ်း, စိတ်စေတသိက်ဖြစ်ကုန်သော တရားတို့သည် တကွဖြစ်ကုန်သော ရုပ်တို့အားငှ်း, သဟဇာတဝိပ္ပယုတ္တပစ္စည်း၏အစွမ်းဖြင့်, ကျေးဇူးပြုသည် ဖြစ်၏။ နောက်နောက်၌ဖြစ်ကုန်သော စိတ်စေတသိက်ဖြစ်ကုန်သော တရားတို့သည် ရှေးရှေး၌ဖြစ်သော ဤရူပကာယအား ပစ္ဆာဇာတဝိပ္ပယုတ္တပစ္စည်း၏အစွမ်းဖြင့် ကျေးဇူးပြုသည် ဖြစ်၏။ ခြောက်ပါးကုန်သော ဝတ္ထုရုပ်တို့သည် ပဝတ္တိအခါ၌ ခုနစ်ပါးကုန်သော ဝိညာဏဓာတ်တို့အား ပုရေဇာတဝိပ္ပယုတ္တပစ္စည်း၏ အစွမ်းဖြင့် ကျေးဇူးပြုသည် ဖြစ်၏။ ဤသို့လျှင် ဝိပ္ပယုတ္တပစ္စည်းသည် သုံးပါးအပြားရှိသည် ဖြစ်၏။

The dissociation condition is threefold: at the moment of rebirth linking the heart-base is a condition for resultant (mental aggregates), and consciousness and mental factors for conascent matter, by way of conascence: the postnascent consciousness and mental factors for this prenascent material body by way of postnascence; the six bases, in the course of life, for the seven consciousness elements by way of prenascence.

## သင်္ဂဟဂါထာ

၃၄။ သဟဇာတံ ပုရေဇာတံ၊
ပစ္ဆာဇာတဉ္စ သဗ္ဗဒါ။
ကဗဠီကာရော အာဟာရော၊
ရူပဇီဝိတမိစ္စယန္တိ --
ပဉ္စဝိဓော ဟောတိ အတ္ထိပစ္စယော အဝိဂတပစ္စယော စ။

အလုံးစုံသော အပြားအားဖြင့် သဟဇာတမျိုးငှ်း, ပုရေဇာတမျိုးငှ်း, ပစ္ဆာဇာတမျိုးငှ်း, ကဗဠီကာရ အာဟာရငှ်း, ရူပဇီဝိတိန္ဒြိယငှ်း, ဤသို့ငါးပါးအပြားရှိသော ပစ္စည်းသည် အတ္ထိပစ္စည်းသည်ငှ်း, အဝိဂတ ပစ္စည်းသည်ငှ်း ဖြစ်၏။

The presence and non-disappearance condition are all together of five kinds: conascence, prenascence, postnascence, and edible food and material life.

## ပစ္စည်းအကျဥ်းချုပ်

၃၅။ အာရမ္မဏူပနိဿယကမ္မတ္ထိပစ္စယေသုစ သဗ္ဗေပိ ပစ္စယာ သမောဓာနံ ဂစ္ဆန္တိ။

ဆက်ဦးအံ့၊ အာရမ္မဏပစ္စည်း, ဥပနိဿယပစ္စည်း, ကမ္မပစ္စည်း, အတ္ထိပစ္စည်းတို့၌ အလုံးစုံလည်းဖြစ်ကုန်သော ပစ္စည်းတို့သည် ပေါင်းဆုံခြင်းသို့ ရောက်ကုန်၏။

All conditions are included in the condition of object, decisive support, kamma, and prescence.

## အထူးမှတ်ရန်

၃၆။ သဟဇာတရူပန္တိ ပနေတ္ထ သဗ္ဗတ္ထာပိ ပဝတ္တေ စိတ္တသမုဋ္ဌာနာနံ, ပဋိသန္ဓိယံ ကတတ္တာ ရူပါနဉ္စ ဝသေန ဒုဝိဓံ ဟောတီတိ ဝေဒိတဗ္ဗံ။

အမှာစကားချပ်ညှပ်လိုက်ဦးအံ့၊ ဤပဋ္ဌာန်းနည်း၌ အလုံးစုံသော သဟဇာတမျိုးတို့၌လည်း သဟဇာတရူပဟူသည် ပဝတ္တိအခါ၌ စိတ်ကြောင့်ဖြစ်သောရုပ်တို့၏၄င်း, ပဋိသန္ဓေအခါ၌ ကဋတ္တာရုပ်တို့၏၄င်း, အပြားအားဖြင့် နှစ်ပါးအပြားရှိသည် ဖြစ်၏။ ဤသို့ သိထိုက်၏။

Herein, in all cases conascent material phenomena should be understood as twofold: through out the course of existence they should be understood as hose born of consciousness, and rebirthlinking, as those born of kamma.

## သင်္ဂဟဂါထာများ

၃၇။ ဣတိ တေကာလိကာ ဓမ္မာ၊
ကာလမုတ္တာ စ သမ္ဘဝါ။
အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါ စ၊
သင်္ခတာသင်္ခတာ တထာ။

ပညတ္တိ နာမ ရူပါနံ၊
ဝသေန တိဝိဓာ ဋ္ဌိတာ။
ပစ္စယာ နာမ ပဋ္ဌာနေ၊
စတုဝီသတိ သဗ္ဗထာ။

ဤသို့ ဖြစ်သင့်သောအားဖြင့် ကာလသုံးပါး၌လည်း ဖြစ်ကုန်သော ကာလသုံးပါးမှလည်း လွတ်ကုန်သော အဇ္ဈတ္တသန္တာန်၌လည်းဖြစ်ကုန်သော ဗဟိဒ္ဓသန္တာန်၌လည်းဖြစ်ကုန်သော သင်္ခတတရားလည်းဖြစ်ကုန်သော အသင်္ခတတရားလည်းဖြစ်ကုန်သော ထိုမှတပါး ပညတ်နာမ်ရုပ်တို့၏ အပြားအားဖြင့် သုံးပါးအပြားအားဖြင့် တည်ကုန်သော တရားတို့သည် ပဋ္ဌာန်းအရာ၌ အလုံးစုံသောအပြားအားဖြင့် ၂၄–ပါးသော ပစ္စည်းတို့ မည်၏။

Thus the things pertaining to the three periods of times and timeless, internal and external, conditioned and unconditioned, are threefold by way of concepts, mind, and matter.

In all condition in the scheme of conditional relations are twenty-four.

## ရုပ်နာမ်ခွဲပုံ

၃၈။ တတ္ထ ရူပဓမ္မာ ရူပက္ခန္ဓောဝ၊ စိတ္တစေတသိကသင်္ခါတာ စတ္တာရော အရူပိနော ခန္ဓာ, နိဗ္ဗာနဉ္စေတိ ပဉ္စဝိဓမ္ပိ အရူပန္တိ စ နာမန္တိ စ ပဝုစ္စတိ။

ထိုပညတ်နာမ်ရုပ်တို့တွင် ရုပ်တရားတို့ဟူသည် ရူပက္ခန္ဓာပင်တည်း။ စိတ်စေတသိက်ဟုဆိုအပ်ကုန်သော လေးပါးကုန်သော နာမ်ဖြစ်ကုန်သော ခန္ဓာတို့၄င်း နိဗ္ဗာန်၄င်း ဤသို့ ငါးပါးအပြားရှိသည်လည်းဖြစ်သော တရားကို အရူပဟူ၍၄င်း နာမဟူ၍၄င်း ဆိုအပ်၏။

Therein, the material phenomena are just the aggregates of matter. Consciousness and mental factors, which comprise the four immaterial aggregates, and Nibbāna, are five kinds that are immaterial. They ale also called "name."

## ပညတ်အပြား

၃၉။ တတော အဝသေသာ ပညတ္တိ ပန ပညာပိယတ္တာ ပညတ္တိ, ပညာပနတော ပညတ္တီတိ စ ဒုဝိဓာ ဟောတိ။

ထိုရုပ်နာမ်မှ ကြွင်းသော ပညတ်သည်ကား အပြားအားဖြင့် သိစေအပ်သည်၏အဖြစ်ကြောင့် အတ္ထပညတ်၄င်း အပြားအားဖြင့် သိစေတတ်သည်အဖြစ်ကြောင့် သဒ္ဒပညတ်၄င်း ဤသို့နှစ်ပါးအပြားရှိသည် ဖြစ်၏။

What remains are concepts, which are two fold: concept as that which is made known, and concept as that which make known.

## အတ္ထပညတ်အပြား

၄၀။ ကထံ

တံ တံ ဘူတဝိပရိဏာမာကာရမုပါဒါယ တထာ တထာ ပညတ္တာ ဘူမိပဗ္ဗတာဒိကာ, သမ္ဘာရသန္နိဝေသာကာရ မုပါဒါယဂေဟရထသကဋာဒိကာ, ခန္ဓပဉ္စကမုပါဒါယ ပုရိသပုဂ္ဂလာဒိကာ, စန္ဒာဝဋ္ဋနာဒိကမုပါဒါယ ဒိသာကာလာဒိကာ, အသမ္ဖုဋ္ဌာကာရမုပါဒါယ ကူပဂုဟာဒိကာ,

ပညတ်နှစ်ပါး အဘယ်သို့ပြာသနည်း။ ထိုထိုပထဝီစသော မဟာဘုတ်တို့၏ အထူးထူးအဖုံဖုံ ထက်ဝန်းကျင် ညွှတ်ကိုင်းလျက် တည်နေပုံအခြင်းအရာကို ရှေးဦးစွာကပ်ယူ၍ ဝါ–စွဲ၍ ထိုထိုဘူမိပဗ္ဗတ အစရှိသောအပြားအားဖြင့် ခေါ်ဝေါ်ပညတ်သမုတ်အပ်သော သန္တာနပညတ်၄င်း, သစ်သားစသော အဆောက် အဦတို့၏ စုဝေးတည်နေပုံအခြင်းအရာကို ရှေးဦးစွာကပ်ယူ၍ ဝါ–စွဲ၍ ထိုထို ဂေဟ ရထ သကဋ အစရှိသော အပြားအားဖြင့် ခေါ်ဝေါ်ပညတ်သမုတ်အပ်သောဂေဟ ရထ သကဋ အစရှိသော သမူဟ ပညတ်၄င်း, ခန္ဓာငါးပါးအပေါင်းကို ရှေးဦးစွာကပ်ယူ၍ ဝါ–စွဲ၍ ထိုထိုပုရိသပုဂ္ဂလအစရှိသောအပြားအား ဖြင့် ခေါ်ဝေါ်ပညတ်သမုတ်အပ်သော သတ္တပညတ်၄င်း, လနေနက္ခတ်မြင့်မိုရ်တောင်ကို လက်ျာရစ်လည်လျက် ထွက်ပုံဝင်ပုံ အစရှိသည်ကို ရှေးဦးစွာကပ်ယူ၍ ဝါ–စွဲ၍ ထိုထို ဒိသာကာလအစရှိသောအပြားအားဖြင့် ခေါ်ဝေါ်ပညတ်သမုတ်အပ်သော ပုဗ္ဗဒိသာအစရှိသောပညတ်၄င်း, ပုဗ္ဗဏှအစရှိသော ကာလပညတ်၄င်း, မဟာတ်ဘုတ်ချင်း မထိမစပ်ပုံအခြင်းအရာကို ရှေးဦးစွာကပ်ယူ၍ ဝါ–စွဲ၍ ထိုထို ကူပ ဂုဟာ အစရှိသောအပြားအားဖြင့် ခေါ်ဝေါ်ပညတ်သမုတ်အပ်သော ကူပဂုဟာ အစရှိသော အာကာသပညတ်၄င်း

How? There are such terms as "land," "mountain," and the like, so designated on account of the mode of transition of the respective elements; such terms as "house," "chariot," "cart," and the like, so named on account of the mode of formation materials; such terms as "person," "individual," and the like, so named on the account of the five aggregates; such terms as "direction," "time'" the like, named according to the revolution of the moon so forth; such terms as "well," "cave," and the like,

တံ တံ ဘူတနိမိတ္တံ, ဘာဝနာဝိသေသဉ္စ ဥပါဒါယ ကသိဏနိမိတ္တာဒိကာ စေတိ ဧဝမာဒိပ္ပဘေဒါ ပန ပရမတ္ထတော အဝိဇ္ဇမာနာပိ အတ္ထစ္ဆာယာကာကာရေန စိတ္တုပ္ပါဒါနမာရမ္မဏဘူတာ တံ တံ ဥပါဒါယ ဥပနိဓာယ ကာရဏံ ကတွာ တထာ တထာ ပရိကပ္ပိယမာနာ သင်္ခါယတိ သမညာယတိ ဝေါဟရီယတိ ပညာပီယတီတိ ပညတ္တီတိ ပဝုစ္စတိ၊ အယံ ပညတ္တိ ပညာပိယတ္တာ ပညတ္တိ နာမ။

ပထဝီကသိုဏ်းအစရှိသော ထိုထိုမဟာဘုတ်အာရုံကိုင်း ပရိကမ္မဘာဝနာအစရှိသော ဘာဝနာအစဉ်ထူးကိုင်း ရှေးဦးစွာကပ်ယူ၍ ဝါ–စွဲ၍ ထိုထို ကသိဏ နိမိတ္တ အစရှိသောအပြားအားဖြင့် ခေါ်ဝေါ်ပညတ်သမုတ်အပ်သော ကသိုဏ်းပညတ် ပရိကမ္မနိမိတ် အစရှိသော နိမိတ္တပညတ်ငှင်း, ဤသို့ အစရှိသော အနက်ကိုကား ပရမတ္ထအားဖြင့် ထင်ရှားမရှိသော်လည်း မဟာဘုတ်စသော ပရမတ္ထတို့၏ အရိပ်အရောင်ဖြစ်သော အခြင်းအရာအားဖြင့် စိတ်စေတသိက်တို့၏ အာရုံဖြစ်၍ ဖြစ်သည်ငှင်း ထိုထိုအရာဝတ္ထုကို စိတ်ဖြင့်ကပ်ယူ၍ ဝါ–စွဲ၍ ထောက်စာ၍ ပညတ်ခြင်း၏အကြောင်းကို ပြု၍ ထိုထိုအပြားအားဖြင့် ကြံဆ၍ ယူအပ်သည်ငှင်း (ဖြစ်၍, ဖြစ်ခြင်းကြောင့်) ကောင်းစွာ ပြောဆိုအပ်၏။ အညီအမျှသိအပ်၏။ ခေါ်ဝေါ်သုံးစွဲအပ်၏။ အပြားအားဖြင့် သိစေအပ်၏။ ထို့ကြောင့် ပညတ်ဟူ၍ ဆိုအပ်၏။ ဤအတ္ထပညတ်သည် အပြားအားဖြင့် သိစေအပ်သည်အဖြစ်ကြောင့် ပညတ်မည်၏။

so named on account of the mode of non-impact and so forth; such terms as kasiṇa signa and the like, so named on account of respective elements and distinguished mental development.

All such different things, through they do not exist in the ultimate sense, become objects of consciousness in the form of shadows of (ultimate) things.

They are called concepts because they are thought of, reckoned, understood, expressed, and made known on account of, in consideration of, with respect to, this or that mode. This kind of concept is so called because it is made known.

## သဒ္ဒပညတ် ၆–ပါး

၄၁။ ပညာပနတော ပညတ္တိ ပန နာမနာမကမ္မာဒိနာမေန ပရိဒီပိတာ။ သာ ဝိဇ္ဇမာနပညတ္တိ, အဝိဇ္ဇာမာန ပညတ္တိ, ဝိဇ္ဇာမာနေန အဝိဇ္ဇမာနပညတ္တိ, အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ္တိ, အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ္တိ စေတိ ဆဗ္ဗိဓာ ဟောတိ။

အဘို့တပါးကား၊ အပြားအားဖြင့် သိစေတတ်သည်၏အဖြစ်ကြောင့် သဒ္ဒပညတ်ကို နာမ နာမကမ္မ အစရှိသော အမည်ဖြင့် ပြအပ်၏။ ထိုသဒ္ဒပညတ်သည် ဝိဇ္ဇမာနပညတ်၄င်း, အဝိဇ္ဇာမာနပညတ်၄င်း, ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်၄င်း, အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်၄င်း, အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်၄င်း ဤသို့ ခြောက်ပါးအပြားရှိသည် ဖြစ်၏။

Then, as it makes known, it is called concept. It is described as name, nomenclature, etc. It is sixfold: (1) a (direct) concept of the real; (2) a (direct) concept of the unreal; (3) a concept of the unreal by means of the real; (4) a concept of the real by means of the unreal; (5) a concept of the real by means of the real; and (6) a concept of the unreal by mean of the unreal.

၄၂။ တတ္ထ ယဒါ ပန ပရမတ္ထတော ဝိဇ္ဇမာနံ ရူပဝေဒနာဒိံ ဧတာယ ပညာပေန္တိ။ တဒါယံ ဝိဇ္ဇာမာနပညတ္တိ။ ယဒါ ပန ပရမတ္ထတော အဝိဇ္ဇမာနံ ဘူမိပဗ္ဗတာဒိံ ဧတာယ ပညာပေန္တိ။ တဒါယံ အဝိဇ္ဇမာနပညတ္တီတိ ပဝုစ္စတိ။ ဥဘိန္နံ ပန ဝေါမိဿကဝသေန သေသာ ယထာက္ကမံ ဆဠဘိညော, ဣတ္ထိသဒ္ဒေါ, စက္ခုဝိညာဏံ, ရာဇပုတ္တောတိ စ ဝေဒိတဗ္ဗာ။

ထိုခြောက်ပါးတို့တွင် အကြင်အခါ၌ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ရုပ်ဝေဒနာအစရှိသည်ကို ဤသဒ္ဒပညတ်ဖြင့် အပြားအားဖြင့် သိစေကြကုန်၏။ ထိုအခါ၌ ဤသဒ္ဒပညတ်ကို ဝိဇ္ဇာမာနပညတ်ဟူ၍ ဆိုအပ်၏။ အကြင်အခါ၌ကား ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ဘူမိပဗ္ဗတအစရှိသည်ကို ဤသဒ္ဒပညတ်ဖြင့် သိစေကြကုန်၏။ ထိုအခါ၌ ဤသဒ္ဒပညတ်ကို အဝိဇ္ဇာမာနပညတ်ဟူ၍ ဆိုအပ်၏။ အဘို့တပါးကား၊ ဝိဇ္ဇမာန အဝိဇ္ဇမာန အားဖြင့် နှစ်ပါးသော အနက်တို့၏ ရောနှောခြင်း၏အစွမ်းဖြင့် ကြွင်းသောပညတ်တို့ကို အကြင်ကြင်အစဉ်ရှိတိုင်း ဆဠဘိညဟူ၍၄င်း ဣတ္ထိသဒ္ဒဟူ၍၄င်း စက္ခုဝိညာဏဟူ၍၄င်း ရာဇပုတ္တဟူ၍၄င်း သိထိုက်ကုန်၏။

As, for instance, when it makes known what really exists in the ultimate sense by a term such as "matter," "feeling," and so forth, it is called a (direct)concept of the real. When it makes known what does not really exist in the ultimate sense by a term, such as "land," "mountain," and so forth, it is called a (direct) concept of the unreal. The rest should be respectively understood by combining both as, for instance, "possessor of sixfold direct knowledge," "woman’s voice," "eye-consciousness," and "king’s son."

## ပညတ် ၂–ပါးကို သိပုံနှင့် နာမပညတ်ဖြစ်ပေါ်လာပုံ

၄၃။ ဝစီဃောသာနုသာရေန၊
သောတဝိညာဏဝီထိယာ။
ပဝတ္တာနန္တရုပ္ပန္န–
မနောဒွါရဿ ဂေါစရာ။
အတ္ထာ ယဿာနုသာရေန၊
ဝိညာယန္တိ တတော ပရံ။
သာယံ ပညတ္တိ ဝိညေယျာ၊
လောကသင်္ကေတနိမ္မိတာ။

စကားသံကို အစဉ်လိုက်သဖြင့် သောတဝိညာဏဝီထိ တဒနုဝတ္တကမနောဒွါရဝီထိ၏ ဖြစ်သည်၏ အခြားမဲ့၌ဖြစ်သော မနောဒွါရဝီထိ၏အာရုံဖြစ်သော (ထိုနာမပညတ်ကို–၌စပ်) အကြင်နာမပညတ်ကို အစဉ်လိုက်သဖြင့် ထိုတတိယမနောဒွါရဝီထိမှ နောက်၌ အနက်ဒြပ်အတ္ထပညတ်ကို သိအပ်ကုန်၏။ ထိုနာမပညတ်ကို လောကသင်္ကေတအနေကျအောင် တစတစစီစဉ် တီထွင်ဖန်ဆင်းအပ်၏ဟူ၍ သိထိုက်၏။

By following the sound of speech through the process of ear-consciousness, and then by means of concept conceived by (the process in the) mind-door that subsequently arise, meanings are understood. These concepts should understood as fashioned by worldly convention.

ဣတိ အဘိဓမ္မတ္ထသင်္ဂဟေ ပစ္စယသင်္ဂဟဝိဘာဂေါနာမ အဋ္ဌမော ပရိစ္ဆေဒေါ။

ဤအဘိဓမ္မတ္ထသင်္ဂဟ၌ ပစ္စယသင်္ဂဟဝိဘာဂမည်သော ရှစ်ပိုင်းတို့ပြည့်ကြောင်းဖြစ်သော အပိုင်းသည် ပြီးပြီ။

Thus ends the eight chapter in the Manual of Abhidhamma

entitled the Compendium of Conditionality.

## ကမ္မဋ္ဌာန်းပိုင်း
## ပဋိညာဉ်

၁။ သမထဝိပဿနာနံ၊
ဘာဝနာနမိတောပရံ။
ကမ္မဋ္ဌာနံ ပဝက္ခာမိ၊
ဒုဝိဓမ္ပိ ယထာက္ကမံ။

ဤပစ္စယသင်္ဂဟ၏ အခြားမဲ့မှ နောက်၌ သမထဝိပဿနာဟု ဆိုအပ်ကုန်သော ဘာဝနာတို့၏ နှစ်ပါးအပြားရှိသည်လည်းဖြစ်သော ကမ္မဋ္ဌာန်းကို အစဉ်အားလျော်စွာ ဆိုပေအံ့။

From here on I will explain in order the two types of meditation subject for the respective development of calm and insight.

## သမထကမ္မဋ္ဌာန်းနည်း
## ကမ္မဋ္ဌာန်း ၄၀ အကျဉ်းမာတိကာ

၂။ တတ္ထ သမထသင်္ဂဟေ တာဝ ဒသ ကသိဏာနိ, ဒသ အသုဘာ, ဒသ အနုဿတိယော, စတဿော အပ္ပမညာ, ဧကာ သညာ, ဧကံ ဝဝတ္ထာနံ, စတ္တာရော အာရုပ္ပါ စေတိ သတ္တဝိဓေန သမထကမ္မဋ္ဌာန သင်္ဂဟော။

ထိုသမထကမ္မဋ္ဌာန်း ဝိပဿနာကမ္မဋ္ဌာန်းတို့တွင် ရှေးဦးစွာ ဆယ်ပါးကုန်သော ကသိုဏ်းတို့၄င်း ဆယ်ပါးကုန်သော အသုဘတို့၄င်း ဆယ်ပါးကုန်သော အနုဿတိတို့၄င်း လေးပါးကုန်သော အပ္ပမညာတို့၄င်း တပါးသော သညာ၄င်း တပါးသော ဝဝတ္ထာန်၄င်း လေးပါးကုန်သော အာရုပ္ပတို့၄င်း ဤသို့ ခုနစ်ပါးအပြားအားဖြင့် သမထကမ္မဋ္ဌာနသင်္ဂဟကို သိထိုက်၏။

Therein, in the compendium of calm, first the compendium of meditation subjects for developing calm is sevenfold: (1) ten kasinas, (2) ten kinds of foulness, (3) ten recollections, (4) four illimitables, (5) one perception, (6) one analysis, and (7) four immaterial states.

## စရိုက် ၆ ပါး

၃။ ရာဂစရိတာ, ဒေါသစရိတာ, မောဟစရိတာ, သဒ္ဓါစရိတာ, ဗုဒ္ဓိစရိတာ, ဝိတက္ကစရိတာ စေတိ ဆဗ္ဗိဓေန စရိတသင်္ဂဟော။

ရာဂစရိုက်၄င်း, ဒေါသစရိုက်၄င်း, မောဟစရိုက်၄င်း, သဒ္ဓါစရိုက်၄င်း, ဗုဒ္ဓိ(ပညာ)စရိုက်၄င်း, ဝိတက်စရိုက်၄င်း, ဤသို့ ခြောက်ပါးအပြားအားဖြင့် စရိတသင်္ဂဟကို သိထိုက်၏။

The compendium of temperaments is sixfold: (1) the lustful, (2) the hateful, (3) the deluded, (4) the faithful, (5) the intellectual, and (6) the discursive.

## ဘာဝနာ ၃ ပါး

၄။ ပရိကမ္မဘာဝနာ, ဥပစာရဘာဝနာ, အပ္ပနာဘာဝနာ စေတိ တိဿော ဘာဝနာ။

ပရိကမ္မဘာဝနာ၄င်း, ဥပစာရဘာဝနာ၄င်း, အပ္ပနာဘာဝနာ၄င်း, ဤသို့ သုံးပါးကုန်သော ဘာဝနာတို့ကို သိထိုက်ကုန်၏။

The three stages of mental development are: preliminary development, access development, and absorption development.

## နိမိတ် ၃ ပါး

၅။ ပရိကမ္မနိမိတ္တံ, ဥဂ္ဂဟနိမိတ္တံ, ပဋိဘာဂနိမိတ္တဉ္စေတိ တီဏိ နိမိတ္တာနိ စ ဝေဒိတဗ္ဗာနိ။

ပရိကမ္မနိမိတ်၄င်း, ဥဂ္ဂဟနိမိတ်၄င်း, ပဋိဘာဂနိမိတ်၄င်း, ဤသို့ သုံးပါးကုန်သော နိမိတ်တို့ကိုလည်း သိထိုက်ကုန်၏။

The three signs should be understood as: the preliminary sign, the learning sign, and the counterpart sign.

## ကသိုဏ်း ၁၀ ပါး

၆။ ကထံ?

ပထဝီကသိဏံ, အာပေါကသိဏံ, တေဇောကသိဏံ, ဝါယောကသိဏံ, နီလကသိဏံ, ပီတကသိဏံ, လောဟိတကသိဏံ, ဩဒါတကသိဏံ, အာကာသကသိဏံ, အာလောကကသိဏဉ္စေတိ ဣမာနိ ဒသ ကသိဏာနိ နာမ။

ကသိုဏ်း ဆယ်ပါး စသည်အားဖြင့် အဘယ်သို့ ပြားသနည်း။
မြေကသိုဏ်းငှင်း, ရေကသိုဏ်းငှင်း, မီးကသိုဏ်းငှင်း, လေကသိုဏ်းငှင်း, ညိုသောအဆင်း ကသိုဏ်းငှင်း, ရွှေသောအဆင်း ကသိုဏ်းငှင်း, နီသောအဆင်း ကသိုဏ်းငှင်း, ဖြူသောအဆင်း ကသိုဏ်းငှင်း, ကောင်းကင်အပေါက်ကသိုဏ်းငှင်း, အလင်းရောင် ကသိုဏ်းငှင်း, ဤသည်တို့ကား ဆယ်ပါးသော ကသိုဏ်းတို့ မည်၏။

How? The ten kasina are: the earth kasina, the water kasina, the fire kasina, the air kasina, the blue kasina, the yellow kasina, the red kasina, the white kasina, the space kasina, and the light kasina.

## အသုဘ ၁၀ ပါး

၇။ ဥဒ္ဓုမာတကံ, ဝိနီလကံ, ဝိပုဗ္ဗကံ, ဝိစ္ဆိဒ္ဒကံ, ဝိက္ခာယိတကံ, ဝိက္ခိတ္တကံ, ဟတဝိက္ခိတ္တကံ, လောဟိတကံ, ပုဠုဝကံ, အဋ္ဌိကဉ္စေတိ ဣမေ ဒသ အသုဘာ နာမ။

ဥဒ္ဓုမာတကအသုဘငှင်း, ဝိနီလကအသုဘငှင်း, ဝိပုဗ္ဗကအသုဘငှင်း, ဝိစ္ဆိဒ္ဒကအသုဘငှင်း, ဝိက္ခာယိတကအသုဘငှင်း, ဝိက္ခိတ္တကအသုဘငှင်း, ဟတဝိက္ခိတ္တကအသုဘငှင်း, လောဟိတက အသုဘငှင်း, ပုဠုဝကအသုဘငှင်း, အဋ္ဌိကအသုဘငှင်း, ဤသည်တို့ကား ဆယ်ပါးကုန်သော အသုဘတို့ မည်၏။

The ten kinds of foulness are: a bloated corpse, a livid corpse, a festering corpse, a dismembered corpse, an eaten corpse, a scattered-in-pieces corpse, a mutilated and scattered-in-pieces corpse, a bloody corpse, a worm infested corpse, and a skeleton.

## အနုဿတိ ၁၀ ပါး

၅။ ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိ, ဥပသမာနုဿတိ, မရဏာနုဿတိ, ကာယဂတာသတိ, အာနာပါနုဿတိ စေတိ ဣမာ ဒသ အနုဿတိယော နာမ။

ဗုဒ္ဓါနုဿတိ၄င်း, ဓမ္မာနုဿတိ၄င်း, သံဃာနုဿတိ၄င်း, သီလာနုဿတိ၄င်း, စာဂါနုဿတိ၄င်း, ဒေဝတာနုဿတိ၄င်း, ဥပသမာနုဿတိ၄င်း, မရဏာနုဿတိ၄င်း, ကာယဂတာသတိ၄င်း, အာနာပါနုဿတိ၄င်း, ဤသည်တို့ကား ဆယ်ပါးကုန်သော အနုဿတိတို့ မည်၏။

The ten recollection are: the recollection of the Buddha, the recollection of the Dhamma,the recollection of the Sangha, the recollection of morality, the recollection of generosity, the recollection of the Devas, the recollection of the peace, the recollection of the death, mindfulness occupied with the body, and mindfulness of breathing.

## အပ္ပမညာ ၄ ပါး

၉။ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ စေတိ ဣမာ စတဿော အပ္ပမညာယော နာမ, ဗြဟ္မဝိဟာရောတိ စ ပဝုစ္စတိ။

မေတ္တာ၄င်း, ကရုဏာ၄င်း, မုဒိတာ၄င်း, ဥပေက္ခာ၄င်း, ဤသည်တို့ကား လေးပါးကုန်သော အပ္ပမညာတို့ မည်၏။ ဗြဟ္မဝိဟာရဟူ၍လည်း ဆိုအပ်၏။

The four illimittables, also called divine abodes, are: loving-kindness, compassion, appreciative joy, and equanimity.

## သညာ ၁ ပါး

၁၀။ အာဟာရေ ပဋိကူလသညာ ဧကာသညာ နာမ။

အစာအာဟာရ၌ စက်ဆုပ်ဘွယ်ဟု အမှတ်ပြုအပ်သော သညာသည် တပါးသော သညာ မည်၏။

The one perception is the perception of loathsomeness in food.

## ဝဝတ္ထာန် ၁ ပါး

၁၁။ စတုဓာတုဝဝတ္ထာနံ ဧကံ ဝဝတ္ထာနံ နာမ။

ဓာတ်လေးပါးကို ပိုင်းခြားမှတ်သားခြင်းသည် တပါးသော ဝဝတ္ထာန် မည်၏။

The one analysis of the four elements.

## အာရုပ္ပ ၄ ပါး

၁၂။ အာကာသာနဉ္စာယတနာဒယော စတ္တာရော အာရုပ္ပါနာမာတိ သဗ္ဗထာပိ သမထနိဒ္ဒေသေ စတ္တာလီသ ကမ္မဋ္ဌာနာနိ ဘဝန္တိ။

အာကာသာနဉ္စာယတနစျာန်အစရှိသည်တို့သည် လေးပါးကုန်သော အာရုပ္ပတို့ မည်၏။ ဤသို့ အလုံးစုံသောအပြားအားဖြင့်လည်း သမထကမ္မဋ္ဌာနနိဒ္ဒေသ၌ လေးဆယ်သော ကမ္မဋ္ဌာန်းတို့သည် ဖြစ်ကုန်၏။

The four immaterial states are the base of infinite space, and so forth. Thus in the exposition of calm there are altogether forty subjects of meditation.

## သပ္ပါယဘေဒ
## စရိုက်ဖြင့် ကမ္မဋ္ဌာန်းကို ဝေဖန်ပုံ

၁၃။ စရိတာသု ပန ဒသ အသုဘာ, ကာယဂတာသတိသင်္ခါတာ ကောဋ္ဌာသဘာဝနာ စ,
ရာဂါစရိတဿ သပ္ပါယာ။

၁၄။ စတဿော အပ္ပမညာယော, နီလာဒီနိ စ စတ္တာရိ ကသိဏာနိ ဒေါသစရိတဿ။

အဘို့တပါးကား စရိုက်တို့တွင် ဆယ်ပါးကုန်သော အသုဘတို့သည်၎င်း, ကာယဂတာသတိဟုဆိုအပ်သော ကောဋ္ဌာသဘာဝနာသည်၎င်း, ရာဂစရိုက်ရှိသူအား လျောက်ပတ်ကုန်၏။ လေးပါးကုန်သော အပ္ပမညာတို့သည်၎င်း နီလအစရှိကုန်သော လေးပါးကုန်သော ကသိဏ်းတို့သည်၎င်း ဒေါသစရိုက်ရှိသူအား လျောက်ပတ်ကုန်၏။

With respect to temperaments, the ten kinds of foulness and mindfulness occupied with the body, i.e. meditation on the thirty parts, are suitable for those of a lustful temperament. The four illimitables and the four color kasina are suitable for those of a hateful temperament.

၁၅။ အာနာပါနံ မောဟစရိတဿ, ဝိတက္ကစရိတဿ စ။
၁၆။ ဗုဒ္ဓါနုဿတိအာဒယော ဆ သဒ္ဓါစရိတဿ စ။
၁၇။ မရဏ ဥပသမ သညာ ဝဝတ္ထာနိ ဗုဒ္ဓိစရိတဿ။
၁၈။ သေသာနိ ပန သဗ္ဗာနိပိ ကမ္မဋ္ဌာနာနိ သဗ္ဗေသမ္ပိ သပ္ပါယာနိ။
၁၉။ တတ္ထာပိ ကသိဏေသု ပုထုလံ မောဟစရိတဿ, ခုဒ္ဒကံ ဝိတက္ကစရိတဿေဝါတိ။

အယမေတ္ထ သပ္ပါယဘေဒေါ။

အာနာပါနသည် မောဟစရိုက်ရှိသူအားငှင်း ဝိတက်စရိုက်ရှိသူအားငှင်း လျောက်ပတ်၏။ ဗုဒ္ဓါနုဿတိ အစရှိကုန်သော ခြောက်ပါးသော ကမ္မဋ္ဌာန်းတို့သည် သဒ္ဓါစရိုက်အား လျောက်ပတ်၏။ မရဏာနုဿတိ ဥပသမာနုဿတိ အာဟာရေပဋိကူလသညာ စတုဓာတုဝဝတ္ထာန်တို့သည် ပညာစရိုက်ရှိသူအား လျောက်ပတ်၏။ အဘို့တပါးကား ကြွင်းကုန်သော အလုံးစုံလည်း ဖြစ်ကုန်သော ကမ္မဋ္ဌာန်းတို့သည် အလုံးစုံသောသူတို့အားလည်း လျောက်ပတ်ကုန်၏။ ထိုကမ္မဋ္ဌာန်းတို့တွင်လည်း ကသိုဏ်းဆယ်ပါးတို့တွင် ကောက်နယ်တလင်းဝန်းခန့် ကျယ်ပြန့်သောကသိုဏ်းသည်သာ မောဟစရိုက်ရှိသူအား လျောက်ပတ်၏။ စကောခွက်နှယ် ကျဉ်းငယ်သော ကသိုဏ်းသည်သာ ဝိတက်စရိုက်ရှိသူအား လျောက်ပတ်၏။ ဤတွင် သပ္ပါယဘေဒ အပြီးတည်း။

ဤဆိုအပ်ပြီးသည်ကား ဤကမ္မဋ္ဌာနသင်္ဂဟ၌ သပ္ပါယဘေဒအခဏ်းတည်း။

Mindfulness of breathing is suitable for those of a deluded and discursive temperament. The six recollections of the Buddha, and so forth, are suitable for those of a faithful temperament; recollection of death, of peace, the perception of loathsomeness in food, and analysis of the four elements, are suitable for those of an intellectual temperament. All of the remaining subjects of meditation are suitable for all temperaments. Of the kasinas, a wide one is suitable for one of deluded temperament, and a small one for of discursive temperament.

Herein, this is analysis by way of suitability.

## ဘာဝနာဘေဒ
## ဘာဝနာဖြင့် ကမ္မဋ္ဌာန်းကို ဝေဖန်ပုံ

၁၉။ ဘာဝနာသု ပန သဗ္ဗတ္ထာပိ ပရိကမ္မဘာဝနာ လဗ္ဘတေဝ။ ဗုဒ္ဓါနုဿတိအာဒီသု အဋ္ဌသု, သညာဝဝတ္ထာနေသု စာတိ ဒသသု ကမ္မဋ္ဌာနေသု ဥပစာရဘာဝနာဝ သမ္ပဇ္ဇတိ။ နတ္ထိ အပ္ပနာ။

အဘိ့တပါးကား ဘာဝနာတို့တွင် အလုံးစုံသောကမ္မဋ္ဌာန်းတို့၌လည်း ပရိကမ္မဘာဝနာကို ရအပ်သည်သာတည်း။ ဗုဒ္ဓါနုဿတိအစရှိကုန်သော ရှစ်ပါးသော ကမ္မဋ္ဌာန်းတို့၌လည်းကောင်း အာဟာရေပဋိကူလသညာ, စတုဓာတုဝဝတ္ထာန်တို့၌င်း ဤသို့ ၁၀ပါးကုန်သော ကမ္မဋ္ဌာန်းတို့၌ ဥပစာရဘာဝနာသည်သာလျှင် ပြည့်စုံ၏။ အပ္ပနာဘာဝနာသည် မရှိ။

The preliminary stage of development is attainable in all these forty subjects of meditation. In ten subjects of meditation - the eight recollections of the Buddha and so forth, the one perception, and the one analysis - only access development is attained but not absorption.

၂၀။ သေသေသု ပန သမတိံသ ကမ္မဋ္ဌာနေသု အပ္ပနာဘာဝနာပိ သမ္ပဇ္ဇတိ။
အဘိ့တပါးကား ကြွင်းကျန်ကုန်သော အတိအကျသုံးဆယ်သော ကမ္မဋ္ဌာန်းတို့၌ အပ္ပနာဘာဝနာလည်း ပြည့်စုံ၏။

In the thirty remaining subjects of meditation, the absorption stage of development is also attained.

## ဈာန်ဖြင့် ကမ္မဋ္ဌာန်းကို ဝေဖန်ပုံ

၂၁။ တတ္ထာပိ ဒသ ကသိဏာနိ, အာနာပါနဉ္စ ပဉ္စကဇ္ဈာနိကာ။
၂၂။ ဒသ အသုဘာ, ကာယဂတာသတိ စ ပဌမဇ္ဈာနိကာ။

ထိုသုံးဆယ်သော ကမ္မဋ္ဌာန်းတို့တွင်လည်း ဆယ်ပါးသော ကသိဏ်းတို့သည်၎င်း အာနာပါနသည်၎င်း ပဉ္စကဈာန်နှင့်ယှဉ်ကုန်၏။ ဆယ်ပါးသော အသုဘတို့သည်၎င်း ကာယဂတာသတိသည်၎င်း ပဌမဈာန်နှင့်ယှဉ်ကုန်၏။

Therein, ten kasinas and mindfulness of breathing produce five jhānas; the ten foulness and mindfulness occupied with the body(only) the first jhāna;

၂၃။ မေတ္တာဒယော တယော စတုက္ကဇ္ဈာနိကာ။

၂၄။ ဥပေက္ခာ ပဉ္စမဇ္ဈာနိကာတိ ဆဗ္ဗီသတိ ရူပဝါဝစရဇ္ဈာနိကာနိ ကမ္မဋ္ဌာနာနိ။

၂၅။ စတ္တာရော ပန အာရုပ္ပါ အာရုပ္ပဇ္ဈာနိကာတိ။

အယမေတ္ထ ဘာဝနာဘေဒေါ။

မေတ္တာအစရှိကုန်သော သုံးပါးကုန်သော ဗြဟ္မဝိဟာရတို့သည် စတုတ္ထဈာန်နှင့် ယှဉ်ကုန်၏။ ဥပေက္ခာဗြဟ္မဝိဟာရသည် ပဉ္စမဈာန်နှင့် ယှဉ်ကုန်၏။ ဤသို့ ရူပါဝစရဈာန်နှင့် ယှဉ်ကုန်သော ကမ္မဋ္ဌာန်းတို့သည် နှစ်ဆဲ့ခြောက်ပါးတည်း။ အဘို့တပါးကား လေးပါးကုန်သော အာရုပ္ပကမ္မဋ္ဌာန်းတို့သည် အာရုပ္ပဈာန်နှင့် ယှဉ်ကုန်၏။ ဤတွင် ဘာဝနာဘေဒအပြီးတည်း။

ဤဆိုအပ်ပြီးသည်ကား ဤကမ္မဋ္ဌာနသင်္ဂဟ၌ ဘာဝနာဘေဒအခဏ်းတည်း။

the first three illimitables, such as loving-kindness, four jhānas, equanimity, the fifth jhāna (only). Thus these twenty-six subjects of meditation produce fine-material-sphere jhānas. The four immaterial states produce immaterial jhānas.

Herein, this is the analysis by way of development.

**ဂေါစရဘေဒ**
**နိမိတ်ဖြင့် ကမ္မဋ္ဌာန်းကို ဝေဖန်ပုံ**

၂၆။ နိမိတ္တေသု ပန ပရိကမ္မနိမိတ္တံ, ဥဂ္ဂဟနိမိတ္တဉ္စ သဗ္ဗတ္ထာပိ ယထာရဟံ ပရိယာယေန လဗ္ဘန္တေဝ။

အဘို့တပါးကား နိမိတ်တို့တွင် ပရိကမ္မနိမိတ်ကိုငင်း ဥဂ္ဂဟနိမိတ်ကိုငင်း အလုံးစုံသော ကမ္မဋ္ဌာန်းတို့၌လည်း ထိုက်သည်အားလျော်စွာ ပရိယာယ်အားဖြင့် ရအပ်ကုန်သည်သာတည်း။

Of three signs, the preliminary sign and the learning sign are generally found in relation to every object, in the appropriate way.

၂၇။ ပဋိဘာဂနိမိတ္တံ ပန ကသိဏာသုဘကောဋ္ဌာသအာနာပါနေသွေဝ လဗ္ဘတိ။ တတ္ထ ဟိ ပဋိဘာဂနိမိတ္တမာရဗ္ဘ ဥပစာရသမာဓိ, အပ္ပနာသမာဓိ စ ပဝတ္တန္တိ။

ပဋိဘာဂနိမိတ်ကိုကား ကသိုဏ်းဆယ်ပါး အသုဘဆယ်ပါး ဆံအစရှိသောကောဋ္ဌာသ အာနာပါနတို့၌ သာလျှင် ရအပ်၏။ မှန်၏၊ ထိုကသိုဏ်း အသုဘ ကောဋ္ဌာသ အာနာပါနတို့၌ ပဋိဘာဂနိမိတ်ကို အာရုံပြု၍ ဥပစာရသမာဓိသည်၎င်း အပ္ပနာသမာဓိသည်၎င်း ဖြစ်ကုန်၏။

But the counterpart sign is found only in the kasina, foulness, the parts of the body, and mindfulness of breathing. It is by means of the counterpart sign that access concentration and absorption concentration occur.

## ဘာဝနာနှင့် နိမိတ်တွဲစပ်ပုံ

၂၈။ ကထံ

အာဒိကမ္မိကဿ ဟိ ပထဝီမဏ္ဍလာဒီသု နိမိတ္တံ ဥဂ္ဂဏှန္တဿ တမာရမ္မဏံ ပရိကမ္မနိမိတ္တန္တိ ပဝုစ္စတိ၊ သာ စ ဘာဝနာ ပရိကမ္မဘာဝနာ နာမ။

ဘာဝနာသုံးပါး နိမိတ်သုံးပါး အဘယ်သို့ပြားသနည်း?

ချဲ့ဦးအံ့၊ ရှေးဦးစထွင် ကမ္မဋ္ဌာန်းအားထုတ်မှု၌ယှဉ်သောပုဂ္ဂိုလ်၏ ပထဝီကသိုဏ်းဝန်း အစရှိသည်တို့၌ အာရုံကိုယူစဉ် ထိုအာရုံကို ပရိကမ္မနိမိတ်ဟူ၍ ဆိုအပ်၏။ ထိုပရိကမ္မနိမိတ်ကို အာရုံပြုသော ဘာဝနာ စိတ်သည်လည်း ပရိကမ္မဘာဝနာ မည်၏။

How? When a beginner apprehends a particular sign from earth disk, etc., that object called the preliminary sign, and the meditation is called preliminary development.

၂၉။ ယဒါ ပန တံ နိမိတ္တံ စိတ္တေန သမုဂ္ဂဟိတံ ဟောတိ၊ စက္ခုနာ ပဿန္တဿေဝ မနောဒွါရဿ
အာပါထမာဂတံ၊ တဒါ တမေဝါရမ္မဏံ ဥဂ္ဂဟနိမိတ္တံ နာမ၊ သာ စ ဘာဝနာ သမာဓိယတိ။

အဘို့တပါးကား အကြင်အခါ၌ ထိုအာရုံသည် စိတ်ဖြင့် ကောင်းစွာ ယူအပ်သည် ဖြစ်၏။ မျက်စိဖြင့် မြင်ရစဉ်ကဲ့သို့ မနောဒွါရ၏ ရှေးရှုကျခြင်းသို့ ရောက်သည် ဖြစ်၏။ ထိုအခါ၌ ထိုအာရုံသည်ပင် ဥဂ္ဂဟနိမိတ် မည်၏။ ထိုဥဂ္ဂဟနိမိတ်ကို အာရုံပြုသော ဘာဝနာသည်လည်း သမာဓိရ၏။

When that sign has been thoroughly apprehended and enter into range of the mind door just as if it were seen by the eye, then it is called the learning sign, and that meditation becomes concentrated.

၃၀။ တထာသမာဟိတဿ ပနေတဿ တတော ပရံ တသ္မိံ ဥဂ္ဂဟနိမိတ္တေ ပရိကမ္မသမာဓိနာ ဘာဝနာ
မနုယုဥ္ဇန္တဿ ယဒါ တပ္ပဋိဘာဂံ ဝတ္ထုဓမ္မဝိမုစ္စိတံ ပညတ္တိသင်္ခါတံ ဘာဝနာမယမာရမ္မဏံ စိတ္တေ
သိန္နိသိန္န္န သမပ္ပိတံ ဟောတိ၊ တဒါ တံ ပဋိဘာဂနိမိတ္တံ သမုပ္ပန္နန္တိ ပဝုစ္စတိ။

အဘို့တပါးကား၊ ထိုဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် တည်ကြည်သော ဤယောဂီပုဂ္ဂိုလ်၏ ထိုဥဂ္ဂဟနိမိတ်ထင်ရာအခါမှနောက်၌ ထိုဥဂ္ဂဟနိမိတ်၌ ပရိကမ္မသမာဓိဖြင့် ပွားများမှုကို အားထုတ်ပြန်သည်ရှိသော် အကြင်အခါ၌ ထိုဥဂ္ဂဟနိမိတ်နှင့်အလားတူသော ဝတ္ထုဒြပ် ပရမတ်သဘောမှ လွတ်သော ပညတ်ဟုဆိုအပ်သော ဘာဝနာကြောင့် ဖြစ်ပေါ်လာသော အာရုံသည် စိတ်၌ ငြိမ်သက်စွာ တည်နေသည် ဖြစ်၏။ ထိုအခါ၌ ထိုပဋိဘာဂနိမိတ်ကို ကောင်းစွာဖြစ်ပြီဟူ၍ ဆိုအပ်၏။

When one is concentrated, one then applies oneself to meditation by means of that preliminary concentration based on that learning sign. As one does so, and object which is the counterpart of that (learning sign) become well established and fixed in the mind-(an object) which is freed of the flaws of the original object, reckoned as a concept, born of meditation. Then it is said that the counterpart sign has arisen.

၃၁။ တတော ပဋ္ဌာယ ပဋိဗန္ဓ ဝိပ္ပဟီနာ ကာမာဝစရသမာဓိသင်္ခါတာ ဥပစာရဘာဝနာ
နိပ္ဖန္နာ နာမ ဟောတိ။
ထိုပဋိဘာဂနိမိတ်ထင်ရာအခါမှ စ၍ သမာဓိ၏ဘေးရန်ဖြစ်သော နီဝရဏကိုပယ်ရှားတတ်သော
ကာမာဝစရသမာဓိဟုဆိုအပ်သော ဥပစာရဘာဝနာသည် ပြီးစီးသည်မည်သည် ဖြစ်၏။

Thereafter, access development is accomplished, consisting in concentration of the sense sphere in which the obstacles have been abandoned.

## ရူပဈာန်ဖြစ်ပုံ

၃၂။ တတော ပရံ တမေဝ ပဋိဘာဂနိမိတ္တံ ဥပစာရသမာဓိနာ သမာသေဝန္တဿ ရူပါဝစရပဌမဇ္ဈာန မပ္ပေတိ။

ထိုဥပစာရဘာဝနာဖြစ်ရာအခါမှနောက်၌ ထိုပဋိဘာဂနိမိတ်ကိုပင် ဥပစာရသမာဓိဖြင့် ကောင်းစွာမှီဝဲသည်ရှိသော် ရူပါဝစရပဌမဈာန်သည် သက်ရောက်၏။

Following this, as one cultivates the counterpart sign by means of access concentration, one enters the first jhāna of the fine-material spheres.

၃၃။ တတော ပရံ တမေဝ ပဌမဇ္ဈာနံ အာဝဇ္ဇနံ, သမာပဇ္ဇနံ, အဓိဋ္ဌာနံ, ဝုဋ္ဌာနံ, ပစ္စဝေက္ခဏာ စေတိ ဣမာဟိ ပဉ္စဟိ ဝသိတာဟိ ဝသီဘူတံ ကတွာ ဝိတက္ကာဒိကမောဠာရိကင်္ဂံ ပဟာနာယ ဝိစာရာဒိသုခုမင်္ဂုပ္ပတ္တိယာ ပဒဟတော ယထာက္ကမံ ဒုတိယဇ္ဈာနာဒယော ယထာရဟမပ္ပေန္တိ။

ထိုပဌမဈာန်မှနောက်၌ ထိုပဌမဈာန်ကိုပင် အာဝဇ္ဇနဝသီဘော်ငင်း, သမာပဇ္ဇနဝသီဘော်ငင်း, အဓိဋ္ဌာန်ဝသီဘော်ငင်း, ဝုဋ္ဌာနဝသီဘော်ငင်း, ပစ္စဝေက္ခဏဝသီဘော်ငင်း, ဤသို့ ငါးပါးကုန်သော ဝသီဘော်တို့ဖြင့် ဝသီဘော်သို့ ရောက်သည်ကို ပြု၍ ဝိတက်အစရှိသော ရုန့်ရင်းသော ဈာန်အင်္ဂါကို ပယ်ခြင်းငှါငင်း ဝိစာရအစရှိသော သိမ်မွေ့သောဈာန်အင်္ဂါ၏ ဖြစ်ပေါ်လာခြင်းငှါငင်း အားထုတ်သည်ရှိသော် အစဉ်အားလျော်စွာ ဒုတိယဈာန်အစရှိသည်တို့သည် ထိုက်သည်အားလျော်စွာ သက်ရောက်ကုန်၏။

Following this, one masters the first jhāna by means of the five kinds of mastery - in adverting, attainment, resolution, emergence, and reviewing. Then, by striving to abandon the successive gross factors such as application, etc., and to arouse the successive subtle factors, such as sustain application, etc., one enters the second jhāna, etc., in due sequence according to one's ability.

၃၄။ ဣစ္စေဝံ ပထဝီကသိဏာဒီသု ဒွါဝီသတိ ကမ္မဋ္ဌာနေသု ပဋိဘာဂနိမိတ္တ မုပလဗ္ဘတိ။
၃၅။ အဝသေသေသု ပန အပ္ပမညာ သတ္တပညတ္တိယံ ပဝတ္တန္တိ။

ဤသို့လျှင် ပထဝီကသိုဏ်းအစရှိကုန်သော နှစ်ဆယ့်နှစ်ပါးသော ကမ္မဋ္ဌာန်းတို့၌ ပဋိဘာဂနိမိတ်ကို ရအပ်၏။ အဘို့တပါးကား၊ ကြွင်းသောကမ္မဋ္ဌာန်းတို့တွင် အပ္ပမညာတို့သည် သတ္တဝါပညတ်၌ ဖြစ်ကုန်၏။

Thus the counterpart sign is found in twenty-two meditation subject - the earth kasina, etc. - but of the remaining (eighteen) subjects, the illimitables occur with the concept of beings (as their object).

## အရူပဈာန်ဖြစ်ပုံ

၃၆။။ အာကာသဝဇ္ဇိတကသိဏေသု ပန ယံကိဉ္စိ ကသိဏံ ဥဂ္ဃါဋေတွာ လဒ္ဓမာကာသံ အနန္တဝသေန ပရိကမ္မံ ကရောန္တဿ ပဌမာရုပ္ပမပ္ပေတိ။

အာကာသကသိုဏ်းသည် ကြဉ်အပ်သော ကသိုဏ်းတို့တွင် အမှတ်မထား တပါးပါးသော ကသိုဏ်းကို ခွါ၍ ရအပ်သော ကောင်းကင်ပညတ်ကို (အာရုံပြု၍) အဆုံးအပိုင်းအခြား မရှိသည်၏အဖြစ်ဖြင့် ပရိကမ်ကိုပြုသော ပုဂ္ဂိုလ်၏ (သန္တာန်၌) ပဌမအာရုပ္ပဈာန်သည် သက်ရောက်၏။

Next one withdraws any kasina except the space kasina, and does the preliminary work by contemplating the space that remain as infinite. By doing this one enter the first immaterial attainment.

၃၇။ တမေဝ ပဌမာရုပ္ပဝိညာဏံ အနန္တဝသေန ပရိကမ္မံ ကရောန္တဿ ဒုတိယာရုပ္ပမပ္ပေတိ။

ထိုပဌမာရုပ္ပဝိညာဉ်ကိုပင်(အာရုံပြု၍) အဆုံးအပိုင်းအခြား မရှိသည်၏အဖြစ်ဖြင့် ပရိကမ်ကိုပြုသော ပုဂ္ဂိုလ်၏ (သန္တာန်၌) ဒုတိယအာရုပ္ပဈာန်သည် သက်ရောက်၏။

When one does the preliminary work by contemplating the first immaterial-sphere consciousness as infinite, one enters the second immaterial attainment.

၃၇။ တမေဝ ပဌမာရုပ္ပဝိညာဏာဘာဝံ ပန 'နတ္ထိ ကိဉ္စိ'တိ ပရိကမ္မံ ကရောန္တဿ တတိယာရုပ္ပမပ္ပေတိ။

ထိုပဌမာရုပ္ပဝိညာဉ်ကိုပင်(အာရုံပြု၍) အဆုံးအပိုင်းအခြား မရှိသည်၏အဖြစ်ဖြင့် ပရိကမ်ကိုပြုသော ပုဂ္ဂိုလ်၏ (သန္တာန်၌) ဒုတိယအာရုပ္ပဈာန်သည် သက်ရောက်၏။

When one does the preliminary work by contemplating the absence of the first immaterial-sphere consciousness thus, "There is nothing," one enters the third immaterial attainment.

၃၉။ တတိယာရုပ္ပံ "သန္တမေတံ, ပဏီတမေတ"န္တိ ပရိကမ္မံ ကရောန္တဿ စတုတ္ထာရုပ္ပမပ္ပေတိ။

တတိယာရုပ္ပဝိညာဏ်ကို (အာရုံပြု၍) ဤတတိယာရုပ္ပဝိညာဏ်သည် ငြိမ်သက်ပေစွ၊ ဤတတိယာရုပ္ပဝိညာဏ်သည် မွန်မြတ်ပေစွ၊ ဤသို့ ပရိကမ်ဘာဝနာကို ပြုသောပုဂ္ဂိုလ်၏(သန္တာန်၌) စတုတ္ထာရုပ္ပဈာန်သည် သက်ရောက်၏။

When one does the preliminary work by contemplating the third immaterial-attainment thus, "This is peaceful, this is sublime," one enters the forth immaterial attainment.

၄၀။ အဝသေသေသု စ ဒသသု ကမ္မဋ္ဌာနေသု ဗုဒ္ဓဂုဏာဒိကမာရမ္မဏမာရဗ္ဘ ပရိကမ္မံ ကတွာ တသ္မိံ နိမိတ္တေ သာဓုကမုဂ္ဂဟိတေ တတ္ထေဝ ပရိကမ္မဉ္စ သမာဓိယတိ၊ ဥပစာရော စ သမ္ပဇ္ဇတိ။

အဘို့တပါးကား၊ ကြွင်းကျန်ကုန်သော ဆယ်ပါးကုန်သော ကမ္မဋ္ဌာန်းတို့၌ ဘုရားဂုဏ်တော်အစရှိသော အာရုံကို အာရုံပြု၍ ပရိကမ်ကို ပြု၍ ထိုဘုရားဂုဏ်တော်အစရှိသော အာရုံကို ကောင်းစွာ ယူအပ်သည်ရှိသော် ထိုဘုရားဂုဏ်တော်အစရှိသော အာရုံ၌ပင်လျှင် ပရိကမ်ဘာဝနာသည်လည်း ကောင်းစွာတည်ကြည်၏။ ဥပစာရဘာဝနာသည်လည်း ပြည့်စုံ၏။

With the other ten meditation subjects, when one does the preliminary work by taking the virtue of the Buddha, etc., as one's object, when that sign has been thoroughly acquired, one becomes concentrated upon it by means of preliminary development and access concentration is also accomplished.

## အဘိညာဉ်ဖြစ်ပုံ

၄၁။ အဘိညာဝသေန ပဝတ္တမာနံ ပန ရူပါဝစရပဉ္စမဇ္ဈာနံ အဘိညာပါဒကပဉ္စမဇ္ဈာနာ ဝုဋ္ဌဟိတွာ အဓိဋ္ဌေယျာဒိကမာဝဇ္ဇေတွာ ပရိကမ္မံ ကရောန္တဿ ရူပါဒီသု အာရမ္မဏေသု ယထာရဟ မပ္ပေတိ။

အဘို့တပါးကား၊ အဘိညာဉ်၏အစွမ်းဖြင့် ဖြစ်သော ရူပါဝစရပဉ္စမဈာန်သည် အဘိညာဉ်၏ အခြေခံဖြစ်သော ပဉ္စမဈာန်မှ ထပြီး၍ အဓိဋ္ဌာန်အပ်သော အာရုံအစရှိသည်ကို ဆင်ခြင်၍ ပရိကမ်ကို ပြုသော ပုဂ္ဂိုလ်၏ (သန္တာန်၌) ရူပါရုံအစရှိသော အာရုံတို့၌ ထိုက်သည်အားလျော်စွာ သက်ရောက်၏။

Having emerged from the fifth jhāna taken as a basis for direct knowledge, having adverted to the resolution, etc., when one does the preliminary work, one enters into the fifths fine-material-sphere jhāna occurring by way direct knowledge with respect to such object as visible forms, etc.

## အဘိညာဉ် ၅ ပါး

၄၂။ အဘိညာ စ နာမ --
ဣဒ္ဓိဝိဓံ ဒိဗ္ဗသောတံ၊
ပရစိတ္တဝိဇာနနာ၊
ပုဗ္ဗေနိဝါသာနုဿတိ၊
ဒိဗ္ဗစက္ခူတိ ပဉ္စဓာ။

အယမေတ္ထ ဂေါစရဘေဒေါ။
နိဋ္ဌိတော စ သမထကမ္မဋ္ဌာနနယော။

အဘိညာဉ်မည်သည်လည်း ဣဒ္ဓိဝိဓအဘိညာဉ်၄င်း ဒိဗ္ဗသောတအဘိညာဉ်၄င်း ပရစိတ္တဝိဇာနန အဘိညာဉ်၄င်း ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်၄င်း ဒိဗ္ဗစက္ခုအဘိညာဉ်၄င်း ဤသို့ ငါးပါးပြား၏။

ဤသည်ကား ဤကမ္မဋ္ဌာနသင်္ဂဟ၌ ဂေါစရဘေဒတည်း။

နိဂုံးကား သမထကမ္မဋ္ဌာန်းသည် ပြီးပြီ။

Direct knowledges are fivefold: the supernormal powers, the divine ear, knowledge of others' minds, recollection of past lives, and the divine eye.

Herein, this is the analysis of the terrain.

The method of meditation for developing is finished.

## ဝိပဿနာကမ္မဋ္ဌာန်းနည်း
## ဝိသုဒ္ဓိ ၇–ပါး

၄၃။ ဝိပဿနာကမ္မဋ္ဌာနေ ပန သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ, ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ, ဉာဏဒဿနဝိသုဒ္ဓိ စေတိ သတ္တဝိဓေန ဝိသုဒ္ဓိသင်္ဂဟော။

အဘိုဓ္ဓတပါးကား၊ ဝိပဿနာကမ္မဋ္ဌာန်း၌ သီလဝိသုဒ္ဓိ၄င်း, စိတ္တဝိသုဒ္ဓိ၄င်း, ဒိဋ္ဌိဝိသုဒ္ဓိ၄င်း, ကင်္ခါဝိတရဏဝိသုဒ္ဓိ၄င်း, မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၄င်း, ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၄င်း, ဉာဏဒဿနဝိသုဒ္ဓိ၄င်း ဤသို့ ခုနစ်ပါးအပြားအားဖြင့် ဝိသုဒ္ဓိသင်္ဂဟကို သိထိုက်၏။

In insight meditation, the compendium of purifications is sevenfold: (1) purification of virtue, (2) purification of mind (3) purification of view, (4) purification by overcoming of doubt, (5) purification by knowledge and vision as to what is the path and what is not the path, (6) purification by knowledge and vision of the way, and (7) purification by knowledge and vision.

## လက္ခဏာယာဉ် ၃ ပါး

၄၄။ အနိစ္စလက္ခဏံ, ဒုက္ခလက္ခဏံ, အနတ္တလက္ခဏဉ္စေတိ တီဏိ လက္ခဏာနိ။

အနိစ္စလက္ခဏာ၄င်း, ဒုက္ခလက္ခဏာ၄င်း, အနတ္တလက္ခဏာ၄င်း, ဤသို့ သုံးပါးကုန်သော လက္ခဏာတို့ကို သိထိုက်ကုန်၏။

There are three characteristics: the characteristic of impermanence,the char acteristic of suffering, and the characteristic of non-self.

## အနုပဿနာ ၃ ပါး

၄၅။ အနိစ္စာနုပဿနာ, ဒုက္ခာနုပဿနာ, အနတ္တာနုပဿနာ စေတိ တိဿော အနုပဿနာ။

အနိစ္စာနုပဿနာ၄င်း, ဒုက္ခာနုပဿနာ၄င်း, အနတ္တာနုပဿနာ၄င်း, ဤသို့ သုံးပါးကုန်သော အနုပဿနာတို့ကို သိထိုက်ကုန်၏။

There are three contemplations: the contemplation of impermanence, the contemplation of suffering, and the contemplation of non-self.

## ဝိပဿနာဉာဏ် ၁၀ ပါး

၄၆။။ သမ္မသနဉာဏံ, ဥဒယဗ္ဗယဉာဏံ, ဘင်္ဂဉာဏံ, ဘယဉာဏံ, အာဒီနဝဉာဏံ, နိဗ္ဗိဒါဉာဏံ, မုစ္စိတုကမျတာဉာဏံ, ပဋိသင်္ခါဉာဏံ, သင်္ခါရုပေက္ခာဉာဏံ, အနုလောမဉာဏဉ္စေတိ ဒသ ဝိပဿနာဉာဏာနိ။

သမ္မသနဉာဏ်၎င်း, ဥဒယဗ္ဗယဉာဏ်၎င်း, ဘင်္ဂဉာဏ်၎င်း, ဘယဉာဏ်၎င်း, အာဒီနဝဉာဏ်၎င်း, နိဗ္ဗိဒါဉာဏ်၎င်း, မုစ္စိတုကမျတာဉာဏ်၎င်း, ပဋိသင်္ခါဉာဏ်၎င်း, သင်္ခါရုပေက္ခာဉာဏ်၎င်း, အနုလောမဉာဏ်၎င်း, ဤသို့ ဆယ်ပါးကုန်သော ဝိပဿနာဉာဏဏ်တို့ကို သိထိုက်ကုန်၏။

There are ten kinds of insight knowledge: (1) knowledge of comprehension, (2) knowledge of rise and fall (of formation), (3) knowledge of the dissolution (of formation), (4) knowledge (of the dissolving things) as fearful, (5) knowledge of (fearful) things as dangerous, (6) knowledge of disenchantment (with all formation), (7) knowledge of desire for deliverance, (8) knowledge of reflecting contemplation, (9) knowledge of equanimity towards formation, and (10) knowledge of conformity.

## ဝိမောက္ခ ၃ ပါး

၄၇။ သုညတော ဝိမောက္ခော, အနိမိတ္တော ဝိမောက္ခော, အပ္ပဏိဟိတော ဝိမောက္ခော စေတိ တယော ဝိမောက္ခာ။

သုညတမည်သော ဝိမောက္ခ၎င်း, အနိမိတ္တမည်သော ဝိမောက္ခ၎င်း, အပ္ပဏိဟိတမည်သော ဝိမောက္ခ၎င်း, ဤသို့ သုံးပါးကုန်သော ဝိမောက္ခတို့ကို သိထိုက်ကုန်၏။

There are three emancipation: the void emancipation, the signless emancipation, and the desireless emancipation.

## ဝိမောက္ခမုခ ၃ ပါး

၄၈။ သုညတာနုပဿနာ, အနိမိတ္တာနုပဿနာ, အပ္ပဏိဟိတာနုပဿနာ စေတိ တီဏိ ဝိမောက္ခမုခါနိ စ ဝေဒိတဗ္ဗာနိ။

သုညတာနုပဿနာ၎င်း, အနိမိတ္တာနုပဿနာ၎င်း, အပ္ပဏိဟိတာနုပဿနာ၎င်း, ဤသို့ သုံးပါးကုန်သော ဝိမောက္ခမုခတို့ကိုလည်း သိထိုက်ကုန်၏။

There are three doors to emancipation: contemplation the void, contemplation of the signless, and contemplation of the desireless.

## ဝိသုဒ္ဓိဘေဒ
## သီလဝိသုဒ္ဓိ

၄၉။။ ကထံ?

ပါတိမောက္ခသံဝရသီလံ, ဣန္ဒြိယသံဝရသီလံ, အာဇီဝပါရိသုဒ္ဓိသီလံ, ပစ္စယသန္နိဿိတသီလဉ္စေတိ စတုပါရိသုဒ္ဓိသီလံ သီလဝိသုဒ္ဓိ နာမ။

ပါတိမောက္ခသံဝရသီလငှင်း, ဣန္ဒြိယသံဝရသီလငှင်း, အာဇီဝပါရိသုဒ္ဓိသီလငှင်း, ပစ္စယသန္နိဿိတ သီလငှင်း, ဤသို့ စတုပါရိသုဒ္ဓိသီလသည် သီလဝိသုဒ္ဓိမည်၏။

Purification of virtue consists of the four kinds of purified virtue, namely:
(1) virtue regarding restraint according to the Pātimokkha;
(2) virtue regarding restrained of the sense faculties;
(3) virtue of consisting in purity of livelihood; and
(4) virtue connected with the use of the requisites.

## စိတ္တဝိသုဒ္ဓိ

၅၀။ ဥပစာရသမာဓိ, အပ္ပနာသမာဓိ စေတိ ဒုဝိဓောပိ သမာဓိ စိတ္တဝိသုဒ္ဓိ နာမ။

ဥပစာရသမာဓိငှင်း, အပ္ပနာသမာဓိငှင်း, ဤသို့ နှစ်ပါးအပြားရှိသော သမာဓိသည် စိတ္တဝိသုဒ္ဓိမည်၏။

Purification of mind consists of two kinds of concentration, namely: access of concentration and absorption concentration.

## ဒိဋ္ဌိဝိသုဒ္ဓိ

၅၁။ လက္ခဏရသပစ္စုပဋ္ဌာနပဒဋ္ဌာနဝသေန နာမရူပပရိဂ္ဂဟော ဒိဋ္ဌိဝိသုဒ္ဓိ နာမ။

လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့၏ အစွမ်းဖြင့် နာမ်ရုပ်တို့ကို ပိုင်းခြား၍ ယူခြင်းသည် ဒိဋ္ဌိဝိသုဒ္ဓိမည်၏။

Purification of view is the discernment of mind and matter with respect to their characteristics, functions, manifestation, and proximate causes.

♠ ပဒဋ္ဌာန်ဆင်ခြင်မှုသည် နောက်လာမည့် ပစ္စယပရိဂ္ဂဟဉာဏ်နှင့် ဆိုင်သောကြောင့် ပဒဋ္ဌာန-သဒ္ဒါမပါပဲ လက္ခဏ,ရသ,ပစ္စုပဋ္ဌာနဝသေန-ဟုသာရှိသင့်သည်။ (သင်္ဂြိုဟ်ဘာဌ် ၆၈၈)

## ကင်္ခါဝိတရဏဝိသုဒ္ဓိ

၅၂။။ တေသမေဝ စ နာမရူပါနံ ပစ္စယပရိဂ္ဂဟော ကင်္ခါဝိတရဏဝိသုဒ္ဓိ နာမ။

အဘို့တပါးကား၊ ထိုနမ်ရုပ်တို့၏ပင်လျှင် အကြောင်းကို ပိုင်းခြား၍ ယူနိုင်ခြင်းသည် ကင်္ခါဝိတရဏဝိသုဒ္ဓိ မည်၏။

Purification by overcoming doubts the discernment of the conditions of that same mind and matter.

## မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ

၅၃။ တတော ပရံ ပန တထာဂတပရိဂ္ဂဟိတေသု သပ္ပစ္စယေသု **တေဘူမကသင်္ခါရေသု** အတီတာဒိဘေဒဘိန္နေသု ခန္ဓာဒိနယမာရဗ္ဘ ကလာပဝသေန သင်္ခိပိတွာ အနိစ္စံ ခယဋ္ဌေန, ဒုက္ခံ ဘယဋ္ဌေန, အနတ္တာ အသာရကဋ္ဌေနာတိ အဒ္ဓါနဝသေန, သန္တတိဝသေန, ခဏဝသေန ဝါ သမ္မသနဉာဏေန လက္ခဏတ္တယံ **သမ္မသန္တဿ** တေသွေဝ ပစ္စယဝသေန, ခဏဝသေန စ ဥဒယဗ္ဗယဉာဏေန ဥဒယဗ္ဗယံ **သမနုပဿန္တဿ** စ --

အဘို့တပါးကား၊ ထိုကင်္ခါဝိတရဏဝိသုဒ္ဓိမှ နောက်၌ ထိုဆိုအပ်ပြီးသော အခြင်းအရာမှနောက်၌ ပိုင်းခြား၍ ယူအပ်ပြီးကုန်သော အကြောင်းနှင့်တကွဖြစ်ကုန်သော အတိတ်အစရှိသော အပြားအားဖြင့် ပြားကုန်သော **တေဘူမကသင်္ခါရတို့၌** ခန္ဓာအစရှိသောနည်းကို အစွဲပြု၍ အပေါင်း၏အစွမ်းဖြင့် ချုံး၍ ကုန်ခန်းခြင်းအနက်သဘောကြောင့် အနိစ္စတည်း။ ကြောက်ဘွယ်ခမန်း ဘေးဘျမ်းဟူသော အနက်သဘောကြောင့် ဒုက္ခတည်း။ အနှစ်သာရမရှိသည်၏အဖြစ်ဟူသောအနက်သဘောကြောင့် အတ္တမဟုတ်၊ ဤသို့၄င်း ကာလနှင့်စပ်သဖြင့်၄င်း အစဉ်နှင့်စပ်သဖြင့်၄င်း ခဏနှင့်စပ်သဖြင့်၄င်း သမ္မသနဉာဏ်ဖြင့် လက္ခဏာယာဉ်သုံးပါးအပေါင်းကို **သုံးသပ်သူလည်းဖြစ်သော** ထိုတေဘူမကသင်္ခါရတို့၌ပင် အကြောင်းနှင့် စပ်သဖြင့်၄င်း ခဏနှင့်စပ်သဖြင့်၄င်း ဥဒယဗ္ဗယဉာဏ်ဖြင့် အဖြစ်အပျက်ကို **အဖန်ဖန်ရှုသူလည်းဖြစ်သော** (ယောဂီပုဂ္ဂိုလ်၏သန္တာန်၌)

When he has thus discerned the formations of the three planes together with their conditions, the meditator collects them into groups by way of such categories as the aggregates, etc., divided into the past (present and future).

He next comprehends, with knowledge of comprehension, those formations in terms of the three characteristics - impermanence in sense of destruction, suffering in the sense of fearfulness, and non-self in the sense corelessness - by way of duration, continuity, and moment. Then he contemplates with knowledge of rise and fall the rising and falling (of those formation) by way of condition and by way of moment.

## ဝိပဿနာညစ်ညူးကြောင်း ၁၀ ပါး

ဩဘာသော ပီတိ ပဿဒ္ဓိ၊
အဓိမောက္ခော စ ပဂ္ဂဟော။
သုခံ ဉာဏမုပဋ္ဌာန–
မုပေက္ခာ စ နိကန္တိ စေတိ ––

ဩဘာသာဒိဝိပဿနုပက္ကိလေသ ပရိဗန္ဓပရိဂ္ဂဟဝသေန မဂ္ဂါမဂ္ဂလက္ခဏဝဝတ္ထာနံ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ နာမ။

ကိုယ်ရောင်ကိုယ်ဝါ၄င်း, နှစ်သက်ခြင်း၄င်း, ကိုယ်စိတ်နှစ်ပါး၏ ငြိမ်းအေးခြင်း၄င်း, သက်ဝင်ယုံကြည်သောသဒ္ဓါ၄င်း, စိတ်ကိုချီးမြှောက်တတ်သော ဝီရိယ၄င်း, သုခဝေဒနာ၄င်း, ထက်မြက်လျင်မြန် အမြင်သန်သော ဝိပဿနာဉာဏ်၄င်း, အာရုံ၌စွဲမြဲစွာတည်သော သတိ၄င်း, တတြမဇ္ဈတ္တုပေက္ခာ, အာဝဇ္ဇနုပေက္ခာ၄င်း ဝိပဿနာကိုနှစ်သက်မှု နူးညံ့သော တဏှာ၄င်း, ဤသို့ ဩဘာသအစရှိသော ဝိပဿနာ၏ညစ်ညူးကြောင်း ဘေးရန်တို့ကို ပိုင်းခြား၍ယူခြင်း၏အစွမ်းဖြင့် ဝိပဿနာ၏ လမ်းမှန် လမ်းမမှန် လက္ခဏာကို ပိုင်းခြားသတ်မှတ်ဆုံးဖြတ်တတ်သောဉာဏ်သည် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိမည်၏။

As he does so, there arise: an aura, zest, tranquillity, resolution, exertion, happiness, knowledge, mindfulness, equanimity, and attachment.

Purification by knowledge and vision of what is the path and what is not the path by discerning that those imperfections of insight - the aura, etc. - are obstacles to progress.

## ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

၅၄။ တထာ ပရိဗန္ဓဝိမုတ္တဿ ပန တဿ ဥဒယဗ္ဗဉာဏတော ပဋ္ဌာယ ယာဝါနုလောမာ တိလက္ခဏံ ဝိပဿနာပရမ္ပရာယ ပဋိပဇ္ဇန္တဿ နဝ ဝိပဿနာဉာဏာနိ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ နာမ။

အဘို့တပါးကား၊ ထိုဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် ဘေးရန်တို့မှ လွတ်ပြီးသော ထိုယောဂီပုဂ္ဂိုလ်၏(သန္တာန်၌) ဥဒယဗ္ဗယဉာဏ်မှ စ၍ အနုလောမဉာဏ်တိုင်အောင် လက္ခဏာယာဉ်သုံးပါးတို့သို့(တင်၍)ဝိပဿနာဉာဏ်အဆက်ဆက်အားဖြင့် လွန်စွာကြိုးကုတ်အားထုတ်သည်ရှိသော် ကိုးပါးသော ဝိပဿနာဉာဏ်တို့သည် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ မည်၏။

When he is thus free from those obstacles to progress, as he practise he passes through a succession of insights in regard to the three characteristics, beginning with knowledge of rise and fall and culminating in conformity. These nine insight knowledge are called purification by knowledge and version of the way.

## ဉာဏဒဿနဝိသုဒ္ဓိ

၅၅။ တဿေဝံ ပဋိပဇ္ဇန္တဿ ပန ဝိပဿနာပရိပါကမာဂမ္မ “ဣဒါနိ အပ္ပနာ ဥပ္ပဇ္ဇိဿတီ”တိ ဘဝင်္ဂံ ဝေါစ္ဆိန္ဒိတွာ ဥပ္ပန္နမနောဒွါရာဝဇ္ဇနာနန္တရံ ဒွေ တီဏိ ဝိပဿနာစိတ္တာနိ ယံကိဉ္စိ အနိစ္စာဒိလက္ခဏမာရဗ္ဘ ပရိကမ္မောပစာရာနုလောမနာမေန ပဝတ္တန္တိ။

ဆက်ဦးအံ့၊ ဤဝိပဿနာအစဉ်ဖြင့် ကျင့်ကြံကြိုးကုတ်အားထုတ်သော ထိုယောဂီပုဂ္ဂိုလ်၏(သန္တာန်၌) ဝိပဿနာဉာဏ်၏ရင့်သန်ခြင်းကို စွဲ၍ ယခုပင် အပ္ပနာသည် ဖြစ်တော့လတ္တံ့ ဤသို့ဆိုထိုက်ရာခဏ၌ ဘဝင်ကို ဖြတ်၍ ဖြစ်သော မနောဒွါရာဝဇ္ဇန်း၏အခြားမဲ့၌ ၂-ကြိမ် ၃-ကြိမ်ကုန်သော ဝိပဿနာစိတ်တို့သည် အမှတ်မထား တပါးပါးသော အနိစ္စအစရှိသော လက္ခဏာကို အာရုံပြု၍ ပရိကမ် ဥပစာ အနုလုံ ဟူသော အမည်ဖြင့် ဖြစ်ကုန်၏။

When he thus practices contemplation, owing to the ripening of insight(the feels). "Now the absorption (of the path) will arise." Thereupon, arresting the life-continuity, there arises mind-door adverting, followed by two or three (moments of) insight consciousness having for their object any of the characteristics such as impermanence, etc. They are termed preparation, access, and conformity(moments).

၅၆။ ယာ သိခါ ပတ္တာ၊ သာ သာနုလောမာသင်္ခါရုပေက္ခာ ဝုဋ္ဌာနဂါမိနီ ဝိပဿနာတိ စ ပဝုစ္စတိ။

အကြင်သင်္ခါရုပေက္ခာဉာဏ်သည် အထွဋ်အထိပ်သို့ရောက်၏။ အနုလောမဉာဏ်နှင့်တကွဖြစ်သော ထိုသင်္ခါရုပေက္ခာဉာဏ်ကို ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်ဟူ၍လည်း ဆိုအပ်၏။

That knowledge of equanimity towards formation together with knowledge that conforms (to the truths), when perfected is also termed "insight leading to emergence."

၅၇။ တတော ပရံ ဂေါတြဘုစိတ္တံ နိဗ္ဗာနမာလမ္ဗိတွာ ပုထုဇ္ဇနဂေါတ္တမဘိဘဝန္တံ အရိယဂေါတ္တမဘိသမ္ဘောန္တဉ္စ ပဝတ္တတိ။

ထိုအနုလုံမှနောက်၌ ဂေါတြဘုစိတ်သည် နိဗ္ဗာန်ကိုအာရုံပြု၍ ပုထုဇန်အနွယ်ကို လွှမ်းမိုးလျက်၎င်း, အရိယာအနွယ်သို့ ရောက်လျက်၎င်း ဖြစ်၏။

Thereafter, the change-of-lineage consciousness, having Nibbāna as its object occurs, overcoming the lineage of worldlings and evolving the lineage of the noble one.

## မဂ်ကိစ္စ ၁၆ ချက်

၅၈။ တဿာနန္တရမေဝ မဂ္ဂေါ ဒုက္ခသစ္စံ ပရိဇာနန္တော, သမုဒယသစ္စံ ပဇဟန္တော, နိရောဓသစ္စံ သစ္ဆိကရောန္တော, မဂ္ဂသစ္စံ ဘာဝနာဝသေန အပ္ပနာဝီထိ မောတရတိ။

ထိုဂေါတြဘုစိတ်၏ အခြားမဲ့၌ပင်လျှင် မဂ်သည် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိလျက်ငှင်း, သမုဒယသစ္စာကို ပယ်စွန့်လျက်ငှင်း, နိရောဓသစ္စာကို မျက်မှောက်ပြုလျက်ငှင်း, မဂ္ဂသစ္စာကို ဖြစ်စေခြင်း၏ အစွမ်းဖြင့် အပ္ပနာဝီထိသို့ သက်ရောက်၏။

Immediately after this, the path (of stream-entry), fully understanding the truth of suffering, abandoning the truth of its origin, realizing the truth of its cessation, and developing the truth of the path to its cessation, enters upon the (supramundane) cognitive process of absorption.

၅၉။ တတော ပရံ ဒွေ တီဏိ ဖလစိတ္တာနိ ပဝတ္တိတွာ ဘဝင်္ဂပါတောဝ ဟောတိ။

ထိုမဂ်စိတ်တကြိမ်မှနောက်၌ နှစ်ကြိမ်သုံးကြိမ်ကုန်သော ဖိုလ်စိတ်တို့သည် ဖြစ်ပြီးခြင်းကြောင့် ဘဝင်ကျခြင်းသည်သာလျှင် ဖြစ်၏။

After that, two or three moments of fruition consciousness arise and cease. Then there is subsidence into the life-continuum.

## ပစ္စဝေက္ခဏာဉာဏ်ဖြစ်ပုံ

ပုန ဘဝင်္ဂံ ဝေါစ္ဆိန္ဒိတွာ ပစ္စဝေက္ခဏဉာဏာနိ ပဝတ္တန္တိ။

တဘန် ဘဝင်ကိုဖြတ်၍ ပစ္စဝေက္ခဏာဉာဏ်တို့သည် ဖြစ်ပေါ်ကုန်၏။

Then, arresting the life-continuum, reviewing knowledge occurs.

## ပစ္စဝေက္ခဏာဉာဏ် ၁၉ တန်

၆၀။ မဂ္ဂံ ဖလဉ္စ နိဗ္ဗာနံ၊
ပစ္စဝေက္ခတိ ပဏ္ဍိတော။
ဟီနေ ကိလေသေ သေသေ စ၊
ပစ္စဝေက္ခတိ ဝါ နဝါ။

ဆဗ္ဗိသုဒ္ဓိကမေနေဝံ၊
ဘာဝေတဗ္ဗော စတုဗ္ဗိဓော။
ဉာဏဒဿနဝိသုဒ္ဓိ
နာမ မဂ္ဂေါ ပဝုစ္စတိ။

အယမေတ္ထ ဝိသုဒ္ဓိဘေဒေါ။

လောကုတ္တရာပညာရှိသည် မဂ်ကိုင်း, ဖိုလ်ကိုင်း, နိဗ္ဗာန်ကိုင်း, အမှန်ဆင်ခြင်၏။ ပယ်အပ်ပြီး ကုန်သော ကိလေသာတို့ကိုင်း, ကြွင်းကျန်သေးသော ကိလေသာတို့ကိုင်း ဆင်ခြင်သူလည်းရှိ၏၊ မဆင်ခြင်သူလည်းရှိ၏။

ဤဆိုအပ်ပြီးသည့်အတိုင်း ခြောက်ပါးသော ဝိသုဒ္ဓိအစဉ်အားဖြင့် ဖြစ်စေထိုက်သော လေးပါး အပြားရှိသော မဂ်ကို ဉာဏဒဿနဝိသုဒ္ဓိမည်၏ဟူ၍ ဆိုအပ်၏။

ဤဝိပဿနာကမ္မဋ္ဌာန်း၌ ဤဆိုအပ်ပြီးသည်ကား ဝိသုဒ္ဓိဘေဒတည်း။

The wise person reviews the path, fruit, Nibbāns, and he either reviews or does not review the defilements destroyed and the remaining defilements.

Thus the fourfold path which has to be developed in sequence by means of sixfold purity is called purification by knowledge and vision.

Herein, this is the section on purification.

## ဝိမောက္ခ ဘေဒ

၆၁။ တတ္ထ အနတ္တာနုပဿနာ အတ္တာဘိနိဝေသံ မုဉ္စန္တီ သုညတာနုပဿနာ နာမ ဝိမောက္ခမုခံ ဟောတိ။

ထိုဝိပဿနာရှုခဏ်း၌ အနတ္တာနုပဿနာသည် အတ္တဟူ၍ စွဲလမ်းခြင်းကို စွန့်လွှတ်နိုင်သည် (ဖြစ်၍,ဖြစ်ခြင်းကြောင့်)သုညတာနုပဿနာ မည်သော ဝိမောက္ခမုခသည် ဖြစ်၏။

Therein, the contemplation of non-self, which discards the clinging to a self, becomes the door to emancipation termed contemplation of the void.

၆၂။ အနိစ္စာနုပဿနာ ဝိပလ္လာသနိမိတ္တံ မုဉ္စန္တီ အနိမိတ္တာနုပဿနာ နာမ။

အနိစ္စာနုပဿနာသည် ဝိပလ္လာသနိမိတ်ကို စွန့်လွှတ်နိုင်သည်(ဖြစ်၍,ဖြစ်ခြင်းကြောင့်) အနိမိတ္တာနုပဿနာ မည်သော ဝိမောက္ခမုခသည် ဖြစ်၏။

The contemplation of impermanence, which discards the sign of perversion self, becomes the door to emancipation termed contemplation of the signless.

၆၃။ ဒုက္ခာနုပဿနာ တဏှာပဏိဓိံ မုဉ္စန္တီ အပ္ပဏိဟိတာနုပဿနာ နာမ။

ဒုက္ခာနုပဿနာသည် တောင့်တသောတဏှာကို စွန့်လွှတ်နိုင်သည်(ဖြစ်၍,ဖြစ်ခြင်းကြောင့်) အပ္ပဏိဟိတာနုပဿနာ မည်သော ဝိမောက္ခမုခသည် ဖြစ်၏။

The contemplation of suffering, which discards desire through craving,becomes the door to emancipation termed contemplation of the desireless.

၆၄။ တသ္မာ ယဒိ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ အနတ္တတော ဝိပဿတိ၊ သုညတော ဝိမောက္ခော နာမ ဟောတိ မဂ္ဂေါ။

ထို့ကြောင့် ဝုဋ္ဌာနဂါမိနီဝိပဿနာသည် အနတ္တအားဖြင့် အကယ်၍ရှုအံ့ (ဤသို့ရှုသည်ရှိသော်) မဂ်သည် သုညတဝိမောက္ခမည်သည် ဖြစ်၏။

Hence, if with the insight leading to emergence one contemplates on non-self. then the paths known as the void emancipation;

၆၅။ ယဒိ အနိစ္စတော ဝိပဿတိ၊ အနိမိတ္တော ဝိမောက္ခော နာမ။

အနိစ္စအားဖြင့် အကယ်၍ရှုအံ့ (ဤသို့ရှုသည်ရှိသော်) မဂ်သည် အနိမိတ္တဝိမောက္ခမည်သည် ဖြစ်၏။
If one contemplates on impermanence, the path is known as the signless emancipation;

၆၆။ ယဒိ ဒုက္ခတော ဝိပဿတိ၊ အပ္ပဏိဟိတော ဝိမောက္ခော နာမာတိ စ မဂ္ဂေါ ဝိပဿနာဂမနဝသေန တီဏိ နာမာနိ လဘတိ၊ တထာ ဖလဉ္စ မဂ္ဂါဂမနဝသေန မဂ္ဂဝီထိယံ။

ဒုက္ခအားဖြင့် အကယ်၍ရှုအံ့ (ဤသို့ရှုသည်ရှိသော်) မဂ်သည် အပ္ပဏိဟိတဝိမောက္ခမည်သည် ဖြစ်၏။ ဤသို့လည်း မဂ်သည် မဂ်၏ဖြစ်ပေါ်လာကြောင်း ဝိပဿနာနှင့် စပ်သဖြင့် သုံးမျိုးကုန်သော အမည်တို့ကို ရ၏။ ထို့အတူ ဖိုလ်သည်လည်း မဂ္ဂဝီထိ၌ ဖိုလ်၏ဖြစ်ပေါ်လာကြောင်းဖြစ်သော မဂ်နှင့်စပ်သဖြင့် သုံးမျိုးကုန်သော အမည်တို့ကို ရ၏။

If one contemplates on suffering, the path is known as the desireless emancipation. Thus the path receives three names according to the way of insight. Likewise, the fruit (occurring) in the cognitive process of the path receives three names according to the way of the path.

၆၇။ ဖလသမာပတ္တိဝီထိယံ ပန ယထာဝုတ္တနယေန ဝိပဿန္တာနံ ယထာသကံ ဖလမုပ္ပဇ္ဇမာနမ္ပိ ဝိပဿနာဂမနဝသေန သုညတာဒိဝိမောက္ခောတိ စ ပဝုစ္စတိ။ အာရမ္မဏဝသေန ပန သရသဝသေန စ နာမတ္တယံ သဗ္ဗတ္ထ သဗ္ဗေသမ္ပိ သမမေဝ စ။

အယမေတ္ထ ဝိမောက္ခဘေဒေါ။

အဘို့တပါးကား၊ ဖလသမာပတ္တိဝီထိ၌ အကြင်အကြင်ဆိုအပ်ခဲ့တိုင်းသော နည်းဖြင့် ဝိပဿနာရှုကုန်သောပုဂ္ဂိုလ်တို့၏(သန္တာန်၌) အကြင်အကြင်မိမိဥစ္စာဖြစ်သော ဖိုလ်သည်ဖြစ်ပါသော်လည်း ဖိုလ်၏ဖြစ်ပေါ်လာကြောင်းဖြစ်သော ဝိပဿနာနှင့်စပ်သဖြင့်သာလျှင် သုညတဝိမောက္ခအစရှိသည်ဟူ၍လည်း ဆိုအပ်၏။ အဘို့တပါးကား၊ နိဗ္ဗာန်အာရုံနှင့်စပ်သဖြင့်၎င်း မိမိသဘောနှင့်စပ်သဖြင့်၎င်း သုညတဝိမောက္ခစသော အမည်သုံးမျိုးတို့၏ အပေါင်းသည် အလုံးစုံသော မဂ္ဂဝီထိ ဖလဝီထိ၌ အလုံးစုံသောပုဂ္ဂိုလ်တို့၏ သန္တာန်၌လည်း တူသည်သာလျှင်တည်း။ အပြီးတည်း။

ဤဝိပဿနာကမ္မဋ္ဌာန်း၌ ဤဆိုအပ်ပြီးသည်ကား ဝိမောက္ခဘေဒတည်း။

However, in the cognitive process of attainment of fruition, to those who contemplate in the foregoing manner, the fruits that arise respectively in each case are termed the void emancipation, etc., only in accordance with the way of insight. But as regards objects and respective qualities, the three names are applied equally to all (paths and fruits) everywhere.

Herein, this is analysis of emancipation.

## ပုဂ္ဂလဘေဒ

၆၈။ ဧတ္ထ ပန သောတာပတ္တိမဂ္ဂံ ဘာဝေတွာ ဒိဋ္ဌိဝိစိကိစ္ဆာပဟာနေန ပဟီနာပါယဂမနော သတ္တက္ခတ္တုပရမော သောတာပန္နော နာမ ဟောတိ။

ဆက်ဦးအံ့၊ ဤမဂ်တို့တွင် သောပတ္တိမဂ်ကို ဖြစ်စေသည်ရှိသော် ဒိဋ္ဌိဝိစိကိစ္ဆာကို ပယ်ခြင်းဖြင့် ပယ်အပ်ပြီးသော အပါယ်သို့ ရောက်ကြောင်းတရားရှိသည် (အပါယ်သို့ရောက်ကြောင်းတရားကိုပယ်ပြီးသည်) ဖြစ်၍ သတ္တက္ခတ္တုပရမည်သော သောတာပန်သည် ဖြစ်၏။

Herein, having developed the path of stream-entry, by abandoning wrong view and doubt one becomes a stream-enterer, one who has escaped from rebirth in woeful states and will be reborn at most seven more times.

၆၉။ သကဒါဂါမိမဂ္ဂံ ဘာဝေတွာ ရာဂဒေါသမောဟာနံ တနုကရတ္တာ သကဒါဂါမီ နာမ ဟောတိ သကိဒေဝ ဣမံ လောကံ အာဂန္တွာ။

သကဒါဂါမိမဂ်ကို ဖြစ်စေသည်ရှိသော် ရာဂ,ဒေါသ,မောဟ,တို့ကို နည်းပါးအောင် ပြုတတ်သည့်အတွက် တကြိမ်သာလျှင် ဤကာမဘုံ ပဋိသန္ဓေနေလာခြင်းကြောင့် သကဒါဂါမ် မည်သည် ဖြစ်၏။

Having developed the path of once-returning, with attenuation of lust, hatred, and delusion, one becomes a once-returner, one who returns to this world only one more time.

၇၀။ အနာဂါမိမဂ္ဂံ ဘာဝေတွာ ကာမရာဂဗျာပါဒါနမနဝသေသပ္ပဟာနေန အနာဂါမီ နာမ ဟောတိ ဣမံ လောကံ အနာဂန္တွာ ဣတ္ထတ္တံ။

အနာဂါမိမဂ်ကို ဖြစ်စေသည်ရှိသော် ကာမ,ရာဂ,ဗျာပါဒ,တို့ကို အကြွင်းမရှိအောင် ပယ်သည့်အတွက် ဤကာမဘုံသို့ ပဋိသန္ဓေ မနေလာခြင်းကြောင့် အနာဂါမ် မည်သည် ဖြစ်၏။

Having developed the path of non-returning, by totally abandoning sensual lust and ill will, one becomes a non-returner, one who does not return to this (sensuous) state.

၇၁။ အရဟတ္တမဂ္ဂံ ဘာဝေတွာ အနဝသေသကိလေသပ္ပဟာနေန အရဟာ နာမ ဟောတိ ခီဏာသဝေါ
လောကေ အဂ္ဂဒက္ခိဏေယျော။

အယမေတ္ထ ပုဂ္ဂလဘေဒေါ။

အရဟတ္တမဂ်ကို ဖြစ်စေသည်ရှိသော် အကြွင်းမရှိအောင် ကိလေသာတို့ကို ပယ်ခြင်းကြောင့် ကုန်ပြီးသော အာသဝေါရှိသော လောက၌ မြတ်သောအလှူခံပုဂ္ဂိုလ်ဖြစ်သော ရဟန္တာ မည်သည် ဖြစ်၏။ ဤဝိပဿနာကမ္မဋ္ဌာန်း၌ ဤဆိုအပ်ပြီးသည်ကား ပုဂ္ဂလဘေဒတည်း။

Having developed the path of Arahantship, with the total abandonment of defilements one becomes an Arahant, a destroyer of the taints, a supreme recipient of offerings in the world.

Herein, this is the analysis of individuals.

## သမာပတ္တိဘေဒ

၇၂။ ဖလသမာပတ္တိဝီထိယော ပနေတ္ထ သဗ္ဗေသမ္ပိ ယထာသကဖလဝသေန သာဓာရဏာဝ။

ဆက်ဦးအံ့၊ ဤပုဂ္ဂလဘေဒ၌ ဖလသမာပတ္တိဝီထိတို့သည် အလုံးစုံသော ဖလဋ္ဌပုဂ္ဂိုလ်တို့၏လည်း (ဝါ)ဖလဋ္ဌပုဂ္ဂိုလ်တို့နှင့်လည်း မိမိဥစ္စာဖြစ်သောဖိုလ်၏အစွမ်းဖြင့် ဆက်ဆံကုန်သည်သာတည်း။

♠ အခြေပြုနိဿယ၌ 'ဖလသမာပတ္တိဝီထိယော' ဟုရှိသည်။ မူရင်းအဘိဓမ္မတ္ထသင်္ဂဟ၌ 'ဖလသမာပတ္တိဝီထိယံ' ဟုရှိသည်။ သာဓာရဏာနှင့်အရတူရမည်ဖြစ်သောကြောင့် 'ဝီထိယော'ဟုရှိမှ သင့်မည်။ (အခြေပြုသင်္ဂြိုဟ် ၆၁၈)

Herein, the attainment of fruition is common to all, each being able to attain their respective fruition. But the attainment of cessation is accessible only to non-returners and Arahants.

၇၃။ နိရောဓသမာပတ္တိသမာပဇ္ဇနံ ပန အနာဂါမိနော စ အရဟန္တာနဉ္စ လဗ္ဘတိ။

တတ္ထ ယထာက္ကမံ ပဌမဇ္ဈာနာဒိမဟဂ္ဂတသမာပတ္တိံ သမာပဇ္ဇိတွာ ဝုဋ္ဌာယ တတ္ထဂတေ သင်္ခါရဓမ္မေ တတ္ထ တတ္ထေဝ ဝိပဿန္တော ယာဝ အာကိဉ္စညာယတနံ ဂန္တွာ တတော ပရံ အဓိဋ္ဌေယျာဒိကံ ပုဗ္ဗကိစ္စံ ကတွာ နေဝသညာနာသညာယတနံ သမာပဇ္ဇတိ။ တဿ ဒွိန္နံ အပ္ပနာဇဝနာနံ ပရတော ဝေါစ္ဆိဇ္ဇတိ စိတ္တသန္တတိ၊ တတော နိရောဓသမာပန္နော နာမ ဟောတိ။

အဘိ့တပါးကား၊ နိရောဓသမာပတ်ဝင်စားခြင်းကို အနာဂါမ်ပုဂ္ဂိုလ်တို့၏(သန္တာန်၌)၎င်း, ရဟန္တာပုဂ္ဂိုလ်တို့၏ (သန္တာန်၌)၎င်း ရအပ်၏။ ထိုနိရောဓသမာပတ်ဝင်စားရာ၌ အစဉ်အားလျော်စွာ ပဌမဈာန်အစရှိသော မဟဂ္ဂုတ်သမာပတ်ကို ဝင်စား၍ သမာပတ်မှထပြီးလျှင် ထိုသမာပတ်၌ဖြစ်ကုန်သော သင်္ခါရတရားတို့ကို ထိုထိုသမာပတ်မှ ထပြီးရာ ခဏ၌ပင်လျှင် ဝိပဿနာရှုလျက် အာကိဉ္စညာယတနဈာန်တိုင်အောင် စိတ်အစဉ်အားဖြင့် သွား၍ ထိုအာကိဉ္စညာယတနဈာန်မှ နောက်၌ အဓိဋ္ဌာန်ခြင်းအစရှိသော ပုဗ္ဗကိစ္စလေးပါးကို ပြုပြီး၍ နေဝသညာနာသညာယတနဈာန်ကို ဝင်စား၏။ ထိုနေဝသညာနာသညာယတနဈာန်၏နှစ်ကြိမ်ကုန်သော အပ္ပနာဇောတို့၏နောက်၌ စိတ်အစဉ်သည် ပြတ်၏။ ထိုသို့ စိတ်အစဉ်ပြတ်ခြင်းကြောင့် နိရောဓသို့ ရောက်သည်မည်၏။ ဝါ–နိရောဓသမာပတ်ဝင်စားသည် မည်သည် ဖြစ်၏။

In this case, one enters successively upon the sublime attainments beginning with the first jhāna, and then after emerging from them, one contemplates with insight the conditioned states within each of those attainments.

Having protected thus up to the base of nothingness, one then attends to preliminary duties such the resolution etc., and enters the base of neither-perception-nor-nonperception. After two occasions of javana in absorption, the continuum of consciousness is suspended. Then one is said to have attained cessation.

၇၄။ ဝုဋ္ဌာနကာလေ ပန အနာဂါမိနော အနာဂါမိဖလစိတ္တံ, အရဟတော အရဟတ္တဖလစိတ္တံ ဧကဝါရမေဝ ပဝတ္တိတွာ ဘဝင်္ဂပါတော ဟောတိ၊ တတော ပရံ ပစ္စဝေက္ခဏဉာဏံ ပဝတ္တတိ။

အယမေတ္ထ သမာပတ္တိဘေဒေါ။

နိဋ္ဌိတော စ ဝိပဿနာကမ္မဋ္ဌာနနယော။

ဆက်ဦးအံ့၊ သမာပတ်မှ ထရာအခါ၌ အနာဂါမ်ပုဂ္ဂိုလ်တို့၏သန္တာန်၌ အနာဂါမိဖိုလ်စိတ်သည်၎င်း, ရဟန္တာပုဂ္ဂိုလ်၏သန္တာန်၌ အရဟတ္တဖိုလ်စိတ်သည်၎င်း, တကြိမ်တည်းသာလျှင် ဖြစ်ပြီးသည်ရှိသော် ဘဝင်ကျခြင်းသည် ဖြစ်၏။ ထိုဘဝင်မှနောက်၌ ပစ္စဝေက္ခဏာဉာဏ်သည် ဖြစ်၏။

ဤဝိပဿနာသင်္ဂဟ၌ ဤဆိုအပ်ပြီးသည်ကား သမာပတ္တိဘေဒတည်း။

နိဂုံးကား ဝိပဿနာကမ္မဋ္ဌာန်းနည်းသည် ပြီးပြီ။

At the time of emergence (from cessation), in the case of a non-returner the fruit of non-returning consciousness occurs one time - in the case of an Arahant, the fruit of Arahantship consciousness (occurs one time) - and then there is subsidence into the life-continuum. Following this, reviewing knowledge occurs.

Herein, this is the analysis of attainments.

The method of meditation for developing insight is finished.

## ဥယျောဇဉ်

၇၅။ ဘာဝေတဗ္ဗံ ပနိစ္စေဝံ၊
ဘာဝနာ ဒွယမုတ္တမံ။
ပဋိပတ္တိ ရသဿာဒံ၊
ပတ္ထယန္တေန သာသနေ။

ဣတိ အဘိဓမ္မတ္ထသင်္ဂဟေ ကမ္မဋ္ဌာနသင်္ဂဟဝိဘာဂေါ နာမ နဝမော ပရိစ္ဆေဒေါ။

တိုက်တွန်းလိုက်ပါဦးအံ့၊ သာသနာတော်၌ ပဋိပတ်၏အရသာ သာယာဘွယ်တောင်း ဈာန်မဂ်ဖိုလ် ဟူသော ချမ်းသာကောင်းကို လိုလားတောင့်တသော ပုဂ္ဂိုလ်သည် ဤဆိုအပ်ပြီးသော အစဉ်ဖြင့် မွန်မြတ်သော သမထဝိပဿနာဘာဝနာနှစ်ပါးအပေါင်းကို ဖြစ်စေအပ်,ဖြစ်စေထိုက်၏။ ဝါ-မိမိသန္တာန်၌ ထုံမွမ်းအပ်, ထုံမွမ်းထိုက်ပေသတည်း၊

အဘိဓမ္မတ္ထသင်္ဂြိုဟ် ခေါ်ဆိုလက်သန်း အဋ္ဌကထာကျမ်း၌ ကမ္မဋ္ဌာနသင်္ဂဟဝိဘာဂမည်သော ကိုးပိုင်းတို့၏ ပြည့်ကြောင်းဖြစ်သော အပိုင်းသည် ပြီးပြီ။

One who aspires to enjoy the taste of practice in the Buddha's Dispensation should develop this two fold meditation. So excellent in the way explained.

Thus ends the ninth chapter in the manual of Abhidhamma entitled the Compendium of Meditation Subjects.

## နိဂုံး

(က) စာရိတ္တ သောဘိတဝိသာလ ကုလောဒယေန၊
သဒ္ဓါဘိဝုဍ္ဎပရိသုဒ္ဓဂုဏောဒယေန။
နမ္ဗဝှယေန ပဏိဓာယ ပရာနုကမ္ပံ၊
ယံ ပတ္ထိတံ ပကရဏံ ပရိနိဋ္ဌိတံ တံ။

စာရိတ္တကြွယ်, လွန်တင့်တယ်၍, ကြီးကျယ်ဘိတောင်း, မျိုးရိုးကောင်း၌, စွဲပိုက်သန္ဓေ, တည်နေရခြင်းလည်းရှိပေထသော၊ သဒ္ဓါပျံ့သင်း, လွန်သန့်ရှင်းသည့်, သီတင်းသီလ, စသည်အပေါင်း, သူတော်ကောင်းဂုဏ်, ပြည့်စုံတိုးပွားခြင်းလည်းရှိပေထသော၊ နမ္ဗမည်သော ဒါယကာသည် သူများအတွက် သနားချက်ကို စိတ်ဝင်သွင်းမှု အရင်းပြု၍ အကြင်အဘိဓမ္မာ အဋ္ဌကထာလက်သန်း အကျဉ်းကျမ်းကို ရှိသေလေးမြတ် တောင်းပန်အပ်ပြီ။ ထိုအဘိဓမ္မာ အဋ္ဌကထာလက်သန်း အကျဉ်းကျမ်းသည် ဝန်းကျင်ပတ်ကုံး ကမ္ပတ်ဖုံးလျက် နိဂုံးအရောက် ပြီးမြောက်ခဲ့ပေပြီ။

This treatise - composed out of compassion for others at the request of Nanba, a person refined manners, belonging to a respectable family, full of faith, and replete with sterling virtues - has been completed.

## အာသီသ

(ခ) ပုညေန တေန ဝိပုလေန တု မူလသောမံ၊
ဓညာဓိဝါသမုဒိတောဒိတ' မာယုကန္တံ။
ပညာဝဒါတဂုဏသောဘိတ လဇ္ဇိဘိက္ခူ၊
မညန္တု ပုညဝိဘဝေါဒယမင်္ဂလာယ။

ဣတိ အနုရုဒ္ဓါစရိယေန ရစိတံ အဘိဓမ္မတ္ထသင်္ဂဟံ နာမ ပကရဏံ။

တောင့်တချက်ကို ပြဆိုဦးအံ့၊ သဒ္ဓါဆန္ဒ ဝီမံသနှင့်လုံ့လခိုင်ခိုင် မြိုင်ဆိုင်လှစွာသော နေ့စဉ်မှန်မှန် ကျမ်းဂန်ကိုပြု ထိုကောင်းမှုကြောင့် ပုဉ်းရှင်ကံရှင် သမ္ဘာရှင်တို့ အစဉ်အုပ်စီး သီတင်းသုံးရာလည်း ဖြစ်ပေထသော ကျွန်းလုံထင်ပေါ် အကျော်အမော်လည်း ဖြစ်ပေထသော မူလသောမ မည်ရှိုက်ချည်း ကျောင်းတိုက်ကြီး၌ ယုတ်လေးကြိမ်သုံး ကမ္ဘာဆုံးသည့်တိုင်အောင် နောင်လာနောင်သား ရဟန်းတော်အများတို့သည် ပညာမြင့်တုံ အကျင့်ဂုဏ်ဖြင့် စွယ်စုံတင့်ချွန် လဇ္ဇီသူမွန်တို့ချည်းသာ (ဖြစ်၍) ကောင်းမှုစည်းစိမ် အရှိန်ပွားတိုး မင်္ဂလာအကျိုးငှါ အမြဲမပြတ် သတိချပ်လျက် အမှတ်တရ စောင့်ရှောက်ရစ်ကြပါစေကုန်သတည်း။ အနုရုဒ္ဓါဆရာတော်သည် စီရင်အပ်သော အဘိဓမ္မတ္ထသင်္ဂဟမည်သော ကျမ်းသည် ပြီးပြီ။

By this great merit may the modest monks, who are purified by wisdom and who shine with virtue, remember till the end of the world the most famous Mūlasoma Monastery, the fortunate abode, for the acquisition of merit and for their happiness.